www.burmeseclassic.com

# မင်းတုန်းမင်း၏နောက်ဆုံးနေ့များ

## တက္ကသိုလ်စိန်တင်



တတိယအကြိမ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး........................ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး...........ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး..............ဒို့အရေး

### ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မင်းတုန်းမင်း၏နောက်ဆုံးနေ့များ

## တက္ကသိုလ်စိန်တင်

# THE LASTDAYS OF KING MINDON

## TEKKATHO SEIN TIN

www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ တကောင်းစာအုပ်တိုက်၊ ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ-၂၀၀၀
ဒုတိယအကြိမ်၊ ညောင်ရမ်းစာအုပ်တိုက်၊ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ အုပ်ရေ-၂၀၀၀
တတိယအကြိမ်၊ အားမာန်သစ်စာပေ၊ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ-၂၀၀၀

**စီစဉ်သူ**
ခွန်ဂျာမိုင်း

**စာမူခွင့်ပြုချက်**
၂၈၀/၂၀၀၁(၃)

**မျက်နှာဖုံးခွင့်ပြုချက်**
၆၈၅/၂၀၀၂(၈)

**မျက်နှာဖုံးပန်းချီ**
ပန်းချီ ဦးမောင်မောင်သိုက်

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း၊ နေလရောင် ပုံနှိပ်တိုက်
အမှတ်- ၉၆/ခ၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ပပစိုး၊ ဦးစိုးမြင့်

**စာအုပ်ရောင်းဈေး**
၁၄၀၀ ကျပ်

ဤစာအုပ်ကို ဦးရှိန်ဘီး (၀၇၆၅၉)၊ ဝင်းလိုက်မိတ် ပုံနှိပ်တိုက်၊ အမှတ် ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်၍၊ တက္ကသိုလ်စိန်တင် (မြ-၀၁၀၉၆) ညောင်ရမ်း စာအုပ်တိုက်၊ မိုးမခမြိုင်၊ အမှတ်-၁၁၅၇/၁၁၅၈၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

BURMESE CLASSIC .com

## တတိယအကြိမ်ပုံနှိပ်ခြင်းအတွက်
## အမှာစာ

စာချစ်သူ အားလုံးကို ကျေးဇူးတင်ပါသည်။

စာချစ်သူတို့၏ စေတနာကို လေးစားပါသည်။

**တက္ကသိုလ်စိန်တင်**

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com


တက္ကသိုလ်စိန်တင်နှင့် ဆက်သွယ်ရန်လိပ်စာသစ်

**တက္ကသိုလ်စိန်တင်**

မိုးမခမြိုင်၊ အမှတ်–၁၁၅၇/၁၁၅၈၊

မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

☎ ၅၈၀၄၅၅


www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်စိန်တင်၏ စာအုပ်များ

၁။ နှင်းမှုန်ကြားမှ တပ်နီတော်
၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်
၃။ ဟစ်တလာ၏ သစ္စာကေရိ
၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
၅။ ရဲဘော်သုံးကျိပ်မော်ကွန်း
၆။ ငွေခါးဗိုလ်
၇။ အန္တရာယ်တောင်ကြား
၈။ နွေမင်းသားနှင့် ဆောင်းကေရီ
၉။ ကံ့ကော်မြိုင်တန်း လွမ်းပန်းဝေဝေ
၁၀။ နန်းကျဘုရင်သီပေါ
၁၁။ အကျဉ်းခံသီပေါ
၁၂။ မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ
၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
၁၄။ ၁၉၇၃ အာရပ်-အစ္စရေး သဲကန္တာရစစ်ပွဲ
၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
၁၆။ ကေရီစုဖုရား
၁၇။ မုန်တိုင်းဗိုလ်ရဲဒင်
၁၈။ အိုဘယ့်အနော်ရထာ
၁၉။ ပုဂံမှာကျန်စစ်သား
၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
၂၁။ သိင်္ဂီဆောင်အခန်းအမှတ် (၃)
၂၂။ မိန်းမချောကလေးများ မချစ်ရ
၂၃။ ထို့ကြောင့် မိန်းမဟုခေါ်သည်
၂၄။ စတီရီယိုမင်းသမီး
၂၅။ ကျွန်တော်တို့အမေ
၂၆။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်
၂၇။ ပခုက္ကူဦးအုံးဖေ (ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ)
၂၈။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း
၂၉။ မြန်မာ့တော်လှန်ရေးအာဇာနည် ပုဂံဗိုလ်ချို
၃၀။ ပုဂံရှာပုံတော် (၁) (နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားဖွားစော)
၃၁။ မြင်ကွန်းနှင့် ကနောင်
၃၂။ ပုဂံရှာပုံတော် (၂) (အနန္တသူရိယ၊ နရပတိစည်သူမင်းနှင့် ဝေဠုဝတီမိဖုရား)


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | |
|---|---|
| ဒုတိယအကြိမ်ပုံနှိပ်ခြင်း အမှာစာ | - |
| စာရေးသူ၏ အမှာစာ | ၁၁ |
| သွေးစွန်းသော နန်းလုတိုက်ပွဲများ | ၁၇ |
| နောက်ဆုံးနေ့၏ ကနဦးနေ့များ | ၃၅ |
| သိမ်မွေ့ခက်ခဲသော နိုင်ငံခြားဆက်ဆံရေး | ၅၉ |
| ရွှေပြည်ကြီးနှင့် စည်ထီးကိုတည် | ၇၉ |
| ဘုရင်လဲလေ လောကီသားပေမို့ | ၉၇ |
| တိုင်းပြည်ကို ကိုင်ရမ်းတဲ့ မြင်ကွန်းနဲ့ မြင်းခုံတိုင် | ၁၁၇ |
| ပန်းတိမ်းမင်းသား ပုန်ကန်မှု | ၁၄၅ |
| ပဉ္စမသံဂါယနာတင် ဘုရင်မင်းမြတ် | ၁၆၉ |
| နောက်ဆုံးနေ့၏ နောက်ဆုံးနေ့များ | ၁၈၅ |
| မှီငြမ်းပြုသော စာအုပ်များ | - |
| သမိုင်းဝင် မှတ်တမ်းတင်ဓာတ်ပုံများ | - |


## သမိုင်းဝင် ဓာတ်ပုံများ




ပုံ(၁)။ ဘုန်းရှိန်တော်မြင့်ပါဘိ၊ မဟာလောကမာရဇိန်စေတီ


မန္တလေး ရတနာပုံ နေပြည်တော် မြို့တည် နန်းတည် ဘုရင်မင်းမြတ် မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် မန္တလေးမြို့၊ 'မဟာလောကမာရဇိန်စေတီ'

www.burmeseclassic.com

www.burmeseclassic.com




ပုံ(၁၈)။ မျှော်လင့်ချက် လင်းရောင်ခြည်၊ အရှေ့ဆီထိန်ဝင်း
၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်နေ့၊ တတိယ ထောင်စုနှစ်၏ ပထမနေ့
နံနက်က မန္တလေးတောင်တော်ပေါ်မှ မြင်ရသော နေထွက်ချိန် ရှုခင်းအလှ




ပုံ(၁၉)။ လင်းတောက်တဲ့ ရောင်ခြည်၊ မျှော်ရည်သူဆန္ဒ
တတိယထောင်စုနှစ်၏ ပထမဆုံးနေ့ ၁–၁–၂၀၀၀ တွင် ထွက်ပြူလာသော
နေမင်းကြီးကို ကြည့်၍ ရှင်လန်း အားတက်နေသော တက္ကသိုလ်ဓမ္မတင်

www.burmeseclassic.com

www.burmeseclassic.com




ပုံ(၂၀)။ ကျန်စစ်မင်း အောင်မြေ ရှာဖွေရန် ရည်စူး
ရွှေဘိုသို့ အသွား၊ ဆားတောင်ရွာ၌ ခေတ္တနားနေစဉ်
ကျန်စစ်သားမင်းကြီး အောင်မြေသို့ ညွှန်ပြသော စာတန်းရှေ့ဝယ်




ပုံ(၂၁)။ မင်းတုန်းမင်း၊ နင်းခဲ့တဲ့ ထိုအောင်မြေ
ရွှေဘိုမြို့၊ မင်းတုန်းမင်းသား အလေးအမြတ်ပြု နင်းခဲ့သော
'အောင်မြေ' မှ သကြားမင်းရုပ်တု

www.burmeseclassic.com

www.burmeseclassic.com




ပုံ(၂၂)။ မှဆိုးဘို ကုန်းဘောင်ခေါ်၊ ငါးမည်ရ ပြည်ရွှေဘို
ရွှေဘိုမြို့ အဝင်၊ မင်္ဂလာဆိုင်းဘုတ်ကြီး ရှေ့တွင် တက္ကသိုလ်စိန်တင်နှင့်စိမ့်




ပုံ(၂၃)။ ဦးအောင်ဇေယျ၊ အလောင်းမင်းတရား၊ ကြွားဝင့်ပ တို့ဘုရင်
ရွှေဘိုမြို့လယ်တွင် ထုလုပ်ထားသော အလောင်းမင်းတရားကြီး
ဦးအောင်ဇေယျ၏ လေးစား ကြည်ညိုဖွယ် ရုပ်တု

www.burmeseclassic.com

www.burmeseclassic.com




ပုံ(၂၄)။ 'တို့နန္ဒာလယ်တော်တိုက်၊ ညည်းစိုက်တဲ့ ကောက်ပင်ပျို၊ မှန်းဘယ်မျှကြီး' (ရွှေဘို ရှေးဟောင်း ကောက်စိုက်တေး)
ရွှေဘိုမြို့၊ နာမည်ကျော် မဟာနန္ဒာ ကန်တော်ကြီး၏အလှ




ပုံ(၂၅)။ စန္ဒာမုခိတဲ့၊ ထင်ရှားသည့် အတိတ်ဖြစ်စဉ်
မင်းတုန်းမင်းတရားကြီး အလောင်း၊ စန္ဒာမုခိ ဘီလူးမကြီး ရုပ်တုကို
မန္တလေးတောင်တော်၊ ဆုတောင်းပြည့်ဘုရားတွင် ဤသို့ တွေ့ရသည်။

www.burmeseclassic.com


www.burmeseclassic.com


ရတနာပုံနေပြည်တော်သတင်းစာ။

Mandalay Gazette.

ပုံ(၂၆)။ ငါ မကောင်းလျှင် ငါ့ကို ရေး...ဟစ်ကြွေးတဲ့ ထိုဘုရင်

မင်းတုန်းမင်းက 'ငါ မကောင်းလျှင် ငါ့ကို ရေးကြ' ဟု မိန့်ကြား၍ ထုတ်ဝေခဲ့သော မန္တလေး ရတနာပုံနေပြည်တော် သတင်းစာ




ပုံ(၂၇)။ မင်းတုန်းမင်း ဂူပြာသာဒ် ပြုကြဖွယ် အလေးအမြတ်

မြန်နန်းစံကျော် ရွှေနန်းတော်ဝင်း အတွင်းက မင်းတုန်းမင်းကြီး၏ အုတ်ဂူပြာသာဒ် ၃၁-၁၂-၁၉၉၉ နေ့တွင် တက္ကသိုလ်စိန်တင်က ဦးညွှတ်အလေးပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၂၈)။ ကိန္နရာမောင်မယ်အသွင်၊ ဘုရင်နှင့် မိဖုရား
ရွှေနန်းတော်ဝင်း၊ မင်းတုန်းမင်းကြီး အုတ်ဂူ အနီးမှ မိဖုရားခေါင်ကြီး
စကြာဒေဝီ၏ ဂူပြာသာဒ်

## ဒုတိယအကြိမ် ပုံနှိပ်ခြင်း အမှာစာ

တက္ကသိုလ်စိန်တင်

(၁)

'မြမန်းဂီရိ သေလာတောင်
နန်းတည်ထောင်၊ ဘုန်းရောင်နေသို့လင်း
နောင်ညီကို၊ ရွှေဘိုနွယ်တော်ရင်း
ရာဆူဆူ၊ ပြည်သူခဝပ်စင်း
ရွှေဘုန်းတော်၊ နှုန်းလျှော့စံပျော်
မင်းတောဇာ၊ တိုးလို့ဖြိုးဝေ
မန်းဌာနေ၊ အောင်စေ ရာပြည့်မင်း'

စာရေးဆရာ တက္ကသိုလ်စိန်တင်သည် မြနန်းစံကျော် ရွှေနန်းတော်ကြီး ဆီသို့ လွှမ်းလွှမ်းဆွေးဆွေး၊ မျှော်ငေးနေရင်း 'မြမန်းဂီရိ သီချင်းလေးလေး

www.burmeseclassic.com

www.burmeseclassic.com

တအေးအေး နှင့် ငြိမ့်နေလေ၏။

နေရာက မန္တလေးတောင်ပေါ်မှာ.....

နေ့ရက်က ၂၀၀၀ ပြည့်နှစ်၊ ဇန္နဝါရီလ ( ၁) ရက်....

အချိန်က နံနက် ၇ နာရီတိတိ။

မန္တလေးတောင်တော်ပေါ်မှနေ၍ မြနန်းစံကျော် ရွှေနန်းတော်ကြီးဆီသို့ မျှော်ရည်တမ်းတ မှန်းဆ၍ လွမ်းရသော အရသာကား ဘယ်အရသာနှင့်မှမတူ နှလုံးသည်းအူတွင် တရှိန်းရှိန်း တဖိန်းဖိန်း ခံစားလာရသည် အထိ၊ ရောဂါဝေဒနာ တစ်ခု ကပ်ငြိလာသလား ထင်ရ၏။

သည်တော့ မေးရဦးမည်။

တို့စာရေးဆရာ မန္တလေးတောင်တော်ပေါ်မှနေ၍ ဘာကို တမ်းတပြီး ဘယ်သူ့ကို လွမ်းနေပါသလဲ။

ကဲမေးပြီ။

ဟုတ်ကဲ့ ဖြေပါမည်။

ဖြေမည်ဆိုမှ ဓာတ်လိပ်ပတ်လည်အောင် စကားလက်တံဖြင့် အနည်းငယ် ရှည်ခွင့်ပြုကြပါ ခင်ဗျား.....

၂

စာရေးဆရာ တက္ကသိုလ်စိန်တင်နှင့် စိမ့် (ပညာရေး) တို့ မန္တလေး ရွှေနန်းမြေသို့ ရောက်နေသည်မှာ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့က ဖြစ်သည်။ ယခု ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလဆိုတော့ ခုနှစ်အားဖြင့် တွက်စစ်ပါလျှင် တစ်နှစ်ကြီးများတောင် ခြားခဲ့ပါပကောလေ။ ထပ်မံ၍ ချဲ့ကားဆိုရလျှင် ၂၀ ရာစု နှစ်တွင် မန္တလေးမြေသို့ ခြေချပြီး ယခု ၂၁ ရာစုဆိုတော့ ကိုစိန်တင်တို့ ဇနီးမောင်နှံ မန္တလေးရောက်နေတာ ရာစုနှစ် တစ်ခုပင် ကြာခဲ့ပါပြီကော။

သည်သဘောတော့ကား မဟုတ်ပါချေ။

၃၁၊ ၁၂၊ ၉၉ ဆိုသော နှစ်တစ်နှစ်၏ နောက်ဆုံးရက်တွင် စာရေးဆရာတို့ မန္တလေးသို့ ရောက်ပြီး နောက်တစ်နေ့ နှစ်တစ်နှစ်၏ ပထမဆုံးလ၊ ပထမဆုံး ရက်၊ နေထွက်ချိန်တွင် မန္တလေးတောင်တော် မြတ်ပေါ်သို့ ရောက်နေကြခြင်းတည်း။

ဒါဆို မေးပါရစေဦး။ သည်စာရေးဆရာ ဇနီးမောင်နှံက ဘာသဘောနှင့် သည်နေ့သည်ရက်ကိုမှ ရွေးချယ်ပြီး မန္တလေးရောက်နေရပါလိမ့်။

ဒါကိုလည်း နည်းနည်းကလေး လေရှည်ပြဦးမှ ဖြစ်လေမည်။

ယခုတစ်ခေါက်၊ တက္ကသိုလ်စိန်တင်၊ မန္တလေးမြို့သို့ ရောက်နေသည်မှာ ရည်ရွယ်ချက်၊ ရည်မှန်းချက် နှစ်ရပ်ဖြင့် ဖြစ်လေမည်။ ပထမ ရည်ရွယ်ချက်က မကြာမီ ထုတ်ဝေမည်ဖြစ်သော တက္ကသိုလ်စိန်တင် ရေး 'မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ' စာအုပ် ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် လိုအပ်သော သမိုင်းဝင် ဓာတ်ပုံများ ရိုက်ကူးရန်–

ဒုတိယရည်ရွယ်ချက်က မန္တလေးမြို့ 'နဂါးစာပေ၏ တိုက်သစ် မင်္ဂလာဖွင့်ပွဲသို့ တက်ရောက် ချီးမြှင့်ရန်။

ဤရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြင့် ကိုစိန်တင်တို့ မန္တလေး ရတနာပုံ နေပြည်တော်သို့ ရောက်နေကြခြင်း ဖြစ်ပေ၏။ ယမန်နေ့၊ ၁၉၉၉ ခုနှစ် (ဆိုကြပါ စို့ ၂၀ ရာစုနှစ်၏ နောက်ဆုံးနေ့ရက်) ဒီဇင်ဘာလ ၃၁ ရက်နေ့၊ ညနေ ၆ နာရီတွင် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ နန်းမြို့ရိုးပေါ်မှ တဖြည်းဖြည်း နိမ့်ဆင်း ကွယ်ပသွားသော နေလုံးကြီးကို စိမ့် (ပညာရေး)က 'ရီကော' အမျိုး အစား ဓာတ်ပုံရိုက် ကင်မရာနှစ်လုံးဖြင့် ဓာတ်ပုံများ ရိုက်ယူခဲ့သည်။

သည်ကနေ့ နံနက်ကျတော့ မန္တလေးတောင်တော်မြတ်ပေါ်သို့ နံနက် ၅ နာရီခွဲတွင် ကိုတင်ရောက်ရှိကြသည်။ သည်ကနေ့ အရှေ့ဘက်တောင်တန်းများပေါ် မှ ထွက်ပြူလာမည့် ၂၀၀၀ ပြည့်နှစ် (ဆိုကြပါစို့၊ တတိယထောင်စုနှစ်၊ ၂၁ ရာစုသစ်၏ ပထမဆုံးနေ့) ဇန်နဝါရီလ (၁) ရက်နေ့ နံနက် ၆ နာရီတွင် ထွက်ပြူလာသော နေလုံးကြီးကို

www.burmeseclassic.com

www.burmeseclassic.com

မှျော်လင့်ချက် မင်္ဂလာ ပြည့်လျှမ်းစွာဖြင့် စိမ့်က ဓာတ်ပုံများ ရိုက်ယူခဲ့သည်။ ရာစုနှစ်သစ်အစတွင် ထင်လင်းတောက်ပစွာ ပေါ်ထွက်လာသော နေလုံးကြီးကို ကြိုဆိုနှုတ်ခွန်းဆက်နေကြသော မန္တလေးသူ၊ မန္တလေးသားတို့မှာ မန္တလေးတောင်ပေါ်၌ ကြက်ပျံမကျ စည်ကားလှပေ၏။ နေလုံး၏ စတင်ပေါ် ထွန်းထွက်ပြူလာချိန်၌ လူအုပ်ကြီး၏ 'ဟေး' ဟု ပြိုင်တူအော်ဟစ်ကောင်းချီးပေးသံကြီးမှာ ဘဝင်ညံ့မျှ ပွက်ပွက်လျှံသွား၏။ လူတွေ..... လူတွေ..... ၂၁ ရာစုနှစ်၏ ပဏာမ၊ တတိယထောင်စုနှစ်၏ ကနဦးအစ နေလုံးကြီးကို မျှော်လင့်ချက်ကြီးမားစွာဖြင့် ဝှဲချီး ကြိုဆိုကြပုံများကား ကြက်သည်းဖျန်းဖျန်းထလောက်ဖွယ်။

နေလုံးကြီး ထွက်ပြူလာပုံကို ဓာတ်ပုံများ၊ ရိုက်ယူပြီးသောအခါ စိမ့်က ပဌမ သံဂါယနာတင် ဘုရင်မင်းတုန်းမင်းကြီးလောင်းလျာ ဖြစ်ခဲ့သည်ဆိုသော စန္ဒမုခိ ဘီးလူးမကြီး၏ ရုပ်တုကို ဓာတ်ပုံ ရိုက်သေးသည်။ ထိုနောက်မှ မန္တလေး တောင်တော်ကို တစ်ပတ်လှည့်၍ မြနန်းစံကျော် ရွှေနန်းတော်ကြီးဆီသို့ တက္ကသိုလ် စိန်တင်က မျှော်ငေး လွမ်းဆွေးနေမိခြင်း ဖြစ်လေသည်။

စာရေးဆရာက ဘာကို မျှော်ငေး၍ ဘာကို လွမ်းဆွေးနေရပါသတဲ့လဲ.....။

တက္ကသိုလ်စိန်တင်၏ အာရုံထဲတွင် ဤအမှာစာ၏ အစ တေးသီချင်းပိုဒ် ဖော်ပြထားသော 'နောင်ညီကို ရွှေဘိုနွယ်တော်ရင်း' မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့က ပြက်ပြက်ထင်ထင် ပေါ်လွင်လာခဲ့သည်။

မင်းတုန်းမင်း..... သည်မင်းကား နှယ်နှယ်ရရ မင်းမဟုတ်။ နယ်ချဲ့အင်္ဂလိပ် စစ်တပ်ကြီး ဧရာဝတီမြစ်ရိုးမှ စစ်သင်္ဘောများဖြင့် တစ်ရှိန်ထိုးတက်မလာအောင် သံခင်း တမန်ခင်းဖြင့် နှစ်ပေါင်း (၂၀) ကျော် အသာကလေး တားဆီးထားနိုင် သည့် မင်း..... ။

သည်မင်းကား နှယ်နှယ်ရရ မင်းမဟုတ်။ 'ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားတွေ မကောင်းလျှင် ငါ့မိဖုရားတွေကိုရေး၊ ငါ့ဝန်ကြီးမှူးမတ်တွေ မကောင်းလျှင် ဝန်ကြီးမှူးမတ်တွေကိုရေး၊ ငါ့နန်းတော်အတွင်းသို့ သတင်းစာ အယ်ဒီတာတွေ တံခါးမရှိ ဓားမရှိ၊ ဝင့်ကြွ ထွက်ကြစေ' ဟု ပြောင်ပြောင်တင်းတင်း မိန့်ကြားလျက် (သက်ဦးဆံပိုင်၊ ဘုရင်တစ်ပါးအနေဖြင့် မယုံကြည်နိုင်ဖွယ်ရာ) သတင်းစာလွတ်လပ်ခွင့်အား ရတနာပုံ သတင်းစာဆရာများလက် ဝကွက်၍ အပ်နှံခဲ့သည့် မင်း။ စသည်..... စသည်ဖြင့် လေးစားဖွယ်၊ ကြည်ညိုဖွယ်၊ မြတ်နိုးဖွယ်၊ ဦးညွှတ်ဖွယ် အရည်အသွေး များစွာ ပြည့်ဝခဲ့သော မင်း။

သည်မင်း၏ ညီတော် ကနောင်မင်းသားကကော။ သူလည်း သူ့အတိုင်း အတာဖြင့်သူ ရတနာပုံနေပြည်တော်၏ ရွှေခေတ်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြင့် စတင်တည်ဆောက်ခဲ့သူ၊ မြေထဲမြို့အထိ တက်သိမ်းထားသော နယ်ချဲ့အင်္ဂလိပ် စစ်တပ်ကြီး ဧရာဝတီမြစ်ရိုးမှ တစ်ရှိန်ထိုး ချီတက်လာခဲ့သော် 'သူ့နိုင်ငံသား၊ သံမှန့်စားသလား' မေးယူရအောင်၊ ရေမြှုပ်ဗုံးဖြင့် ဖြိုခွင်းချေမှုန်းမည်ဟု မာန်ဖီခဲ့သော တကယ့်ခေါင်းဆောင်။ ပြီးတော့ နိုင်ငံတော်ကို စက်မှုခေတ်ပြောင်းတော်လှန်ရေးဖြင့် ခေတ်ဆွေးကို ပြောင်းပြန်လှန်ဖို့ ကြိုးပမ်းခဲ့သော အိမ်ရှေ့မင်း။ သူ့ခမျာ မကြံကောင်း မစည်ရာ ပေါ်လာခဲ့သော မြင်ကွန်း မြင်းခုန်တိုင် ပုန်ကန်မှုတွင် သားမက်တော်၊ မြင်းကွန်းစားတို့၏ ဓားသွား၌ အသက်ပေးခဲ့ရှာပါသည်ကော။

## ၃

ထိုနေ့က မန္တလေးတောင်ပေါ်မှ အဆင်းတွင် ကျပ် ၂၀ စီ ပေးရသော ဟိုင်းလက် ဘတ်စ်ကားကို စီးလာကြသည်။ နဂါးစာပေတိုက်ဖွင့်ပွဲသို့ တန်းမသွားကြသေးဘဲ မန္တလေးမြို့မှာ ရန်ကုန်မုန့်ဟင်းခါးဆိုင် ရှာပြီး တစ်ဝကြီး စားလိုက်ကြသေး၏။ ပြီးတော့မှ ဆိုက်ကားတစ်စီးငှားပြီး နဂါးစာပေတိုက်ဖွင့်ပွဲသို့ လာခဲ့ကြသည်။ နဂါးစာပေတိုက်မှာ စည်လိုက်သည့် ပွဲ၊ မစဲသော လူအုပ် ဝင်သူထွက်သူတို့ဖြင့် ရှုပ်ရှက်ခတ်လျက်၊ ကျွေးမွေး ဧည့်ခံနေကြသည်မှာ ပွက်ပွက်ညံထနေသည်။ နဂါး ဦးထွန်းဦးက အပေါ်ထပ် ဘုရားခန်းတွင် မနားတမ်း ဧည့်ခံနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသော ပရိသတ်မှာ ကိုထွန်းဦး အနီး၌ 'ချစ်သူဝိုင်းဝိုင်းလည်'။ ကိုထွန်းဦး၏ ညီငယ် ကိုထွန်းရွှေက အောက်ဆုံးထပ် စာအုပ်ဆိုင် အဝင်ဝမှနေ၍ ဝင်လာ မစဲ တသဲသဲ လူအုပ်ကို ကြိုဆိုညွှန်ခံ၍ အပေါ်ထပ်သို့ ကြွကြပါဟု ဖိတ်ခေါ်နေသည်။ ကိုထွန်းရွှေလည်း ရန်ကုန် မန္တလေး အနီးအဝေးမှ စာပေချစ်သူ မိတ်ဆွေများကို ကြိုဆိုညွှန်ခံရ သည်မှာ မမောနိုင်ရှာ၊ မပန်းနိုင်ပါ။

## ၄

၂၊ ၁၊ ၂၀၀၀

သည်နေ့တွင် တက္ကသိုလ်စိန်တင်နှင့် စိမ့်တို့ မြို့ရွှေဘိုသို့ သွားကြမည်။ နံနက် ၇ နာရီတွင် မန္တလေးမြို့ အဝေးပြေးဂိတ်မှ ထွက်ခွာသော 'ရန်အောင်မန်း' ခရီးသည်တင် ဘတ်စ်ကားကို စီးလာကြသည်။

ရွှေဘိုကား 'မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ' စာအုပ် ထုတ်ဝေရေး အတွက် မရောက်လျှင် မဖြစ်၊ ရောက်သင့်ရောက်အပ်သော ဘူမိနက်သန် အောင် မြေမှန်တည်း။ မင်းတုန်းမင်းသားသည် နောင်တော် ပုဂံမင်းကို ပုန်ကန်သောအခါ ကာလ၌ ရွှေဘိုမြို့သို့ သွားရောက်ဗိုလ်ဝင်ခံ၍ တပ် အင်အားစုခဲ့သည် မဟုတ်လား။

ရွှေဘိုမြို့တွင် ကိုစိန်တင်နှင့် စာပေမောင်နှမ တော်သော စာရေး ဆရာမ တက္ကသိုလ် အေးမြစန္ဒာ၏ ခင်ပွန်းမြို့နယ် အခွန်ဦးစီးမှူး ဦးမောင်မောင်လေး ရှိ၏။ တက္ကသိုလ်အေးမြစန္ဒာက ရန်ကုန်မြို့သို့ ခေတ္တ ပြန်ရောက်နေသည်။

ရန်ကုန်ဘူတာကြီးက မန္တလေးရထားထွက်ခဲ့စဉ် ရွှေဘိုခရီးကို သတိ ရသဖြင့် ရန်ကုန်မြို့ ၁၀၁ လမ်းရှိ တက္ကသိုလ် အေးမြစန္ဒာထံသို့ ဖုန်းလှမ်းဆက်ကြည့်သည်။ ဒေါ်အေးက 'ဆရာ ရွှေဘိုကို အေး ဖုန်း ဆက်ကြည့်မယ်၊ ကိုမောင်မောင်လေးနဲ့ အဆက်အသွယ်ရရင် ဆရာ့ဆီ ပြန်ခေါ်မယ်' တဲ့။

မန္တလေးရထား ဆက်န်းကျွန်းဘူတာကို ဖြတ်ကျော်နေစဉ် တက္ကသိုလ် အေးမြစန္ဒာထံမှ ဖုန်းခေါ်၏။ 'ဆရာ အေး အမျိုးသားနဲ့ အဆက် အသွယ်ရပါပြီ။ ဆရာတို့ မမစိမ့်တို့ ရွှေဘိုရောက်မယ့်နေ့ ကားဂိတ်မှာ သူ ကြိုနေမယ်ပြောပါတယ်၊ ဆရာ မီးရထားပေါ်ကပဲ ရွှေဘိုကို ဖုန်း ခေါ်ကြည့်ပါလား။ (၀၇၅- ၂၁၀၅၁) မှာ ကိုမောင်မောင်လေး ရှိနေ တယ်' တဲ့။

ထို့ကြောင့် ချက်ချင်းပင် ရွှေဘိုကို လှမ်း၍ ဖုန်းခေါ်ကြည့်တော့ ယောက်ဖ ကြီး ကိုမောင်မောင်လေးကို အဆင်သင့် တွေ့ဆုံစကား ပြောရသည်။

ကိုမောင်မောင်လေး 'ဆရာတို့ ရွှေဘိုကို လာဖြစ်အောင် လာကြပါ၊ အစစအရာရာ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်' တဲ့။

ကိုမောင်မောင်လေးကား သူ့ကတိစကားနှင့် ညီညွတ်သူတည်း။ ၂၊ ၁၊ ၂၀၀၀ နေ့တွင် ကိုစိန်တင်နှင့် စိမ့်တို့ ရွှေဘိုမြို့ အဝေးပြေး ကားဂိတ်ရောက်သော အခါ ကားဂိတ်တွင် ကိုမောင်မောင်လေးနှင့်အဖွဲ့ အဆင်သင့် စောင့်ကြိုနေလေသည်။

သမိုင်းအထ္ထုပ္ပတ္တိ စာရေးဆရာ တက္ကသိုလ်စိန်တင်မှာ ရွှေဘိုမြို့သို့ တစ်ခေါက်မျှ မရောက်ဘူးလောက်အောင် ညံ့၏။ အခု အလောင်းမင်း တရားကြီး ငါးမည်ရ ရွှေပြည်ရွှေဘိုသို့ ရောက်လာတော့ စာရေးဆရာ ခမျာ ပီတိစိမ့်စိမ့် ရင်သိမ့်သိမ့်။

ဦးမောင်မောင်လေးက သူ့မိတ်ဆွေ ဖြစ်သူ မြို့မညွှန့်ရိပ်သာနှင့် စားပွဲရုံပိုင်ရှင် ဦးတင်အောင်နှင့်အတူ ရွှေဘိုတစ်မြို့လုံးသို့ ဦးတင်အောင် မောင်းသော ဆူပါရုဖ်ကားကလေးဖြင့် လိုက်ပို့ပေးသည်။ တက္ကသိုလ် စိန်တင်တို့ ရွှေဘိုမြို့ဝင်သည်မှာ နံနက် (၁၀) နာရီ။ အလောင်း မင်း တရားကြီး၏ ရုပ်တုနှင့် နန်းတော်ရာ မင်းတုန်းမင်းသား အောင်မြေ နင်းခဲ့သော အောင်မြေ၊ နာမည်ကျော် မဟာနန္ဒာကန်၊ ရွှေချက်သိုစေတီ၊ ရွှေတန်ဆာဘုရား၊ မြို့ထောင့်စေတီ အပါအဝင် အထင်ကရ ဒေသများ သို့ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ခရီးဆက်ကြလေသည်မှာ မွန်းလွဲ (၁) နာရီအထိ။

တက္ကသိုလ်စိန်တင်သည် အလောင်းမင်းတရားကြီး ဦးအောင်ဖေ၏

www.burmeseclassic.com

www.burmeseclassic.com

ရုပ်တုကို ကြည့်ညိုစွာ ကြည့်ရင်း အလေးအမြတ် ပြုမိသည်။ မြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်အောင် လေးကြိမ်တိတိ ကျားကုပ်ကျားခဲ တည်ထောင်ခဲ့သော ခေါင်းဆောင်များတွင် အလောင်းမင်းတရားကြီးသည် တတိယအကြိမ် တည်ထောင်ခဲ့သူ မဟုတ်ပါလော။

ပြည်ရွှေဘိုမြို့တော်ကား မင်းတုန်းနှင့် ကနောင်၊ နောင်ညီကိုတို့၏ နွယ်တော်ရင်းမြို့။ ညီတော်နောင်တော်နှစ်ပါး အောင်မြေနင်းခဲ့သော မြို့၊ ပြီးတော့ ငါးမည်ရ ပြည်ရွှေဘို၏ ထူးခြားသော သမိုင်းဝင် သင်္ကေတပေါင်း များစွာ ပြွမ်းနေသော မြို့ မဟုတ်လား။ ရွှေဘိုမြို့တစ်ခွင်ကို ဦးမောင်မောင်လေး၊ ဦးတင်အောင်တို့ ကျေးဇူးဖြင့် အရှေ့မှသည် အနောက်၊ မြောက်မှသည် တောင်၊ ရက်ကန်းရက်သလို ဆက်ခဲ့သော ခရီးကား များစွာမှ များစွာ။ သမိုင်းဝင် ဓာတ်ပုံတွေ ရိုက်သည်မှာ ကိုနီကာ ဖလင်နှစ်လိပ်ကုန်ပါလေရော။

နေ့လည် (၁) နာရီတွင် ဦးမောင်မောင်လေး၊ တက္ကသိုလ်စိန်တင်၊ စိမ့် (ပညာရေး) တို့ကို ဦးတင်အောင်က သူ့စားပွဲရုံ၌ နေ့လည်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

မွန်းလွဲ (၂) နာရီခွဲတွင် တက္ကသိုလ်စိန်တင်နှင့် စိမ့်တို့ ရွှေဘိုမြို့မှ ပြန်ခဲ့သည်။ ရန်အောင်မန်းကားသည် ရွှေဘိုမြို့မှအထွက် မိုးကုပ်စက်ဝိုင်းတစ်ခွင်သို့ ကိုစိန်တင် မျှော်ကြည့်၏။ ရိတ်သိမ်းနောက်ကျသော စပါးပင်များသည် လယ်ကွင်း ပြင်၌ ဘယ်ညာတိမ်း၍ ယိမ်းကနေသလား ထင်ရသည်။ စာရေးဆရာက 'ပြည်ရွှေဘို မြို့တော်မြောက်ဆီက' အစချီသော တေးတစ်ပုဒ်ကို ညည်းဆိုလာမိသည်။

၃

'မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ' စာအုပ်ကို ၁၉၇၄ ခုနှစ်က တကောင်း စာအုပ်တိုက်မှ ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ယခုတော့ ဒုတိယအကြိမ်။

'အမှန်ကို မကွယ်မဝှက်ဆိုရလျှင် မင်းတုန်းမင်းတရားသည် 'သူလည်းလေ လောကီသားပေမို့' လူသား တစ်ဦးတစ်ယောက်တွင် ရှိသင့်ရှိမြဲဖြစ်သော အတ္တစိတ်၊ လောဘ၊ ဒေါသ၊ မောဟစိတ်နှင့် ဖိုမ ပြဿနာပေါင်း များစွာကို မရှောင်နိုင် မတိမ်းနိုင် ကြုံခဲ့ရှာသူ ဖြစ်၏။ သို့သော်ငြား သူ့နိုင်ငံတော် သူ့မင်းနေပြည်ကို နှစ်ပေါင်း (၂၀) ကျော်တိုင်တိုင် တိုင်းတစ်ပါးသား နယ်ချဲ့ရန်တို့ ကျူးကျော် စစ်ခင်း မလာနိုင်အောင် နိုင်ငံရေး ပရိယာယ် ကြွယ်ဝစွာဖြင့် တားဆီး နိုင်ခဲ့သော သာဓကမှာ အထင်ကရ ရှိနေလေသည်။ သည်သို့ နိုင်ငံတော် ကို ထိန်းသိမ်း ပျိုးထောင်နိုင်ခဲ့သည်မှာ မင်းတုန်းမင်း၏ ညီတော် ကနောင်မင်း၏ ကူညီပံ့ပိုးမှု မရှိလျှင် ဤမျှအောင်မြင်နိုင်မည် မဟုတ်ပါချေ။

မင်းတုန်းမင်းသည် 'ခေတ်ပညာ၊ ခေတ်အတွေး၊ ခေတ်အမြင်' အင်အားနည်းပါးသည် မှန်စေ၊ သူ့အင်အားဖြင့် မန္တလေးရတနာပုံ နေပြည်တော်ကြီးကို တစ်တီးတစ်နန်း ရွှေခေတ်လွှမ်းအောင် ကြိုးပမ်းသည်။ ပြည်သူတို့ တုပ်ပျပ်ဝပ်စင်းရသည့် တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့၏ အရှင်အဖြစ် နှစ်ပေါင်း များစွာ အုပ်စိုးခဲ့သည်။


မြန်မာ့ကိုးကွယ်မှု၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူ့သဘာဝ၊ အမြစ်ကစတင် ထူထောင်ခဲ့သော မင်းတုန်းမင်းတရားနှင့် သူ့ညီတော် ကနောင်မင်းသားတို့ စိုက်ထူခဲ့သော နိုင်ငံပြု မော်ကွန်းမှတ်တိုင်များမှာ ကျောက်သားကျောက်တိုင် ကျောက်မဏ္ဍိုင်ကြီးအသွင် 'အဝေးကပင် မြင်နိုင်ပါသည်' မဟုတ်လား။

**'မြမန်းဂီရိ..... သေလာတောင်**
**နန်းတည်ထောင်..... ဘုန်းရောင်နေသို့လင်း**
**နောင်ညီကို..... ရွှေဘိုနွယ်တော့်ရင်း**
**ရာဆူဆူ ပြည်သူခဝပ်စင်း..... '**

**တက္ကသိုလ်စိန်တင်**
**၂၁၊ ၆၊ ၂၀၀၀**


www.burmeseclassic.com

www.burmeseclassic.com




**ပုံ(၂)။ ကြည်ညိုဖွယ်တင့်ပါ၏ စန္ဒာမုနိမြတ်စေတီ**

ပဥ္စမသံဂါယနာတင်၊ မင်းတုန်းဘုရင်မင်းမြတ်၏ ကုသိုလ်တော်
မန္တလေး ရတနာပုံနေပြည်တော် 'စန္ဒာမုနိမြတ်စေတီ'



**ပုံ(၃)။ အတုမရှိ မြတ်ကျောင်းတော်၊ ကျော်ပါဘိနိုင်ငံတစ်လွှား**

မန္တလေး ရတနာပုံနေပြည်၊ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်
အတုမရှိကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

(၁)

'တို့ကျောင်းဆရာဖြစ်စ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပေါ့ကွာ၊ ဒီကျောင်းမှာ ကြိမ်လုံးနှစ်ချောင်းရှိတယ်ကွ၊ ကြိမ်လုံးတွေက နှာမည်းအသီးသီးနဲ့၊ ခပ်တုတ်တုတ်က **မိုးမှောင်** တဲ့၊ အလုံးခပ်သေးသေးက **သန်းခေါင်** တဲ့'

မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်း သတ္တမတန်း၌ စာရေးသူတို့ ပညာသင်ကြားခဲ့ရစဉ်က အတန်းပိုင်ဆရာ ဦးစံပွင့် ပြောပြသည်ကို သတိရနေသည်။

'ကျောင်းသားတစ်ယောက် အပြစ်ကျူးလွန်ရင် ကျောင်းအုပ်ကြီးက မေးပြီးမှ ရိုက်တယ်။ **မိုးမှောင်** ကို ကြိုက်သလား၊ **သန်းခေါင်** ကို ကြိုက်သလားတဲ့။ ဒီတော့ တချို့ ကျောင်းသားတွေက အလုံးတုတ်တဲ့ ကြိမ်လုံးက ရိုက်ရင် နာမယ် ထင်ပြီး အလုံးသေးတဲ့ **သန်းခေါင်** ကို တောင်းတယ်။ တချို့ ကျောင်းသားတွေကတော့ အလုံးသေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဟာ အသားထဲမှာ နစ်ဝင်သွားလို့ ပိုနာတယ် ထင်ပြီး အလုံး တဲ့ **မိုးမှောင်** နဲ့ ရိုက်ပါဆရာကြီးလို့ တောင်းကြတယ်။ မင်းတို့ ကော ဘယ်ကြိမ်လုံးက နာမယ် ထင်သလဲ'

'မိုးမှောင်က ပိုနာမှာပေါ့ဆရာ'

ဆရာက အေးအေးသက်သာရယ်၍ 'ဘယ်ထူးမှာလဲကွာ၊ ကြိမ် နဲ့ ရိုက်ရင် နာတာချည်းပဲပေါ့၊ ကြိမ်လုံးအကြီးအသေးက အ မဟုတ်ဘူးကွ၊ ရိုက်တဲ့ သူရဲ့ လက် "အချိန်အဆ" က အဓိက သာသာရိုက်ရင် မနာဘူး၊ တအားရိုက်ရင် နာတာပေါ့၊ ဘာမဆို လူ အဓိကကွယ့် တပည့်တို့ရဲ့ တစ်သက်လုံး မှတ်ထား'

(၂)

ကုန်းဘောင်မင်းဆက် ပျက်သုဉ်းလုလုတွင် ဘုရင်ဖြစ်လာရ မင်းတုန်းဘုရင်မင်းမြတ်သည်၊ ဆရာဦးစံပွင့် ပြောသော ကြိမ်လုံး ချောင်း အကြားတွင် မလှုပ်သာ မယှက်သာနှင့် ဘဝနိဂုံးချုပ်ခဲ့ လေသည်။

ရှင်းပါအံ့။

မင်းတုန်းမင်း၏ 'နောက်ဆုံးနေ့များ' နီးကပ်လာချိန်တွင် အင်္ဂ အစိုးရသည် မြန်မာနိုင်ငံအထက်ပိုင်းကို အပြီးသတ် သိမ်းယူရန် သေ တပြင်ပြင် လုပ်နေလေသည်။ ထို့ပြင်၊ မြန်မာပြည်သို့ လက်နက်ပေး နိုင်ငံများကိုလည်း တစ်ဖက်မှ ဟန့်တားနေပြန်သည်။ တစ်ဖန် မိမိ တောင်းဆိုသော ကိစ္စများကို မလိုက်နာလျှင် အင်္ဂလိပ်လက်နက် စစ်တပ်ကြီးကို လွှတ်လိုက်ရမလားဟုလည်း ခြိမ်းခြောက်ပြန်သေးသ ကြောက်စရာပါလား။

ထိုအချိန်တွင် ဘုရင်မင်းမြတ်သည် နန်းတွင်း၌ ဒုတိယစစ် မျက် နှင့် ရင်ဆိုင်တိုးနေလေသည်။ ဆင်ဖြူမရှင်ကဲ့သို့ မိဖုရားများက ဩ အရှိန်အဝါများကို မတရားသုံး၍ ထင်တိုင်းကြဲနေကြသည်။ အ အချင်း နည်းပါးသော 'သီပေါ' လို မင်းသားကို ပလ္လင်ပေါ် ဆွဲ



ရန် ဝန်ကြီးအချို့နှင့် လက်ဝါးရိုက် စီမံနေသည်။ 'သျှောင်ရမ်းစား' လို မင်းသားတွေလည်း ခြေမငြိမ်ကြ။ ဘယ်ငြိမ်ပါ့မလဲ၊ ရှေ့က 'မင်းသား တွေ၏ ပုန်ကန်မှုများ' က လမ်းပြထားသည် မဟုတ်လား။

သို့နှင့် ဘုရင်မင်းမြတ်သည် အလုံးတုတ်တုတ်နှင့် ခပ်နာနာ ဖိရိုက် မည့် **မိုးမှောင်** ကြိမ်လုံးလို အင်အားကြီးသော အင်္ဂလိပ်က တစ်ဖက်၊ အလုံးသေးသေးနှင့် အသားထဲ နစ်ဝင်အောင် ရိုက်မည့် **သန်းခေါင်** ကြိမ်လုံးလို မိဖုရား၊ ဝန်ကြီးများနှင့် မင်းသားတစ်စု၏ အန္တရာယ်က တစ်ဖက်နှင့် မရှောင်သာ မတိမ်းသာ ဖြစ်ခဲ့ပြီ။ သို့နှင့်ပင် ဘုရင်မင်း တရားသည် ကိုယ်ရောစိတ်ပါ ထိခိုက်ညှိုးချုန်းလျက် လောကကြီးမှ 'ကာလကိရိယာ' ထွက်ပြေးရရှာသည်။

(၃)

စာရေးသူ မြန်မာပြန်သော **နန်းကျဘုရင် သီပေါ** နှင့် **အကျဉ်းခံ သီပေါ** စာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့စဉ်က ယင်းစာအုပ်များတွင် မိမိနှင့် သဘောမတိုက်ဆိုင်သော အချက်များပါရှိခဲ့သည်။ သို့သော် ဘာသာပြန်သူတို့၏ ကျင့်ဝတ်အရ အရှိကို အရှိအတိုင်း ပြန်ဆိုခဲ့ ပါသည်။ မိမိ သဘောထား အယူအဆတို့ကို ဖြည့်စွက်ဖော်ပြခြင်း မပြုခဲ့ပါ။

သို့နှင့် ကုန်းဘောင်ခေတ်နှောင်းဘုရင်များနှင့် ပတ်သက်သော ဖြစ်ရပ်များကို မိမိမြင်သည့် ရှုထောင့်မှ တင်ပြမည့် စာတစ်အုပ်တော့ ရေးဦးမည်ဟု စာရေးသူ ရည်မှန်းထားခဲ့ပါသည်။ ယခု 'မင်းတုန်းမင်း ၏ နောက်ဆုံးနေ့များ' သည် ထိုရည်မှန်းချက်ကို အကောင်အထည် ဖော်ရန် အားထုတ်ကြိုးပမ်းခြင်း ဖြစ်ပါသည်။ သို့သော် ကျေနပ်အား ရပြီ ဆိုသည့် အဆင့်တော့ မရောက်သေးပါ။ သို့ဖြစ်ရခြင်းမှာ စာမျက်နှာ များပြီး စာအုပ်တန်ဖိုး မြင့်သွားလျှင် စာဖတ်သူများ ဘာဝန်ကြီးမည် ကို စိုးရိမ်မိ၍ ဖြစ်ပါသည်။ သို့နှင့် စိတ်အားကိုယ်အားရှိသရွေ့ ကောက်

www.burmeseclassic.com

www.burmeseclassic.com



မရေးဘဲ ဖြုတ်တန်သည်ကို ဖြုတ်ပယ်၍ ချုံးတန်သည်ကို အကျဉ်းချုံး၍ ရေးသားခဲ့ရပါသည်။

သို့သော် နိုင်ငံတော်အတွက် မင်းတုန်းဘုရင်မင်းမြတ်၏ အားကြိုးမာန်တက် ဆောင်ရွက်ချက်များနှင့် သူ၏ စိတ်နေသဘောထားကို အတတ်နိုင်ဆုံး ဖော်ပြနိုင်ရန်ကား ကြိုးပမ်းရေးသားခဲ့ပါသည်။ မင်းတုန်းဘုရင်မင်းမြတ်သည် လူသားတို့ ရှုထောင့်မှ ဆန်းစစ်သော် မဆိုစလောက်သော ချွတ်ယွင်းအားနည်းချက်များ ရှိသော်လည်း၊ နိုင်ငံတော်အကျိုး၊ အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဦးထိပ်ရွက်ပန်ဆင်သူ ဖြစ်ပြီး ပြည်ပနှင့် ပြည်တွင်းမှ အန္တရာယ်အသီးသီးကို မိမိနတ်ရွာစံချိန်အထိ လိမ်မာ ပါးနပ်စွာ ရှောင်တိမ်းရန် ကြိုးပမ်းနိုင်ခဲ့သည်များကို စာရှုသူတို့ ရိပ်စား နားလည်နိုင်မည်ဟု မျှော်လင့်ပါသည်။

(၄)

အမှာစာကို နိဂုံးမချုပ်မီ ကျေးဇူးစကား ဆိုစရာများကို ဖော်ပြလိုပါသည်။ အမှာစာ၏ အစတွင် ဖော်ပြခဲ့သော စာရေးသူ၏ ငယ်ဆရာ ဦးစံပွင့်နှင့်အတူ၊ ကွယ်လွန်သွားရှာပြီ ဖြစ်သည့် ဆရာ ဦးသိန်း၊ ဆရာ ဦးစံလွင်၊ ဆရာမ ဒေါ်ငွေစိန်၊ ယနေ့ထက်တိုင် ကျန်းမာစွာဖြင့် ရှိနေကြသော ညောင်ဦးမြို့မှ လက်ဦးဆရာ ဆရာတော် ဦးပဏ္ဍိတ၊ မင်းဘူးမြို့တွင် အမှုထမ်းသွားသော အငြိမ်းစားတိုင်းပညာဝန် ဆရာကြီး ဦးအေးချို၊ တိုင်းပညာဝန် ဆရာကြီးဦးစိန်ထွန်း၊ ဆရာဦးဘသင်၊ ဆရာဦးဘခင်၊ ဆရာဦးစောမောင်၊ ဆရာဦးသန်းမောင် (မင်းနွယ်)၊ ဆရာဦးအောင်ညွန့်၊ ဆရာဦးဘသောင်း၊ ဆရာမဒေါ်ညိုညို၊ ဆရာမဒေါ်တင့်စိန်၊ ဆရာမဒေါ်ခင်ဥ၊ ဆရာမ ဒေါ်သိန်း တို့၏ ကျေးဇူးအထွေထွေကို စာရေးသူသည် မမေ့မလျော့ ကန်တော့လျက် ရှိပါသည်။

ထို့ပြင်၊ ဤ စာအုပ်ကို ရေးသားရာတွင် လိုအပ်သော စာအုပ်စာတန်းများကို ရှာဖွေပေးသော ညီဖြစ်သူ မောင်ဝမ်း (မန်းတက္ကသိုလ်) နှင့် စာအုပ်အပြင်အဆင်မှ စ၍ ဂရုတစိုက် ကူညီသော စာရေးဆရာ တင်မောင်ဆွေ၊ နန်းတွင်းစာအုပ်များ ရေးသားရန် အခါမလပ် အားပေးခဲ့သူ ကိုအောင်ကျော်ဆန်း (တော်ဝင်စာပေ) တို့ကိုလည်း ကျေးဇူးအထူး တင်ရှိကြောင်း ဖော်ပြလိုပါသည်။



တက္ကသိုလ်စိန်တင်

၁၉၇၄ ခုနှစ်၊ ဇူလိုင်လ။

www.burmeseclassic.com

www.burmeseclassic.com

# သွေးစွန်းသော နန်းလုတိုက်ပွဲများ

၁

အမရပူရနိုင်ငံတော်၏ အခြေအနေသည် မကောင်းလှချေ။

ဘုရင်မင်းမြတ်၏ အုပ်ချုပ်ရေးလုပ်ငန်းများ ဖရိုဖရဲ ဖြစ်နေသည်။ မင်းမှုထမ်းတို့ အကျင့်ပျက်ကြသည်။ လာဘ်ပေးလာဘ်ယူမှုများက ဒုန္နင့်ဒေး။ ငွေများသူတို့က တရားနိုင်ကြ၏။ 'ပြည့်ဝမ်းကို မဖောက်ရာ' ဟုဆိုရိုးစကား ရှိသည်။ သို့သော် လက်တွေ့တွင်မူ ဆင်းရဲသား ပြည်သူ၊ ကုန်သည်လယ်လုပ်၊ ဓားမခုတ်ရိုးမှာ စီးပွားရေး အဆင်မပြေ၊ သောကတွေ ပင်လယ်ဝေလျက်။

မရှိတောင့်တ ရှိကြောင့်ကျနှင့် 'ထမင်းတစ်လုတ် တုတ်တစ်ချက် ဆိုသည်မှာ ဒါပဲထင်ပါရဲ့' ဟု ပြောရမည့် အခြေအနေတည်း။

ပုဂံမင်းတရား နန်းတက်စကမူ အခြေအနေမှာ သည်မျှ မဆိုးဝါးလှပေ။ ဟန်းရှင်လူ ပြည်သူအများသည် နန်းတက်လာသော ပုဂံမင်းလက်ထက်တွင် ရှေ့အရင်က စိုးစံသူ၊ သာယာဝတီမင်းထက်၊ ပိုမိုစည်ပင်ဝပြောစွာ ရှိလိမ့်မည်ဟု မျှော်မှန်းမိကြသည်။ သို့သော် 'မှန်းချက်နှင့် နှမ်းထွက်' မှာ တစ်ခြားစီ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံမင်းသည်လည်း၊ ဘာသားကို ထုထားတာမို့လဲ၊ သည်ပုဆိုး ဝတ်သေ အ၏ သည်အညစ်အကြေးပင်၊ ပါပေလိမ့်မည်။

ပုဂံမင်းတရား နန်းတက်၍ မကြာမီပင် နိုင်ငံအနှံ့အပြားတွင် ပုန်ကန် အ ပေါ်ပေါက်လာ၏။ သည့်နောက် အမရပူရမြို့ဝန် ဘိုင်ဆပ်နှင့် မြို့စာရေ မောင်ပိန်တို့က နေပြည်တော်အတွင်းဝယ် အာဏာအလွဲသုံးစားမှုများ လုပ်လာ သည်။ ဝန်ကြီးတွေကလည်း သူ့အစုနှင့်သူ ကြိတ်ဝိုင်းကလေးများနှင့် ညီလာခံ သည်။ ပြည်သူတို့သည် ဘိုင်ဆပ်နှင့် မောင်ပိန်တို့ လက်တွင် နှိပ်စက်ညှင်းပ ခံခဲ့ကြရ၏။ အေးချမ်းသာယာစွာဖြင့် စီးပွားကုန်သွယ်မှုကိုမျှ မပြုနိုင်ကြပြီ။ သမီး များ ဖျက်ဆီးခံရမှုကို ဘယ်သူ့တိုင်ရမှန်း မသိတော့၍ ဒူးနှင့် မျက်ရည် သုတ် ရသည်။ နီးရာ မားကို ကြောက်နေရသည့် ဤ ကာလဝယ် ခေါင်းကို ငုံ့လျ မျက်စိကို မှိတ်လျက်၊ နှုတ်ကို ပိတ်လျက်၊ ငုတ်တုတ်ခံခဲ့ကြရရှာသည်။

သည်ကာလဝယ် နယ်ချဲ့အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတစ်ခြမ်း ခပ်ကြမ်းကြမ်း ဝင်သိမ်းလေသည်။

'ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲ'ဟု ကင်ပွန်းတပ်ရမည် ဖြစ်သော ဤ စစ် ဖြစ်ပွားရခြင်း အကြောင်းကို ရှာသော် မည်မည်ရရ မရှိပေ။ အပြစ်ရှာလို ဝံပုလွေ၏ ရှေ့တွင် ရောက်နေသော သိုးငယ်ဘဝဝယ် 'နင်မဟုတ် နင့်အ ဖြစ်မည်' ဟု ကြိမ်းဝါးလျက် ကိုက်စားခံရခြင်းမျိုးနှင့် ဘာမျှ မခြားနားချေ။

အသေးအဖွဲကို အကြောင်းပြုလျက် အင်္ဂလိပ်စစ်တပ်များက အောက် မြန်မာပြည်တစ်ဝှမ်းကို တိုက်ခိုက် သိမ်းပိုက်ကြသည်။ တိုင်းပြည် ကျီးလန့် စား ဖြစ်ရ၏။ တောမီးလောင်သည်မို့ တောကြောင်တွေက လက်ခမောင်းခတ် ပြန်သည်။ ခိုးသား မုဒိမ်းတို့ကလည်း တစ်စခန်းထလျက် ရှိကြလေသည်။ ပြည်သ တို့ကား ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိပြီ။

အမရပူရနိုင်ငံတော်အား စတုတ္ထအကြိမ် သိမ်းပိုက် နန်းတက်လာသူ ပုဂံမင် တရားကို စိတ်ကောင်းနှလုံးကောင်းရှိသူအဖြစ် သမိုင်းဆရာတို့က ရေးသည် မင်းတရားသည် ပြည်သူတို့အပေါ်တွင် ရင်ဝယ်သားကဲ့သို့ သနားသူ၊ မင်းကျင့် တရားမြတ်ကို အထပ်ထပ် စောင့်ထိန်းလေသူ၊ စစ်မက်ကိုမလို၊ တိုင်းပြည်နိုင် စည်ပင်သာယာမှုကို မြတ်နိုးသူဟု ဆိုကြသည်။ ထားတော့။ တိုင်းပြည် တစ်ပြည် ကို အုပ်ချုပ်သူသည် စိတ်ကောင်း နှလုံးကောင်း ရှိရုံဖြင့် လုံလောက်ပြီလား



ပြည်သူကို ကြင်နာသည် ဆိုရုံဖြင့် ပြီးတမ်းလား။ စစ်မက်ကို မလို၊ တိုင်းပြည် ငြိမ်းချမ်းစေလိုသူ ဖြစ်သည်ဆိုရုံမျှဖြင့် မင်းကောင်းမင်းမြတ်ဟု ဆိုစမှတ် ပြုရတော့ မည်လား။

မေးစရာ မေးခွန်းတွေက ရှိနေသည်။

ပုဂံမင်းတရားသည် စိတ်နှလုံးဖြူစင် သန့်ရှင်းသူ မှန်ပါ၏။ သို့သော် နိုင်ငံတော် အရေးအခင်းများကို စိတ်ပါဝင်စားစွာ ဖြေရှင်းဆောင်ရွက်ရမည်ထက်၊ အပျော်အပါးဖက်တွင် အလေးသာနေတတ်သည်။ ပြည်သူတို့၏ ပြဿနာအရပ်ရပ် ကို မေးမြန်း ဆွေးနွေးရမည့် အချိန်ဝယ်၊ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော် မူသော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားသည် ကြက်တိုက်နေလေသည်။ အလောင်းအစား အကစားဖက်နေသော ဘုရင်မင်းမြတ်သည် မြန်မာနိုင်ငံ တစ်ခြမ်း ကို အရမ်းကာရော ဝင်သိမ်းသော နယ်ချဲ့အင်္ဂလိပ်စစ်တပ်များ၏ အန္တရာယ်ကို မည်သို့လျှင် ကာကွယ်နိုင်လိမ့်မည်နည်း။

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတွင် ပြဿနာမီးပွားကို တစ်စစီ မွှေးရင်း ချက်ကောင်းကို စောင့်နေသည်မှာ ကြာပြီ။ သိုးငယ်ကို ကိုက် သတ်မည့် ဝံပုလွေသည် အကြောင်းခိုင်လုံသည် မခိုင်လုံသည် အပထား၊ အကြောင်း ရှာနေသည်မှာ ကြာပြီ။ အကြောင်းရှာသည် ဆိုသော်လည်း ခက်ခက်ခဲခဲ ရှာရသည် တော့ မဟုတ်။ နိုင်ငံခြားသားအများ ဝင်ထွက်သွားလာနေသော ရန်ကုန်မြို့တွင် မြို့ဝန်လို ပုဂ္ဂိုလ်မျိုးကို မထိတထိ ရန်စရုံဖြင့် ပြဿနာကို ဖော်နိုင်သည်။

အင်္ဂလိပ်အမျိုးသားပိုင် ကုန်သင်္ဘောများနှင့် စစ်သင်္ဘောများသည် မြန်မာ ဘုရင်ပိုင် ရန်ကုန်မြို့ကို ဥဒဟို ဝင်ထွက်နေကြသည်။ ကုန်ရောင်းကုန်ဝယ် လုပ် ကြ၊ ဒေသအခြေအနေ လေ့လာစူးစမ်းကြ၊ ရနိုင်သမျှ လျှို့ဝှက်သတင်းတွေ နှိုက်ကြနှင့် အလုပ်များနေကြသည်။

သည်အချိန်ဝယ် အင်္ဂလိပ်အမျိုးသား ကုန်သည်များ စစ်မှုထမ်းများသည် ရန်ကုန်ဘက်သို့ ဝင်ထွက်ရင်း မြန်မာအစိုးရ၏ စည်းကမ်းဥပဒေကို ဖောက်ဖျက် ကျူးလွန်ကြသည်။ သို့ဖြင့် အင်္ဂလိပ်အစိုးရ အရာရှိများ၊ ကုန်သည်များနှင့် မြန်မာ ဘုရင့်အရာရှိများ ထိပ်တိုက်တိုးမိကြသည်။ အပြစ်ကျူးလွန်သူ နိုင်ငံခြားသားများ ကို ဥပဒေနှင့်အညီ အပြစ်ဒဏ်ပေးရသည်။ မြန်မာအရာရှိတို့ ချမှတ်သော အမိန့်ကို

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အမျိုးသားတို့က ပုံကြီးချဲ့ ကန့်ကွက်ကြ၏။ မြန်မာအစိုးရက ဖိနိပ်သည် မတာရားပြုသည်စသဖြင့် အကြောင်းမျိုးစုံပြလေသည်။ ဇွဲချက်တင်လေသည်။

သည်မှတစ်ဆင့် မြန်မာအစိုးရက မလိုက်လျောနိုင်သော တောင်းဆိုချက်တွေကို သူတို့ တောင်းလာကြသည်။ မြန်မာအစိုးရက သူတို့ တောင်းဆိုချက်တွေကို ငြင်းပယ်သောအခါတွင် ရာဇသံတွေ အမျိုးမျိုး ပေးပြီးနောက် လက်နက်အားကိုးနှင့် အနိုင်အထက် စစ်ပြုကြလေတော့သည်။

မြန်မာတို့သည် အဆင်သင့် မရှိသော စစ်ပွဲကို ရင်ဆိုင်ကြရပြီ၊ မုတ္တမမှသည် ရှေ့သို့ တရိပ်ရိပ်တက်လာသော အင်္ဂလိပ်စစ်တပ်များ၏ အင်အားကို မြန်မာတို့ မခံနိုင်ဖြစ်ရပြီ။ ရန်ကုန်သည် မကြာမီ ရန်သူ့လက် ရောက်ရသည်။ ပုသိမ်လည်း ကျသွား၏။ အင်္ဂလိပ်စစ်တပ်များသည် ပြည်၊ သရက်၊ မြေထဲမြို့များအထိ မြားပစ်သလို တရှိန်ထိုး ချီလေသည်။ မြန်မာတပ်များသည် အရှိန်အဟုန်ကြီးစွာဖြင့် နောက်သို့ ဆုတ်ခဲ့ရ၏။

တိုင်းပြည်၏ အခြေအနေမှာ အပျက်ပျက်နှင့် နာခေါင်းသွေးထွက်ရသည့် အခါ ရောက်နေပါပကော။

ဤသို့သော အခြေအနေတွင် အမရပူရရွှေနန်းကို ကိုင်လှုပ်မည့် ဓားပြတိုက်မှု တစ်ခုသည် မင်းနေပြည်တွင် ဖြစ်ပွားခဲ့လေသည်။

သည်ဓားပြမှုကား နန်းပြာသာဒ်ထိပ်ဖျားသို့ တက်၍ လောင်မြိုက်မည့် အမှိုက်မီး ဖြစ်သည်။ ပုဂံမင်းအတွက် အကုသိုလ်ကံသည် အဖော်အပေါင်းနှင့် အိုးစည်ဗုံမောင်းနှင့် စည်စည်ကားကား လာလေပြီလား။

အမှန်ဆိုတော့ မြန်မာနိုင်ငံတစ်ခြမ်းကို အင်္ဂလိပ်စစ်တပ်များက ဝင်သိမ်းနေစဉ်၊ နန်းပလ္လင်ကို ကိုင်လှုပ်မည့် ဓားပြမှု တစ်မှု ဖြစ်ပေါ်လာခြင်းမှာ ကမ္ဘာမီးလောင်ချိန် ဆီမီးခွက်က ထတောက်ခြင်းပေတည်း။



## ၂

[illegible]၂ ခုနှစ်၊ နိဝင်ဘာလတွင် ဖြစ်၏။

အမရပူရ နေပြည်တော်ဝယ် မလျော်သည့်အခင်း၊ သတင်းဆိုးတစ်ရပ် [illegible]ပေါ်လာသည်။

နေပြည်တော် အနောက်ပြင် မာတ်နန်းရပ်တွင် တခမ်းတနား နေထိုင်သော [illegible]ဘဲ' ၏ အိမ်သို့ ညဉ့်နာရီ ၂ ချက်တီးကျော်အချိန် လက်နက်ကိုင်လူဆိုးတို့ [illegible]လုလေသည်။ ဓားပြတို့သည် မိဘဲအိမ်မှ ရသမျှ အဘိုးတန်ပစ္စည်းများကို [illegible]ကြသည်။ ယင်းအဖြစ်ကား ရာဇဝတ်အိုးကို တုတ်နှင့် ထိုးခြင်း ဖြစ်၏။ [illegible]ိုင်ငံတော်ကို မီးတက်လောင်ခြင်းနှင့် ဘာမျှ မခြားတော့ပြီ။

မိဘဲ၏ အိမ်မှာ နေပြည်တော်၏ မျက်နှာဖုံး၊ မျက်နှာကြီးအိမ် ဖြစ်နေ၏။ [illegible]မင်းတရား ငယ်စဉ်အခါတုန်းက 'မိရွဲ' ဆိုသော အထိန်းတော် အချီတော် [illegible]းသမီးကြီး တစ်ဦး ရှိသည်။ ဘုရင်မင်းမြတ်ငယ်စဉ်က အထိန်းတော်ဆိုတော့ [illegible]အား ဟင်္သာတမြို့ကို စားစေ၏။ ယခုဓားပြတိုက်ခံရသော မိဘဲမှာ ဟင်္သာတစား [illegible]၏ ညီမအရင်း ဖြစ်သည်။ အစ်မက အရှိန်အဝါရှိတော့ မိဘဲလည်း သူ့အရှိန် [illegible]ါနှင့်သူ တခမ်းတနား စံစားခွင့်ရသူ ဖြစ်သည်။ ယခုတော့ မိဘဲ၏ အိမ်ကို [illegible]ပြတိုက်သည် ဆိုခြင်းမှာ မကြံကောင်းမစည်ရာ၊ မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်၍ [illegible]ကျော်သလား။ ဘာပဲဖြစ်ဖြစ် ဤဖြစ်ရပ်သည် ဘုန်းတော် အလွန်တရာကြီး [illegible]တ်တော်မူသော ပုဂံမင်းတရား၏ သိက္ခာတော်ကို ထိပါးခြင်း ဖြစ်လေသည်။

ထို့ကြောင့် အမရပူရမြို့ဝန်နှင့် ထောင်မှူး၊ မြို့စာရေးကြီးတို့ကို ပုဂံမင်း [illegible]ရားက ရှေ့တော်သွင်း၏။ ဘုရင်မင်းမြတ်က အမိန့်မှတ်သည်။ မိဘဲအိမ် [illegible]က်သော ဓားပြများကို အမြန်ဆုံး ဖမ်းဆီးမိအောင် ကြိုးပမ်းကြ၊ ထိုက်သင့် [illegible]ည့် အပြစ်ဒဏ်ကို ထိရောက်စွာ ခတ်ကြစေ၊ တစ်ချက်လွှတ် အမိန့်တော်။

ခက်ကပြီ၊ ဘုရင်မင်းတရားကိုယ်တိုင် ကိုင်သော ရာဇဝတ်မှုဆိုတော့ အေး [illegible]ေနေ၍ မဖြစ်တော့။ ပြစ်မှုလက်သယ် တရားခံကို အမြန်ဆုံး မိအောင်ဖမ်းမှ၊ [illegible]ရားခံမိအောင် ဖမ်းမယ်ဆိုမှ မည်သူတရားခံမှန်း စုံစမ်း၍မရ၊ မြို့ဝန်တို့ တစ်စု [illegible]ကြံအိုက်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြဿနာရှိလျှင် အဖြေရှိမြဲသာ။ အဖြေမရှိလျှင် ရှိအောင် လုပ်မည်။ အရင်က လူဆိုးကျော်တွေ ဖြစ်ဖူးသော မုံရွေး ရွှေကျောင်းရွာသား ငရွှေညှာနှင့် လေပ်တို့ကို လိုက်လံဖမ်းဆီးလိုက်သည်။ မောင်ရင်တို့ မဟုတ်ရင် ဘယ်သူလဲ ကဲ.....အရေးတော်ဖြင့် ပေါ်ပြီ၊ မိအောင် ရှာပေးကြ၊ ဖမ်းပေးကြ။ မဖမ်းပေးနိုင်ရင်တော့ မင်းတို့လဲ မသက်သာဘူး’ ဟု ခြိမ်းလိုက်၊ မောင်းလိုက်၊ ဟိန်းလိုက် ဟောက်လိုက်နှင့် မနိုင်တော့ နိုင်ရာ ကိုင်ရလေသည်။

ရာဇဝင်လူဆိုး ငရွှေညှာနှင့်လေပ်တို့ကလည်း ခေသူ ညံ့သူများမှ မဟုတ်ကြပေပဲ။ ‘ထမင်းရေပူလာသော်လျှာလွှဲ’ လိုက်သည့်ပညာကို ကျောင်းမှာ မသင်ခဲ့ တတ်ကြပါသည်။ ထို့ကြောင့် သူတို့က ပြန်လျှောက်၏။ ‘ယခုလောလောဆယ်တော့ ဓားပြတွေကို ဖမ်းပေးနိုင်မည် မဟုတ်၊ သတင်းတော့ ပေးနိုင်ပါမည်’

ဓားပြတိုက်မှု မဖြစ်မီ တစ်ရက်နှစ်ရက်က ကနောင်ကိုယ်တော်ကြီး၏ အိမ်တော်မှ အမှုထမ်းတစ်စု၊ မိဘဲအိမ်မှ ထွက်လာတာ တွေ့လိုက်ရသည်။ သူတို့ကို သင်္ကာမကင်းဖြစ်သည်....တဲ့။

သည်တွင် မြို့ဝန်နှင့်အာဏာသား တစ်စုသည် သဲလွန်စ သတင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်ကြရပြန်သည်။ ထိုနေ့က မိဘဲအိမ်မှ ထွက်သွားသည် ဆိုသော ငယောကလေး၊ ငရွှေဝိုင်း၊ ငထွန်းပွင့်တို့ကို ကနောင်ကိုယ်တော်ကြီး အိမ်မှ သွားရောက်ခေါ်ယူလာပြီး စစ်ဆေးကြသည်။

သူတို့ သုံးဦးကို စစ်မေးစဉ် အမှုနှင့် ပတ်သက်၍ ခိုင်ခိုင်လုံလုံ ဘာမျှမရ။ မိမိတို့သည် မတ္တရာမှ ဖိနပ်ဖြတ်ပိုင်းများ ဝယ်ယူလာပြီး ရောင်းချကြကြောင်း၊ ထို့နောက် ကနောင်ကိုယ်တော်ကြီး၏ အိမ်တွင် အမှုတော်ကို ထမ်းရွက်မြဲ ထမ်းရွက် နေကြကြောင်း၊ ထိုသုံးယောက်က အစစ်ခံလေသည်။ မိဘဲအိမ်တွင် ဓားပြတိုက်သူ တို့မှာ မိမိတို့ မဟုတ်ကြောင်း ငြင်းကွယ် ထွက်ဆိုကြသည်။

ဖမ်းဆီးစစ်ဆေးနေကြသော ဤအမှုထမ်းတို့ထံမှ ခိုင်လုံသောပြစ်မှု အချက်အလက် တစ်စုံတစ်ရာ မရသော်လည်း ပြန်လွှတ်ပေးခြင်း မရှိ၊ ဆက်လက်ချုပ်ထားရ၏။ ချုပ်ထားစဉ်အတွင်း ငယောကလေး၊ ငရွှေဝိုင်းနှင့် ငထွန်းပွင့်တို့ကို တောင်ဥယျာဉ်တော်သို့ ခေါ်ထုတ်၍ တောင်ထားဝယ်ဗိုလ် မောင်တုတ်တို့ လူစုက စစ်မေးကြပြန်သည်။



သက်သေအထောက်အထား အချက်အလက် ပြည့်ပြည့်စုံစုံ မရှိဘဲ ကနောင်မင်း၏ နောက်ပါများကို ဖမ်းဆီးစစ်ဆေးနေခြင်းသည် စိတ်ဓာတ်ခက်ထန်သော ကနောင်မင်းအတွက် များစွာ အနေရအထိုင်ရ ခက်စေလေသည်။ ဤအတွင်းဝယ် တစ်လေးရာ ဖရုံဆင့်ပြန်၏။ ပုဂံမင်း၏ ညီတော် မင်းတုန်းမင်း၏ နောက်ပါ တစ်စုလည်း ပြဿနာနှင့် လာငြိပြန်သည်။

မင်းတုန်းမင်း၏ စံအိမ်တော်နှင့် ကနောင်မင်းသား၏ စံအိမ်တော်များတွင် ရွှေဘိုနယ်မှ နောက်ပါလူအများ အခါမဟုတ်ဘဲ ဝင်ထွက်ခစားနေသည် ဆိုသော သတင်း ပြန့်နှံ့လာသည်။ ငခဲ၊ ငနက်ပြာ၊ ငရွှေသား၊ ငရွှေသိုက်၊ ငရွှေအိမ်စသော ရွှေဘိုနယ်မှ နောက်လိုက်နောက်ပါ တစ်စုသည် မင်းတုန်းနှင့် ကနောင် ညီနောင် နှစ်ပါးအိမ်သို့ စုဝေးရောက်နေကြပြီး ဘာတွေ ကြံစည်နေသလဲ မသိရဟု ရဲဘက် ဦးတပ်ဗိုလ် မောင်ဘိုးက ပုဂံမင်းထံ လျှောက်တင်လိုက်၏။ မိဘဲအိမ် ဓားပြမှုတွင် ကနောင်မင်းသား၏ နောက်လိုက်များအပေါ် ဘဝင်မကျ ဖြစ်နေသော ပုဂံမင်း များသည် ယခုကြားသိရသော ပြဿနာကို ကိုယ်တော်တိုင် ဝင်ရှင်းသည်။

မင်းတုန်းမင်းသား၏ အကြီးစာရေး ငပေ၊ ကနောင်မင်းသား၏ အကြီးစာရေး ငနှင်း၊ ကွမ်းရေခေါင်း ငအောင်တို့ကို ဘုရင့်အမိန့်ဖြင့် ဖမ်းဆီးလိုက်၏။ ထို့ပြင် ရွှေဘိုနယ်မှ စုဝေးရောက်ရှိနေကြသော လူတစ်စုကို ဘုရင့် အမှုထမ်းများ ထံသို့ လွှဲပြောင်းပေးဆက်ကြစေဟု ဘုရင်မင်းမြတ်က အမိန့်တော်ထုတ်လေသည်။

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်လေသည်။ အပ်ဖြင့် ထွင်းရမည့် ကိစ္စရာဝယ် ပုဆိန်ဖြင့် ပေါက်လေပြီ။ မိဘဲဆိုသော မိန်းမတစ်ယောက်အိမ်တွင် ဖြစ်တိုက်သော ဓားပြမှုသည် ပုဂံမင်းတရားနှင့် မင်းတုန်း၊ ကနောင်၊ နောင်တော် ညီတော်များအကြားတွင် ကောင်းကောင်းကြီး ဝင်၍ မွှေလေပြီ။

ဘုရင့်အမိန့်တော်သည် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ နယ်ပိုင်းအဝန်းကို ဗုံးနှင့် ပစ်လိုက်သလို တုန်လှုပ်သွားလေ၏။ ညီနောင်သုံးပါး အကြား လှုပ်လှုပ်ရွရွ ဖြစ်လာသည့်အချိန်တွင် မင် မြောင်တို့ အလုပ်များကြလေသည်။ မသင့်မတော် စကားများ ဖန်တီးကြသည်။ ပုဂံမင်းတရားထံသို့ မင်းတုန်း၊ ကနောင် ညီနောင်တို့အကြောင်း မဟုတ်မတရားလျှောက်တင်သူ မှူးမတ်တွေ ပေါ်လာ ခဲ့ကြသည်။ အလားတူပင် ပုဂံမင်းတရား၏ လုပ်ရပ်ကို ဆင်ခြင်တတ်ထိမခံ

www.burmeseclassic.com

www.burmeseclassic.com



တွန်းလှန်ရန် ညီတော်နှစ်ပါးကို လာ၍ မြှောက်ပင့်လျှောက်ထားသူတွေလည်း အုပ်လိုက် သင်းလိုက်တည်း။

အခြေအနေအရပ်ရပ်ကို တိုင်ပင်ဆွေးနွေးရန် ကနောင်ကိုယ်တော်သည် နောင်တော် မင်းသားထံသို့ ဝင်လေသည်။ ကနောင်မင်းသားနှင့်အတူ မင်းတုန်းမင်းသား၏ အကြီးတော် မောင်ရန်ဝေးလည်း ပါလာသည်။ ထိုစဉ်က မင်းတုန်းမင်းသား၏ စံအိမ်တော်မှာ အမရပူရနေပြည်တော် ရွှေကွန်းအုပ် ဘုရား အနီးတွင် ဖြစ်သည်။

ကနောင်မင်းသားက လက်ရှိ အခြေအနေ အရပ်ရပ်ကို နောင်ဖုရား၏ တင်လေသည်။ မိမိတို့ နောက်တော်ပါ ကျွန်ယုံများ အဖမ်းခံနေရပုံများမှအ နောင်တော် ဘုရင်မင်းတရား၏ အမိန့်ဖြင့် မြို့ဝန်နှင့် အမှုထမ်းတို့၏ မလျော်ကန် သော လုပ်ရပ်များကိုလည်း စုံစေ့စွာ တင်လျှောက်ထားသည်၊ အကြီးတော် မောင်ရန်ဝေး ကလည်း ခားပြမှုနှင့် မပတ်သက်ဘဲ မင်းသားညီနောင် နှစ်ပါး၏ နောက်လိုက် နောက်ပါများ မတရားအဖမ်းခံနေရပုံကို လျှောက်ပြန်လေသည်။

ညီတော်နှင့် အကြီးတော်တို့၏ စကားကို ကြားရသော မင်းတုန်းမင်းသားသည် များစွာ စိတ်ညစ်သွား၏။ အခြေအနေအရပ်ရပ်ကို မည်သည့်နည်းဖြင့် ထိန်းသိမ်းရမည်ဟု ဝေခွဲမရအောင် ဖြစ်နေတော့သည်။

မင်းတုန်းမင်းသားကို ၁၈၁၄ ခုနှစ်က ဖွားမြင်ရာ ယခုအခါ အသက် (၃၈)နှစ် ရှိပြီ။ ပုဂံမင်းတရားထက် (၃) နှစ် ငယ်၏။ မင်းတုန်းမင်းသားသည် ဘာသာရေး ကိုင်းရှိုင်း၏။ စိတ်ဓာတ်ဖြောင့်မှန်၏။ နူးညံ့သိမ်မွေ့၏။ ပုဂံမင်းက လည်း များစွာလေးစားချစ်ခင်သူ ဖြစ်သည်။ ထို့ကြောင့် ဤအရေးအခင်း အတွက် မိမိ ဘာလုပ်သင့်သည်ကိုပင် ရုတ်တရက် မစဉ်းစားတတ်ပြီ။ သည်အတွင် ကနောင်မင်းသားက ထပ်လျှောက်၏။ အခြေအနေ မလှတော့ပြီ။ ကြာလျှင် သည့်ထက်ဆိုးလိမ့်မည်၊ သူ့လက်ချက် မဦးမီ မိမိတို့ ညီတော်နောင်တော်နှစ်ပါး သည် အမရပူရနေပြည်တော်မှ ခွါစို့၊ သို့မှသာ အသက်ဘေးမှ လွတ်ချိမ့်မည်။

မင်းတုန်းမင်းသည် ဒုတိယမွို စိတ်ရှုတ်သွားရပြန်လေသည်။' နောင်တော် မင်းတရားကို 'ထောင်ထား' ပြီးတော့ နေပြည်တော်က ခွာကြစို့ဆိုပါလား မြတ်စွာဘုရား၊ မကြံကောင်း မစည်ရာ 'အစ်ကိုကြီး၍ အဖအရာတင်ခဲ့သော နောင်တော် မင်းတရား၏ ရွှေနန်းကို ထိပါးရန် စိတ်ကူးထဲတောင် မထည့်ခဲ့ဘူး ခုတော့ အခြေအနေတွေ ပြောင်းလဲလာပြီ၊ ဘယ်လို လုပ်ကြရပါ့မလဲ။



မင်းတုန်းမင်းသားသည် နောက်ကို ပြန်၍ မျှော်ခေါ်ကြည့်၏။ ၁၈၄၈ ခုနှစ်တွင် သာယာဝတီမင်း နတ်ရွာစံစဉ်က နောင်တော် ပုဂံမင်းတရားကို မိမိတို့ ပင် ကျေကျေနပ်နပ် နန်းတင်ခဲ့သည်။ စင်စစ်ဆိုလျှင် နန်းမွေဆက်ခံရေး ဥပဒေ အတည်တကျ မရှိသော မြန်မာ့ထီးနန်းသမိုင်းတွင် ဘုရင်တစ်ပါး နတ်ရွာစံတိုင်း နန်းလုပွဲပေါ်စမြဲ၊ သွေးချောင်းစီးမြဲ၊ သတ်ကြ ဖြတ်ကြမြဲ။

ယခုတော့ ထိုသို့ မဖြစ်ခဲ့ပေ။

နန်းတွင်း၌ အရေးပါခဲ့သော မိမိနှင့် ညီတော် ကနောင်မင်းသားသည် ပုဂံမင်းသားကို ပုခုံးထမ်း၍ နန်းတင်ခဲ့ကြသည် မဟုတ်လား။ ထိုစဉ်ကပင် ထီး နန်းကို လိုချင်လျှင် မိမိတို့ ညီနောင်မှာ အခွင့်အရေးတွေ ရှိသည်။ ရခဲသော အခွင့်အရေးကို ဖယ်ရှားကာ စိတ်ဆန္ဒဖြူစင်စွာဖြင့် နောင်တော်ကို နန်းတင်ခဲ့ ကြခြင်း ဖြစ်သည်။ ယခုတော့ နောင်တော်သည် ဘာတွေ လုပ်နေပါလိမ့်။

အမှန်စင်စစ်တော့ နောင်တော် ပုဂံမင်းတရားသည် သဘောထား ဖြူစင် ၏။ သို့သော် မင်းပင်ကောင်းလျက် မင်းမြောင်ဖျက်တတ်သည်။ ထို့ကြောင့် နောင်တော် မင်းတရား လမ်းမှားလျှောက်နေခြင်း ဖြစ်လေမည်။

အရာရာကို ချိန်ဆနိုင်းစာတတ်သော မင်းတုန်းမင်းသားသည် ဤသို့ တမျှော်တခေါ် တွေးလေသည်။

နောင်တော် မင်းတုန်းမင်းသား၏ အခြေအနေကို ကြည့်၍ ကနောင်မင်း သားက အထပ်ထပ် လျှောက်ပြန်သည်။ နေပြည်တော်မှ ခွာကြရန် သင့်ပြီ၊ နောက်ပါ ငယ်ကျွန်တော်များ မတရား အညှဉ်းဆဲခံနေရသည့် အရေးကို လျစ်လျူ ရှု၍ မဖြစ်၊ မိမိတို့ ညီနောင်နှစ်ပါး နေပြည်တော်မှ မခွာနိုင်တောင်မှ ကျွန်ယုံ တော်များကို ခွာစေသင့်ပြီ။ နောင်တော်ပုဂံမင်းမှာလည်း မူလက စိတ်ဓါတ်မျိုး မရှိတော့ပြီ။ မင်းမြောင်တို့ ဂုံးတိုက်ချောပစ်သော စကားတွေကို ယုံပြီး မသင့်ရာ မတော်ရာ အမိန့်တွေ ချမှတ်နေပြီ။ တစ်စုံတစ်ရာကို မြန်မြန် ဆုံးဖြတ်မှ ဖြစ်တော့မည်။

နောက်ဆုံးတွင် မင်းတုန်းမင်းသားသည် ဆုံးဖြတ်ချက် တစ်ရပ်ကို ယတိ ပြတ် ချမှတ်လေသည်။

'ကောင်းပြီ၊ အမရပူရ နေပြည်တော်မှ ခွာမှ ဖြစ်တော့မည်။ ဆောင်ရွက် ဖွယ်ငွေကို အမြန်ဆုံး ဆောင်ရွက်၊ စီမံဖွယ်ရာတွေကို စနစ်တကျ စီမံတော့၊ သင့်တော်သော အချိန်တွင် မိမိကိုယ်တိုင် ထွက်တော်မူ နန်းမှခွာမည်'

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းသား၏ အဆုံးအဖြတ်ကို ကြားရသော နောက်ပါအမှုထမ်းတို့ ဝမ်းသာရွှင်ပြုံးသွားကြလေသည်။ ထိုအခါမှ မင်းတုန်းမင်းသားအပါးရှိ အမှုထမ်းတို့က မင်းသားအကြိုက် လျှောက်လာကြပြန်သည်။ အတိတ်၊ နိမိတ်၊ တဘောင် စနည်းဟူသည်တွေကို ဖော်ထုတ်လာကြသည်။

မင်းတုန်းမင်းသား၏ မယ်တော် တည်ထားခဲ့သော ရတနာမဥ္ဇူစေတီတော်ကို ပြည်သူအများ အုတ်အုတ်ကျက်ကျက် လာရောက်ဖူးမြော်၍ ဆွမ်း၊ ပန်း ရေချမ်း ကပ်လှူပြီး မကြာမီပင် အရှင့်သားတော်ကို ဖွားမြင်ခဲ့သည်။ ထို့ကြောင့် မယ်တော်ဘုရားက မင်းသားသည် သာသနာ့ဒါယကာမင်းမြတ် စင်စစ် ဖြစ်မည် မလွဲဟု အမိန့်ရှိဖူးသည်။ တစ်ဖန် ဥယျာဉ်တော်အတွင်းမှ အရှင်မင်းသား၏ မွေးနံ့ အင်္ဂါထောင့်ရှိ ညောင်ပင်မှာ ယခုနှစ်တွင် အရွက်များ တစ်ဘောင်နှင့် လက်လေးသစ်ခန့် ကြီးထွားထွက်ပေါ်လာသည်။ ဥယျာဉ်တော်အတွင်းရှိ ဇီးခါးပင်လည်း ယခုနှစ်မှပင် ချိုမြိန်လာသည်။ မင်္ဂလာအိမ်တော် အနောက်တံခါးမှ ထွက်၍ စနည်းနားကြည့်ရာ 'ကျန်စစ်သားကို သိကြား မတဲ့ကိန်းရောက်ပြီ'ဟု ခရီးသွားတစ်ဦးက အော်ဟစ်သံ ကြားရသည်။ တစ်ဖန်တုံ၊ အဓိဋ္ဌာန်ပြု၍ ပါရမီတော်ခန်းပျို့ လက်ာကို ဖွင့်လှစ်ဖတ်ကြည့်ရာ 'တောထွက်ရမူ၊ ကြောင့်ကျ မရှိ၊ လွင်တိတိနိုက်၊ မငြိမထင်၊ လိုရာနှင်သည်၊ ကောင်းကင်မိုးဖျား၊ စက်ရထားသို့' ဟု ဟူသော နိက္ခမပါရမီအခန်းကို တွေ့ရသည် စသည်ဖြင့် မင်းလိုလိုက်၍ မင်းကြိုက်တင်ကြသည်။

ရတနာမဥ္ဇူဘုရားကို ပြည်သူတွေ လာဖူးစဉ်မှာ မင်းသားကို ဖွားမြင်တာ တကယ်ထူးသလား။ ညောင်ပင်အရွက်ကြီးတာနှင့် ဇီးပင်ချိုလာတာကကော၊ တကယ်ပဲ တန်ဖိုးရှိသော အတိတ်နိမိတ် ဖြစ်ရဲ့လား။ ခရီးသွားတစ်ဦး၏ ကြုံးဝါးသံကို ဘယ်တုန်းက ဘယ်သူတွေ ကြားရတာလဲ၊ သက်သေ ရှိရဲ့လား။ ပြီးတော့ အဓိဋ္ဌာန်နှင့် ပါရမီတော်ခန်းပျို့ လှန်ကြည့်သောအခါ ဖတ်ရသော စာပိုဒ်မှာ မင်းတုန်းမင်းသား မင်းဖြစ်မည့် ကိန်းနှင့် တကယ် သက်ဆိုင်သလား။

ဘယ်သို့ပဲ ဖြစ်ဖြစ်၊ မင်းတုန်းမင်းသားကတော့ မိမိအခြေအရံတွေ လျှောက်တင်ချက်ကို ကျေနပ်စွာ လက်ခံလေသည်။ နောင်တော်မင်းတရားကို ပုန်ကန်ရန် အတိအလင်း ဆုံးဖြတ်လိုက်လေပြီ။



## ၃

ယင်းသို့ဖြင့် မိန်းမတစ်ယောက်အိမ်ကို ဓားပြတိုက်မှုမှသည် ဘုရင်မင်းမြတ်၏ နန်းပလ္လင်ကို အံတုသော အရေးအခင်း တစ်ရပ်ပေါ်ရပြီ။

ဤနေရာတွင် စဉ်းစားစရာ တစ်ခုရှိသည်၊ မိဘဲအိမ် ဓားပြတိုက်ခံရမှုကြောင့် မင်းတုန်းကနောင် အရေးတော်ပုံ ပေါ်ရတာလား။ သို့မဟုတ် သည်အရေးတော်ပုံ ပေါ်ချင်လှလို့ မိဘဲအိမ်ကို ဓားပြဝင်တိုက်တာလား။ မိဘဲအိမ် တိုက်သော ဓားပြသည် ရိုးရိုး ဓားပြလား၊ ပယောဂနှင့် ဓားပြလား၊ စဉ်းစားစရာ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်သတဲ့။

မင်းတုန်း ကနောင် ညီနောင် ဦးစီးသော မင်းမှုထမ်း ခြွေရံသင်းပင်းနှစ်ရာခန့်သည် ၁၈၅၂ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့၊ ည ၇ နာရီတွင် အမရပူရ နေပြည်တော်မှ ခွာလေသည်။

မင်းသား နှစ်ပါးနှင့် နောက်ပါများသည် နေပြည်တော်၏ အရှေ့မြောက် လေးကျွန်းတံခါးဆီသို့ ချီကြသည်။ မင်းမှုထမ်းများနှင့်အတူ ကလေးတွေ၊ မိန်းမတွေ၊ ဖိုးဖွားတွေ ပါလာကြသည်။ ရုတ်ရုတ်သဲသဲ ချီလာသော လူအုပ်ကြီးသည် မကြာမီ မြို့တံခါးသို့ ရောက်ကြသည်။ မြို့တံခါးကား အခိုင်အမာ ပိတ်ထားဆဲ။

အရှေ့မြောက်ဘက်ရှိ လေးကျွန်းတံခါးမှူး **ငဖိုးခေါင်**နှင့် အရာရှိ အရာခံ အကြပ်တပ်သားတို့သည် မိမိတို့ တာဝန်ကို ဦးလည်မသုန် ထမ်းရွက်လေသည်။ အချိန်မတော်ထွက်လာသော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ဦးစီးသည့် အဖွဲ့ကို တံခါးဖွင့်မပေးချေ။ သည်တွင် ပြဿနာကြီးထွားလာ၏။ ချိုချိုသာသာ ပြော၍ မရသည့် အဆုံးတွင် ကနောင်မင်းသား၏ ကျွန်ယုံတို့သည် တံခါးမှူး **ငဖိုးခေါင်**ကို အဆုံးစီရင်ပြီး တံခါးကို ဖွင့်လေသည်။

ငဖိုးခေါင်ကား ပုဂံမင်းတရား၏ အမှုတော်ကို ထမ်းဆောင်ရင်း သွေးမွှက်မွှက်လျှံလျှက် အသက်စွန့်ရပြီ။

မကြာမီ မြို့တံခါးပွင့်သွားသည်။ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ခေါင်းဆောင်သော လက်နက်ကိုင် တပ်သားများသည် မတ္တရာမြို့သို့ ဆက်ချီသည်။ မတ္တရာမြို့သို့ ကြိုတင် စေလွှတ်ထားသော ကျွန်ယုံတို့ အကူအညီဖြင့် မကြာမီ မြို့တံခါးပွင့်သွား၏။ မင်းနှစ်ပါးသည်၊ မတ္တရာတွင် အခိုင်အမာစခန်းချလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားနှစ်ပါး မြို့ပြင်ရောက်တော့မှပင် မင်းတုန်းကနောင်ညီနောင် နှစ်ပါး၏ ပုန်ကန်မှု သတင်းကို နောင်တော်မင်းတရားထံ လျှောက်ကြားကြရသည်။ လေးကျွန်းတံခါးဗိုလ် ငဖိုးခေါင်ကို အဆုံးစီရင်ပြီး၊ ညီတော်မင်းသားနှစ်ပါး နေပြည်တော်၌မှ ထွက်သွားကြပြီ၊ မင်းနှစ်ပါးနှင့်အတူ နောက်လိုက်နောက်ပါ နှစ်ရာခန့် ပါသွားလေပြီ။

သည်သတင်းကို ကြားသော် ပုဂံမင်းတရားသည် မယုံရဲရဲ ရှိလေသည်။ မယုံ၍လည်း မဖြစ်၊ ပုဏ္ဏားဝန် မောင်ကုလားကိုယ်တိုင် ရှေ့တော်မှောက်သို့ လာရောက် လျှောက်တင်နေသည်။ သည်တော့ ပို၍ သေချာရအောင် ညီတော်မင်းတုန်မင်းသား၏ အိမ်တော်သို့ အမှုထမ်းတစ်ဦးကို စေလွှတ်ကြည့်ခိုင်းလိုက်၏။ သတင်းမှာ အမှန် ဖြစ်၏။ ညီတော် မင်းတုန်းမင်းသား၏ အရိပ်အရောင်ကိုမျှ မတွေ့ရတော့။

ပုဂံမင်းသည် စီစဉ် ဆောင်ရွက်ဖွယ်တွေကို ချက်ချင်း စီရင်သည်။ တောင်ဒဝယ်ဗိုလ် **မဟာမင်းလှမင်းခေါင်ကျော်ထင်**ကို နောက်ပါတပ်သားငါးရာနှင့်အတူ သူပုန်မင်းသား နှစ်ပါးနောက်သို့ လိုက်စေ၏။ ညီတော်မင်းသားနှစ်ပါးကို အမြန်ဆုံး ဖမ်းဆီးလာခဲ့ဟုလည်း အမိန့်တော်ပြန်လိုက်၏။ နောက်တစ်နေ့ နံနက်တွင် လက်ျာဝန်မှူး သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာကို နောက်ပါ တပ်သား တစ်ထောင်ဖြင့် နောက်မှ စေလွှတ်ပြန်၏။ ဤသို့ဖြင့် တောင်ဒဝယ်ဗိုလ်တို့ တပ်နှင့် လက်ျာဝန်မှူးတို့၏ တပ်များ စုပေါင်းပြီး မင်းတုန်း ကနောင်မင်းသားတို့၏ သူပုန်တပ်များဆီသို့ အပြင်းချီကြသည်၊ သူပုန်မင်းတို့ ပြေးနိုင်မှလွတ်စေမည်။

ထိုမျှနှင့် အားမရသေး၊ ဖောင်ဝန် မဟာမင်းကျော် မင်းထင် ဦးစီးသော တပ်သား ၅၀၀ ပါ တပ်ဖွဲ့သည်၊ တကောင်းမြို့စား မဟာမင်းလှတန်ဆောင်၊ မအူပင်မြို့စား မဟာမင်းထင်မင်းခေါင်တို့၏ တပ်များနှင့်အတူ ရေကြောင်းမှ မီးသင်္ဘောဖြင့် ချီကြသည်။ မင်းကွန်းသို့ ရောက်သော် အုန်းသဇင်၊ အုတ်နံ့ဘုတ် ကျေးရွာများမှတစ်ဆင့် ကြည်းကြောင်းအတိုင်းလိုက်သည်။ နောက်ပါတပ်သားနှစ်ရာထဲနှင့် မင်းတုန်းမင်းသား ခံနိုင်လျှင် ခံပေရော့။ လိုက်လာသော ပုဂံမင်း၏ တပ်များကား ထောင်နှင့် ချီနေလေပြီ။



မတ္တရာမြို့တွင် စခန်းချနေသော မင်းတုန်းကနောင်မင်းသားတို့၏ တပ်များသည် ဆက်လက်ချီခဲ့ရာ မတ္တရာမြို့မြောက်ဖက်ရှိ ချောင်းမကြီးသို့ ရောက်သည်။ ဤတွင် ပုဂံမင်းက စေလွှတ်သော လက်ျာဝန်မှူးနှင့် တောင်ဒဝယ်ဗိုလ် မောင်တုတ်တို့၏ တပ်များ ချောင်းအကူးတွင် နောက်မှ မှီလာသည်။ ချောင်းအနီးတွင် တိုက်ပွဲဖြစ်ပွားကြ၏။ ပုဂံမင်း၏ တပ်များသည် ချောင်းကို အထက်အညာမှ ကူးမည်ဟု ကွေ့၍ ချီကြသည်။

မင်းတုန်း ကနောင် မင်းနှစ်ပါးသည် ချောင်းမကြီးကို ဖြတ်၍ စကျင်တောင်ကြားသို့ ရောက်သည်။ စကျင်ရွာသူကြီး ဦးကျန်သည် မိမိတပည့်လက်သားသုံးဆယ်နှင့်အတူ မင်းနှစ်ပါးထံ ဝင်၏။

ဤတွင် ကနောင်မင်းသားသည် အခြေအနေကို အကဲခတ်မိလေသည်။ ဤအတိုင်းသာဆိုပါက နောင်တော် မင်းတုန်းမင်းသားမှာ သားတော်၊ သမီးတော်တွေ၊ မိဖုရားတွေနှင့် စစ်ပွဲအတွက် များစွာ အခက်အခဲ ဖြစ်နေတော့မည်။ နောင်တော် မင်းသားကို **ရှေ့မှ** ချီစေပြီး တိုက်ပွဲကို မိမိဖာသာ ဦးစီးတိုက်တော့မည်။ ကနောင်မင်းသားသည် **မိမိတွေးမိသမျှအား** နောင်တော် မင်းတုန်းမင်းသားကို လျှောက်တင်ရ၏။ နောင်တော်က သဘောတူပြီး ငစဉ့်ကူးအရောက် ရှေ့မှ ချီရလေသည်။

ကနောင်မင်းသားသည် နောက်မှ ထက်ချပ်မကွာ လိုက်လာသော ပုဂံမင်း၏ တပ်များကို စကျင်တောင်ကြားမှ ခံလေသည်။ ဤတိုက်ပွဲတွင် ကနောင်မင်းသားသည် လူပင်နည်းသော်လည်း သေနင်္ဂဗျူဟာက သာသဖြင့် လှလှပပ အနိုင်ရလိုက်၏။ ပထမတွင် မိမိ၏ တပ်ကို ဆုတ်ခွာဟန် စွယ်ရောင်ပြသည်။ ပိုင်လောက်မှ တရှိန်ထိုး ဖိထိုက်ရာ ပုဂံမင်း၏ တပ်များ သွေးစိမ်ရှင်ရှင် လူးကာ အကျအဆုံးများကြ၏။ လက်ျာဝန်မှူး၊ တောင်ဒဝယ်ဗိုလ်၊ ပုဏ္ဏားဝန်၊ မတ္တရာမြို့ဝန်တို့ ဦးစီးသော တပ်များသည် ကနောင်မင်း၏ စစ်မြူခြင်းကို တကယ်ထင်မှတ်၍ ရှေ့သို့ ခင်တိုးမိကြရာ မရှောင်သာသော စကျင်တောင်ကြားတွင် အတုံးအရုံးကျဆုံးကြရှာတော့သည်။

ဤသို့ဖြင့် ပုဂံမင်း၏တပ်များသည် ဖရိုဖရဲအလဲလဲအကွဲကွဲဖြင့် ဆုတ်ခွာသွားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၄)။ ခြင်္သေ့ခံရွှေရုပ်ကြွ၊ သီဟာသန နန်းပလ္လင်

ခြင်္သေ့မင်း၏ သန်မြန်ခြင်း၊ ဝင့်ကြွားခြင်း၊ ရဲရင့်ခြင်းဂုဏ်ကို ယူ၍၊ ခြင်္သေ့ရုပ်ခံပြီး ယမနေ သားဖြင့် တည်ဆောက် ထားသော သီဟာသန ပလ္လင်၊ မင်းတုန်းမင်းကြီး အပ္ပဓော်ခံရာ မြေနန်းပြာသာဒ်တွင် ထားရှိသည်။ (ယခု ရန်ကုန်မြို့၊ အမျိုးသားပြတိုက်တွင် လေ့လာနိုင်ကြသည်။)




ပုံ(၅)။ သူ့ခေတ်နှင့်သူ့ကာလ၊ ထွန်းပတဲ့ တို့ဘုရင်

မန္တလေးမြို့၊ မြနန်းစံကျော်၊ ရွှေနန်းတော်ကြီးအတွင်းရှိ၊ မင်းတုန်းမင်းကြီး(နန်းစံ ၁၈၅၃–၁၈၇၈)၏ ရုပ်တု။ (ကိုမြတ်ဌေး၊ မန္တလေးမှ ကျေးဇူးပြုသည်)

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းကနောင် ညီနောင် နှစ်ပါးသည် အောင်ပွဲများ ဆက်ခါရနေလေသည်။ ထိုနှစ်ဆောင်းကုန်လုလုတွင် ရွှေဘိုကို အလိုပြည့်ကြ၏။

ရွှေဘိုမြို့ဝန် မောင်ဝိုင်းသည် မိမိစွမ်းပကားဖြင့် အတတ်နိုင်ဆုံး ခုခံရန် ကြိုးစားပါ၏။ သို့သော် မောင်ဝိုင်းသည် ရွှေဘိုတွင် နာမည်ပျက်ဖြင့် အုပ်စိုးနေချိန် ဖြစ်သည်။ မောင်ဝိုင်း၏ ဖိနှိပ်ညှဉ်းဆဲမှုများ၊ ရက်စက်မှုများကို မြို့လူထုသည် မတတ်သာ၍ ငုံ့ခံနေကြရသည်။ မင်းတုန်းမင်း၏ တပ်များ ချီလာပြီဟု ကြားရသော အခါ ရှင်လူအများ ဝမ်းသာကျေနပ်လျက် ရှိသည်။ ပြည်သူ၏ ထောက်ခံမှုကို မရတော့ပြီဟု သိသော မြို့ဝန် မောင်ဝိုင်းသည် ရွှေဘိုမှ ကြာကြာမခံနိုင်ပြီ။ မင်းတုန်းကနောင် မင်းနှစ်ပါးတို့ ရွှေဘိုမြို့ကို ဝိုင်းလာသည်နှင့် မြို့ဝန်သည် မြို့တော်မှ ခြေကုန်သုတ်၍ ပြေးရလေသည်။

ရွှေဘိုကား ဘူမိနက်သန် အောင်မြေတည်း၊ အလောင်းမင်းတရားသည် ရွှေဘိုမှ နေ၍ မြန်မာပြည် တလွှားကို အောင်ခဲ့သည် မဟုတ်လား။ ယခုလည်း မင်းတုန်းမင်းသည် ရွှေဘိုအောင်မြေကို နင်းမိပြီ။ ရွှေဘိုကို ရပြီ၊ ရွှေဘိုကို ရသည်နှင့် ရည်မှန်းချက် တစ်ဝက်အောင်လေပြီ။

ရွှေဘိုမြို့တွင် မင်းတုန်းမင်းသား ဗိုလ်ဝင်ခံလေသည်။

မြောက်ဖက်တလွှားရှိ စော်ဘွားစော်ခံများ၊ မြို့စားရွာစားများလည်း သစ္စာတော်ခံလာကြသည်။ နောက်မှ လိုက်လာသော ပုဂံမင်း၏ တပ်များသည်လည်း တိုက်သမျှ ရှုံးနေသည်။ ညီနောင် အချင်းချင်း တိုက်ကြသော စစ်ပွဲများအကြားတွင် ပြည်သူတို့ နာကြ၏။ စီးပွားပျက်၊ အသက်ဆုံး၊ လူလုံးမလှ ဖြစ်ကြသည်ကား ရဟန်းရှင်လူ ပြည်သူအများသာ ဖြစ်လေသည်။

ဤအခြေအနေကို ပုဂံမင်းတရား ရိပ်စားမိသည်။ ဖြစ်ပေါ်နေသော အခြေအနေဆိုးကို ကယ်တင်နိုင်မှ တော်မည်ဟု ပုဂံမင်းတရား ဆင်ခြင်မိသည်။ မိမိမှတစ်ပါး အခြားမည်သူမှ ပြည်သူတို့ ဒုက္ခကို ကယ်တင်နိုင်မည် မဟုတ်ဟုလည်း တွေးတောမိသည်။ ထို့ကြောင့် ပုဂံမင်းတရားသည် အမရပူရနေပြည်တော်ရှိ ဆရာတော် သံဃာတော်များအား ချဉ်းကပ်၍ လျှောက်ထားအသနားခံလေသည်။

'ညီတော် မင်းတုန်းမင်းသားထံ ပြောပေးပါ၊ နိုင်ငံကို အလိုတော်ရှိလျှင် အသာတကြည် လွှဲအပ်တော့မည်။ ညီနောင် နှစ်ပါးတို့ စစ်ပြုခြင်းဖြင့် ပြည်သူတို့ မနာစေသင့်၊ ကျွဲနှစ်ကောင် ခတ်သည့်ကြားဝယ် ပြည်သူတို့ မြေဇာပင် မဖြစ်



စေသင့်ပြီ၊ ထို့ကြောင့် စစ်တိုက်ခြင်းကို ရပ်၍ ပြည်သူအများ ငြိမ်းချမ်းသာယာစွာ နေပါစေလော့'...ဟု ပုဂံမင်းက သံဃာတော်များအား လျှောက်ထားလေ၏။

အမရပူရနေပြည်တော်ရှိ ဆရာတော် သံဃာတော်များသည် ပုဂံမင်းတရား၏ မေတ္တာရပ်ခံချက်ကို လက်ခံ၍ မင်းတုန်းမင်းသားထံသို့ ကြွချီခဲ့၏။ သို့သော် စစ်ကိုင်းနယ် စာရေးရွာသို့ အရောက်တွင် ဆရာတော် သံဃာတော်များကို ရှေ့သို့ သွားခွင့် မရအောင် သလုံးဝန်ကြီးမင်းကြီးမဟာရာဇသင်္ကြန်က တားဆီးခဲ့လေသည်။ သလုံးဝန်ကြီးက စစ်ပွဲ အခြေအနေမှာ မိမိအရှင်မင်းတုန်းမင်းက အသာရနေသည်။ ဤအခြေအနေတွင် စေ့စပ်စကားဆိုရန်ကို လုံးဝမလိုတော့ဟု ဆုံးဖြတ်ကာ ဆရာတော်များကို တားဆီးခဲ့၏။

ဤသို့ဖြင့် ပုဂံမင်း၏ ငြိမ်းချမ်းရေးလမ်းစပိတ်သွားရတော့သည်။ ပုဂံမင်းသည် မထူးတော့သည့် အခြေအနေတွင် အမရပူရ နေပြည်တော်ကို ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် ကြိုးစားခဲ့၏။ မင်းတုန်း ကနောင် ညီနောင် နှစ်ပါး တိုက်ခိုက်လာလျှင် အဆင်သင့်ခံနိုင်ရန် ကြည်းကြောင်း ရေကြောင်းတို့မှ ပြင်ဆင်လျက်နေ၏။

မင်းတုန်မင်းသား၏တပ်များ ဝိုင်းဝန်းလုပ်ကြံလာလျှင် ခံနိုင်ရန် ပုဂံမင်းသည် အမရပူရမြို့တော် မြောက်ဖက်ထိပ်တွင် အမြောက်ကြီး ၂၀၊ တောင်ဖက်ထိပ်တွင် အမြောက်ကြီး ၂၀၊ အနောက်ဖက်တွင် အမြောက်ကြီး ၃၀၊ အရှေ့မျက်နှာတွင် အမြောက်ကြီး ၃၀ ကို အသင့်ထားသည်။

မြို့တော် မြောက်မျက်နှာတွင် တပ်သား တစ်ထောင့်တစ်ရာတစ်ဆယ်ပါဝင်သော တပ်ဖွဲ့ကို ချထားသည်။ ဤတပ်ကို ရေနံချောင်းမြို့စား သတိုးမင်းကြီး မဟာသက်တော်ရှည်က အုပ်ချုပ်သည်။ အရှေ့မျက်နှာတွင် တပ်သား တစ်ထောင့်တစ်ရာတစ်ဆယ်ပါဝင်သော တပ်ဖွဲ့ချထား၏။ ယင်းတပ်ဖွဲ့ကို ဆင်ဝန်အတွင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်မင်းထင်က အုပ်ချုပ်သည်။ တောင်ဖက်မျက်နှာတွင် တပ်သား တစ်ထောင့်သုံးဆယ်ပါဝင်သော တပ်ဖွဲ့နှင့်အတူ အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှမင်းကျော်က အုပ်ချုပ်၍ အနောက်မျက်နှာတွင်မူ တပ်သား တစ်ထောင့်တစ်ရာ့ခုနစ်ဆယ် ပါဝင်သော တပ်ဖွဲ့နှင့်အတူ ညီတော်ဆိုင်မင်းသား သီရိမဟာဓမ္မရာဇာက ကွပ်ကဲလေသည်။

ပုဂံမင်းအဖို့ မင်းတုန်း ကနောင် ညီနောင်နှစ်ပါး၏ တပ်များကို ရင်ဆိုင်ရာတွင် အားနည်းလှသည်။ တစ်ချိန်တည်းမှာပင် ပုဂံမင်းသည် နှစ်မျက်နှာစစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကို နွှဲနေရသည်။ ဘုရင့်တပ်မတော်များသည် ဟံသာဝတီကြောင်း၊ ပုသိမ်ကြောင်း၊ မုတ္တမကြောင်း၊ ညောင်တိကြောင်း စသည်ဖြင့် စစ်ကြောင်းကြီး လေးကြောင်း ချီနေရသည်။ ယင်းစစ်ကြောင်းများသည် အင်္ဂလိပ်ကုလားဖြူ စစ်တပ်များနှင့် ရင်ဆိုင်နေရသည်။ ဤသို့သော အခိုက်အတန့်တွင် တစ်ဖက်မှလည်း မင်းတုန်း ကနောင် ညီနောင် နှစ်ပါး၏ သူပုန်တပ်များကို တိုက်နေရသည်။

ဤနှယ် နှစ်မျက်နှာစစ်ပွဲကို ပုဂံမင်း၏ တပ်များသည် မည်သို့လျှင် ရင်ဆိုင်နိုင်လိမ့်မည်နည်း။

မင်းတုန်းမင်းသည် သည်ဖြစ်ရပ်ကို ကောင်းစွာ သဘောပေါက်သည်။ လတ်တလော အခြေအနေတွင် အမရပူရနေပြည်တော်ကို တိုက်ခိုက်ပါက နေပြည်တော်သည် အမှည့်ကြွေ ကြွေတော့မည့် သစ်သီးလုံးနှယ် အလွယ်တကူဖြင့် မိမိ လက်ထဲ ရောက်လာမည် ကေန်။

ဤသို့ မင်းတုန်းမင်းက တွေးမိသည်။

ရွှေဘိုတွင် ဗိုလ်ဝင်ခံနေသော မင်းတုန်းမင်းသည် အမရပူရတိုက်ပွဲကို စနစ်တကျ စီမံလေသည်။ စည်းစည်းလုံးလုံး ရှိကြ၊ လက်နက်လူသူ အခန့်အခွဲ မှန်ပါစေ။ အခြေအနေနှင့် အရာဌာနကို နားလည်စေ။ စစ်ပွဲဟူသည် စိတ်စော၍ မရ၊ ရန်သူကို အထင်မသေးနှင့်၊ ကိုယ့်တပ်ကို အထင်ကြီးလွန်းခြင်း မဖြစ်စေနှင့်၊ အရာရာကို သတိမပြတ် ရှိကြစေ။

မင်းတုန်းမင်း၏ ဗိုလ်ချုပ်၊ သလုံးဝန်ကြီးသည် အမရပူရတိုက်ပွဲအတွက် မိမိ၏ တပ်များကို ဤသို့ နေရာချ၏။

မတ္တရာဝန် ဗိုလ်ဘေးသည် လက်နက်ကိုင် တပ်သား နှစ်ထောင်ကျော်ကို ဦးစီး၍ အမရပူရအရှေ့မျက်နှာက ဝင်ရောက်တိုက်ခိုက်ရမည်။တောင်ဗိုလ်မြင်းခေါင်း၊ မဟာမင်းခေါင်သူရိန်သည် တပ်သားလေးထောင်ကျော်နှင့်အတူ အမရပူရ တောင် ဖက်မျက်နှာက ဝင်ရမည်။ ပန်းပဲအတွင်းဝန်ဟောင်း မင်းကြီး မဟာမင်းလှကျော်သူ သည် တပ်သား နှစ်ထောင်နှင့် အမရပူရ နေပြည်တော် အနောက်မျက်နှာတွင် တာဝန်ကျသည်။ လှတောကြီး မြင်းတပ်ဗိုလ် ဗိုလ်ရွှေပြင်မှာ တပ်သား နှစ်ထောင်နှင့် အမရပူရနေပြည်တော် မြောက်ဖက်မျက်နှာမှ တာဝန်ယူရသည်။

လေးဖက်လေးတန်မှ ချီတက်လာသော ဤတပ်များသည် အမရပူရ နေပြည်တော်ခြေရင်းအထိ ကပ်၍ တိုက်ခိုက်ကြသည်။ ပုဂံမင်းတရား၏ တပ်များ



ည်း နေပြည်တော်တွင်းမှ အခိုင်အလုံ ခံသည်။ မျိုးရိက္ခာ လက်နက်အစုံအညီ မြို့တွင်းမှ ခံနေသည်မို့ သူပုန်တပ်များ ရှေ့မတိုးသာချေ။

မင်းတုန်း ကနောင် အရေးတော်ပုံတွင် မင်းတုန်းမင်းသားသည် အရေးပါ သာ ကဏ္ဍမှမပါဝင်ဟု နိုင်ငံခြားစာရေးဆရာများ ဆိုဖူးသည်။ အကယ် လက်တွေ့ ကား ထိုသို့ မဟုတ်ချေ။ မင်းတုန်းမင်းသားသည် ညီတော် ကနောင် သားနှင့် လက်တွဲ၍ တိုက်ပွဲကို ဦးစီးသည်။ အမရပူရ နေပြည်တော်အား ထားသော မိမိတပ်များကို မင်းတုန်းမင်းက အားရဟန် မတူ။ မြို့ကို သည်မျှ ကြာ ဝိုင်းထားပါလျက်နှင့် မြို့တံခါး မပွင့်သည်ကို မင်းတုန်းမင်းသား ဘဝင် ချေ။

ထို့ကြောင့် မင်းတုန်းမင်းသားသည် မိမိတပ်များကို တစ်ချက်လွှတ် အမိန့် တ်လေသည်။

ယခုလအတွင်း အမရပူရနေပြည်တော်ကို မအောင်မြင်လျှင် ဗိုလ်ချုပ် လုံးဝန်ကြီးနှင့် လက်အောက်ခံ တပ်မှူး၊ ဗိုလ်မှူးတို့ကို အဆုံးစီရင်မည်။

ထိုအချိန်တွင် ကနောင်မင်းသားသည် စစ်ကိုင်း၌ ရှိနေသည်။ ထို့ကြောင့် အမရပူရနေပြည်တော်အား ဝိုင်းဝန်းတိုက်ခိုက်နေသော တပ်မတော်သားများထံ မင်းတုန်းမင်း၏ အမိန့်တော်ကို တမန်စေ၍ ပို့လိုက်၏။ ထိုအမိန့်စာ ရောက်သည် အမရပူရ နေပြည်တော်အပြင်မှ သူပုန်တပ်များသည် မိမိတို့ အသက်ကို သက်မမှတ် ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် တိုက်ကြသည်။

ထိုအချိန်တွင် ကနောင်မင်းသားသည် အောက်မြန်မာပြည်ရောက် ပုဂံမင်း သြဇာခံတပ်များကို စည်းရုံးသည်။ အင်္ဂလိပ်စစ်တပ်များနှင့် ရင်ဆိုင်တိုက်ခိုက် သော ပုဂံမင်း၏ တပ်များဆီသို့ ကနောင်မင်း၏ တမန်တော်များ ရောက်သွား ။ ယင်းတမန်များ၏ စည်းရုံးမှုဖြင့် ပုဂံမင်း၏ တပ်များသည် မင်းတုန်း၊ ကနောင်မင်းသားနှစ်ပါး၏ သစ္စာကို ခံကြသည်။ အချို့က နောက်ကြောင်းပြန် ကနောင်မင်းတပ်များနှင့် ပေါင်းသည်။

ယခုအခါ ပုဂံမင်းသည် ခြေမဲ့လက်မဲ့ ဖြစ်နေပြီ။

အောက်မြန်မာပြည်ချီ တပ်များသည် သူပုန်မင်းသားတို့နှင့် ပေါင်းလေပြီ။ အဖို့ အမရပူရနေပြည်တော် ကွက်ကွက်ကလေးမျှသာ အင်အားရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော် အပြင်တွင် ရန်သူတပ်များ ဝိုင်းထားပြီ၊ စေ့စပ်၍ မရ၊ သည့်ပွဲ ကား သူသေကိုယ်ကြေ နွှဲရမည့် စစ်ပွဲ။

သူပုန်တပ်သားတို့သည် မြို့ကို လေးဖက်ညှပ်၍ အတင်းတိုက်ကြ၏။

သည်တော့ ၁၈၅၃ ခုနှစ် ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် အမရပူရ နေပြည်တော်ကို မင်းတုန်း၊ ကနောင်တို့ အလိုပြည့်ခဲ့လေသတည်း။

မင်းတုန်းမင်းမှ ရွှေဘိုတွင် စံနေဆဲ ဖြစ်၏။ နေပြည်တော်ကို အလိုပြည့်ပြီ ဆိုသောအခါ ကနောင်မင်းသားလည်း စစ်ကိုင်းမှနေ၍ နေပြည်တော်သို့ ချီလာ သည်။ ထို့နောက် နေပြည်တော်ဝယ် မတော်မတရား ကြံစည်ခဲ့ကြသူ၊ တပ်ဗိုလ်၊ အကြပ်တပ်သားများနှင့် မင်းမှုထမ်းတို့အား အထိုက်အလျောက် အပြစ်ပေးစီရင် သည်။ ဗိုလ်ချုပ်သလုံးဝန်ကြီးနှင့် ကျောက်မော်ဝန်ကြီးတို့သည် လွှတ်တော်တွင် ရုံးထိုင်လျက် ရန်သူ့ထံမှ ရမိထားသော လက်နက်များကို စစ်ဆေးသိမ်းဆည်းသည်။

အရေးအကြီးဆုံး လုပ်ငန်းကို ကနောင်မင်းသားက ဆောင်ရွက်၏။ ယခု အခါတွင် နောင်တော် မင်းတုန်းမင်းသားသည် မြန်မာနိုင်ငံတော်၏ တစ်ဦးတည်း သော ဧကရာဇ်မင်းဖြစ်ပြီ။ သည်တော့ ဘုရင်တို့၏ အဆောင်အယောင်များဖြင့် နောင်တော်ကို တန်ဆာဆင်ရချိမ့်မည်။ ထို့ကြောင့် မကိုဋ်သုံးဆူပါသော သင်းကျစ် တော်နှင့်အတူ မင်းမြောက်တန်ဆာ ငါးပါးကို လွှတ်တော်သို့ ထုတ်ယူစေသည်။ ထို့နောက် ရွှေဘိုမြို့တော်၌ ယာယီစံမြန်းနေသော မင်းတုန်းမင်းထံသို့ အခမ်းအနား အဆောင်အယောင်တို့ဖြင့် ပို့လေသည်။

မင်းတုန်းမင်းတရားကြီးကလည်း အရေးကြီးသော အမိန့်တစ်ရပ်ကို ကြိုတင် ထုတ်ဆင့်လိုက်၏။

အရာကျပြီဖြစ်သော နောင်တော် ပုဂံမင်း၏ အသက်ကို မထိပါးစေနှင့်၊ ချမ်းသာစွာ စံမြန်းလျက် သီးသန့်နေစေ....ဟု သက်ဆိုင်ရာ ဝန်ကြီးမှူးမတ်တို့ ကို ညွှန်ကြားသည်။ ပုဂံမင်းသည် အလယ်နန်းမတော် မိဖုရားကြီး၏ အဆောင် တွင် အကျယ်ချုပ် စံမြန်းနေရသည်။ သည့်နောက်တွင်မှ ပုဂံမင်းအား ရွှေဘိုသို့ ပို့ထားလိုက်၏။ ထိုသို့ပို့စဉ် ပုဂံမင်းကို ဥဒေါင်းဖောင်တော်တွင် လိုက်ပါစေလျက် ကနောင်မင်းက ကရဝိက်ဖောင်တော်ဖြင့် လိုက်ပါလျက် မြစ်ကြောင်းမှ ချီလေသည်။

# နောက်ဆုံးနေ့၏ ကနဦးနေ့များ

တုန်းမင်းတရားသည် ရွှေဘိုတွင် တစ်ထီးတစ်နန်းစံလေပြီ။

ထီးနန်းစံနေပြီဆိုသော်လည်း မင်းတုန်းမင်း၏ ရှေ့ခရီးသည် ပန်းခင်းသော မဟုတ်ချေ။ ဆောင်ရွက်ဖွယ်လုပ်ငန်းတွေက တစ်ပုံတပင်။ ရှင်းလင်းဖွယ် နာတွေက တစ်ထွေးတစ်ပိုက်ကြီး ရှိနေသည်။ ယင်းတို့မှ ပထမဦးဆုံး ှင်းရမည့် ပြဿနာမှာ အင်္ဂလိပ်တို့နှင့် ဖြစ်ပွားသော စစ်ပွဲ၊ ငြိမ်းချမ်းရေးပင် ည်း။

ပုဂံမင်းလက်ထက်တွင် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ခဲ့ကြောင်း၊ ရှေ့တွင် ည်းမျှ ဖော်ပြခဲ့သည်။ မင်းတုန်းမင်း နန်းရသောအခါတွင် အင်္ဂလိပ်မြန်မာ မှာ ငြိမ်းချမ်းရေး ကာလကလည်း မဟုတ်၊ စစ်ပွဲကာလကလည်း မဟုတ် အနေ ဖြစ်သည်။

ဤ စစ်ပွဲနှင့် ပတ်သက်၍ ပြောကြမည်ဆိုလျှင် စစ်ပွဲ စတင်ခဲ့သော ်ကြောင်းကို ပြန်လည်ဖော်ပြမှ ဇာတ်ရေလည်တော့မည်။

အင်္ဂလိပ်တို့သည် မြန်မာတို့နှင့် စစ်ပွဲ ဖြစ်ချင်သည်မှာ ကြာပြီ။ ဘယ် ၍ ဘယ်တွင် ဆုံးရမည်ကိုလည်း သူတို့ သိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပ်ရေးမှအစ ချွတ်ယွင်းပြိုကွဲနေသော ပုဂံမင်း၏ လက်ထက်သော စစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲနွှဲရလျှင် အလွယ်တကူ အောင်ပွဲရမည်ဟုလည်း အင်္ဂလိပ်တို့က ပွဲက ပြီးပြီ။ စင်စစ်ဆိုသော် လက်နက်၊ လူသူ၊ အင်အားချင်း ယှဉ်လိုက်လျှင် အင်္ဂ က တပန်းသာနေသည်။ ထို့ပြင် နယ်ချဲ့လိုသူတို့အဖို့ မြန်မာ့နိုင်ငံသည် သွား တမြားမြားကျစရာ ဖြစ်နေ၏။ ဆန်ရေစပါးပေါသည်၊ ရေနံနှင့်တွင်းထွက် သတ္တု ကြွယ်ဝသည်။ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ၊ ရတနာ ခုနစ်ပါး ပတ္တမြား၊ ကျောက်စိမ်းစသော တွင်းထွက်ရတနာတွေက တူး၍ မကုန်၊ ဖေ မခန်း။

ဤ အခြေအနေတွင် မြန်မာနိုင်ငံအပေါ် လက်နက်အားကိုးနှင့် ဝင်တိ ရန် နယ်ချဲ့သမား အင်္ဂလိပ်က ချောင်းမြောင်းနေသည်မှာ ဆန်းပါသလား။

မြန်မာနိုင်ငံကို ဝင်ဖို့ရန် ဆင်ကြံ့ကြံနေသော အင်္ဂလိပ်တို့သည် သ အမျိုးမျိုး၊ လူအမျိုးမျိုးနှင့် ပြဿနာအထွေထွေကို ရန်ကုန်မြို့သို့ စေပို့နေ သည်။ သည်တော့ ရန်ကုန်တွင် ရုံးစိုက်သော ဟံသာဝတီ မြို့ဝန်သည် ရောက် သော တိုင်းခြား ဧည့်သည်တို့၏ ပြဿနာအရပ်ရပ်ကို အထပ်ထပ် ရှင်းနေရသ ရန်ကုန်မြို့သို့ ဝင်ထွက်ဆိုက်ကပ်သမျှသော ကုန်သင်္ဘောနှင့် စစ်သင်္ဘောမျ မျက်နှာဖြူ သင်္ဘောသား အရာရှိ၊ အရာခံ၊ အကြပ် တပ်သားတို့သည် ရန် ဆိပ်ကမ်းတွင် အမှုမျိုးစုံကို ကျူးလွန်ကြသည်။ ယင်းအမှုမျိုးစုံကို သမာသ ဖြစ်အောင် ရှင်းလင်း ဆုံးဖြတ်ရသော ဟံသာဝတီမြို့ဝန်၏ တာဝန်မှာ မည ခက်ခဲမည်ကို မှန်းဆနိုင်သည်။

သို့ဖြင့် တစ်ကြိမ်တွင် သင်္ဘောကပ္ပိတန်ရှက်ပတ် ဆိုသူ မျက်နှာဖြူတ နှင့် ပတ်သက်၍ ဟံသာဝတီမြို့ဝန် ဦးအုပ်သည် အကြပ်အတည်း တစ်ရပ် ကြုံလေပြီ။

၁၈၄၈ ခုနှစ် ဇွန်လတွင် ကပ္ပိတန် ရှက်ပတ် ဦးစီးသော 'မော်န အမည်ရှိသော သင်္ဘောတစ်စင်းသည် ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်လာသ ထိုအချိန်တွင် ရှက်ပတ်နှင့် ပတ်သက်သော အမှုတစ်ခုကို မြို့ဝန်ထံလာတိုင် ကပ္ပိတန် ရှက်ပတ်သည် စစ်တကောင်းမြို့မှ ကုလားအမျိုးသား ရေကြောင် အီစွပ်ကို ပင်လယ်ထဲသို့ ပစ်ချသတ်ဖြတ်ပါသည်ဟု အီစွပ်၏ညီ ဟာရှ တိုင်ခြင်း ဖြစ်၏။

အမှုတိုင်သူ ရှိတော့လည်း ရန်ကုန်ရှိ ဟံသာဝတီ မြို့ဝန်က ကပ္ပိတန်ရှ ပတ်ကို ဖမ်းရလေသည်။ အမှုအသွားအလာကို ကြားနာပြီးသော် ကပ္ပိတန့်ရှက်ပ



ကို ဒင်္ဂါးငွေ (၄၆) ပေါင် ပေးလျော်စေဟု အမိန့်ချ၏။ အမှုမှာ ထိုမျှနှင့် မပြီး သေး။ သေဆုံးသူ အီစွပ်၏ ငွေ၅၀၀ကျပ်မှာ အီစွပ်နှင့်အတူ ပင်လယ်ထဲသို့ ပါသွားသည်။ အဆိုပါ ငွေကို ရှက်ပတ်ထံမှ တောင်းပေးပါဟု ဒေဝါအလီအမည် ခံ အခြားသင်္ဘောသား တစ်ဦးက တိုင်ပြန်သည်။

ဤအမှုအတွက်လည်း သင့်လျော်သော ဒင်္ဂါးငွေကို ရှက်ပတ်က ပေးဆောင် စေရန် မြို့ဝန်က အမိန့်ချသည်။

ရှက်ပတ်ကား 'အပဲ့ကို ဆားထိဘိသို့'၊ 'ငါးရံ့ကို ပြာလူးသကဲ့သို့' ဆတ် ဆတ်ထိမခံနိုင်ပြီ။ သူသည် ချက်ချင်း တုံ့ပြန်၏။ တနင်္သာရီတိုင်းရှိ အင်္ဂလိပ် ဟောဝန့်ရှင်တော်မင်းကြီးထံသို့ နတ်သံနှောကာ တိုင်ကြားစာပို့တော့သည်။ 'မြန်မာ မြို့ဝန်သည် မတော်မတရား ပြုကျင့်နေပါပြီ၊ စော်ကားမော်ကား လုပ်နေပါပြီ။ ခိမိတော့ မြန်မာတို့၏ မတရား ပြုကျင့်မှုကို ခံရပါတော့မည်။'

ထိုအမှုဖြစ်ပြီး ရက်ပေါင်း ၆၀ မျှ မကြာမီ အလားတူ အမှုတစ်မှု ဖြစ် ပြန်သည်။

ထိုနှစ် ဩဂုတ်လတွင် ချန်ပီယံ အမည်ရှိ နိုင်ငံခြား သင်္ဘောတစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာပြန်သည်။ ထိုသင်္ဘောမှ သင်္ဘောသားများက မြို့ဝန်ထံ လာတိုင်၏။ 'သင်္ဘောကပ္ပိတန် ဟာရီးလူဝီ ဆိုသူသည် သင်္ဘောသား တစ်ဦးကို သတ်ဖြတ်ခဲ့သည်၊ အရေးယူပေးပါ။'

မြို့ဝန်သည် အမှုသွားအမှုလာကို စစ်ဆေး၍ ထိုခေတ်က မြန်မာကျပ်ငွေ (၇၀၀) နှင့် ညီမျှသော ဒင်္ဂါးငွေ (၇) ပေါင် တပ်ရိုက်လိုက်၏။ ကပ္ပိတန်လူဝီ သည်လည်း မခံမရပ်နိုင် ဖြစ်သွားပြန်လေသည်။

ဤ အမှုနှစ်ခုကို စီရင်ဆုံးဖြတ်ရာ၌ ဟံသာဝတီမြို့ဝန်၏ စီရင်ချက်သည် မှန်ချင်လည်း မှန်မည်၊ မှားချင်လည်း မှားမည်။ အလုပ်များများလုပ်ရသူသည်၊ ထို့ပြင် တိုင်းခြားသားတို့၏ အမှုကို စီရင်ဆုံးဖြတ်ရသူသည်၊ တစ်ကြိမ်တစ်ခါ မှားချင်မှားမည်၊ သို့မဟုတ် စီရင်ချက်သည် တရားမျှတမှု ရှိချင်လည်း ရှိမည်။ ပြောစရာရှိ သည်မှာ ဤအမှုကိစ္စသည် အကျယ်အကျယ် မငြင်းခုံဘွယ် လုပ်နေစရာ မရှိ၊ ရှောမွေးကိုလည်း ဗာရာဏသီချဲ့နေရန် မဟုတ်ပေ။

သို့သော် ကပ္ပိတန်ရှက်ပတ်နှင့် ကပ္ပိတန်လူဝီတို့ကား တကယ်ပင် ရှောမွေး ကို ဗာရာဏသီချဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မြန်မာမြို့ဝန်က ဒဏ်ငွေ တပ်ရိုက်ခြင်းခံရပုံ အဖြစ်စုံကို အိန္ဒိယ ဘုရင်ခံချုပ်ထံ တိုင်ကြားကြသည်။ ယင်းသို့ အပြစ်ဒဏ် ပေးခံရသောကြောင့် နစ်နာကြေးငွေ ၁၉၂၀၀ ကျပ် ရလိုပါသည်ဟု တိုင်ကြားစာက ဆိုသည်။ အဖွင့်နှင့်အပိတ်နှင့်၊ အခံနှင့်အအုပ်နှင့် ယုတ္တိရှိအောင် ဓာတ်ကို ကလေသည်။ ထို့ကြောင့် ရှက်ပတ်နှင့် လူဝီတို့၏ နစ်နာကြေးတောင်းငွေမှာ များနေသည်ဖြစ်ရကား ငွေ ၉၂၀၀ ကျပ်သာ မြန်မာအစိုးရထံ တောင်းခံရမည်ဟု ဘုရင်ခံချုပ်၏ အစိုးရက အမိန့်ချလေသည်။

အမှန်ဆိုသော် မူလက ကနဦး သင်္ဘောကပ္ပိတန်နှစ်ဦးတို့ အမှုတင်လာစဉ်ကပင် အိန္ဒိယဘုရင်ခံချုပ်သည် အတော်ပင် စားဝင် အိပ်ပျော် ဖြစ်သွားဟန်ရှိ၏။ ယခု မြန်မာအစိုးရထံ လျော်ကြေးငွေ တောင်းလျှင်လည်း ဘယ်နည်းနှင့်မျှ ပေးမည်မဟုတ်ဟု ယူဆသည်။ အချက်တော့ ပေါ်ပြီ။ ရောသည်တစ်ခါ မြန်မာပြည်ဘယ်ပြေးမလဲ။ သိုးငယ်ကို ကိုက်သတ်စားရန် ဝံပုလွေသည် မှတ်ဆိတ်မွေးကို သ,ကာ သ,ကာဖြင့် မြိန့်မြိန့်ကြီး ပြုံးလေပြီ။

အိန္ဒိယဘုရင်ခံချုပ်သည် လုပ်ဆောင်ဖွယ်ရှိသမျှကို ကြိုးကြိုးကုတ်ကုတ်လုပ်လေသည်။ သူသည် ၁၈၅၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့စွဲဖြင့် မြန်မာအစိုးရထံသို့ စာတစ်စောင်ရေးသည်။ စာဆိုသော်လည်း ထိုစာသည် အပေါ်စီးဖြင့် ခြိမ်းခြောက်သော စာဖြစ်သည်၊ ဘုရင်ခံချုပ်က မြန်မာအစိုးရ၏ အပြုအမူများကို အပြစ်တင်စကား ဆိုပြီးလျှင် ရန်ကုန်မြို့ဝန် ဦးအုပ်ကို အမြန်ဆုံး ရာထူးမှ ဖယ်ရှားပစ်ရန်နှင့် ကပ္ပိတန် ၂ ဦးအတွက် နစ်နာကြေးငွေ ၉၂၀၀ ကျပ်ကို မြန်မာအစိုးရက ပေးဆောင်ရန် တောင်းဆိုလေသည်။

ဘုရင်ခံချုပ်သည် မိမိ၏ တောင်းဆိုချက်စာကို သယ်ယူသွားရန် ရေတပ်ဗိုလ်မှူး၊ ကွန်မင်ဒါ လင်းဘတ် ဦးစီးသော **'အိပ်ချ်၊ အမ်၊ အက်စ်၊ ဖောက်**အမည်ရှိ စစ်သင်္ဘောနှင့် အခြားစစ်သင်္ဘောတစ်စင်းကို ရန်ကုန်မြို့သို့ လွှတ်လိုက်၏။ ဆန်းသည်တော့ မဟုတ်ချေ။ လက်နက်ရှိသူသည် လက်နက်ကလေး ပြပြီးအစွယ်ထချင်သည်။ ကျယ်တယ်တယ်လုပ်ချင်သည်။ ဟိန်းချင် ဟောက်ချင်သည်။ သည်တော့ ဘုရင်ခံလည်း လူထဲက လူပေမို့ သူ့ထံမှ ပေးမည့်စာကို ရန်ကုန်မြို့သို့ စစ်သင်္ဘောဖြင့် တခမ်းတနား ပို့လေသည်။



## ၂

စ် နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ကွန်မင်ဒါ လင်းဘတ်၏ သင်္ဘောသည် ကုန်ဆိပ်ကမ်းသို့ ကပ်၏။ လင်းဘတ်ထံတွင် ဘုရင်ခံချုပ်ထံမှ စာနှစ်စောင် ပါသည်။ ပထမစာကို ဟံသာဝတီမြို့ဝန်ထံပေး၊ နစ်နာကြေးငွေ ပေးရမည်ဟု ာင်း၊ အကယ်၍ မြို့ဝန်က နစ်နာကြေးငွေ မပေးနိုင်ဟု ငြင်းခဲ့လျှင် ဒုတိယစာ မြန်မာဘုရင်ထံသို့ ပို့ပေးရန် မြို့ဝန်ကို ပေးအပ်ရမည်။ ဤသို့ ဘုရင်ခံချုပ် ညွှန်ကြားလိုက်၏။ ထို့ပြင် အိန္ဒိယအစိုးရထံမှ လုံလောက်သော ညွှန်ကြား မရမချင်း စစ်မက်တိုက်ခိုက်ခြင်း မပြုရဟုလည်း တပါတည်း မှာကြားလိုက်သည်။

သို့သော် လင်းဘတ်သည် သူ့အထက်က ခိုင်းသလို မလုပ်ခဲ့။ သူလုပ်ချင်သလိုသာ လုပ်လေသည်။ သူသည် မြို့ဝန်၏ ကိုယ်စားလှယ် အရာရှိများထံသို့ စ်စောင် ပေးလိုက်၏။ တစ်စောင်မှာ အိန္ဒိယဘုရင်ခံချုပ်ထံမှ မြန်မာဘုရင်မင်းထံ ပေးစာ ဖြစ်၏။ တစ်စောင်မှာ လင်းဘတ်ကိုယ်တိုင်က မြန်မာဘုရင့်အစိုး ပွဲ့နှင့် နန်းရင်းဝန်ထံသို့ သူ့သဘောနှင့်သူ ရေးလိုက်သော စာဖြစ်သည်။ င်းဘတ်ကပင် မြို့ဝန်ထံသို့ သီးခြား စာရေး၍ မှာကြားရာတွင် မြန်မာဘုရင်ထံ ဖြေကြားချက်ကို ၃၅ ရက်အတွင်း သိလိုသည်ဟု ပါရှိလေသည်။

ထိုအချိန်က ဘုန်းတော်ကြီးမြတ်လှပေသော ပုဂံမင်းတရားသည် အပျော် ၍ ကောင်းနေဆဲ။ ရှင်ဘုရင်လုပ်ရသည်မှာ စည်းစိမ်ကြီး တစ်ခွဲသားနှင့် ွန် ပျင်းစရာကောင်း၏။ သည်တော့ တောလည်ရင်း၊ ချိုးတည်ရင်း၊ က်တိုက်ရင်း၊ မင်းတရားကြီး အပျင်းဖြေနေသည်။ နန်းတွင်းရေးရာ၊ ပြည်တွင်း ရာတို့သည်ကား မှူးကြီးမတ်ကြီးတွေ၊ ဝန်ကြီး မင်းကြီးတွေ၏ လက်ထဲမှာ ကြိုက် ချယ်လှယ်နိုင်ခွင့် ရနေသည်။ လိုလျှင်လိုသလို၊ မလိုလျှင် မလိုသလို၊ ာကို ခွဲတမ်းချယူနေကြသည်။ သူတို့အတွက် 'တစ်သက်မှာ တစ်ခါကြုံ နှာပုံဆိုက်' သည့် ပွဲတော်ကြီးပင်တည်း။

သို့သော် ပုဂံမင်းတရားထံသို့ ပေးပို့လိုက်သော သဝဏ်လွှာသည် မင်းတရား စက်ရာသလွန်မှ လှန့်နိုးလိုက်သည်သို့ ရှိလေသည်။ သဝဏ်လွှာဆိုပေမယ့် သံလိုလို၊ အမိန့်ပေးစာလိုလို၊ ခြိမ်းသလိုလို၊ ခြောက်သလိုလို၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



**ပုံ(၆)။ ရာဇဌာနီမြနန်းအယုဇ္ဈမှာ၊ ကေရာင်နဲ့ ဝေးတာကြာလေပြီ။**
မန္တလေး ရတနာပုံနေပြည်၊ မြနန်းစံကျော် ရွှေနန်းတော်ကြီး အတွင်း
သီဟာသနပလ္လင် ရွှေနန်းဆောင်မှ လွမ်းဖွယ်ရှုခင်း



**ပုံ(၇)။ မှန်ရောင်ရွှေရောင် ဝင်းဝင်းပြက် လင်းလက်လို့တင့်တယ်**
မြနန်းစံကျော် ရွှေနန်းတော်ကြီးအတွင်း၊ မင်းတုန်းမင်းတရားကြီး
စံမြန်းခဲ့သော မှန်နန်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



၃၅ ရက်အတွင်း အကြောင်းပြန်ကြားရမတဲ့။ အကြောင်းပြန်ချက် အချိန်မှီမ လျှင် ဘာဖြစ်မလဲ။

မင်းတရားသည် သူ့တင်ပါးအောက်က နန်းပလ္လင်ကို ယခုမှ ပြန် ကိုင်စမ်းကြည့်မိပြီ။ မြတ်စွာဘုရား၊ ရာဇပလ္လင်ကို ကိုင်လှုပ်သော အရေးအခင် ပေတကား။ သည်တော့ ဘာပဲဖြစ်ဖြစ် 'လာမည့်ဘေး၊ ပြေးတွေ့လို့ရှောင်မည် အရေးတော်ကို မြန်မြန်ပြီးပြေစေမည်။ 'ဟံသာဝတီမြို့ဝန် မောင်အုပ်ကို ပြန်ခေါ် လိုက်၊ သူ့နေရာမှာ ပြည်ရွှေတောင်မြို့ဝန် မောင်မှုန်ကို ပို့လိုက်၊ သူတို့လိုချင်တဲ့ နှစ်နာကြေး ဆိုတာကိုလဲ ပြီးပြေကျေနပ်အောင် စီရင်မယ်လို့ အကြောင်းပြန်ခေ ကဲ– ကဲ– ဒီလိုဆိုပြီးရော မဟုတ်လား။ ကုလားဖြူတွေ ကျေနပ်ရော မဟုတ်လား

သို့သော် အရေးတော်ကား တကယ်ပြီးပြေခြင်း မရှိ၊ ကုလားဖြူတို့သည် လည်း ကျေနပ်သွားခဲ့သည် မဟုတ်ချေ။

ဘုရင်မင်းတရား၏ အမိန့်တော်ဖြင့် ဟံသာဝတီ မြို့ဝန် မဟာမင်း မင်းခေါင်ကျော် ဦးအုပ်ကို အမရပူရနေပြည်တော်သို့ ပြန်ခေါ်လိုက်၏။ ပြည် တောင် မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် ဦးမှုန်ကို ရန်ကုန်မြို့ သို့ ဟံသာဝတီမြို့ဝန်သစ်အဖြစ် ပို့လိုက်သည်။ ဦးမှုန်သည် အညာမှ အကြေ စုန်ရာတွင် တပ်အခင်းအကျင်းနှင့် တခမ်းတနား စုန်လေသည်။ မည်မျှ ခမ်းနား သနည်းဆိုသော် ရန်ကုန်မြစ်ဝတွင် ကျောက်ချရပ်နေသော အင်္ဂလိပ်စစ်သင်္ဘော သားများပင် မျက်လုံးပြူးစရာ ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ အင်္ဂလိပ်တို့၏ သမိုင် စာအုပ်များ၌ 'ဟံသာဝတီ မြို့ဝန်သစ် ဦးမှုန်သည်၊ လူ ၄၀၀၀ ပါသော လက်နက် ကိုင်တပ်ကြီးကို လက်နက်ခဲယမ်း အပြည့်အစုံ တပ်ဆင်လျက် ရန်ကုန်ဆိပ်ကမ် သို့ ဝင်ခဲ့သည်'ဟု မော်ကွန်းထိုးခဲ့သည်။

မည်သို့ပင်ဖြစ်စေ မြို့ဝန်သစ် ဦးမှုန်သည် မြန်မာနှင့် အင်္ဂလိပ်တို့၏ ဆက်ဆံရေး ပြေလည် ပြီးငြိမ်းစေရန် အားထုတ်မည်ဟု သန္နိဋ္ဌာန်ချထားသည် သို့ဖြစ်၍ပင် သူသည် ရန်ကုန်ရောက်သည်နှင့် နှစ်နိုင်ငံအကြား ပြေလည်နိုင်မည့် အခြေအနေကိုရှာလေသည်။

မြန်မာဘုရင့်အစိုးရကလည်း ကွန်မင်ဒါ လင်းဘတ်ထံမှ တစ်ဆင့် အိန္ဒိယ ဘုရင်ခံချုပ်ထံ စာပြန်လိုက်၏။ ရန်ကုန်မြို့ဝန် ဦးအုပ်ကို ရာထူးမှ ဖယ်ရှားပေး မည့် အကြောင်းနှင့် မြို့ဝန်သစ်ကို ခန့်ထားမည်။ ကပ္ပိတန် နှစ်ဦးတို့ နှစ်နာကြေး



ားကို တရားမျှတမှု ရှိအောင် စစ်ဆေးဆုံးဖြတ်ပေးမည် စသည်ဖြင့် ဘုရင့် စိုးရ ပြန်စာ၌ ပါရှိ၏။ ယင်းသို့ ပြန်ကြားစာ ရစဉ်ကမူ လင်းဘတ်သည် ယဘုရင်ခံချုပ်ထံ စာရေး၍ အစီရင်ခံခဲ့သေးသည်။ သူ့စာ၌ မြန်မာဘုရင့်အစိုးရ သည် မြို့ဝန်ဟောင်းကို အရာမှပယ်၍ မြို့ဝန်သစ် ခန့်လိုက်ပြီ၊ ကပ္ပိတန် ိုးအတွက် နှစ်နာကြေးကိုလည်း မြန်မာအစိုးရက တာဝန်ယူလိမ့်မည်ဟု ဖော်ပြ သည်။ ထိုစဉ်က လင်းဘတ်၏ သဘောထားနှင့် နောက်ပိုင်း ဖြစ်ပေါ်လာ ာ လင်းဘတ်၏ သဘောထားတို့မှာ တခြားစီ ဖြစ်ခဲ့လေပြီ။

ရန်ကုန်သို့ မြို့ဝန်သစ် ဦးမှုန် ရောက်လာသည်မှာ ၁၈၅၂ ခု၊ ဇန်နဝါရီ (၄) ရက်နေ့တွင် ဖြစ်သည်။

ဇန်နဝါရီလ (၆) ရက်နေတွင် ကွန်မင်ဒါလင်းဘတ် စေလွှတ်လိုက်သော ိတန် ဖစ်ဘာနီးနှင့် စကားပြန် ကပ္ပိတန် လက်တား၊ စကားပြန်အက်ဒဝပ် သည် အခြားအရာရှိများနှင့် အတူ မြင်းကိုယ်စီ စီးလျက် ဟံသာဝတီမြို့ဝန် သို့ ဝင်လာကြသည်။ မြန်မာဘုရင့်အစိုးရ၏ ကိုယ်စားလှယ်အဖြစ် ဆောင် နေသော ဟံသာဝတီမြို့ဝန်မင်း၏ အိမ်သို့ ခွင့်ပြုချက် မရှိဘဲ မြင်းစီး၍ ဝင် မှာ နိုင်ငံအချင်းချင်း စောင့်သိအပ်သော သိက္ခာတရားကို စော်ကားခြင်း သည်။ ထို့ကြောင့် မြန်မာအရာရှိများက ဧည့်သည် မျက်နှာဖြူ အရာရှိတို့ မြင်းပေါ်မှ ဆင်းရန် ညွှန်ကြားကြ၏။

ဧည့်သည် မျက်နှာဖြူအရာရှိတို့က မြို့ဝန်နှင့် အရေးတကြီး တွေ့ဆုံပြီး န်မင်ဒါလင်းဘတ်၏ ပေးစာကို ပေးအပ်လိုသည်ဟု ပြောကြသည်။ မြန်မာ ရာရှိတို့က မြို့ဝန်သည် အပန်းဖြေ အိပ်စက် နားနေလျက် ရှိသည်။ မြို့ဝန်နှင့် တွေ့လိုသည် ဆိုလျှင် အိပ်ယာမှ နိုးသည်အထိ စောင့်ပါ၊ ပေးရန် စာ ာပါက လက်ထောက်မြို့ဝန်ထံတွင် ပေးခဲ့နိုင်သည်ဟု ပြောပြသည်။ သို့သော် သည်ကို ဧည့်သည် စော်ကားလေပြီ။ မျက်နှာဖြူ ဧည့်သည်တို့သည် မြို့ဝန်ကို ချင်း မတွေ့ရသဖြင့် မစောင့်နိုင်ဟု ဆိုကာ ဒေါကြီးမောကြီးနှင့် ပြန် ကြတော့သည်။

ကွန်မင်ဒါ လင်းဘတ်သည် အခြေအနေကို ထိန်းသိမ်းကာကွယ်နိုင်သော ည်အချင်း မရှိပေ။ သူသည် ကောက်ရိုးပုံတွင် ဆေးလိပ်မီး ပစ်ထည့်သော ုပ်မျိုးနှင့်သာ တန်သော အရာရှိ တစ်ဦး ဖြစ်သည်။ ကြီးသည့်အမှု ငယ်၍

www.burmeseclassic.com

www.burmeseclassic.com



ငယ်သည့်အမှု ပပျောက်အောင် လုပ်ရန် သူ အားမထုတ်။ မြို့ဝန်အိမ်တွင် ဖြစ်ခဲ့သော ကိစ္စကလေးကို အကျယ်ချဲ့ကာဖြင့် စစ်ပွဲဖြစ်ရန်သာ သူ ဖန်တီးလေသည်။

ပြဿနာသည် ထိုမျှနှင့် မပြီး၊ ရန်ကုန်မြစ်အတွင်း ဆိုက်ကပ်ထားသော မြန်မာဘုရင့်သင်္ဘောတော် 'ရေနန်းယာဉ်သာ' ကို လင်းဘတ်၏ အမိန့်ဖြင့် အင်္ဂလိပ်စစ်သင်္ဘော ဖားမီးက ထိုနေ့ည (၂) ချက်တီးတွင် အဓမ္မ တွဲကာ လုယူခုတ်မောင်းသွား၏။

ဟံသာဝတီမြို့ဝန်သည် ယခုတော့ မျက်လုံးပြူးရပြီ။ နောက်လာမည့် မောင်ပုလဲ ဒိုင်းဝန်ထက် 'ကဲ' နေပါပကော၊ ယခင်မြို့ဝန်နှင့် အဆင်မပြေ၍ မြို့ဝန်သစ်ပို့ကာမှ သင်္ဘောတစ်စင်း ဆုံးရတော့မည်။ အင်္ဂလိပ်စစ်သင်္ဘောက မြန်မာပိုင် သင်္ဘောကို အဓမ္မ လုယူသွားသဖြင့် မြန်မာတပ်သားတို့ မခံမရပ်နိုင် ဖြစ်ကြသည်။ မနုတ်ကင်းစခန်းမှ လှိုင်မြို့သူကြီး၊ သီလဝါကင်းစခန်းမှ သူ... ပဲ့နင်းမောင်ခွေးဖြူ၊ ရဲဗိုလ်မောင်ပိုတို့သည် မိမိတို့ လက်ဝယ်ရှိ သေနတ်လက်နက် များဖြင့် အင်္ဂလိပ်စစ်သင်္ဘောကို လှမ်းပစ်ကြသည်။ အင်္ဂလိပ်အရာရှိတစ်ဦး... တပ်သားအချို့ သေနတ်ထိမှန်ခံရသည်။- သို့သော် အင်္ဂလိပ်စစ်အရာရှိတို့သည် မြန်မာသင်္ဘောကို အဓမ္မ ဆက်၍ ဆွဲယူသွားပြီး သံလျင်တွင် စခန်းချနေကြလေ သည်။

အခြေအနေ ဆိုးဝါးနေပြီကို သိသော ဟံသာဝတီမြို့ဝန်သည် တတ်အား သရွေ့ ကြိုးစားကြည့်လေသည်။ သူသည် သံလျင်တွင် စခန်းချနေသော အင်္ဂလိပ် စစ်ဗိုလ် လင်းဘတ်ထံသို့ ဒလမြို့ဝန်နှင့် ရေဝန်ကို စေလွှတ်၍ စေ့စပ်ရေး လုပ်... သေးသည်။ လင်းဘတ်က လက်မခံချေ။ မိမိတို့ ချိုးသော ဖဲကို မိမိတို့ စိတ်တိုင်း ကျ ဝေပြီးပြီ၊ ဘာလိုသေးသနည်း။

လင်းဘတ်သည် ဖြစ်ပျက်ပုံ အလုံးစုံကို အိန္ဒိယ ဘုရင်ခံချုပ်ထံ တစ်ခေါက် ပြန်သွားပြီး အကျယ်ချဲ့တင်ပြလေသည်။ ထိုစဉ်က ဘုရင်ခံချုပ် ဖြစ်နေသော လော့ဒ်ဒါလ်ဟိုဇီက ရေတပ်တိုက်သင်္ဘောများကို ရန်ကုန်သို့ လွှတ်လိုက်သည်။ အပြင်းထန်ဆုံးသော ရာဇသံကိုလည်း ပါးလိုက်၏။ ရာဇသံက ဤသို့ ဆိုသည်။ 'ဟံသာဝတီမြို့ဝန်၏ အိမ်ဝင်းထဲတွင် အင်္ဂလိပ်အစိုးရ၏ ကိုယ်စားလှယ်များ အစော်ကားခံရသည်။ သို့ဖြစ်၍ မြန်မာမြို့ဝန်က ထိုကိစ္စအတွက် ဝန်ချတောင်းပန် ရမည်။ မြန်မာတို့က မတော်မတရား ပြု၍ အင်္ဂလိပ်အစိုးရက စစ်ပြင်ဆင်ရသည့် စစ်ပြင် ဆင်စရိတ်ငွေ ပေါင်တစ်သိန်းကို မြန်မာအစိုးရက ပေးလျော်ရမည်။ ရန်ကုန်မြို့တွင် အင်္ဂလိပ်အစိုးရ၏ ကိုယ်စားလှယ်တစ်ဦး ထားခွင့် ပြုရမည်။ ဟံသာဝတီ မြို့ဝန်ကို အရာမှ နုတ်ပယ်ရမည်။'



ပုဂံမင်းကား ပျော်လျှင် ဖယောင်း၊ မာလျှင် သံချောင်းတည်း။ အစပထမ ...န်းက မိမိအစိုးရအဖွဲ့၏ သိက္ခာကို မထိပါးသမျှ အင်္ဂလိပ်အစိုးရ၏ အလိုသို့ ...ိုက်လျော့ရန် မင်းတရား ဆန္ဒ ဖြစ်ခဲ့သည်။ သို့သော် ယခုကဲ့သို့ မတော်မတရား၊ သိက္ခာတော်ကို ခြေဖြင့် နင်းရန် ကြံလာသောအခါတွင် ပုဂံမင်းသည် ဆတ်ဆတ် ...ါ မခံလိုတော့ပြီ။ ဘုရင့်စိတ်ဓာတ်ကို ဝန်ကြီး၊ မှူးကြီးတွေကလည်း နှိုးဆွပေး ကြသည်။ 'လက်နက်အင်အား အခြေအနေကို မစဉ်းစားလိုပြီ။ မြန်မာ့သွေးသည် ...လိမ့်မည်၊ မတရားအခွင့်အရေး တောင်းဆိုလာသူ အင်္ဂလိပ်အစိုးရ၏ လက်ကို ...ိုက်ချိုးပစ်မှ တော်လေမည်။'

သို့သော် ဘုရင်မင်းတရားနှင့် လည်းကောင်း၊ ဝန်ကြီးမှူးကြီးတို့နှင့် လည်း ...ောင်း သဘောမမျှနိုင်သူမှာ မင်းတုန်းမင်းသား ဖြစ်သည်။ ဤ အခြေအနေတွင် ...ဖက်ဖက်မှ အင်အားသာနေသော အင်္ဂလိပ်အစိုးရနှင့် မြွေမသေ တုတ်မကျိုး ...စပ်ရလျှင် မကောင်းပေဘူးလား။ မင်းတုန်းမင်းသားက ဤ တွေးမိသမျှကိုလည်း ...ီလာခံသို့ တင်သည်။ သို့သော် ဝန်ကြီးတွေက လည်းကောင်း၊ ဘုရင်မင်းမြတ်က ...ည်းကောင်း မင်းတုန်းမင်းသား၏ အကြံဉာဏ်ကို လက်မခံနိုင်ကြပြီ။

ထိုအချိန်သည် ၁၈၅၂ ခုနှစ် ဧပြီလ ဖြစ်သည်။

မြန်မာတို့က အင်္ဂလိပ်အစိုးရ၏ အင်အားကို ခုခံရန် စစ်ပြင်သည်။ သို့သော် ...ရာရာသည် နောက်ကျနေလေပြီ။ လက်နက်ကလည်း ခေတ်မှီသော၊ စစ်ပညာ ...မ်းကျင်သူ လူအင်အားလည်း သာလွန်သော၊ အချိန်ယူ၍ ပြင်ဆင်ထားပြီးလည်း ...စ်သော အင်္ဂလိပ်စစ်တပ်ကြီးသည် ရေ့သို့ ဒလကြမ်း ချီလာ၏။ မြန်မာတပ် ...တော်သည် ဆင်ပြောင်နှင့် တွေ့သော ဆိတ်နှယ်၊ မြေပြင်တွင် ပြားပြားဝပ်၊ ...တ်တုတ်ခံရသည်။ ထိုသို့ဖြင့် စစ်ဖြစ်ပြီး၍ ရက်ပိုင်းအတွင်းမှာပင် မုတ္တမမြို့ ...ျသွား၏။ ရန်ကုန်၊ ပုသိမ်၊ ပဲခူးတို့သည်လည်း စီကာ စဉ်ကာဖြင့် ရန်သူ့ ...က်ထဲ ရောက်ခဲ့ရခြင်း ဖြစ်သည်။ ထိုနှစ် နှစ်သစ်ကူးသင်္ကြန်ပွဲတော်မှ စခဲ့သော အင်္ဂလိပ် မြန်မာစစ်ပွဲသည် မိုးရာသီ၌ ခေတ္တနားခဲ့သည်။ မိုးကုန်သည်နှင့် စစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖြစ်၏။ သည်တော့ သီတင်းကျွတ်ပြီးသောအခါ ပြည်မြို့မှသည် သရက် မြေထဲမြို့များအထိ အင်္ဂလိပ်စစ်တပ်က သိမ်းပြီးလေပြီ။

၁၈၅၃ ခု၊ ဒီဇင်ဘာလတွင် အင်္ဂလိပ်မြန်မာ စစ်ပွဲ ရပ်စဲသွားသည်။

မင်းတုန်းမင်းသည် နယ်ချဲ့အင်္ဂလိပ်တို့၏ အကြံကို ရိပ်စားမိသည်။ အညာ ရွှေပြည်မှာ ညီတော် နောင်တော်တို့ နန်းလုနေကြဆဲ၊ အင်္ဂလိပ်တို့ သည့်ထက် ကဲလာကြလျှင် အင်္ဂလိပ်စစ်တပ်သည် အခါအခွင့်ကို အသုံးချရန် ဝန်လေးနေမည် မဟုတ်၊ သည်တော့.....။

တစ်ခုခုတော့ လုပ်မှ ဖြစ်မည်။

အမရပူရနေပြည်တော်ကို မအောင်သေးမီ အချိန်တွင် ရွှေဘိုစံ မင်းတုန်းမင်း သည် မိမိ၏ သဝဏ်လွှာပို့အဖွဲ့ကို အင်္ဂလိပ်တို့ထံသို့ စေလေသည်။ ထိုအဖွဲ့ကို ကုလားဝန် မက္ကားတစ်က ခေါင်းဆောင်၏။ မက္ကားတစ်၏ အဖွဲ့သည် မြေထဲ မြို့သို့ အရောက် စုန်ဆင်းသည်။ အင်္ဂလိပ်စစ်တပ်မှ ဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်ထံသို့ လည်းကောင်း၊ ပဲခူးတိုင်း မဟာဝန်ရှင်တော်မင်းကြီး ဖယ်ရာထံသို့ လည်းကောင်း လိပ်မူသော မင်းတုန်းမင်း၏ သဝဏ်လွှာများကို ပေးအပ်လေသည်။

သဝဏ်စာတွင် မင်းတုန်းမင်းက နောင်တော် ပုဂံမင်းကို ပုန်ကန်ရသည့် အကြောင်းရင်းကို ရှင်းလေသည်။ ရဟန်းရှင်လူပြည်သူတို့ အကျိုး၊ တိုင်းပြည်၏ အကျိုးတို့ကို မျှော်ကိုးထောက်ထားလျက် နောင်တော် ပုဂံမင်းတရားကို မိမိတို့ ညီနောင်က ထောင်ထားခဲ့ရခြင်း ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အင်္ဂလိပ်နိုင်ငံတို့အကြား ဝယ် တိုင်းပြည်နှစ်ပြည်က ရွှေနှစ်ပြားကို တစ်သားတည်းခတ်သလို၊ ချစ်ကြည် ရင်းနှီးစွာ ဆက်လက်နေထိုင်လိုသည် စသည်ဖြင့် သဝဏ်လွှာ၌ ဖော်ပြလေသည်။

အင်္ဂလိပ်တို့ဘက်ကလည်း မြန်မာတို့ သဝဏ်လွှာကို ကျေနပ်သည်။ ဘယ်ဆိုးလို့တုန်း၊ မြန်မာပြည်တစ်ခြမ်း သိမ်းယူထားသော မိမိတို့ကို မြန်မာဘုရင် သစ်က ချစ်ကြည်လိုသတဲ့။ သည်ဘုရင်သည် ဘုရင်ပါး ဝလေသလား၊ မဝလေ သလားတော့ဖြင့် မသိရ၊ စောစောစီးစီး ကိုယ့်ဖက်ပါလာအောင် အနုနည်းဖြင့် ချော့မော့သိမ်းသွင်းရရင် မကောင်းလား။ သည်သို့ တွေးကြခေါ်ကြဟန် တူ၏။ ထို့ကြောင့် မက္ကားတစ်တို့ အဖွဲ့ကို အင်္ဂလိပ်အစိုးရက စကားပြန်လိုက်သည်။

'အရေးပါသော သံအဖွဲ့ တစ်ဖွဲ့ကို ပြည်မြို့သို့ ထပ်မံစေလွှတ်ပါဦး။ လက်ခံ တွေ့ဆုံရန် အဆင်သင့် ရှိပါသည်....တဲ့။'



မင်းတုန်းမင်းသည် အမြော်အမြင်နှင့် ပြည့်စုံသည်။ ယနေ့လုပ်ရမည့် အလုပ်ကို နက်ဖြန်ကျမှ မလုပ်၊ ယနေ့ပင် လုပ်သည်၊ မိမိ၏ တာဝန်မှာ အင်္ဂလိပ်တို့နှင့် ကိစ္စပြီးပြေထားရန် ဖြစ်သည်ကို နားလည်သည်။ သို့နှင့် အမရပူရ ကို အလိုတော်ပြည့်ပြီးသောအခါ အင်္ဂလိပ်တို့ မှာကြားလိုက်သော သံအဖွဲ့ စေလွှတ် ရေးကို ချက်ချင်း စီစဉ်လေသည်။

မင်းတုန်းမင်းစေလွှတ်သော မြန်မာသံအဖွဲ့သည် အင်္ဂလိပ်တို့၏ အရေးပါ သည့် ဌာနချုပ်စခန်းတည်ရာ ပြည်မြို့သို့ ၁၈၅၄ မတ်လ ၃၁ ရက်နေ့တွင် ရောက်သွား၏။ ကျော့က်မော်မြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှ သီဟသူ က သံအဖွဲ့ကို ခေါင်းဆောင်သည်။ သူနှင့် အတူ လက်နက်ကိုင် တပ်မတော်သား သုံးထောင်လည်း ပါသွား၏။

အင်္ဂလိပ်တို့ဖက်မှ ပဲခူးတိုင်း မဟာဝန်ရှင်တော်မင်းကြီး ဖယ်ရာ၊ ဗိုလ်ချုပ် ကြီး ဂေါ်ဒဝင်၊ ရေတပ်ဗိုလ်ချုပ် ကွန်မင်ဒါလင်းဘတ်တို့က မြန်မာသံအဖွဲ့နှင့် တွေ့ဆုံသည်။

အင်္ဂလိပ်တို့သည် မြန်မာသံအဖွဲ့နှင့် တွေ့စဉ် ဟန်ပင်မဆောင်နိုင်ကြ၊ မိမိတို့ အာသာဆန္ဒ ပြင်းပြနေသော အချက်ကို အငမ်းမရ ရှေ့တန်းတင်လာကြ သည်။ 'မိမိတို့ဖက်မှ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလ်ဟိုဇီ၏ ကြေညာချက်အတိုင်း ပဲခူးတိုင်းဟုခေါ်သော အောက်မြန်မာနိုင်ငံတစ်ဝန်းကို မြေထဲမြို့အထိ ဗြိတိသျှ တို့ သိမ်းယူပြီးပြီ၊ ယင်းကို သဘောတူကြောင်း မြန်မာသံအဖွဲ့က လက်မှတ်ထိုး ပါ၊'

မြန်မာသံအဖွဲ့ကို အင်္ဂလိပ်တို့ အကဲခတ်မှားလေပြီ။

မိမိတို့ ခိုင်းလေသမျှကို လွယ်လွယ်နှင့် ခေါင်းညိတ်ကြမည်ထင်၍ အကြိမ် ကြိမ် ဆွေးနွေးလျက်၊ အကြိမ်ကြိမ်တိုက်တွန်းခဲ့ပါ၏။ သို့သော် အချည်းနှီးမျှသာ။ မှန်မှာ အင်္ဂလိပ်တို့ သိမ်းယူထားသော အောက်မြန်မာနိုင်ငံ တစ်ဝန်းကို ပြန်ပေးရန် မြန်မာသံအဖွဲ့က အနူးအညွတ် မေတ္တာရပ်ခံဖို့သွားခြင်း ဖြစ်သည်။ သို့သော် ထိုစကားကိုမျှ အပြောမခံပြီ၊ သိမ်းထားသော နယ်မြေများအတွက် သဘောတူ ကြောင်း စာချုပ် ချုပ်ရန်သာ အတင်းပြောနေ၏။

အကြိမ်ကြိမ်အဖန်ဖန် ဆွေးနွေးကြသော်လည်း မပြေလည်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရက မြေထဲမြို့အထိ သိမ်းယူခြင်းအား အသိအမှတ်ပြု လက်မှတ် ထိုးရန် ဆွေးနွေးလာသည်ကို မြန်မာအဖွဲ့မှ ငြင်းရုံမျှမက နယ်ခြား မျဉ်းကြောင်း သတ်မှတ်ချက် စာတမ်းကိုလည်း တစ်ပါတည်း ပယ်ချခဲ့သည်။ ကြည့်ပါဦး၊ နယ်ချဲ့သမားသည် မည်မျှ အရှက်နည်းစွာ၊ သို့မဟုတ် အကြံရိုင်းစွာဖြင့် ပိပိယိယိ ကြံစည်လေသနည်း။

**ဗြိတိသျှအစိုးသည် မြန်မာနိုင်ငံအောက်ပိုင်းကို မြေထဲမြို့ (ယခု အောင်လံမြို့) အထိ သိမ်းယူထားပြီး ဖြစ်သည်။ နယ်ခြား မျဉ်းကြောင်းကို ဤသို့ သတ်မှတ်သည်။ မြေထဲမြို့တွင် စခန်းချထားသော အင်္ဂလိပ် စစ်တပ်မှ အလံတိုင်၏ မြောက်ဖက် ၆ မိုင်ကွာ ဒေသ၊ အနောက်ဖက် ရခိုင်ဗိုးခေါင်တောင်ထိပ်မှ အရှေ့ဖက်တွင် စစ်တောင်းမြစ်နှင့် ကရင်နီ နယ်အထိ အင်္ဂလိပ် အစိုးရပိုင်ဟု သတ်မှတ်သည်။**

အထက်ဖော်ပြပါ စာတန်းကို မြန်မာသံအဖွဲ့ ခေါင်းဆောင်ထံသို့ ပဲခူးတိုင်း မဟာဝန်ရှင့်တော်မင်းကြီး ကပ္ပတိန်ဖယ်ရာက ပေးအပ်လိုက်သည်။ မြန်မာ သံအဖွဲ့သည် အင်္ဂလိပ်တို့ စကားဆိုခြင်းကို ဘဝင်မကျ။ ရင်ထဲမှာ ဒေါသမုန် တိုင်းထလျက်နှင့် တပ်ခေါက်ပြန်ခဲ့ရလေသည်။

အခြေအနေကား မလှတော့ပြီ။ နှစ်ပြည်ထောင်ကို ရွှေနှစ်ပြားနှယ်၊ တစ်သား တည်းခတ်ရန် အရေးကား ဝေးသည်ထက် ဝေးလေပြီ။

အမှန်တော့ မင်းတုန်းမင်းသည် အမြော်အမြင်ကြီးလွန်း၍သာ အင်္ဂလိပ် နှင့် ပြဿနာကို အရင်ရှင်းရန် ကြိုးစားခြင်း ဖြစ်သည်။ သို့သော် မြန်မာဘုရင် သစ်ကို အထင်မကြီးနိုင်သော အင်္ဂလိပ်တို့သည် ရလေလိုလေ အိုတဏှာ ဖြစ်နေ၏။ မြန်မာတို့ထံမှ လက်တဆုံး အမြတ်ထုတ်ရန် သူတို့ ကြိုးပမ်းခြင်း ဖြစ်သည်။

မူလကတော့ မင်းတုန်းမင်းက တွေးမိသည်။ အင်္ဂလိပ်တို့နှင့် ချစ်ကြည်မှု ကို ပထမ ရယူထားမည်၊ သည့်နောက်တွင် နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ခင်းမည်၊ သည်မှတစ်ဖန် အင်္ဂလိပ်တို့ သိမ်းယူထားသော မြန်မာ့နယ်မြေများကို ချော့မော့၍ ပြန်တောင်းယူမည်၊ သည်နည်းဖြင့် တို့နယ်တွေ ပြန်ရကောင်းပါရဲ့။

သို့သော် မင်းတုန်းမင်း၏ အတွေးသည် အတွေးမျှသာတည်း။ အကောင် အထည် ပေါ်လာမည့် အရိပ်အရောင်မျှပင် မမြင်ရချေ။



ထိုအချိန်တွင် အောက်မြန်မာပြည်တစ်ဝှမ်း၌ သတင်းတွေ ပြန့်နေသည်။ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မင်းတုန်းဘုရင် မင်းတရားကြီး သည် ရာသီဥတု သာယာသည်နှင့်တစ်ပြိုင်နက် လှသူ့လက်နက်စုံအညီနှင့် အောက် ပြည် အောက်ရွာသို့ စုန်ဆင်းလာလိမ့်မည်။ နယ်ချဲ့ကုလားဖြူတို့ သိမ်းပိုက်ထား သော မြန်မာ့နယ်မြေတွေအတွက် မြန်မာ့တပ်မတော်က အလုံးအရင်းနှင့် ဝင်တိုက် ခိုက်ပြီး ပြန်သိမ်းယူလိမ့်မည်။

ဤ သတင်းများသည် အောက်မြန်မာပြည်တစ်ဝန်း၌ ပြန့်နှံ့ခဲ့သည်မှာ အမှန်။ သည်တော့ အင်္ဂလိပ်အစိုးရက ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ တကယ်ဟုတ် ခဲ့လျှင် ဘာလုပ်မလဲဟု တွေးပြီး အကာအကွယ်လုပ်ရသည်၊ အတားအဆီးတွေ ထိုးရမည်၊ အစီအစဉ်တွေကို ချမှတ်ဆောင်ရွက်ရလေသည်။

အမှန်တော့၊ သည်သတင်းများကို အင်္ဂလိပ်လက်အောက်ရှိ နယ်ချဲ့ ဆန့်ကျင်ရေးသမားများ ပြည်သူတွေက တမင်လွှင့်ခြင်းလည်း ဖြစ်နိုင်သည်။ ထိုအချိန်က အောက်မြန်မာပြည်၌ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်နေကြသော ဦးမြတ်ထွန်း၊ ဦးခေါင်းကြီး၊ ဦးဘိုစသော တော်လှန်ရေးသမားကြီးများက ထိုသတင်းကို လွှင့် ထုတ်ခြင်းလည်း ဖြစ်နိုင်သည်။ တော်လှန်ရေးဟူသည် ပြည်သူက ထက်ချပ်ပါလာမှ အောင်မည်။ ပြည်သူတွေ ထောက်ခံမှုရအောင်၊ ပြည်သူတို့စိတ်ဓာတ်မကျအောင်၊ မင်းတုန်းဘုရင်၏ အင်အားကို ပြလျက် စိတ်ဓာတ်စစ်ဆင်ခြင်းကော မဖြစ် နိုင်ဘူးလား။

ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်အစိုးရအဖို့တော့ မင်းတုန်းမင်းကို အထင်သေး၍ မဖြစ်တော့ကြောင်း သိလာသည်။ မင်းတုန်းမင်းကို မိမိတို့က မျက်စေ့ ဒေါက် ထောက် ကြည့်နေမှ ဖြစ်မည်ဟု သိနားလည်လာသည်။

မင်းတုန်းဘုရင်သည် အင်္ဂလိပ်တို့နှင့် အဆင်မပြေ၍ စိတ်ဓာတ်မကျချေ။ အစွမ်းမရှိ၊ တိုင်းရေးပြည်ရေးဟူသည် ခုရေတွင်းတူး ခုရေကြည်သောက်၍ ရမည် မဟုတ်။ လက်ဖက်ကောင်းစားလိုသော် ပလောင်တောင်တက်နေ့ရမည်။ အခြေ အနေနှင့် အချိန်အခါကို စောင့်ဦးမည်။ ခုလောလောဆယ်မှာ ပြည်ထဲရေးရာများ ကို ညီတော်နှင့်တိုင်ပင်လုပ်ဆောင်စရာတွေ များလွန်းစွ။

မင်းတုန်းမင်းသည် ပြည်ထဲရေးရာများသို့ ခေါင်းငုံ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိသိက်မင်္ဂလာပွဲတော်ကျင်းပရေး၊ မိဖုရားမြှောက်ရေး၊ သာသနာပိုင်မြှောက်ရေးမှအစ တိုင်းပြည်သာယာစည်ပင်အောင် ပြုလုပ်ဖွယ်တွေက မနည်းလှ။ ပြည်တွင်းစစ်ဒဏ်နှင့် နယ်ချဲ့စစ်ဒဏ်ကို ခံခဲ့ရသော နိုင်ငံတော်၏ အခြေအနေမှာ ယိုယွင်းနေသည်။ တိမ်းစောင်းနေသည်။ သည်အခြေအနေများမှသည် အချိန်ယူ၍ ပြန်လည်ပြုစုရဦးမည်၊ ကြိုးပမ်းရဦးမည်၊ ထူထောင်ရဦးတော့မည်။ တာဝန်ကား မသေးပါတကား။

၃

မင်းတုန်းမင်းတရားသည် ရွှေဘိုတွင် ယာယီစံမြန်းနေစဉ် ဆောင်ရွက်ဖွယ် ကိစ္စအထွေထွေကို အလေးဂရုပြု ဆောင်ရွက်ရသည်။ ယင်းတို့ကား၊ မိဖုရားများတင်မြှောက်ခြင်းနှင့် သာသနာပိုင် ဆရာတော် ရွေးချယ်ခြင်း၊ အိမ်ရှေ့စံ ခန့်အပ်ခြင်း စသည်တို့ ဖြစ်သည်။

အခြား အရေးအခင်းများတွင် မင်းတုန်းမင်းမြတ်သည် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်သည်လည်း ရှိ၏။ ညီတော် ကနောင်မင်းကလည်း အထိုက်အလျောက် ပါဝင်ဆောင်ရွက်ပေးသည်။ အဝေးမြို့ ကျေးရွာနယ်ပယ်တို့မှ သစ္စာတော်ခံ လာရောက်ကြသော မြို့စား၊ နယ်စား၊ စော်ဘွား၊ စော်ခံတို့ကို သစ္စာရေတိုက်၍ မိမိလက်အောက်ခံအဖြစ် အသိအမှတ်ပြုသည်။ သစ္စာပြုရန် မလာမရောက်နေသူတို့ကိုလည်း ထိုက်သင့်သလို ခေါ်ယူဆုံးမခြင်း ပြုသည်။ လွှတ်တော်အတွက်လည်း၊ ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးတွေကို ရွေးချယ်ခန့်ထားရသည်။

ဝန်ကြီး ခန့်ထားရာ၌ နောင်တော် ပုဂံမင်းထံမှ ပါလာသော ဝန်ကြီးအများအပြားကို အရာမဖြုတ်၊ မနုတ်မပယ် ဆက်လက်ခန့်ထားပေးသည်။ ယင်းအပြုအမူကား မင်းတုန်းဘုရင်မင်းမြတ်၏ အမြော်အမြင်ကြီးမှုဟုပင် ဆိုနိုင်တော့မည်။ ရှင်ဘုရင်အရာကျ၍ သူ့ဝန်ကြီးတွေ ဘုံပျောက်ရသည့် အဖြစ်မျိုး မကြုံစေရ။ တော်တည့်မှန်ကန်၍ အရည်အချင်း ပြည့်သူ၊ သမာသမတ်ရှိသူဆိုလျှင် အရာမှာ မြဲပါစေ၊ တာဝန်ဆက်ခံဆောင်ရွက်ခွင့် ရှိစေ၊ မနှောင့်မယှက် စိတ်လက် မချမ်းမသာ မရှိစေနှင့်။



သို့ဖြင့် အိမ်နိမ့်စံ ပုဂံမင်းတရား၏လွှတ်တော်မှ ဝန်ကြီးဦးရန်ဝေးသည် လည်းကောင်း၊ ဦးဖိုးလှိုင်သည် လည်းကောင်း၊ ဦးကောင်းသည် လည်းကောင်း မင်းတုန်းဘုရင်၏ ဆက်လက် ချီးမြှင့်ခြင်းကို ခံစားခဲ့ရသည်။ ပုဂံမင်း၏ ဆွေတော်မျိုးတော်များသည်ပင် မင်းတုန်းမင်း၏ မ,စချီးမြှင့်မှုနှင့်အတူ စိတ်ဝမ်းချမ်းမြေ့စွာ နေကြရပြီ။ သည်မင်းကား အမြော်အမြင်ကြီးသည့်မင်း၊ သည်မင်းကား နှလုံးစိတ်ဝမ်း ချမ်းမြေ့ကောင်းမွန်သည့် မင်း၊ သည်မင်းကား အာဃာတမဖက်၊ တရားစွက်သည့် မင်းဟူ၍ ပန်းသတင်းကို လေညှင်းဆောင်လေပြီ။ မင်းတုန်းမင်းတရား၏ သဘောထား ပြည့်ဝမှု သတင်းသည် ပြည်ခွင်အနှံ့ ပျံ့လွင့်လျက် ရှိခဲ့ပြီ။

ဤအခြေအနေတွင် မင်းတုန်းမင်းတရားသည် မိမိနှင့် ဆိုးတူကောင်းဖက် စံမြန်းရန် တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးနှင့် မိဖုရားအများကို ရွေးချယ်တင်မြှောက်ရန် လိုနေသည်။

တောင်ညာစံ မိဖုရားမြှောက်မည် ဆိုတော့ မင်းတုန်းမင်း၏ ငယ်ချစ်အလိမ္မာ အိမ်တော်ပါ မိဖုရား ခင်သဲကို တိုင်းပြည်က ပြေး၍ မြင်ကြ၏။ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးအဖြစ် ဘယ်သူ့ကို မြှောက်မလဲ၊ ဘယ်သူရှိမလဲ၊ ခင်သဲပဲ ဖြစ်မှာပေါ့၊ ခင်သဲကိုသာ မင်းတရားကြီး အချစ်ဆုံး၊ ခင်သဲကိုသာ မင်းတရားကြီး အမြတ်နိုးဆုံး မဟုတ်လား။

သို့သော် အများအထင်နှင့် လက်တွေ့အမြင်မှာ တခြားစီသာ။


မင်းတရားကြီးက ငယ်ချစ် ခင်သဲကို အမြတ်နိုးဆုံး ဖြစ်သည်မှာ မှန်၏။ သို့သော် တောင်နန်းမိဖုရား တင်မြှောက်ရာတွင် ကိုယ်ထင်တိုင်း ထ,တင်၍ မဖြစ်၊ ထောက်ထားစရာတွေ၊ ဆင်ခြင်စရာတွေ၊ နှိုင်းဆစရာတွေက အများကြီးမှ အများကြီး။

ဥပမာအားဖြင့် ရွှေဘုံနိဒါန်းမှာ ဘုရင်တို့ ထုံးတမ်းစဉ်လာကိုပဲ ကြည့်တော့ တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့၏အရှင်၊ ဘုရင့်ဧကရာဇ် မင်းမြတ်တို့ နန်းတက်သောအခါ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးအဖြစ် ရွှေလင်ပန်းနှင့် အချင်းဆေးရသူ မဟာဆီ မဟာသွေးများကိုသာ တင်မြှောက်ရိုး ဖြစ်သည်။

အမှန်ဆိုသော် တောင်ညာစံဒေဝီသည် မိဖုရားအများတွင် အခေါင်အချုပ်၊ ဦးစီးဦးကိုင်ဆိုလည်း ဟုတ်သော မိဖုရားခေါင်ကြီးဖြစ်သည်။ ဘုရင်တစ်ပါး နန်းတက်လာလျှင် တောင်နန်းမိဖုရားအဖြစ် ဘယ်သူ့ကို မြှောက်မည်နည်းဟု

www.burmeseclassic.com

www.burmeseclassic.com



**ပုံ(၈)။ ရှုမြင်ပုံအုံ့မခန်း၊ အောင်ရွှေနန်းပြာသာဒ်တော်**

မန္တလေး ရတနာပုံ၊ မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း
သီဟာသနပလ္လင် စံပယ်ရာ၊ ရွှေနန်းပြာသာဒ်တော်ကြီး။
အမိုး ၇ ဆင့်၊ အမြင့် ပေ ၂၀၀ ရှိသည်။



**ပုံ(၉)။ မြနန်းစံကျော်၊ ရွှေနန်းတော်အဆောင်မြင့်**

မန္တလေး ရတနာပုံနန်းမြို့ရိုးအတွင်း၊ နန်းမြင့်မျှော်စင်ပေါ်မှ
တွေ့မြင့်ရသည့် မြင့်မြင့်မားမား အဆောင်များ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်က အကဲခတ်သည်။ တောင်နန်းမိဖုရားအရာတွင် တော်တည့်မှန်ကန် သင့်လျော်သူကို မြှောက်တင်ခဲ့လျှင် ယင်းသို့ မြှောက်တင်သူ ဘုရင်မင်းမြတ်၏ အရည်အချင်း ပြည့်ဝမှုကို တိုင်းပြည်က အသိအမှတ် ပြု၏။ နန်းသွေး နန်းဆက် မဟုတ်၊ နန်းပလ္လင်နှင့် မသင့်မတော်သူကို တောင်နန်းမိဖုရားတင်လျှင် ဘုရင် အရည်အချည်း ညံ့ကြောင်း မပြောဘဲနှင့် အလိုလို သိလိမ့်မည်။

တောင်နန်းမိဖုရား မြှောက်ခြင်းကို ပြည်တွင်းပြည်ပ သူလျှိုတို့ကပင် မျက်ခြည်မပြတ်ကြ။ ဘုရင်သည် တကယ်သင့်တော်သူကို တောင်နန်းမိဖုရား အရာ ပေးပြီလား၊ ဘုရင့် မိဖုရားခေါင်ကြီးကို တိုင်းပြည်က ကျေနပ်ရဲ့လား၊ မကျေနပ်သော် မည်သို့နည်း၊ ဘုရင့်အရည်အသွေးသည် မိဖုရားမြှောက်ရေး မှာပင် အသုံး မတည့်တော့ပြီလား၊ သည်လိုဆိုလျှင် တိုင်းရေးပြည်ရေးကိုရော ဘုရင် ကိုင်တွယ် ဆုံးဖြတ်နိုင်ပါ့မလား။ ဒါတွေကို သူလျှိုတို့ အကဲခတ်မည်၊ သည် သတင်းကို ဆိုင်ရာ တိုင်းနိုင်ငံသို့ ပို့လိမ့်မည်။ ဤသို့ဖြင့် မိဖုရားတစ်ပါး တင်ရေးသည် နိုင်ငံရေးနှင့်ပင် ပတ်သက်ယှက်နွယ်နေပြန်သည်။

ဤသို့သော အခြေအနေအရပ်ရပ်ကို အကဲခတ် ဆင်ခြင်မည်ဆိုလျှင် တောင်နန်းမိဖုရား မြှောက်ရေးသည် လွယ်ကူသောကိစ္စ မဟုတ်၊ မင်းတုန်းဘုရင် ၏အရင် စံမြန်းခဲ့သော ဘကြီးတော်မင်းတရားသည် အရပ်သူ မယ်နု ဆိုသူကို တောင်နန်းမိဖုရား ပေးဖူးသော သာဓကရှိသည်။ သို့သော် အရပ်သူ မယ်နုမွေသွား သောမီးသည် တိုင်းပြည် ပြာသာဒ်များကို တက်လောင်ခဲ့သည်။ တောင်နန်းမတော် မယ်နုနှင့် သူ့မောင် စလင်းမင်းသားကြီး မောင်အို (စင်စစ် မင်းသားမဟုတ်)တို့ အာဏာကို အလွဲသုံး၍ တိုင်းပြည်ကို ဖြောင်းဆန်အောင် လုပ်ခဲ့ဖူးသည်မဟုတ်လား။

အရပ်သူ မယ်နုကို သီဟာသနပလ္လင်ထက်ဝယ် ဘုရင်နှင့် အတူစံစေ၍ ဦးမခိုက်လိုသူ နန်းသူ နန်းသားများက မကျေနပ်ဖြစ်ကြဖူးသည့် အရေးကလည်း မမေ့နိုင်ကြသေး။

သည်အခြေအနေတွေကို ဆန်းစစ်သောအခါတွင် မင်းတုန်းမင်းသည် တွေးရင်းပင် ရင်လေးလာရသည်။ ရင်လေးလှ၍ မတွေးတော့ဘူး ဆို၍လည်း မဖြစ်ပြီ။ နှလုံးသားရေးရာတို့မည်သည် ပယ်ဖျက်နိုင်ရန် ခဲယဉ်းစွ။

ခင်သဲသည် ဆင်းရဲသူမျှသာ။ ညောင်ကန်ရွာတွင် မြန်မာသက္ကရာဇ် ၁၁၇၆ ခုနှစ်က ဖွားမြင်ခဲ့၏။ ငယ်နာမည်ကား မယ်ညွန့် ဖြစ်၏။ သို့သော် အမိအဖ



ဘွက ချစ်စနိုးဖြင့် မသဲအုံဟု ခေါ်ကြသည်။ သည်မှ ခင်သဲ မယ်သဲဟု ခေါ်လာ ကြသည်။

ခင်သဲ၏ အချောအလှသတင်းသည် နေပြည်တော်သို့တိုင် ပြန့်ခဲ့သည်၊ တုန်းမြို့စား မင်းသားကလေး 'မောင်လွင်'သည် ခင်သဲ၏ သတင်းကို ကြား မြင်းစီးပြီး ညောင်ကန်ရွာသို့ လာခဲ့သည်။ တွေ့ပြန်တော့ မင်းတုန်းမင်းသား ည် ခင်သဲကို အစွဲကြီး စွဲလေတော့သည်။

ခင်သဲသည် ငယ်စဉ်ကပင် စာပေကျမ်းဂန် လိုက်စားခြင်း၊ ကဗျာလင်္ကာ ဆိုခြင်းဖြင့် ပျော်မွေ့ခဲ့သည်၊ မင်းတုန်းမင်းသားနှင့် ချစ်ကြိုက်နေပြီ ဆိုသော ခါ ခင်သဲ၏ အသည်းနှလုံးမှ ယိုစီးကျလာသော ကဗျာကာရန်များနှင့် စကား လှလှကလေးများသည် မင်းတုန်းမင်းသားကို ကောင်းစွာ ဖမ်းစားလေသည်။ သဲ၏ မေတ္တာဘွဲ့များဝယ် မင်းတုန်းမင်းသည် ယစ်မူးသာယာ နေခဲ့လေသည်။

အချိန်တန်၍ မင်းတုန်းမင်းသားသည် ရောက်မလာဘူး ဆိုပါက **ခင်လေး ခြိမ့်၊ ငိုလို့ပနေ့စဉ်၊ ဇွဲအချောအထက်လမ်းဆီက၊ ငှက်စခန်းဝဲကွန့်လိုက်ချင်၊ ကျက်တမ်း ဖဲညွန့်သဉ်မှာ၊ တွဲဒွန့်ယှဉ်တူစက်လို့၊ မြူမကွက်သစ္စာဆို၊ သုံးစို့ ကိုယ်၊ နီးပါမှ ပြုံးချိုချိုရယ်၊ မုန်းညိုတော်မှုစမ်းနှင့်လေး** စသော တေးထပ် လေးမျိုးကို ခင်သဲ ရေးဖွဲ့သည်။ ထို့နောက် မင်းတုန်းမင်းသားထံ ပို့လိုက်၏။ တုန်းမင်းသားသည် ခင်သဲ၏ ကဗျာကို ဖတ်ရသည်နှင့် ကြာကြာမနေနိုင်ပြီ။ ကို ကဆုန်စိုင်းလျက် ညောင်ကန်သို့ အပြေးလာခဲ့လေသည်။

မင်းတုန်းမင်းသည် ခင်သဲကို သည်မျှချစ်ခဲ့သည်၊ ခင်သဲကလည်း တုန်းမင်းကို အချစ်ကြီး ချစ်ခဲ့သည်။ မင်းတုန်းမင်းသားနှင့် လက်ထပ်ပြီး သာအခါ မင်္ဂလာအိမ်တော်၌ နှစ်ကိုယ်တူ စံမြန်းခဲ့သည်။ အရေးတော်ပုံ ဖြစ်၍ ကိုသို့ မင်းတုန်းမင်းသား ထွက်ကြွစဉ်ကဆိုလျှင် ခင်သဲသည် အထုပ်ကြီး ထုပ်ကို ကိုယ်တိုင်ရွက်လျက် မင်းတုန်းမင်းသား နောက်မှ ကပ်၍ လိုက်လာ ။ အခြွေအရံတို့က မင်းသားတစ်ပါး၏မိဖုရား ပင်ပန်းနေမည်စိုး၍ အထုပ်ကို ၍ ရွက်ပါရစေဟု တောင်းသည်။ ထိုအခါ ခင်သဲက ငြင်းလေသည်။ မပေးပါ နှင့်ကွယ်ရို့၊ ဒီအထုပ်နှင့် လူလုပ်ရမှာပါ၊ ရှိပါစေဟု ပြုံးရယ်စကား ဆိုသည်။ င်တော် မင်းတုန်းမင်းသားနှင့် အေးအတူပူအမျှ စံရန် ခင်သဲသည် မင်းတုန်း နှင့် အမြဲမကွာ လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီမင်းသား ရွှေဘိုသို့ ထွက်သွားစဉ်က ဖြစ်ရပ်မှာ သတိရစရာ ထိုစဉ်ကလည်း ခင်သဲသည် မင်းတုန်းမင်းသားနှင့် တစ်ဖဝါး မကွာလိုက်ပါသည်။ သို့သော် အဆင်မသင့်၍ လမ်းတွင် လူချင်း ကွဲသွား၏။ ခင်သဲသည် မကြာ သီလရှင်ဝတ်ဖြင့် ရုပ်ဖျက်၍ မင်းတုန်းမင်းသားနောက်သို့ လိုက်လာ၏။ တိုက် တွေကြားမှ ခင်သဲ၏ စွန့်စားခန်းမှာ ရင်တုန်စရာပါ။ မင်းတုန်းမင်းကမူ ယခု ခင်သဲ၏ စွန့်စားခန်းကို အမြဲ သတိရနေ၏။

သည်မျှ သစ္စာရှိသူ ငယ်ချစ် မိဖုရားကို အရေးတော်ပြီး၍ တောင်နန်း မိဖုရားကြီးအဖြစ် တင်မြှောက်ရန် ရှိသည့်အခါ ဖယ်ထားရတော့မည်။ တောင်နန်း မိဖုရားဟူသည် ရွှေလင်ပန်းနှင့် အချင်းဆေးသူ၊ မဟာဆီမဟာသွေးပါသူ ဖြစ် မည်ကိုး။

အခြေအနေအရပ်ရပ်ကို အထပ်ထပ် ဆင်ခြင်ပြီးသော် မင်းတုန်းမင်းတရား သည် နှလုံးသား ရေးရာကို ဦးနှောက်ဖြင့် ဆုံးဖြတ်ချက် ချလေသည်။

အနိုင်နိုင်ငံ မင်းအပေါင်းလည်း လေးစားမှု ရှိအောင်၊ ရဟန်းရှင်လူတို့ လည်း ကျေနပ်လေအောင်၊ ရွှေဘုံနိဒါန်းလာ ထုံးဓမ္မတာကိုလည်း မပယ်ဖျက်ရလေ အောင်၊ နန်းသူ နန်းသား ဆွေတော်မျိုးတော်များကိုယ်တိုင်က ကျေနပ်လက်ခံ မှု ရှိလေအောင်၊ အစရှိသော ထောက်ဆတွေးခေါ် မြော်မြင်မှုများကို ရင်ဝယ်ပိုက် ရပြီ။ သို့ဖြစ်၍ နန်းသွေးပါသူ၊ ရွှေလင်ပန်းနှင့် အချင်းဆေးသူ တစ်ဦးကိုသာ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးအဖြစ် တင်မြှောက်တော့မည်။

မိမိ ကြုံတွေ့ရသော အကြပ်အတည်းကို မင်းတုန်းမင်းသည် မိဖုရား ခင်သဲကို တင်ကြိုရှင်းပြ၏။ စိတ်ထားဖြောင့်မှန်သော ခင်သဲသည် မင်းတုန်းမင်း၏ သဘောထားကို နားလည်သည်။ ထို့ကြောင့် ယခုအစီအစဉ်ကို ကန့်ကွက်ရန် မရှိ။

ခင်သဲကလည်း တွေးမည်၊ တောင်ညာစံ နန်းမတော် မဖြစ်၍လည်း အရေးမဟုတ်။ မိဖုရားသည် မိဖုရားမျှသာ၊ မိမိ၏ လက်ရှိအရာမှ နိမ့်ကျသွား မည် မဟုတ်။ သို့သော် တစ်ခုတော့ မောင်တော်ဘုရားထံ ခွင့်ပန်ရဦးမည်။ မိမိ လှူတော်မူလိုသမျှကို အတားအဆီး မရှိ၊ လှူဒါန်းခွင့် ပြုရန် ဖြစ်သည်။ ဒါကိုတော့ မင်းတုန်းမင်းက ကြည်ဖြူစွာ ခွင့်ပြုလေသည်။



မင်းတုန်းမင်းတရားသည် ရွှေဘိုနန်းတွင် စံမြန်းနေစဉ်ပင် မိဖုရားခေါင် ကြီး ပြဿနာကို အပြတ်ရှင်းလင်း ဆုံးဖြတ်လေသည်။

ဘုရင်မင်းမြတ်အတွက် အစီအစဉ်အလိုက် ဂုဏ်ရှိန်ခံစားခွင့် ရသော တောင်နန်းမိဖုရား၊ မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရား၊ အနောက်နန်းမိဖုရား သည်ဖြင့် နန်းရမိဖုရားကြီး ၄ ပါးရှိရ၏။ ထိုမှတစ်ဖန် တောင်ဆောင်တော် မိဖုရား၊ မြောက်ဆောင်တော် မိဖုရား၊ တောင်ရွှေရေးဆောင် မိဖုရား၊ မြောက်ရွှေရေး ဆောင် မိဖုရား ဟူ၍လည်း အဆောင်ရ မိဖုရား ၄ ပါးရှိပြန်သည်။ ယင်းတို့အပြင် မိဖုရားငယ်များလည်း ထားသေးသည်။ ကိုယ်လုပ်တော် အမည်ခံသော တရားဝင် မဟုတ်သည့် မိဖုရား အသေးအဖွဲတွေလည်း ရှိသေးသည်။

ရှင်ဘုရင့် မယားချင်း တူပေမယ့် အဆင့်အတန်းက ခွဲထားသေးသကိုး။ ဒီတော့ အရေးအပါဆုံး မိဖုရားတို့မှာ ပထမ နန်းရမိဖုရားများ၊ ဒုတိယ အဆောင်ရ မိဖုရားများ ဖြစ်ကြသည်။

နတ်ရွာစံ ဘကြီးတော်မင်းတရားနှင့် တောင်နန်းမတော်တို့၏ သမီးတော် ကျောက်မြောင်းမင်းသမီးကို မင်းတုန်းမင်းတရားက တောင်နန်းမတော်အဖြစ် ပထမအဆင့် မိဖုရားခေါင်ကြီး နေရာတွင် တင်လိုက်၏။

စင်စစ်ဆိုသော် ကျောက်မြောင်းမင်းသမီးသည် မိဖုရားခေါင်ကြီးအရာတွင် အသင့်တော်ဆုံး ဖြစ်၏။ တစ်ပင်တိုင်နန်းနှင့် စံခဲ့သူ ဖြစ်သည်။ ထို့ပြင် ကိုယ်ဟန် လုံးသွင် ပြေပြစ်ညီညွတ်၏။ ပြောစရာရှိသည်မှာ မျက်နှာရှိ ကျောက်ပေါက်မာ ကလေးများ ဖြစ်၏။ သို့သော် မျက်လုံးအလွန်လှသည်ဟု ဆိုကြသည်။ မင်းတုန်း ဘုရင်ထက် အသက် ၂ နှစ်ကြီး၍ မင်းတုန်းမင်းက အစ်မတော်ဟု ရှိသေစွာ ခေါ်ရသည်။ မင်းသမီးကား ဗေဒင်ပညာလည်း ကျွမ်းကျင်၏။ နက္ခတ်တာရာ ပညာများကိုပင် သင်ထားသေး၏။ တော်လေစွ။ အချစ်ဆုံးသော ခင်သဲကိုမူ ဒုတိယအဆင့် အမြင့်ဆုံးသော မြောက်နန်းမိဖုရားအဖြစ် တင်မြှောက်သည်။ နောင် တွင် ဆင်ဖြူမရှင်ဟု တွင်မည်ဖြစ်သော ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နု၏ သမီးတော်ကို အလယ်နန်း မိဖုရားတင်၏။ ပင်းတလဲ မြို့စားမင်းသမီးကို အနောက် နန်းတွင် ထားလေသည်။ အခြားသင့်တော်သော နန်းသူပျိုဖြူ အသီးသီးကို လည်း မင်းတုန်းမင်းတရားက အဆောင်ရ၊ အဆောင်မရ မိဖုရားများအဖြစ် အသီးသီး တင်မြှောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခုကား အေးသွားပြီ။ ရှင်ဘုရင်ဆိုတော့ သာမန်လူတွေနှင့် အဆင့်ကွာလှမ်းရကား မိဖုရား မြှောက်ရာမှာပင် ရှေ့နောက် တောင်မြှောက် စဉ်းစားတွေးခေါ်ရသဖြင့် ပင်ပန်းသားပဲ။ သို့ပေမယ့် ငယ်ချစ်ခင်သဲက ကြည်ဖြူစွာ လက်ခံသဖြင့် မင်းတရား ကျေနပ်ရသည်။ အလယ်နန်းမိဖုရားကမူ ဘဝင်မကျ ဖြစ်နေသည်ဟု သိရ၏။ ခင်သဲလို ကျေးတောသူကို ဒုတိယအဆင့် အမြင့်ဆုံး မြှောက်နန်းမိဖုရားတင်လို့၊ မိမိလို နန်းဆီနန်းသွေး ရဲရဲတောက်နေသော ဘကြီးတော် မင်းတရား၏ သမီးတော် စစ်စစ်ကို အလယ်နန်းသာထားသတဲ့၊ ကောင်းရောလား။ မိဖုရားမှာ ဘယ်နည်းနှင့်မျှ မကျေနပ်။ သို့သော် ကိစ္စမရှိ၊ မိဖုရားက ဒကျေနပ်၍ သူပုန်ထနိုင်မည် မဟုတ်၊ နောင်သော် သူ့အကြိုက် ချော့မော့စရာ ပေါ်လာလိမ့်မည်။ ခုတော့ သည်အတိုင်းပဲ ထားရဦးမည်။

အရေးတော်တွေ ရှိသေးသည်။ အိမ်ရှေ့စံ ခန့်ထားရန်နှင့် သာသာနာပိုင် ခန့်ရန် ကိစ္စများ။ အိမ်ရှေ့စံ ကိစ္စကား စဉ်းစားစရာ ပြဿနာ မဟုတ်၊ ညီတော် ကနောင်မင်းနှင့် ကတိကဝတ်ပြုပြီးသား၊ ပြီးတော့ အိမ်ရှေ့နန်းအတွက် ညီတော် ကနောင်မင်းမှ လွဲ၍ အခြား မမြင်။ တစ်ဖန် စဉ်းစားစရာက မင်းတုန်းမင်းနန်းရသည်မှာပင် ကနောင်မင်း ခေါင်းဆောင်၍ တိုက်ခိုက်သော နန်းလုပွဲများကြောင့်ပင် မဟုတ်လား၊ သည်အရေးတော်ကို စဉ်းစားတွေးတောစရာ မလိုပြီ၊ ကနောင်မင်းသားကို အိမ်ရှေ့အရာပေးလိုက်သည်။ သို့သော် ကနောင်မင်းသားအား အိမ်ရှေ့အရာ ပေးခြင်းဖြင့် နောင်ဖြစ်လာမည့် ပြဿနာတွေကိုကား မင်းတုန်းမင်း မတွေးတော့ပြီ။ ကနောင်မင်းသည် အိမ်ရှေ့စံဖြစ်လျှင် မင်းတုန်းမင်းတရား နတ်ရွာစံသော် ကနောင်မင်းသာလျှင် ဘုရင် ဖြစ်ရမည် မလွဲ။

သို့ဆိုလျှင် မိမိ၏ မိဖုရားများမှ ပေါက်ဖွားလာမည့် သို့မဟုတ် ဖွားပြီးဖြစ်သည့် မိမိသားတော်များအတွက် ရှင်ဘုရင်ဖြစ်ရန် အရေးသည် ဝေးပြီ။ ရှင်ဘုရင် မဖြစ်ရတော့ပြီကို သေချာစွာ သိရသော သားတော်တို့သည် စိပ်ပုတီးနှင့် တောထွက်သွားကြမှာလား၊ နန်းပလ္လင်ကို မရ၊ ရတဲ့နည်းနှင့် လုကြလေမလား မသိပြီ။ အနာဂတ်သည် သူ့ဖာသာ ဆုံးဖြတ်သွားလိမ့်မည်။ လောလောဆယ် ပြဿနာကို ချက်ချင်း လက်ငင်း ရှင်းခြင်းသာလျှင် အမှန်ကန်ဆုံး ဖြစ်မည်။

အိမ်ရှေ့နန်းအတွက် စီမံပြီးသောအခါတွင် သာသနာပိုင် ဆရာတော်ကိစ္စကို ဘုရင်မင်းမြတ် စဉ်းစားရသည်။



မင်းတုန်းမင်းသည် သာသနာပိုင် ဆရာတော် တင်မြှောက်ရေးကိုလည်း ချိန်ချိန်ဆဆနှင့် တိုင်ပင်ဆွေးနွေးဆုံးဖြတ်သည်။

ပထမတော့ သာသနာပိုင် ဆရာတော်မှာ မင်းတုန်းမင်း၏ ငယ်ဆရာ၊ ကျောင်းဆရာတော် ဦးစန္ဒိမာက လွဲ၍ အခြား မဖြစ်နိုင်ဟု ခန့်မှန်းကြသည်။ သို့သော် သာသနာပိုင် ဆရာတော်တင်မြှောက်သောအခါ ဦးစန္ဒိမာ မဖြစ်ခဲ့ပေ။ ထို့ကြောင့်ပင် ဦးစန္ဒိမာက 'အိမ်း…မင်းတုန်းမင်းရဲ့ ငယ်ဆရာ ငါလည်း သာသနာပိုင် မဖြစ်၊ မယ်သဲလည်း မိဖုရားခေါင်ကြီး မဖြစ်' ဟု မိန့်ဖူးသည်။

စင်စစ်ဆိုသော် ဘုရင်မင်းတရား၏ ငယ်ဆရာသည် သာသနာပိုင်ဆရာတော် ဖြစ်မြဲသာ၊ ယခုသော် သာသနာပိုင် ဆရာတော်အဖြစ် မောင်းထောင်ဆရာတော် ရှင်ဉေယျမ္မကို မင်းတုန်းမင်းက တင်မြှောက်လေသည်။ ရှင်ဉေယျမ္မသည် ရွှေဘိုမင်းလက်ထက်က သာသနာပိုင်ဆရာတော် ဖြစ်ဖူး၏။ ပုဂံမင်းလက်ထက်တွင် သာသနာပိုင်အရာမှ ကျခဲ့ရသည်။ ယခုမင်းတုန်းမင်း နန်းတက်သောအခါတွင် သာသနာပိုင် ဆရာတော်အဖြစ်သို့ တစ်ဖန် တင်မြှောက်ခြင်း ခံရပြန်သည်။

မောင်းထောင်ဆရာတော် ရှင်ဉေယျမ္မကို သာသနာပိုင် ဆရာတော်အဖြစ် တင်မြှောက်ရန် နန်းမတော် မိဖုရားကြီးက မင်းတုန်းမင်းကို အကြံပေးသည်။ သည်လိုဆိုတော့ 'တို့ဘုရားက မယားဘက် ခပ်ပါပါ' ဆိုသည့် စကားလို ဘုရင်မင်းမြတ်သည် မိဖုရားစကားကို အလိုလိုက်လေသလား။

သည်သို့ဖြင့် မဆိုတန်ကောင်းချေ။ ကြည့်ပါ၊ ရှင်ဉေယျမ္မသည် အကျင့်သီလနှင့် ပြည့်စုံသည်။ စာပေကျမ်းဂန် တတ်ပွန် ကုံလုံသည်။ လောက၊ ဓမ္မ၊ ဝေ အကြောင်းသုံးပါးကို ကျွမ်းကျင်သည်။ ရဟန်းရှင်သူ၊ များဗိုလ်လူတို့၏ ကြည်ညို ပူဇော်မှုကို ခံရသူ ဖြစ်သည်။ ထို့ပြင် အထူးခြားဆုံး အရည်အချင်းကား ရွှေဘို မင်းတရားလက်ထက်တော်တုန်းက သာသနာပိုင် ဆရာတော်အဖြစ် ထမ်းဆောင် ဖူးသော လုပ်သက်ရှိခြင်းပင်တည်း။

သာသနာပိုင်ဆိုသည်ကား စင်စစ်တော့ သာသာရေးရာ ကိစ္စများတွင် ဘုရင်တစ်ဆူပင် ဖြစ်၏။ သီလ၊ သမာဓိ၊ သိက္ခာနှင့် ဉာဏ်ပညာအရာတွင် ထိပ်ဆုံးက ဖြစ်ရမည်။ သာသနာတော်ကို အသက်နှင့်လဲ၍ ကာကွယ်နိုင်သူ ဖြစ်ရမည်။ နန်းတွင်း နန်းပြင်က ကြည်ညိုသမှုကို ခံယူရသူလည်း ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ် သင့်တင့်သူ၊ ဝါ ဘ်ရင့်ကျက်သူ၊ ဥပဓိရုပ်တင့်တယ်သူ၊ အသံ ဩဇာဖြင့် ပြည့်ဝသူ၊ ပိဋကတ်သုံးပုံကို ဂုံ လှုပ်နိုင်သူ ဖြစ်ရမည်။ ဤ အရည် အချင်းများနှင့် တိုင်းတာလိုက်သောအခါတွင် ရှင်ညေယျမေ့သည် သာသနာပိုင် ရာထူးနှင့် သင့်တော်ကြောင်း မင်းတုန်းမင်းတွေ့ရလေသည်။ မင်းတုန်းမင်းသည် သူ့ဝန်ကြီး မှူးကြီးတွေနှင့် တိုင်ပင်၏။ ရဟန်းသံဃာ အကြီးအမှူးတို့နှင့် ဆွေးနွေး ၏။ တစ်သံတည်း ထွက်လာသည်။

'ရှင်ညေယျမေ့ကို သာသနာပိုင်ဆရာတော် တင်မြှောက်ရန် သင့်ပါ ကြောင်း....'

သာသနာပိုင်ဆရာတော် ရှင်ညေယျမေ့၏ လူအမည်မှာ ဦးရွှေမှို ဖြစ်၏။ စစ်ကိုင်းတောင်ရိုးရှိ 'စိုးမင်းကြီး' တည်ထားကိုးကွယ်သော ရတနာဟွင်္သခေါင် စေတီတော်အနီးတွင် သီတင်းသုံးခဲ့သည်။ ဤသို့ဖြင့် ရှင်ညေယျမေ့သည် မင်းတုန်း ဘုရင် မင်းတရား၏ သာသနာပိုင် ဆရာတော် ဖြစ်လေပြီ။

တစ်ခုတော့ စဉ်းစားစရာ ရှိသည်။ မင်းတုန်းဘုရင်မင်းမြတ်သည် ငယ် ဆရာ ဦးစန္ဒိမာကို သာသနာပိုင်ဆရာတော် တင်မြှောက်ခြင်း မပြုသည်မှာ 'ကျောင်းတော်က ရန်စ' ကြောင့်များ ဖြစ်လေမလား။ ဤသို့ တွေးလိုက တွေးနိုင် ၏။ တကယ်ဆိုတော့ တွေးစရာ အကြောင်းကလည်း ရှိသည်။ ပြောရမည်ဆို လျှင် 'ဒွေးနှစ်ဖော် သံဝါသ်ညှိစဉ်က မပြေသော် ကန့်ရာရှိတာမို့' ဆိုသလို ငယ်ငယ် က အကြောင်းကလေးတစ်ရပ်က ပေါ်လာသည်။

ဒါကလည်း အများသိပြီး ဖြစ်ကြသည်။ မင်းတုန်းမင်းသည် မင်းသားငယ် 'မောင်လွင်' ဘဝက စံကျောင်းဆရာတော် ဦးစန္ဒိမာထံတွင် ပညာသင်ကြားရ သည်။ စံကျောင်းဆရာတော်ကား ငါးခြောက် အလွန်ကြိုက်၏။ တစ်နေ့သော် ဒါယကာ တစ်ဦး လာလှူသော ငါးခြောက် တစ်ပြားကို ဆရာတော် ဦးစန္ဒိမာက မောင်လွင်ကို အသိမ်းခိုင်းသည်။ မောင်လွင်က ကျက်သရေခန်းထဲတွင် ငါးခြောက် ပြားကို အကျအနပင် သိမ်းဆည်းခဲ့သည်။ ဆရာတော်သည် တစ်နေ့ဆွမ်းစားမည့် ဆဲဆဲတွင် အလှူခံထားသော ငါးခြောက်ပြားကို မီးဖုတ်၊ ဆီဆမ်းခဲ့ရန် မောင်လွင် ကို ခိုင်း၏။

မောင်လွင်က ငါးခြောက်ပြားကို ကျက်သရေတိုက်ထဲတွင် သွားယူ၏။ ဘုရား....ဘုရား ငါးခြောက်ပြားကား ဘယ်သူ့ လက်ချက် မိသွားသလဲ မသိ၊ မရှိတော့ပြီ။



ဆွမ်းစားမည့် ဆဲဆဲတွင် ငါးခြောက်ဖုတ်ကို စောင့်နေရသော ဆရာတော် သည် ငါးခြောက်ပြား မရှိတော့ကြောင်း သိရသောအခါ အကြီးအကျယ် စိတ်ဆိုး တော်မူ၏။ ဆရာတော်သည် မောင်လွင်ကို ခေါ်လိုက်ပြီး 'ကြီးလို့ရှိရင် ရှင်ဘုရင် လုပ်ပြီး တိုင်းပြည်အုပ်ချုပ်မယ့် နင်လို ဘုရင့်သားတော်တစ်ပါးက ငါးခြောက် တစ်ပြားမှ လုံခြုံအောင် မသိမ်းဆည်းနိုင်တာ တော်ရော့လားကွာ' ဟု ပြောပြော ဆိုဆို ကြိမ်လုံးဖြင့် အချက်ပေါင်း များစွာ ရိုက်နှက်လေသည်။ မောင်လွင်ကား ကျောတွင် ကြိမ်လုံးဒဏ်ရာ အလျှိုးလျှိုး ပေါ်အောင် ခံလိုက်ရသည်။ ဒဏ်ရာ များကား ပြင်းထန်လှပေရာ အမာရွတ်များမှာ သေရာပါတော့သည်။

ငယ်စဉ်က သေလုမြော့ပါး အရိုက်ခံရသော ဒဏ်ရာကို မမေ့သောကြောင့် စိတ်နာသဖြင့် ဆရာတော် ဦးစန္ဒိမာကို သာသနာပိုင် မတင်လေသလား....၊ သည်သို့ တွေးစရာ ရှိသည်။ သို့သော် တွေးချင်သူတွေက မည်သို့ပင် တွေးကြပါစေ အမှန်ကိုကား မင်းတုန်းမင်းကိုယ်တိုင်သာလျှင် သိလိမ့်မည်။

ယခုတော့ ဆရာတော် ဦးစန္ဒိမာနှင့် ဆရာတော် ဦးညေယျတို့တွင် သာသနာပိုင် ဆရာတော်အဖြစ် ဦးညေယျသာလျှင် ပို၍ သင့်တော်သည်ဟု ရဟန်း ရှင်လူအများက ကျေနပ်စွာဖြင့် လက်ခံကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

## သိမ်မွေ့ခက်ခဲသော နိုင်ငံခြားဆက်ဆံရေး

၁

မင်းတုန်းမင်းတရားသည် အမရပူရနေပြည်တော်ကို ပြန်လည် မွမ်းမံသည်။ နေသားတကျ ဖြစ်ပြီ ဆိုသောအခါ ရွှေဘိုမှ ခွာ၍ အမရပူရတွင် စိုးစံလေသည်။


ဝန်ကြီးအဖွဲ့ကို နေသားတကျ ခန့်ပြီးပြီ။ အိမ်ရှေ့စံမင်းလည်း ခန့်ပြီးပြီ။ ဘုရားတွေကိုလည်း အစီအရီ မြှောက်ပြီးပြီ။ သာသနာပိုင် ဆရာတော်လည်း ရှိနေပြီ။ မင်းတုန်းမင်းသည် အေးချမ်းသာယာစွာဖြင့် စိုးစံဖို့သာ ရှိတော့၏။ အခြား ဘာများလိုသေးသနည်း။

လိုပါသေးသည်။ အရေးအကြီးဆုံး တာဝန်တစ်ရပ်ကို ထမ်းဆောင်ရန် ရှိနေပါသေးသည်။ နောင်တော် ပုဂံမင်းတရား၏ လက်ထက်က အင်္ဂလိပ်တို့ထံ ဆုံးပါးသွားသော အောက်မြန်မာပြည် တစ်ဝန်းကို နေသားတကျ ဖြစ်ဖို့ အရေးတော် ကျန်ရှိနေပါ၏။ သည်အရေးကို ဘယ်နည်းဖြင့် ဆောင်ရွက်ရပါ့မလဲ။

သည်အရေးကား လွယ်လွယ်ကူကူ ဖြေရှင်း၍ ရမည့် အရေးမဟုတ်ပြီ။ သည်အရေးတော်ကို ဖြေရှင်းရာတွင် အလွန်သိမ်မွေ့နက်နဲမည် ဖြစ်သည်။ အိမ် ယောင်နှင့် နက်၍ လွယ်မယောင်နှင့် ခက်ပေလိမ့်မည်။ ယခုရေတွင်းတူး၍

www.burmeseclassic.com

www.burmeseclassic.com



**ပုံ(၁၀)။ အောင်နန်းမြင့် မျှော်စင်၊ အသွင်က တင့်ပါဘိ**

မြနန်းစံကျော် ရွှေနန်းတော်ဝင်း အတွင်းက
ခံ့ညားထယ်ဝါသော နန်းမြင့်မျှော်စင်



**ပုံ(၁၁)။ နန်းတော်ရှေ့ ကွင်းပြင် ရှုမြင်တဲ့အမြောက်**

မြနန်းစံကျော် ရွှေနန်းတော်ကြီး အုတ်ရိုးအပြင်မှာ ခံ့ထည်စွာ နေရာယူထားသည့် အမြောက်ကြီးကို ဤသို့ တွေ့ရသည်။ ၁၈၈၅ ခုနှစ် နို့ဝင်ဘာလတွင် နယ်ချဲ့ကုလားဖြူတပ်များ မန္တလေးမြို့သို့ ချီတက်လာစဉ်က ထိုအမြောက်ကို ပစ်ပင် မပစ်လိုက်ရ၊

www.burmeseclassic.com

www.burmeseclassic.com



ယခုရေကြည်သောက်ရမည်ဟု မျှော်လင့်၍ မဖြစ်။ ဒါကိုတော့ မင်းတုန်းမင်းတရား ကောင်းစွာ သိသည်။ အချိန်။ အချိန်။ အချိန်။ မိမိအဖို့ အချိန်ယူ စဉ်းစားရမည်။ အချိန်ယူ ဆောင်ရွက်ရမည်။ ပြီးတော့ အချိန်ကပင် အဆုံးအဖြတ်ပေးသွားလိမ့်မည်။ သည်တော့ ဘုရင်မင်းတရားသည် ထိုအချိန်ကို သည်းခံစိတ်ဖြင့် စောင့်လေသည်။

၁၈၅၃ ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲ ပြီးခဲ့သည်။ စစ်တို့၏ ထုံးစံမှာ စစ်ပွဲပြီးသည်နှင့် နှစ်ဖက်နိုင်ငံတို့ တွေ့ဆုံပြီး စစ်ပြေငြိမ်းစာချုပ်ချုပ်၊ သံတမန် လဲလှယ်၊ ချစ်ကြည်မှု လုပ်ငန်းများ ပြန်စရသည်။ ယခုတော့ ထိုသို့ မဟုတ်ခဲ့ပေ။

စစ်ပွဲပြီး၍ ၉ နှစ်ကြာတော့မှသာ အင်္ဂလိပ်မြန်မာ ဆက်ဆံရေး ပုံမှန်ပြန်ဖြစ်ပြီး သံရုံးအသီးသီး ဖွင့်လှစ်နိုင်ခဲ့သည်။ ထို ၉ နှစ်ကာလ မတိုင်မီ အတွင်း ဘာတွေ ဖြစ်ခဲ့သနည်း။

ကြုံခဲ့သည့်ဖြစ်ရပ်တွေက မနည်းပေ။ သည်အတွင်း၊ စိတ်တုန်လှုပ် ချောက်ချားဖွယ် သတင်းစကားတွေ၊ ကောလဟာလတွေ၊ ကြောက်မက်စိုးရွံ့ဖွယ် ပြဿနာတွေကို အင်္ဂလိပ်နှင့် မြန်မာ နှစ်နိုင်ငံစလုံး ကြားခဲ့ကြုံခဲ့ရသည်။ ကနောင်မင်း ဦးစီးသော မြန်မာတပ်မတော်ကြီး မြစ်ကြောင်းကို စုန်လာမည် ဟူသော သတင်းတွေ ခဏခဏ ကြားရ၍ အင်္ဂလိပ်တို့မှာ လိုအပ်သော စစ်ပြင်ဆင်မှုတွေ ပြုရပြင်ရ၊ မနားတမ်း အလုပ်များရသည်။ အလားတူပင် အင်္ဂလိပ်စစ်တပ်ကြီး တစ်တပ် ရေကြောင်းကို ဆန်တက်လာလိမ့်မည် ဆိုသော လုန့်လုံးသတင်းတွေကြောင့် အထက်မြန်မာပြည်တွင် ပြည်သူတို့ လှုပ်လှုပ်ရှားရှား ဖြစ်ရသော အကြိမ်လည်း မနည်းတော့ပြီ။ ထိုအခြေအနေဆိုးများကို အဘယ်ကြောင့် ကြုံရသလဲ။

အဖြေမှာ တစ်ခုတည်းသာ ဖြစ်၏။ မင်းတုန်းမင်းသည် နောင်တော် ပုဂံမင်းနှင့် အင်္ဂလိပ်အစိုးရတို့အကြား ဖြစ်ပွားသော ဒုတိယအင်္ဂလိပ်မြန်မာ စစ်ပွဲကို အသိအမှတ် မပြုချေ။

စစ်ပွဲကို အသိအမှတ် မပြုသည့် နည်းတူ စစ်ပွဲအတွင်းက မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ ဆုံးရှုံးပေးအပ်လိုက်ရသည်ကို လည်းကောင်း၊ စစ်ပြေငြိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ဖွယ်ရှိသည်ကို လည်းကောင်း၊ အသိအမှတ် မပြုခဲ့ပေ။



အင်္ဂလိပ်အစိုးရကမူ စစ်ပွဲတို့ ထုံးစံအတိုင်း စစ်ပြီးသည်နှင့် စစ်ပြေငြိမ်းရေး စာချုပ် တစ်ရပ် ရေးဆွဲလာသည်။ ထိုစာချုပ်ကို မြန်မာဘုရင်ဖက်မှ လက်မှတ်ထိုးရန် အင်္ဂလိပ်တို့က အကြိမ်ကြိမ် ကြိုးစား၏။ သို့သော် စစ်ဖြစ်ခြင်းကို အသိအမှတ် မပြုသော မင်းတုန်းဘုရင်မင်းမြတ်သည် စစ်ပြေငြိမ်းရေး စာချုပ်ကို အသို့လျှင် လက်မှတ်ထိုးရပါမည်နည်း။

အင်္ဂလိပ်တို့က မြေထဲမြို့အနီးတွင် နယ်ခြားဒေသကျောက်တိုင်စိုက်မည်၊ မြန်မာဘုရင်က အသိအမှတ်ပြုရမည်ဟု ဆိုလာ၏။ မင်းတုန်းမင်းက ခေါင်းခါခဲ့သည်။ မိမိ၏ နယ်ပယ်သည် ဤဒေသတွင် မဆုံး၊ အောက်မြန်မာပြည်တစ်ဝန်းလုံးနှင့် အကြုံးဝင်သည်။ အင်္ဂလိပ်တို့ စိတ်ကြိုက်လာစိုက်သော ကျောက်တိုင်ပဲ့ကို ဘုန်းတော် အလွန်တရာ ကြီးမြတ်သော ဆဒ္ဒန်ဆင်မင်း သခင် ဘုရင်မင်းမြတ်သည် အလွန်တရာမှ ရွံမုန်းခဲ့လေသည်။

နန်းတက်ပြီး တစ်နှစ်ကြာသော် အင်္ဂလိပ်မြန်မာ နယ်စပ်ဒေသရှိ မြန်မာအမှူးအချို့က အင်္ဂလိပ်တပ်များအား သွားရောက်တိုက်ခိုက်လိုကြောင်း စာရေး၍ လျှောက်ကြားလာသည်။ မင်းတုန်းမင်းမြတ်သည် ထိုသို့ လျှောက်ကြားချက်ကို ပယ်လိုက်၏။

ထိုအတွင်း အောက်မြန်မာပြည်တွင် ပုန်ကန်သောင်းကျန်းခဲ့ပြီးသော တော်လှန်ရေးသမားကြီး ဦးမြတ်ထွန်းသည် အထက်မြန်မာပြည်သို့ ခိုဝင်လာသည်။ မင်းတုန်းမင်းသည် ဦးမြတ်ထွန်းကို အားပေးအားမြှောက် မလုပ်ခဲ့ပေ။ တစ်ဖက်သူကို သွားတိုက်ခြင်းဖြင့် ပျားအုံကို တုတ်နှင့်ထိုးသည့် လုပ်ရပ်မျိုး သူမလုပ်လို။

အောက်မြန်မာပြည်ကို ပြန်လိုချင်သည်မှာ မှန်၏။ သို့သော် စစ်မက်တိုက်ခိုက်၍ ရယူခြင်းမျိုးကို မလိုလားပေ။ စစ်ဖြစ်လျှင် ပြည်သူတို့ 'နာ'ကြမည်။ တိုင်းပြည်လည်း 'ခါ' လိမ့်မည်။ အကောင်းဟူ၍ မရှိ။ ထို့ပြင် ခေတ်မီတိုးတက်သော သိပ္ပံလက်နက်များဖြင့် တပ်ဆင်ထားသော အင်္ဂလိပ်စစ်တပ်ကို မီးကျိုးဓားပျက်လက်နက်အို လက်နက်ဟောင်းများ ကိုင်ဆောင်ထားသော မြန်မာတပ်က ဘယ်လို ရင်ဆိုင်ရမှာလဲ။

စစ်လည်းမတိုက်၊ ငြိမ်းချမ်းရေးလည်း မလုပ်သော မြန်မာဘုရင်၏ အကဲကို အင်္ဂလိပ်တို့ နားမလည်နိုင် ဖြစ်ရပြီ။ မြန်မာဘုရင်သည် ဘာလဲ၊ မြန်မာဘုရင်သည် ဘယ်သို့ ဆန္ဒ ရှိလေသလဲ၊ မြန်မာဘုရင်သည် နောက်ထပ် ဘာလုပ်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကြံနေသလဲ၊ ဒါတွေကို သိရန် အင်္ဂလိပ်တို့ ကြိုးစားသည်။ ရုတ်တရက်ေ မအောင်မြင်။ စိန်ကဲကျောက်ကဲထက် လူကဲခတ်ရန် အရေးကား ခက်လှ ဘိတောင်း။

သို့သော် အင်္ဂလိပ်တို့သည် အားမလျှော့ချေ။ 'တစ်နေ့တစ်လံ ပုဂံဘ ပြေးမလဲ'၊ မိမိတို့ လိုချင်သော သတင်းအဝဝကို စိတ်ရှည်လက်ရှည် စုံ မည်။ ထောက်လှမ်းမည်။ အထက်မြန်မာပြည်မှ အောက်ပြည်သို့ စုန်ဆင်းလာသေ ကုန်သည်များထံမှ သတင်းစကားအချို့ ရတတ်သည်။ သည်သတင်းတို့က မှန်သည်လည်း ရှိ၏။ မှားသည်လည်း ရှိ၏။ စိတ်ကူးဖြင့် ရမ်း 'တွယ်' သွား သည်လည်း ရှိသည်။ ထို့ပြင် သီးခြား သူလျှို အထောက်တော်များကိုလည် အထက် မြန်မာပြည်သို့ လွှတ်သေးသည်။

ပြည်မြို့ အရေးပိုင်အဖြစ် ခန့်ထားသော ကပ္ပတိန် သောမတ်စ်လတ်တာ အင်္ဂလိပ်တို့က ထောက်လှမ်းရေး မင်းကြီး တာဝန်ပူးတွဲပေးလိုက်၏။ ထိုပုဂ္ဂို သည် အထက်မြန်မာပြည်အကြောင်း သိရှိရန် စေလွှတ်ထားသော အထော တော် သူလျှိုတို့မှ သတင်းစကားများကို စုဆောင်း၍ အိန္ဒိယရှိ အင်္ဂလိပ်အစိုးရ ပို့ပေးရသည်။

ကပ္ပတိန်လတ်တာမှာ မြန်မာစကား ကျွမ်းကျင်သည်။ ထိုအခါ ထမ်းဆောင်ရသော ရာထူးနှင့် 'တိုင်း၍ယက်တဲ့ပက္ကလာ မိုးရွာတာနှင့် အဆင်သင့် ဖြစ်မည်ဟု မျှော်လင့်ကြသည်။ သို့သော် အထင်နှင့်အမြင် တခြားစီ ဖြစ်သွား လတ်တာထံမှ ရသော သတင်းများမှာ သတင်းမှားများသာ ဖြစ်နေသည်။ အမှန် နည်းသည်။ ထို့ကြောင့် တစ်ကြိမ်တွင် ကပ္ပတိန်လတ်တာ ခမျာ ကုလားထို ပျောက်လုလု ဖြစ်သွားဖူးသည်။ ကပ္ပတိန်လတ်တာ ပို့ပေးသော သတင်းမှာ တစ်ပုဒ်ကို အပုတ်ကြီးထင်မိသော အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလ်ဟိုဇီမှ ထိုသတင်း မဟုတ်မှန်း သိရသောအခါတွင် ဒေါသအိုး ပေါက်ကွဲသွားသည် 'နောက်တစ်ကြိမ် ဒီလို သတင်းမှားတွေ လာပို့ရင် မင်းတော့ ရာထူးက အထုတ်ခံရပြီမှတ်'ဟုပင် ဒါလ်ဟိုဇီက မှတ်ချက်ချ သတိပေးခံရသည်ဟု ဆိုသည်

ကပ္ပတိန်လတ်တာလို ပုဂ္ဂိုလ်ထံမှ သတင်းမျိုးကိုပင် စိတ်မချရဆိုသော အခါ ဘုရင်ခံချုပ် ဒါလ်ဟိုဇီသည် နောက်ထပ် ဘာဆက်လုပ်ရမှန်း မသိ ဖြစ်သွား



ည်။ မြန်မာ့ဘုရင့်နန်းတွင်းမှ သတင်းများကို မရ၍ မဖြစ်ပေ၊ အမြဲမပြတ် ရှိထားနိုင်မှ တော်မည်။ ဒီတော့ ဘယ်လို ကြံရပါ့။

ဒါလ်ဟိုဇီက ပဲခူးတိုင်း မဟာဝန်ရှင်တော်မင်းကြီး ကပ္ပတိန်ဖယ်ရာ ထံသို့ ရေး၍ ညွှန်ကြားသည်။ အင်္ဂလိပ်နှင့် မြန်မာနိုင်ငံတို့အကြားတွင် ပုံမှန် က်ဆံရေး မရသေးမီ ကာလဝယ် တစ်နည်းနည်းဖြင့် ကြားခံ ပုဂ္ဂိုလ်ရအောင် ပေးပါဟု ညွှန်ကြားစာတွင် ဖော်ပြသည်။

မြန်မာ့နန်းတွင်း သတင်းများ ရရှိနိုင်ရေးအတွက် ယုံကြည်စိတ်ချရသော လ်တစ်ဦးဦးကို အမရပူရနေပြည်တော်တွင် ထားရှိပေးရန်နှင့် ထိုသို့ ထားရှိသော လ်အတွက် ငွေကြေး အကုန်အကျများလျှင် များပါစေ၊ ငွေရေးကြေးရေး င်ရန် မလို စသည်ဖြင့် အဆိုပါ ညွှန်ကြားစာ၌ ပါရှိခဲ့သည်။

ကပ္ပတိန်ဖယ်ရာအဖို့ အစွမ်းပြရန် အခွင့်တော့ ပေါ်ပြီ။ အထက်လူကြီး အားကိုးတကြီး ခိုင်းသည်ကို အောင်မြင်ထမြောက်အောင် လုပ်ပေးနိုင်လျှင် င်အရေးများစွာ ရှိလိမ့်မည်။ သို့သော် မြန်မာဘုရင် အစိုးရနှင့် ပတ်သက်သော တင်းများ စုံစမ်းရယူရန်မှာ ငှက်ပျောသီး အခွံနွှာစားသလိုတော့ လွယ်ကူမည် တ်။ အကြောင်းမှာ ထိုစဉ်က မြန်မာ့နိုင်ငံရေးသည် နန်းတော်တွင်းမှာသာ ည်။ နန်းတော်တွင်း ဆိုရာ၌လည်း ဘုရင်နှင့် ဝန်ကြီးတွေအကြား 'ကွက် က်ကလေး' မှာသာ ဖြစ်သည်။ ထိုသတင်းများကို လိုချင်လျှင် ယင်း က်ကွက်ကလေး' ကို ဝင်၍ ထိုးသို့ချေ၊ ရေလိုနှောက်နိုင်မှ ဖြစ်မည်။ သည်တော့ လုပ်မလဲ။

ဖယ်ရာသည် အကြံကြီး ကြံသည်။ မြန်မာဘုရင့်နန်းတော်တွင်းသို့ ဝင်ဆံ့ သူကို သူ ရှာသည်။ နောက်ဆုံးတော့ သူသည် သောမတ်စပီးယားဆိုသူ လ်တစ်ဦးကို တွေ့လေသည်။

စပီးယားမှာ အင်္ဂလန်ပြည် ဖိုက်ရှိုင်းယားနယ်တွင် မွေးဖွားသော စကော့ မျိုး တစ်ဦး ဖြစ်သည်။ သူသည် ကုန်သည်အဖြစ်နှင့် အမရပူရနေပြည်တော် အင်္ဂလိပ်ပိုင် နယ်မြေများအကြားတွင် 'အိမ်ဦးနှင့် ကြမ်းပြင်' လို ကူးသန်း လာခဲ့သည်မှာ သာယာဝတီမင်း လက်ထက်ကတည်းကပင်။ ကုန်သည်ဆိုရာ ငွေလုံးငွေရင်းကြီးစွာဖြင့် လုပ်ကိုင်သော ကုန်သည်ကြီးကား မဟုတ်ရှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်က ဆာပါပိုးဟု ခေါ်ကြသော ပိုးထည်များကိုသာ သယ်ယူ ရောင်း
နေသော အလယ်အလတ်တန်း ကုန်သည်ကလေး ဖြစ်သည်။

သောမတ်စပီးယားသည် မြန်မာမိန်းမတစ်ယောက်နှင့်ပင် အိမ်ထောင်
လိုက်သေးသည်။ စပီးယား၏ ဇနီးသည် 'မချို' တွင် သားသမီး နှစ်ယော
ရှိနေပြီ ဖြစ်လေသည်။ ပုဂံမင်းလက်ထက်တွင် ဒုတိယ အင်္ဂလိပ်မြန်မာစ
ဖြစ်သောအခါ ပုဂံမင်းသည် နေပြည်တော်ရှိ နိုင်ငံခြားသားများကို ဖမ်းဆီး
ထောင်သွင်း အကျဉ်းချထားလိုက်၏။ ထိုစဉ်က သောမတ်စပီးယားလည်း အဖ
ခံရရာ သူ့ကို ဖမ်းဆီးသွားသော နေ့မှာ ၁၈၅၂ ခု ဇူလိုင်လ ၂၄ ရက်နေ့ ဖြ
သည်ဟု နောင်သော် သောမတ်စပီးယားက မှတ်တမ်းရေးလေသည်။

စပီးယားကို ဖမ်းဆီးသွားစဉ်က သူပိုင် စာအုပ်စာတန်းများနှင့် ပစ္စည်းမျာ
ကို မီးလောင်တိုက် အသွင်းခံလိုက်ရသည်ဟုလည်း ဆိုသည်။ ယင်းပစ္စည်းများ၏
တန်ဖိုးမှာ မြန်မာ ဒင်္ဂါး ၇၂၀၀၀ မျှ ရှိသည်ဟု စပီးယားက တွက်လေသည်

မင်းတုန်းမင်းတရား နန်းတက်လာသောအခါတွင် ပုဂံမင်းလက်ထက်
ဖမ်းထားသော နိုင်ငံခြားသားများကို လွှတ်ရန် အမိန့်ချသည်။ ထိုအခါတွင်
အီတလီ သာသနာပြု ဘုန်းတော်ကြီး ဒိုမင်ဂိုတာရိုလီနှင့်အတူ သောမတ်စပီးယား
လည်း ထောင်မှ လွတ်လာသည်။ မင်းတုန်းဘုရင်သည် လွတ်မြောက်လာသော
နိုင်ငံခြားသားများကို ရှေ့တော်သွင်း အဖူးမြော်ခံသည်။ လိုလားချက်များကို ကြား
နာသည်။ သို့သော် စပီးယား ဆုံးရှုံးသော ပစ္စည်းများ၏ တန်ဖိုးကိုကား အလျော်
မရတော့ချေ။

ဖယ်ရာက စပီးယားကို အသုံးပြုရန် ကြံရွယ်ခြင်းမှာ စပီးယားသည်
မြန်မာအမျိုးသမီးကို ယူထားပြီး မြန်မာစကား ကျွမ်းကျင်သည်။ မင်းတုန်းဘုရင်
နှင့်ပင် တိုက်ရိုက် ဆက်ဆံဖူးသူ ဖြစ်သည်ဟူသော အရည်အချင်းများကြောင့်
ဖြစ်သည်။ ဖယ်ရာကား စပီးယားကို လူရွေးမှန်ခဲ့သည်။ စပီးယားထံမှ သတင်း
အချက်အလက်အချို့ ရခဲ့သည်။ စပီးယားသည် ကပ္ပတိန် ဖယ်ရာ အဖို့ အသုံးတည့်
လေပြီ။



၂

စပီးယားကား လူလည် ဖြစ်၏။ သူ့ကို ကပ္ပတိန်ဖယ်ရာက အသုံးပြုသလို၊
သူကလည်း ဖယ်ရာကို ပြန်၍ သုံးခဲ့လေသည်။ သူသည် မြန်မာဘုရင့် နန်းတွင်း
သို့ ဝင်၍ မင်းတုန်းဘုရင်ကို ဖူးမြော်ရစဉ် ဖယ်ရာနှင့် မိမိမည်သို့ ရင်းနှီးကျွမ်း
ဝင်သည်။ ဖယ်ရာကို မိမိ မည်သို့ ပိုင်သည်ကို ကြွားလုံးကလေးနှော၍ ပြော
သည်။ သည်တော့ မင်းတုန်းဘုရင်ကလည်း စပီးယားကို မိမိအတွက် အသုံး
ချနိုင်သည့် မျက်နှာဖြူ တစ်ဦးဟု မှတ်လေသည်။ မှတ်ယူသည့် အတိုင်းလည်း
စပီးယားကို အသုံးပြုရန် ကြိုးစား၏။ သို့သော် လူလည် စပီးယားသည် သူ့အကျိုး
အတွက် မင်းတုန်းမင်းကို ပြန်၍ အသုံးမချပေဘူးလား....။ သူလိုချင်သော အခွင့်
အရေးကို ဘုရင်မင်းမြတ်ထံမှ မတောင်းဘဲ နေပါ့မလား။

အင်္ဂလိပ်အစိုးရက သရက်ဒိစတိတ်ရှိ မင်းတုန်းမြို့ကို မိမိတို့ ပိုင်နက်ထဲ
တွင် ထည့်သွင်းထား၏။ သည်အကြောင်းကို မင်းတုန်းဘုရင် ကြားသိရသော
အခါ အိပ်၍မပျော် စား၍ မဝင်တော့ပြီ။ မင်းတုန်းမြို့ကား မိမိမင်းသားဘဝက
အပိုင်စားခဲ့သော မြို့မဟုတ်လား။ မင်းတုန်းမြို့ကို အင်္ဂလိပ်တို့က သူတို့ နယ်မြေ
ထဲ ထည့်လိုက်သည်မှာ ရက်စက်လွန်းပါဘိသည်။ တကယ်ဆို သည်မြို့ကလေး
တစ်မြို့ကို ချန်ထားလို့ ဘာများ ထိခိုက် နစ်နာစရာရှိသနည်း။ မင်းတုန်းမင်း
သည် များစွာ စိတ်ထိခိုက်ရှာသည်။

ထို့ကြောင့် ကုန်သည် စပီးယားကို အခစားဝင်စေ၏။ ထို့နောက် ဘုရင်မင်း
မြတ်သည် မိမိ၏ ခံစားချက်ကို စပီးယားရှေ့၌ ရင်ဖွင့်လေသည်။ မိမိသည်
မင်းသားဘဝကတည်းကပင် အင်္ဂလိပ်တို့ကို မဟာမိတ်အဖြစ် အသိအမှတ်ပြုခဲ့သည်။
သို့သော် မင်းတုန်းမြို့ကလေးကိုမှ ချမ်းသာမပေးဘဲ အင်္ဂလိပ်က သူတို့ နယ်မြေထဲ
သွင်းလေပြီ။ သည်လုပ်ရပ်သည် တော်ရော့သလား၊ မိမိကို တမင်သက်သက်
စော်ကားလိုက်ခြင်းနှင့် မတူပေဘူးလား။ စင်စစ်ဆိုသော် မင်းတုန်းမြို့သည် ကြွယ်ဝ
ချမ်းသာသည်လည်း မဟုတ်၊ ရိုးမတောင်ခြေရှိ အသွားအလာ ခက်လှသော ဒေသ
နယ် ရွာသာသာမျှပင် ရှိသည်။ တောင်ငူဖက်တွင် နယ်နိမိတ်တွေကို အင်္ဂလိပ်တွေက
ကြိုက်သလို သတ်မှတ်ချင်က သတ်မှတ်ကြပါတော့၊ မင်းတုန်းမြို့ကလေးကိုတော့
နယ်နိမိတ်ထဲ မထည့်ဘဲ ကြည့်လုပ်ပေးဖို့ ကပ္ပတိန်ဖယ်ရာကို ပြောပြစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မင်းတုန်းမင်းက မှာသည်၊ စပီးယားသည် ခေါင်းကို အကြိမ်ကြိမ်ညိတ်၏။ မင်းတုန်းဘုရင့်မိန့်မှာချက်များကို ကပ္ပတိန် ဖယ်ရာထံသို့ တင်ပြပါမည်ဟု သူက အထပ်ထပ် ကတိပေးလေသည်။ စပီးယားက ဖယ်ရာကို ထိုအကြောင်းတင်ပြခဲ့သည်။ သို့သော် ဖယ်ရာထံမှ အဖြူအမဲ သဲကွဲသော အဖြေကား မရ၊ ဖယ်ရာ မှာလိုက်သည့် စကားမှာ ဓာတ်ပြားဟောင်းကို ဖွင့်သည်သာ။ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ရန်တည်း။

မင်းတုန်းမင်းသည် အောက်မြန်မာပြည်ကို ပြန်၍ လိုချင်လှသည်မှာ တစ်ပိုင်းသေနေပြီ။ သို့သော် အင်္ဂလိပ်တို့က လက်နက်အားကိုးနှင့် တိုက်ယူထားသော အောက်မြန်မာပြည်ကို မင်းတုန်းမင်းက မေတ္တာရပ်၍သာ ပြန်တောင်းချင်သည်။ 'အကြမ်းမှုကို အနုနှင့်သာ အောင်စေရာ' ဟု မင်းတုန်းမင်းက အာရုံထားသည်။ သူ့ညီတော် အိမ်ရှေ့စံ ကနောင်မင်းကမူ ထိုသို့ မဟုတ်။ အောက်မြန်မာပြည်ကို ပြန်လိုချင်သည်မှာ မှန်၏။ သို့သော် 'ကျားကို ဥပုသ်စောင့်ခိုင်း၍ မဖြစ်'ဟု နားလည်သည်။ ထို့ကြောင့် မိမိပိုင် နယ်မြေများကို အင်္ဂလိပ်တို့ထံ မေတ္တာရပ်ခံ၍ တောင်းသည့်နည်းဖြင့် အောင်မြင်မည် မဟုတ်ဟု သိထားသည်။ ဘာပဲဖြစ်ဖြစ် ဓားကို ဓားချင်း၊ လှံကို လှံချင်း၊ လက်နက်ကို လက်နက်ချင်း ယှဉ်သည်သာ အသင့်ဆုံးအလျော်ဆုံး လမ်းဖြစ်သည်။ ဤသို့ ကနောင်မင်းက မြင်လေသည်။ သို့သော် နောင်တော်မင်းတရားကို နေရာထားသော ညီတော်မို့ မင်းတုန်းမင်း၏ သဘောဆန္ဒနှင့် ပတ်သက်၍ မျက်နှာချင်းဆိုင် အတိုက်အခံ ပြောခြင်းကိုကား ကနောင်မင်းက မပြုချေ။

သည်အတွင်း မင်းတုန်းမင်းရော ကနောင်မင်းပါ ကမ္ဘာ့ဗဟုသုတကို ပြိုင်တူရှာကြသည်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေကို လေ့လာကြသည်။ ထိုအခါတွင် ရန်ကုန်မြို့ မှ အင်္ဂလိပ်အစိုးရက ထုတ်ဝေသော 'ရန်ကုန်ကရော်နီကယ်' သတင်းစာနှင့် ကာလကတ္တားမှ ထုတ်ဝေသော 'ကာလကတ္တားကရောနီကယ်' သတင်းစာများသည် ညီနောင်နှစ်ပါး၏ ဗဟုသုတ ဘဏ္ဍာသိုက်များ ဖြစ်လာကြ၏။ သူတို့သည် သတင်းစာဖတ်ရင်း အောက်မြန်မာပြည်ရှိ အင်္ဂလိပ်တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့ကိုလည်း အကဲခတ်ကြသည်။

သတင်းစာများမှာ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားလေရာ အမရပူရနေပြည်တော်ရှိ အာမေနီယံလူမျိုးများကို ခေါ်၍ မြန်မာဘာသာသို့ ပြန်ဆိုအဖတ်ခိုင်းရ



သည်။ တစ်ကြိမ်တွင် အင်္ဂလိပ်အစိုးရနှင့် ရုရှားအစိုးရတို့ မသင့်မတင့် ဖြစ်လာကြပုံကို သတင်းစာပါ သတင်းများအရ မင်းတုန်းမင်း သိရသည်။ ဒါ အချိန်ကောင်း မဟုတ်ပေဘူးလား။ အင်္ဂလိပ်သည် အောက်မြန်မာပြည်မှ သူ့တပ်တွေကို ရုပ်သိမ်းပြီး ရုရှားနှင့် ယှဉ်ပြိုင်ရလိမ့်မည်၊ ခုနေခါမှာ တို့မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အင်္ဂလိပ်အစိုးရတို့လည်း အဆက်အဆံကောင်းလှသည်။ သည်အချိန်မှာ တို့နယ်တွေ ပြန်တောင်းကြည့်ရရင် မကောင်းပေဘူးလားဟု မင်းတုန်းဘုရင် တွေးမိသည်။

သူ့အတွေးသည် မဆိုးလှပေ။ ယခုအခါတွင် စပီးယားလို နိုင်ငံရေးပွဲစားမျိုး၏ ဆောင်ရွက်မှုဖြင့် အင်္ဂလိပ်တို့နှင့် ဆက်ဆံရေးမှာ အမှန်တကယ်ကောင်းလာသည်။ မင်းတုန်းမင်းသည် လက်ဝတ်ရတနာများနှင့် ရာကျပုဆိုး အဖိုးတန်များကို အိန္ဒိယဘုရင်ခံချုပ် ဒါလဟိုဇီထံသို့ ကပ္ပတိန်ဖယ်ရာမှ တစ်ဆင့် ပို့ခဲ့သည်။ ဖယ်ရာထံမှ တစ်ဆင့် ရရှိသော အပြန်လက်ဆောင်များတွင် ဘုရင်မင်းမြတ်ကြိုက်နှစ်သက်သော ဘီလူးကျွန်း ဒူးရင်းသီးနှင့် ကနောင်မင်းအတွက် သေနတ်လက်နက်များပင် ပါရှိသည်။

ပြီးတော့ ကုန်သွယ်ရေးက ကြည့်အုံး။

မြန်မာနယ်စပ်တွင် အင်္ဂလိပ်တို့ ချထားသော တပ်များအတွက် ဂျုံသည်လည်းကောင်း၊ ပဲသည် လည်းကောင်း၊ အဓိက ရိက္ခာ ဖြစ်သည်။ မင်းတုန်းမင်း၏အစိုးရသည် အင်္ဂလိပ်တို့ထံ ဂျုံ၊ ပဲနှင့် အခြား ပစ္စည်းများကို တင်ပို့ရောင်းချရသည်။ ဂျုံနှင့်ပဲကို တစ်တင်း နှစ်ကျပ်နှုန်းဖြင့် တင်းပေါင်း သောင်းချီ၍ နှစ်စဉ် ရောင်းချခဲ့ရသည်။ သည်သို့ ဆက်ဆံရေးများ အပေါင်းလက္ခဏာပြနေချိန်တွင် မိမိပိုင်နယ်မြေများ ပြန်ရဖို့ အင်္ဂလိပ်ကို နှူးကြည့်ချင်သည်။ 'ငါး မရရင်လဲ ရေချိုးပြန်ရုံပေါ့' ဟု မင်းတုန်းမင်းက သဘောထားသည်။ မိမိတို့အတွက် သည့်ထက်ပို၍ကား အရှုံးမရှိတော့ပြီ။

ယခင် ဒလဝန်ဟောင်း၊ ယခု နန်းမတော်ဝန်ဖြစ်နေသူ မင်းကြီးမဟာမင်းခေါင်ရာဇာကို အိန္ဒိယပြည်သို့ စေလွှတ်မည့်မြန်မာသံအဖွဲ့အား ခေါင်းဆောင်စေသည်။ သူနှင့်အတူ ဝန်ထောက်ဟောင်း မဟာမင်းထင်ကျော်၊ ကုလားဝန် မဟာမင်းခေါင်သီဟသူ၊ စဉ့်ကူးဝန်ဟောင်း မဟာမင်းကျော်ရာဇာတို့လည်း သံအဖွဲ့ဝင်များအဖြစ် လိုက်ပါသည်။ ဒလဝန်ဟောင်းကို ဤအဖွဲ့တွင် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခန့်ခြင်းမှာ ရည်ရွယ်ချက် ရှိသည်။ သူသည် အောက်ပြည်အောက်ရွာတွင် အမှုတော်ထမ်းစဉ်က မျက်နှာဖြူတွေနှင့် ရင်းရင်းနှီးနှီး၊ ကျွမ်းကျွမ်းဝင်ဝင် ဖြစ်ဖူးသည်။ ထိုပုဂ္ဂိုလ်မျိုးကို အင်္ဂလိပ်အစိုးရထံသို့ စေလွှတ်ခြင်းဖြင့် သူတို့သဘောကို စောကြောသိရှိနိုင်မည်၊ အစစအရာရာ အဆင်ပြေမည်။ ချောမောမည် မဟုတ်လား။

မြန်မာသံအဖွဲ့တွင် အဖွဲ့ဝင် လူဦးရေ ၄၈ ဦး ပါဝင်၏။ ထို့ပြင် အိန္ဒိယရှိ အင်္ဂလိပ်အစိုးရထံ လက်ဆောင်ပေးရန်အတွက် အဖိုးတန် လက်ဆောင်များနှင့် အိန္ဒိယ ဘုရင်ခံချုပ်အတွက် လက်ဆောင်ဆက်ရန် မြင်းဆယ်ကောင်လည်း ပါသွားသည်။

နန်းမတော်ဝန်ခေါင်းဆောင်သော အဖွဲ့သည် ၁၈၅၄ ခုနှစ်၊ အောက်တိုဘာလဆန်းတွင်နေပြည်တော်မှ စတင်ထွက်ခွာသွား၏။ အောက်တိုဘာ ၅ ရက်နေ့တွင် ရန်ကုန်သို့ ဆိုက်ရောက်၏။ ရန်ကုန်တွင် ၂ လနီးပါး ကြာသောအခါမှ မြန်မာသံအဖွဲ့သည် အိန္ဒိယပြည်သို့ ခရီးဆက်ရသည်။ ရန်ကုန်မှ ထိုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် စတင်ခရီးထွက်ခဲ့ရာ ကာလကတ္တားသို့ နိုဝင်ဘာ ၂၈ ရက်နေ့တွင် ရောက်ကြသည်။

မြန်မာသံအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၃ ရက်နေ့တွင် တစ်ကြိမ် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလ်ဟိုဇီနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ရသည်။ မြန်မာ သံအဖွဲ့ဝင်တို့က ဘုရင်ခံချုပ်ထံ တင်ပြ၏။ မိမိတို့ နှစ်နိုင်ငံသည် သေးငယ်သော အကြောင်းကလေးများကို အခြေတည်ကာ ဝမ်းနည်းဖွယ် စစ်ကို တိုက်ခိုက်ခဲ့ကြရသည်။ ယခုသော် စစ်ပွဲကို မေ့လိုက်ကြရပြီ၊ မြန်မာနိုင်ငံ၏ ပြည့်ရှင် မင်းတုန်းဘုရင်မင်းမြတ်က အကြည်တော် အင်္ဂလိပ်အစိုးရမင်းများနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရန် ဆန္ဒရှိနေပြီ။ နိုင်ငံနှစ်နိုင်ငံကို ရွှေနှစ်ပြား တစ်သားတည်း ခပ်ဘိသို့ ပေါင်းစည်းရင်းနှီးနေလိုပြီ၊ သို့ဖြစ်ရကား စစ်ပွဲ မဖြစ်မီက ရှိနှင့်သော မြန်မာနိုင်ငံပိုင် နယ်မြေများကို မြန်မာဘုရင့် အစိုးရထံသို့ ပြန်ပေးပါရန် မေတ္တာရပ်ခံလိုသည်။ ယင်းတို့ကား မြန်မာသံအဖွဲ့၏ တင်ပြချက် အတိုချုပ်တည်း။

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလ်ဟိုဇီသည် မြန်မာသံအဖွဲ့၏ တင်ပြချက်ကို အသေအချာ ကြားနာသည်။ သို့သော် မိမိတို့ အင်္ဂလိပ်အစိုးရက သိမ်းထား



သော နယ်မြေများကို မြန်မာဘုရင့်ဆန္ဒအတိုင်း ပြန်ပေးဖို့ ဆိုသည်မှာ မဖြစ်နိုင်သော စကားကို ဆိုခြင်းသာတည်း။

စင်စစ်ဆိုသော် အင်္ဂလိပ်အစိုးရသည် နယ်ချဲ့ရခြင်း၏ အရသာကို ကောင်းစွာ သိခဲ့ပြီ။ ၁၈၂၄ ခုနှစ် စစ်ပွဲ၊ ၁၈၅၂ ခုနှစ် စစ်ပွဲများက နယ်ချဲ့ စစ်ပွဲ၏ အရသာများကို ကောင်းစွာ မြည်းစမ်းစေခဲ့ပြီးပြီ။ လူသားစားဖူးသော ကျားသည် လူသားကိုသာ စားချင်သည်။ လူသားကိုသာ လျှာတွင် စွဲနေသည်။ နယ်ချဲ့စစ်ပွဲကို တိုက်ခဲ့သော အင်္ဂလိပ်တို့သည်လည်း စစ်ပွဲ၏ အရသာကို လျှာတွင် စွဲနေပြီ။ သည်တော့ စစ်ပွဲတုန်းက သိမ်းပိုက်ထားသော နယ်မြေများကို အသာတကြည် ပြန်ပေးရမည် ဆိုလျှင် မိုက်ရာကျမနေပေဘူးလား။


ကြည့်တော့၊ အောက်မြန်မာပြည်သည် စပါးထွက်ကောင်းသည်။ မြန်မာပြည်၏ ဝမ်းပိုက်နှင့် နှိုင်းလျှင် မရိုင်း။ စည်ပင်ဝပြောသော နယ်မြေ ဖြစ်သည်။ အခြား ကောက်ပဲသီးနှံလည်း ပေါကြွယ်ဝသည်။ အောက်မြန်မာပြည်ကို သိမ်းထားသဖြင့် အထက်မြန်မာပြည်၏ ထွက်ပေါက်ကို ပိတ်ထားပြီး ဖြစ်သည်။ နိုင်ငံခြားနှင့် ဆက်သွယ်သွားလာလိုလျှင်ပင် ဧရာဝတီမြစ်ကို စုန်ဆင်းပြီး မြစ်ဝရှိ မိမိတို့ အင်္ဂလိပ်အစိုးရ ခွင့်ပြုချက်ကို ယူရဦးမည်။ ထို့ပြင် အင်္ဂလိပ်အစိုးရသည် ကမ္ဘာတွင် ရေတပ်ဖြင့် လူတွင်ကျယ်လုပ်နေသည်။ မြန်မာပြည်ကို မိမိတို့ရထားခြင်းဖြင့် အိန္ဒိယကမ်းခြေမှသည် စင်္ကာပူအထိ ရှည်လျားသော ရေလမ်းတစ်လျှောက်ကို စိုးမိုးနိုင်ပြီ မဟုတ်လား။ ထို့ပြင် အရေးအကြီးဆုံး အချက်ကား မိမိတို့သည် အထက်မြန်မာပြည်ကို အမှည့်ချွေ ချွေနိုင်သော အခြေအနေ ရှိနေခြင်း ဖြစ်သည်။ ကမ္ဘာနှင့် အဆက်အသွယ် မရှိတော့ပြီ ဖြစ်သော အထက်မြန်မာပြည်ကို မိမိတို့သည် အချိန်မရွေး ဆန်ဟက်သိမ်းယူနိုင်သည်။ တစ်နေ့တွင် သိမ်းလည်း သိမ်းယူမည် ဖြစ်သည်။ ဤ အခြေအနေ၌ အလုပ်ရှုပ်ခံပြီး အောက်မြန်မာပြည်ကို အဘယ့်ကြောင့် ပြန်ပေးနေရဦး တော့မည်နည်း။

ထို့ကြောင့်ပင် မြန်မာသံအဖွဲ့နှင့် တွေ့စဉ်က အိန္ဒိယဘုရင်ခံချုပ်က ဤသို့ ယဉ်ကျေးစွာ အကြောင်းပြန်သည်။

အိန္ဒိယဘုရင်ခံချုပ်သည် မြန်မာသံအဖွဲ့ခေါင်းဆောင်ကို လသာဆောင်သို့ ခေါ်သွားပြီး ကောင်းကင်သို့ လက်ညှိုးညွှန်သည်။ သူက 'ဟောဒီ မိုးကောင်းကင်မှာ နေတွေ လတွေ သွားလာနေသမျှ ကာလပတ်လုံး အောက်မြန်မာနိုင်ငံကို


www.burmeseclassic.com

www.burmeseclassic.com



ပုံ(၁၂)။ မင်းတုန်းမင်း ကုသိုလ်မဟာ၊ သုဓမ္မာဇရပ်တန်း

ှ်မှာ သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင်၊ မင်းတုန်းမင်းကြီးက ငွေတော် တ်ပေး၍ ဆောက်လုပ်လှူဒါန်းခဲ့သော သုဓမ္မာဇရပ်တန်း။ မူလ ာက်လုပ်စဉ်က ၃၃ ဆောင် ရှိပြီး ယခုအခါ ၁၈ ဆောင်သာ ကျန်ရှိ၏။



ပုံ(၁၃)။ ဗုဒ္ဓပိဋကတ်တော်ကျောက်စာ နှစ်များစွာတည်စေဖို့

၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄–ရက်နေ့တွင် ထွင်းထု ပြီးစီးခဲ့သော မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်၊ ဗုဒ္ဓကျမ်းစာ ပိဋကတ်တော် ကျောက်စာပေါင်း ၇၂၉ ချပ်။ ကျောက်စာ တစ်ချပ်လျှင် ဓွယ်တော်ကြူ(?)ပုံ အုတ်ပြာသာဒ်တစ်ဆောင်စီဖြင့် ပူဇော်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရက အုပ်စိုးနေအုံးမှာပဲဆိုတာ ဘုရင်မင်းမြတ်ထံ လျှောက်တင်လိုက်ပါတော့' ဟု သိမ်မွေ့စွာ ဆိုလေသည်။

မြန်မာသံအဖွဲ့အဖို့ ခဲလေသမျှ သဲရေကျလေပြီ။ မိုင်ပေါင်း များစွာ ကွာဝေးသော ခရီးကို ရက်ပေါင်းများစွာ ကြာအောင် လာခဲ့ရသော တာဝန်တို့သည်လည်း ဤတွင်ရှေ့ နိဋ္ဌိတံပြီ။ အောက်မြန်မာပြည် ပြန်ရရေးအတွက် ကြိုးပမ်းခဲ့သော မြန်မာသံအဖွဲ့သည် ကာလကတ္တားမြို့မှနေ၍ အမရပူရ နေပြည်တော်သို့ အောင်မြင်စွာ ဆုတ်ခွာလာခဲ့ရသတည်း။

## ၃

မြန်မာသံအဖွဲ့ စိတ်ပျက်သွားအောင်ပင် အိန္ဒိယဘုရင်ခံချုပ်က ပြောလွှတ်ခဲ့သည်။ မူလက နယ်မြေတွေ ပြန်ရအောင် ပြောလိုက်မည်၊ ဆိုလိုက်မည်ဟု မောင်းတင်၍ သွားသော မြန်မာသံအဖွဲ့မှာ ဘာမှ မရခဲ့ဘဲ 'ခြေဖဝါးနှင့်လက်ဖဝါး' အတိုင်း ပြန်ခဲ့ရသည်။ မြန်မာသံအဖွဲ့ ပြန်သွားပြီးသည်နှင့် အင်္ဂလိပ်သံအဖွဲ့ တစ်ဖွဲ့စေလွှတ်ရန် အိန္ဒိယဘုရင်ခံချုပ်က စီစဉ်သည်။ ထိုသို့ လွှတ်မည့်အကြောင်းလည်း မြန်မာသံအဖွဲ့ကို ဘုရင်ခံချုပ်က မှာလိုက်သည်။ သည်တော့ မင်းတုန်းဘုရင်မင်းမြတ် သဘောတော်ကျ၏။ လာပစေအုံး သူတို့သံအဖွဲ့ကို ကောင်းပေ့ညွှန့်ပေ့ ဆိုတာတွေနှင့် ညှော်ခံလိုက်မည်၊ ပြုစုလိုက်မည်။ ပြီးတော့ တို့နယ်တွေ မတရား သိမ်းထားတဲ့ အင်္ဂလိပ်တွေကို ကောင်းကောင်းကြီး တရားဟောပစ်လိုက်ဦးမည်။ ပျားရည်နှင့် ဝမ်းချကြည့်မည်။ အထပ်ထပ်အခါခါ တရားပြကြည့်လျှင်တော့ မျက်နှာဖြူ ညှော်သည်တွေ စိတ်ကောင်းကလေး ဝင်ကောင်းရဲ့၊ ထိုအခါတွင် တို့နယ်တွေ ပြန်ပေးဖို့ မျှော်လင့်ချက်ရောင်ခြည်များ မြင်ရလေမလား။

မင်းတုန်းမင်းသည် ထိုသို့ တွေးကာ အင်္ဂလိပ်သံအဖွဲ့လာမည့် ရက်ကို လက်ချိုးရေတွက်၍ စောင့်လေသည်။

အင်္ဂလိပ်သံအဖွဲ့သည် ၁၈၅၅ ခုနှစ် ဩဂုတ်လတွင် အထက်မြန်မာနိုင်ငံသို့ သင်္ဘော နှစ်စီးဖြင့် ဆန်တက်လာလေသည်။ ပဲခူးတိုင်း မဟာဝန်ရှင်တော်မင်းကြီး မေဂျာဖယ်ရာက ယင်းသံအဖွဲ့ကို ခေါင်းဆောင်၏။ အဖွဲ့နှင့်အတူ



အင်္ဂလိပ်စစ်ဖက်အရာရှိများ၊ ဓာတ်ပုံမှတ်တမ်းတင်သူ၊ ပန်းချီဆရာနှင့် အင်္ဂလိပ်[illegible]မတော်သား ၄၀၀၊ ဘင်ခရာတပ်ဖွဲ့ စသည်တို့ ပါလာသည်။

ဤအဖွဲ့ကား သံအဖွဲ့ဆိုစေကာမူ ဘုရားဖူးရင်း လိပ်ဥတူးကြမည့် သူများဖြစ်ကြသည်။ မြန်မာမင်းပိုင်နက်ကို ပတ်ပတ်နပ်နပ် ထောက်လှမ်း မှတ်တမ်းတင်ရန် ကြိုးပမ်းမည့် အဖွဲ့ဖြစ်သည်။ နောင်အခါ မိမိလက်ထဲရောက်လာမည့် ဒေသကို ကြိုတင်သတင်းထောက်လှမ်းရန် နယ်ချဲ့သမား ကြိုးပမ်းနေခြင်းလည်း ဖြစ်သည်။ ယင်းခရီးတွင် ရောက်ရာဒေသကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာကြသည်က ထိုအချက်ကို ထောက်ခံနေပြီ။ တိုင်းပြည်စီးပွားရေးတွင် အရေးအပါဆုံးဖြစ်သော ရေနံချောင်း ရေနံတွင်းများကို လေ့လာရန်ကား မြန်မာအစိုးရထံမှ ကြိုတင်ခွင့်ပြုချက်ပင် ယူထားခဲ့ကြသည်။

အင်္ဂလိပ်သံအဖွဲ့ သင်္ဘောကို (အထက်) မင်းလှတွင် ထားခဲ့ပြီး မြန်မာ[illegible]လှေများနှင့် ခရီးဆက်ရန် မြန်မာတို့က စီစဉ်သေး၏၊ မင်းလှမှ သည်ဖက်တွင် မြန်မာလှေတော်တို့က သံတမန်များကို သယ်ယူလာရန် ဖြစ်သည်။ သို့သော် အင်္ဂလိပ်သံအဖွဲ့က လက်မခံသောကြောင့် မြန်မာတို့က အလျှော့ပေးလိုက်ရသည်။

မြန်မာနယ်နမိတ်သို့ သံအဖွဲ့သင်္ဘောဝင်သည်နှင့် မြန်မာတို့က ဂရုစိုက်ပြုစု [illegible]ခံလိုက်ရသည်မှာ လိုသည်ထက်ပိုနေသလား ထင်ရသည်။ ဤသည်မှာ ဘုရင်မင်းမြတ်၏ အမိန့်တော်အတိုင်း ဖြစ်သည်။ မင်းလှမှနေ၍ ပုပ္ပားဝန်ထောက် [illegible] ဦးစီးသော မြန်မာအရာရှိများက ကြိုနေသည်။ ထိုမှအညာသို့ တက်လာသည့် [illegible]ဝယ် ယုတ်စွအဆုံး ဆိပ်ကမ်း ဝဲယာတို့ကပင် အိုးစည်ဗုံမောင်း အကျွေး[illegible]တို့ဖြင့် စည်ကားစွာ ကြိုရသည်။ ကျောက်တစ်လုံးကင်းစခန်းသို့ ရောက်သော [illegible] နန်းမတော်ဝန်ခေါင်းဆောင်သော အဖွဲ့က လှေတစ်ထောင်ကျော်ဖြင့် ခမ်း[illegible]ဖွာ ကြိုသည်။ စစ်ကိုင်းရှိ သံတဲတွင်ကား ဘုရင့်ဝန်ကြီး ဦးကြာဥကိုယ်တိုင် [illegible]ကမ်းသို့ ဆင်းကြိုနှုတ်ဆက်သည်။ သံတဲသို့ အသွားတွင် မြန်မာတပ်သား [illegible]ထောင်တို့က မြန်မာ့ရိုးရာ စစ်ရေးပြ အခမ်းအနားဖြင့် ဂုဏ်ပြု၏။ သံတဲဝ[illegible] ဝန်ကြီး ဦးကြာဥနှင့် ဝန်ကြီး ဦးမှိုတို့ကိုယ်တိုင် အသင့်ကြိုလေသည်။

မြန်မာတို့၏ သံတဲကား ခမ်းနားလှပါဘိသည်။ ကတ္တီပါ ကော်ဇော[illegible]များ၊ [illegible]တ်မီးပုံးကြီးများ၊ မျက်နှာကျက်ယပ်များဖြင့် တခမ်းတနား ဆင်ယင်ထားသည်။ [illegible]ဝင်းအတွင်း၌ သစ်ပင်အသီးသီးတွင် သရက်သီး၊ ပန်းသီး[illegible] စသော အသီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဝေဝေဆာဆာ သီးနေသည်။ ထိုသစ်ပင်များကား မြန်မာ့အနုပညာဖြင့် မွမ်းမံထားသော သစ်ပင်အတုများ ဖြစ်၏။ သစ်သီးများကို သွားရူးစားသောအခါ မှ တကယ့် သစ်သီးများ မဟုတ်ပဲ စက္ကူဖြင့် ပြုလုပ်ထားသော သစ်သီးများ ဖြစ်နေ၏။ သစ်သီးများအတွင်း၀ယ် အင်္ဂလိပ်တို့အကြိုက် မုံ့များ၊ သကြားလုံးများ ထည့်ထားသည်။

ညဥ့်တွင် သံတမန်အဖွဲ့ကို ဧည့်ခံရန် ပွဲတခြိမ့်ခြိမ့်ဖြင့် စည်ကားနေ၏။ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲတို့မှာ ဆိုင်းသံ ဗုံသံ စည်စည်ဝေဝေနှင့် ရှိသည်။ သံအဖွဲ့ဝင်တို့သည် သံတဲ၏ လေသာဆောင်မှ နေ၍ စည်းစိမ်မပျက် ပွဲကြည့် နိုင်ရန် စီစဉ်ထား၏။ ပွဲကြည့်ပြီးလျှင် အိပ်ရာဝင်ရန် လသာဆောင်နှင့် တွဲပြီး အိပ်ခန်းများက အဆင်သင့်၊ ဧည့်ခန်းဆောင်လည်း ပူးတွဲပြီးလျက်။

ဧည့်သည်သံတမန်တို့၏ စားရေးသောက်ရေးအတွက်ကား အကောက်ဝန် ကမ္မရက်တားက သူ့လက်သူ့ခြေ ဖြစ်အောင် စီမံထားသည်။ အနောက်တိုင်းသားတို့ အကြိုက် ပေါင်မုံ့နှင့် အသားစားဖွယ်သောက်ဖွယ်များနှင့်အတူ အချိုပွဲ၊ အချဉ်ပွဲ မြန်မာစားသောက်ဖွယ်က အလျှံပယ်၊ ဧည့်သည်တို့ မစားနိုင်သော်မှ ရှိစေတော့ ကိုယ့်ဖက်ကဖြင့် ချွတ်ယွင်းသည်ဟု မရှိစေနှင့်၊ ဧည့်ဝတ်မကျေ မရှိစေနှင့်။

သို့သော် ဤမျှ ဧည့်ဝတ်ကျေရန် ကြိုးပမ်းပါလျက် အခက်အခဲကလေး တွေ၊ အဖုအထစ်ကလေးတွေက ရှိနေသည်။ ဥပမာ အိန္ဒိယဘုရင်ခံချုပ်၏ သဝဏ်လွှာကို မင်းတုန်းဘုရင်မင်းမြတ်ထံ ဆက်သရန် ညှိနှိုင်းစဉ် အဆင်မပြေ ဖြစ်တာမျိုးကိုကြည့်။

သည်ကိစ္စအတွက် ဧည့်သည်တို့နှင့် မြန်မာဝန်ကြီးတို့ ညှိနှိုင်းကြ၏။ ဧည့်သည်တော် အင်္ဂလိပ်သံတမန်ကြီး မေဂျာဖယ်ရာက ဘုရင်ခံချုပ်၏ သဝဏ်လွှာကို ထီးဖြူတော်အုပ်မိုး၍ မြေနန်းလှေကားအထိ ယူဆောင်လာချင်၏။ ယင်းကို ဘုရင်မင်းမြတ်က မလိုလား။ မြန်မာမှူးမတ်တို့က ပြင်းပြင်းထန်ထန် ကန့်ကွက် ကြသည်။

ဖယ်ရာတို့လည်း လွယ်လွယ်နှင့် မလျှော့၊ ဘုရင့်ဆွေတော် မျိုးတော်များ ကိုပင်လျှင် အဆောင်အယောင်များနှင့် မြေနန်းလှေကားအထိ လာခွင့်ပြုလျှင် မိမိတို့လို အထူးသံတမန်ကြီးများလည်း ထီးဖြူမိုးသော အဆောင်အယောင်ကို



ဆောင်းခွင့် ပြုသင့်သည်ဟု တင်းတင်းကျပ်ကျပ် ဆိုကြသည်။ သည်တွင် အရေးတော် ဆောင်းမာသယောင်ဖြစ်လာ၏။

သို့သော် အင်္ဂလိပ်သံတို့ဖက်မှ တစ်ထစ်လျှော့လိုက်သည်။ လုပ်ဆောင်ရန် တာဝန်တွေကား များစွ။ အရေးအကြီးဆုံး ဖြစ်သော မြန်မာနှင့်စစ်ပြေငြိမ်း စာချုပ် ချုပ်ဆိုရန်အထိ ကြိုးပမ်းရဦးမည်။ ဘာမဟုတ်သည့် အမှုကိစ္စကလေးနှင့် အဖုအထစ် မဖြစ်စေလို၊ ထို့ကြောင့် သဝဏ်လွှာကို ထီးဖြူအုပ်မိုး၍ မြေနန်းအထိ ယူလာရန် ကိစ္စကို မြန်မာတို့က ခွင့်မပြုလျှင်လည်း ရှိစေတော့။

အင်္ဂလိပ်သံတွေက လွှတ်ရုံးတော်သို့ တက်လိုသည်။ နန်းတော်သို့ အိမ်ရှေ့ မင်း ဝင်လာပုံနှင့် ဝန်ကြီးမင်းကြီးတို့ အခမ်းအနားနှင့် ဝင်လာပုံကို လွှတ်ရုံး တော်မှနေ၍ လေ့လာကြည့်ရှုလိုသည်။ သို့သော် လွှတ်ရုံးတော်သို့ အတက်တွင် ဧည့်သူမှ ဖိနပ်စီးခွင့် မရှိ။ ထို့ကြောင့် သံအဖွဲ့ဝင်တို့လည်း ဖိနပ်ချွတ်ကြရမည်။ ဤ အရေးကိုမူ သံအဖွဲ့ဝင်တို့က မလိုလား၊ ထို့ကြောင့် လွှတ်ရုံးတော်သို့ တက်ရန် အစီအစဉ်ကို သံအဖွဲ့ဝင်တို့ဖက်မှ ဖျက်သိမ်းသည်။

၁၈၅၅ ခု စက်တင်ဘာလ ၁၃ ရက်နေ့တွင် မေဂျာဖယ်ရာ ဦးစီးသော အင်္ဂလိပ်သံအဖွဲ့သည် မြန်မာဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ဝင်၍ ဘုရင်ခံချုပ်၏ သဝဏ်လွှာကို ဆက်ခွင့်ရလေသည်။ သို့သော် ချောချောမောမော ဝင်ကြရသည် ကားမဟုတ်။ သဝဏ်လွှာကို ဆင်ထက်တွင် တင်လျက် အင်္ဂလိပ် ယူနီယံဂျက် အလံတော် အုပ်မိုး၍ သံတဲမှ နန်းတော်သို့ သယ်ဆောင်လာရ၏။ မြေနန်းသို့ အရောက်တွင် သဝဏ်လွှာ၌ အုပ်မိုးလာသော ယူနီယံဂျက်အလံကို ဖယ်ရှားရန် မြန်မာအရာရှိတစ်ဦးက ပြောဆိုလာသည်။ ဤတွင် နှစ်ဖက်တင်းမာမှုများ ဖြစ်လာ ကြပြန်၏။ အင်္ဂလိပ်သံတို့ကမူ ယူနီယံဂျက်အလံတော် မပါဘဲနှင့် မိမိတို့ ဘုရင်ခံ ချုပ်၏ သဝဏ်လွှာကို နန်းတော်တွင်းသို့ မယူလို၊ သည်လိုသာ ဆိုပါက နန်းတော် သို့ မဝင်လိုပြီ။ သံတဲသို့သာ ပြန်ပို့ပါတော့ဟု အကြောက်အကန် ဆိုလေသည်။

သည်တစ်ချီတွင်မူ မြန်မာတို့အလျှော့ပေးလှည့် ရောက်လာ၏။ နန်းတော် သို့ ရောက်ခါမှ သံအဖွဲ့ဝင်တို့ ပြန်လှည့်ကြမည် ဆိုလျှင် ကမ္ဘာအလယ် မဖွယ်ရာ များစွာ အရုပ်ဆိုးရတော့မည်။ ရှိစေတော့။ ယူနီယံဂျက်အလံကို နန်းရင်ပြင်ထိ သယ်ခွင့် ပြုစေရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယဘုရင်ခံချုပ်ထံမှ ပေးပို့သောသဝဏ်လွှာ၊ ဆက်သသည့်အခမ်းအနားတွင် နှစ်နိုင်ငံပြဿနာများကို စကားဆိုခြင်းမရှိကြ၊ ဘုရင်မင်းတရားအား သဝဏ်လွှာကို ဖတ်ကြားတင်လျှောက်ခြင်း၊ လက်ဆောင်ပဏ္ဏာများ လဲလှယ်ခြင်းမျှသာဖြစ်သည်။

ဘုရင်မင်းတရား ရှေ့တော်သို့ အင်္ဂလိပ်သံအဖွဲ့ဝင်များ ပထမအကြိမ်ဝင်ရောက် ဖူးမြော်ခွင့်ရပြီးသည်မှ နောက် ၄ ရက် အကြာတွင် ဒုတိယအကြိမ် ရှေ့တော်သို့ ဝင်ခွင့်ရကြသည်။ ယခုတစ်ကြိမ်တွင်မူ ယခင်တစ်ကြိမ်ကဲ့သို့ ညီလာခံ ခန်းမ၌ တွေ့ကြခြင်းမဟုတ်၊ ဥယျာဉ်တော်တွင် ဖူးမြော်တွေ့ဆုံခွင့် ရခြင်း ဖြစ်သည်။ ယခုအခေါက်၌ မင်းတုန်းဘုရင်မင်းမြတ်သည် အင်္ဂလိပ်သံကြီးတို့နှင့် တွေ့ဆုံလျက် စကားတွေ အများကြီး မိန့်မြွက်လိုက်၏။ သံကြီးဖယ်ရာ ကလည်း ခေသူမဟုတ်၊ မင်္ဂလသုတ်ကို အခေါက်ခေါက် ပြန်ထားသော တကယ့် လူလည် ဖြစ်သည်။ သည်တော့ မင်းတုန်းမင်းတရားနှင့် စကားဆို၍ ဖြစ်လေသည်။ ဘုရင်မင်းမြတ်က ဖယ်ရာအား မြန်မာစာ တတ်ရဲ့လားဟု စတင်မေးသည်။ တတ်ပါကြောင်း ပြန်လျှောက်သည်နှင့် မင်္ဂလသုတ်သင်ဖူးသလားဟု မေးပြန်သည်။ သံဖယ်ရာက သင်ဖူးပါကြောင်း၊ အနက်အဓိပ္ပာယ်ကို နားလည်ကြောင်း၊ ၃၈ ဖြာ မင်္ဂလာ တရားတော်ကို ကောင်းစွာ ကျွမ်းကျင်သိရှိပါကြောင်း ပြန်လျှောက်လေသည်။

ကြိုက်ပြီ၊ မင်းတုန်းဘုရင်မင်းမြတ် ဆင်သည့် အကွက်တော့ ဝင်ပြီ။ အင်္ဂလိပ်သံတမန်ကြီးကာ ဘယ်ဆိုးလို့လဲ၊ မိမိနှင့် အလုပ်ဖြစ်တော့မည်ဟု ဘုရင်မင်းတရားက တွက်သည်။ မင်္ဂလာတရား ၃၈ ပါးကိုပင် ထုံးလိုချေ၊ ရေလိုနှောက်ထားသော သံတမန်ကြီးကို တရားဟောရန် မင်းတုန်းမင်းတရား အကြံရ၏။ သူဟောမည့် တရားကား သံသရာမှ ထွက်မြောက်ရန် အမြိုက်ရေအေး တိုက်ကျွေးမည့် တရားတော့ မဟုတ်၊ 'မင်းတို့သိမ်းထားတဲ့ ငါ့တိုင်းပြည်တစ်ခြမ်း ပြန်ပေးဖို့ ကောင်းပြီ' ဟု အဓိပ္ပာယ် ရောက်မည့် နိုင်ငံရေး တရားပင်တည်း။

သို့သော် ကျားကို ဥပုသ်စောင့်ရန်ဆွယ်သော တရားတော်များ ဖြစ်နေလေမလား။

မင်းတုန်းမင်းသည် ဖယ်ရာနှင့် အမေးအဖြေလုပ်၍ ကိုယ်လိုချင်သည့် လမ်းသို့ ဆွဲယူလေသည်။ ပထမသူက မင်္ဂလသုတ်တွင် လူမိုက်ကို မပေါင်းရ၊ ပညာရှိကို ဆည်းကပ်ရမည်၊ ပူဇော်ထိုက်သူ ပူဇော်ရမည်ဟု ပါရှိသည်မှာ မှန်ပါရဲ့လားဟု မေး၏။ ဖယ်ရာက မှန်ပါသည် လျှောက်၏။ လူမိုက်ဆိုသည်မှာ သူ



တစ်ပါးအကျိုး ပျက်အောင် ကာယ၊ ဝစီ၊ မနောကံတို့ဖြင့် ပြစ်မှားသူပင် ဖြစ်လျက် ပညာရှိမှာ ယင်းပြစ်မှုမျိုးကို မကျူးလွန်၊ အများအကျိုးစီးပွား ဖြစ်ရန် ကြံသူသာ ဖြစ်သည်။ ထို့ပြင် မြန်မာ့တရားတော်တွင် လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မီးသုံးမီး၏ အပြစ်ကို နားလည်ရှောင်ကြဉ်ကြရမြဲ ဖြစ်သည်၊ ဒါတွေကို သိရဲ့လားဟု ဘုရင်မင်းမြတ်က မေး၏။

ဖယ်ရာက မိမိ သိရှိနားလည်ပြီး ဘုရင်မင်းမြတ် မိန့်ကြားသမျှ မှန်ကန်ပါကြောင်း ဝန်ခံလျှောက်ထားလေသည်။

ဟန်လောက်ပါရဲ့၊ လိုချင်သော အဆင့်သို့ ရောက်လုနီးပြီ၊ သို့သော် ဘုရင်မင်းတရားသည် ရှေ့လောမကြီး၊ ဖြေးဖြေးသာသာဖြင့် ဖျောင်းဖျ ပြောဆိုရန် စီစဉ်သည်။ ဥယျာဉ်တော်တွင်း၌ အပူအအေးမျှတ၏။ ငှက်သံ၊ ချိုးသံတို့က သာယာသည်။ သည်လိုသာယာတင့်မောသည့် နေရာဌာနဝယ် မင်းတရားသည် ထွမ်းတမြှုံ့မြှုံ့ ဝါးရင်း မေဂျာဖယ်ရာကို မိမိအလိုသို့ ဆွဲယူရန် ကြံနေသည်။

လူမိုက်ကို မပေါင်းသင့်၊ ပညာရှိကို ပေါင်း၊ လောဘ၊ ဒေါသ၊ မောဟဆိုသည်မှာ မကောင်းသော အပြစ်အနာအဆာ ဖြစ်သည်ကို သံတမန်ကြီး ကောင်းစွာ သိပြီး ဖြစ်သည်။ နောင်တော်ပုဂံမင်းလက်ထက်က အင်္ဂလိပ်မြန်မာ နှစ်ပြည်ထောင် စစ်ပွဲ ဖြစ်ခဲ့သည်။ ကိုယ်တော်အရှင်မြတ် အထွဋ်အထိပ် မရောက်မီကပင် အင်္ဂလိပ်တို့ထံ အကြိုတော်သံအဖွဲ့နှင့် သဝဏ်လွှာပို့ခဲ့သေးသည်။ သည့်နောက် ယ်စပ်မှာ ပဋိပက္ခ မဖြစ်ရအောင် မြန်မာတပ်တွေကို နောက်ဆုတ်ခိုင်းခဲ့သည်၊ အောက်ရပ် အောက်ပြည်တွင် စစ်ပွဲကြောင့် စပါးဆန်ရေရှားသည်ဟု သိရသဖြင့် အညာမှစပါး ဆန်ရေကုန်သည်တို့ကို မပိတ်မပင် စုန်ဆင်းစေခဲ့သည်။ မြန်မာ၊ ခွန်၊ အမျိုးသား ခေါင်းဆောင်အကြီးအကဲများကိုလည်း အင်္ဂလိပ်တို့နှင့် ပဋိပက္ခ မဖြစ်ရန် ရှောင်ရှားကြဖို့ မှာကြားကွပ်ညပ်ပြီး ဖြစ်သည်။ မိမိတို့ဖက်က အဆွေခင်ပွန်းတို့ ပြုကျင့်ဖွယ်ဝတ္တရား ချို့တဲ့သေးသလား၊ ဤသို့ သံတမန်ကြီး ဖယ်ရာကို မင်းတုန်းဘုရင်က မေးမြန်း၏။

ဖယ်ရာက မြန်မာတို့ အဆွေခင်ပွန်း ကျေပွန်ကြောင်း ဝန်ခံစကား လျှောက်ထားသည်။ သည်တွင် မင်းတုန်းမင်းက ဆက်၍ မိန့်မြွက်၏။

သို့ဆိုလျှင် သင်တို့ အင်္ဂလိပ်အစိုးရဖက်ကကော အဆွေခင်ပွန်းဝတ္တရား ကျေပွန်ရဲ့လား၊ သင်တို့ကိုယ်သင်တို့ စစ်ဆေးကြည့်ပါဦးတော့လား။

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရာအတွက် အကွက်ကြုံလေပြီ။ တစ်ချိန်လုံး ဘုရင်မင်းတရား၏ မင်္ဂလာတရားတော်ကို နားကြားနေရသည်မှာ ငြီးငွေ့လှပြီ၊ ယခုတော့ ဖယ်ရာသည် တင်လျှောက်ဖွယ်တွေကို လိမ်မာစွာ တင်လေပြီ။

'မိမိတို့ အင်္ဂလိပ်အစိုးရသည် မြန်မာမင်းတို့ အလိုရှိသော လက်နက်ခဲယမ်းမီးကျောက်များကို မြန်မာနိုင်ငံသို့ မတင်မပို့ရန် တားဆီးပိတ်ပင်ထားခဲ့ပါသည်။ ယင်းသို့ ဖြစ်ရသည်မှာ မဟာမိတ်စာချုပ်မရှိ၍ ဖြစ်ပါသည်။ အနောက်နိုင်ငံများတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ မဟာမိတ်အဖြစ် ဆက်ဆံရာ၌ နှစ်ပြည်ထောင် စာချုပ်ချုပ်၍ ဆက်ဆံကြရိုး ထုံးစံ ဖြစ်သည်။ အင်္ဂလိပ် မြန်မာတို့အကြားတွင် စာချုပ် ချုပ်ဆိုပါက အားလုံးသော အရာတွေ ပြီးပြည့်စုံတော့မည်။ လက်နက်ခဲယမ်းမှအစ လိုသမျှ တင်ပို့နိုင်တော့မည်။ နှစ်ပြည် တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်ရေးလည်း မဝေးတော့ပြီ။'

မင်းတုန်းဘုရင်မင်းမြတ်သည် ဖယ်ရာ၏ စကားအတွက် နားခါးလှသည်။ စာချုပ်၊ စာချုပ်၊ ဘာစာချုပ်လဲ၊ တစ်ခါလာလဲ စာချုပ်၊ နှစ်ခါလာလဲ စာချုပ်။ သည်စာချုပ်နှင့်သာ ကိုင်၍ ကိုင်၍ ပေါက်နေသည်။ စာချုပ် မချုပ်လို၍ပင် မင်္ဂလာတရားတော်ကို အရှည်ကြီး ဟောပြီး လူမိုက် လူလိမ္မာ ခွဲခြားပြလိုက်ခါမှ သည်မျက်နှာဖြူ သံအရာရှိသည် စာချုပ်စကား ပြောပြန်ပြီ။ မင်းတုန်းဘုရင်မင်းမြတ်သည် များစွာ ဘဝင်မကျ ဖြစ်ရပြီ။

ထို့ကြောင့် ဘုရင်မင်းမြတ်သည် စိတ်တိုတိုနှင့် မိန့်ရှာ၏။

'ဖယ်ရာ၊ စာချုပ်ဆိုသည်မှာ နှစ်နိုင်ငံတို့ အလိုရှိရာကို စက္ကူမှာ ဖြစ်ဖြစ်၊ ပေပုရပိုက်မှာဖြစ်ဖြစ် ရေးသား ချုပ်ဆိုကြသည် မဟုတ်လား။ အမှန်ဆိုသော် နှစ်ပြည့်တစ်ပြည် အဆွေခင်ပွန်း လက္ခဏာ ပြည့်စုံကြရေးသည်သာ အဓိက ဖြစ်သည်။ တကယ်သာ အဆွေခင်ပွန်းကောင်းတို့ လက္ခဏာနှင့် ပြည့်စုံသည်ဆိုလျှင် သင်တို့ ချုပ်ဆိုချင်သည့် စာချုပ်ကို စက္ကူမှာဖြစ်စေ၊ ပုရပိုက်မှာ ဖြစ်စေ၊ ကျောက်ပြားမှာဖြစ်စေ၊ သံပြားပေါ်မှာ ဖြစ်စေ၊ ကြိုက်သလို ရေးသားထုတ်လုပ် ချုပ်ဆိုပေတော့။'

'တစ်ခုတော့ စဉ်းစားရန် ရှိသည်၊ စာချုပ်ချုပ်ဆိုရာတွင် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူး ဖြစ်ရန်လိုသည်။ သင်တို့ တစ်ဖက်ထဲ အကျိုးရှိမည့် စာချုပ်ကို ချုပ်ဆို၍ တော်သင့်အံ့လော၊ စဉ်းစားရန် သင့်သည်။ သင့်စကားအတိုင်း အင်္ဂလိပ်



နှင့် ပြင်သစ် စာချုပ် ချုပ်ဆိုရာတွင် နှစ်ပြည်ထောင် အကျိုးတူ စာချုပ်ပင် မဟုတ်လော၊ စဉ်းစားပေဦး။'

ဖယ်ရာသည် ရည်မှန်းချက်သို့ မရောက်ပြီ။ နှုတ်ရေးကြွယ်သော ဘုရင်မင်းတရား၏ အဆိုအမိန့်ကို ပြန်လှန်ချေပရန် စကားမရှိပြီ။ ထို့ကြောင့် မိမိစဉ်းစားပါဦးမည်ဟု ပြန်လည်လျှောက်တင်ရင်း ထိုနေ့က အခမ်းအနားကို ပြီးဆုံးလိုက်ရသည်။ ထိုနေ့က အလိုမပြည့်သူမှာ ဖယ်ရာ တစ်ဦးတည်း မဟုတ်၊ ဘုရင်မင်းမြတ်လည်း ဖယ်ရာထံမှ ဘာမှ မရလိုက်၊ ရှည်လျားသော နိုင်ငံရေး အရေးရေးအေး အမြိုက်ဆေးကို တိုက်ကျွေးရန် ကြံသော ဘုရင်မင်းမြတ်အဖို့ ဘာမျှ အမြတ်မရှိ၊ ဖယ်ရာ၏ 'စာချုပ်' စကားပြောလာသည်နှင့် တခြား အကျိုးရှိဖွယ် စကားတွေပင် တိုင်ပင်နိုးနေခွင့် မကြုံခဲ့။

ဓာတ်ပေါင်းလိုက်သော ထိုဓာတ်သည် ထိုမျှနှင့် ရပ်ဆိုင်းခဲ့ရသည်။ နောက်တစ်ကြိမ် မေဂျာဖယ်ရာ အဖူးမြော် ဝင်သောအခါ၌ ငါ့ရာငါးဆယ် ဓာတ်တော်နှင့် ဓာတ်ကြီး ဆယ်ဘွဲ့အကြောင်းကို ဖယ်ရာအား တရားဟောလိုက်ပြီး အဆိုပါကျမ်းစာများကို လက်ဆောင်ပေးလိုက်သည်။ ဖယ်ရာနှင့် သံအဖွဲ့သည် သို့နှင့် ထပ်ခါက်၍ အောက်ပြည်သို့ ပြန်စုန်ရ၏။ မင်းတုန်းဘုရင်နှင့် စစ်ပြေငြိမ်းစာချုပ် ချုပ်ရန် အရေးကား ဝေးသည်ထက် ဝေးလေပြီ။

ဖယ်ရာတို့တွင် မြန်မာဘုရင်နှင့် စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုရန် အရေးမှာ အလွန်လိုအပ်လျက် ရှိသည်။ မြန်မာဘုရင့် နယ်မြေကို အကြောင်းမရှိ အကြောင်းရှာ ဝင်တိုက်ပြီး သိမ်းပိုက်မှုနှင့် ပတ်သက်၍ ပြင်သစ်အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက အင်္ဂလိပ်အစိုးရကို အပြစ်တင်ဝေဖန်လျက် ရှိခဲ့သည်။ ဗြိတိန်ပါလီမန်ကလည်း အစိုးရ၏ လုပ်ရပ်မမှန်ကန်ပုံကို အတိုက်အခံပါတီတို့က ထောက်ပြကြသည်။ လက်နက်အားကိုးဖြင့် ဝင်သိမ်းသော အင်္ဂလိပ်အစိုးရလုပ်ရပ်များအပေါ် အင်္ဂလန်ရှိ သတင်းစာများကလည်း အပြင်းအထန် ဝေဖန်နေခဲ့ကြ၏။

ထိုအခြေအနေတွင် အင်္ဂလိပ်တို့အဖို့ လုပ်စရာ တစ်လမ်းသာ ရှိတော့၏။ သည်စစ်ပွဲနှင့် ပတ်သက်၍ မြန်မာအစိုးရက ကျေနပ်လက်ခံပြီး စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုရန်တည်း။

စာချုပ်ချုပ်ပြီးလျှင် ထိုစာချုပ်ကို ပါလီမန်တင်လိုက်ရုံနှင့် ဝေဖန်ပြစ်တင်သံများ စဲသွားမည်။ ထို့ကြောင့် နည်းအမျိုးမျိုးနှင့် ကြိုးစားပါ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



နည်းပရိယာယ် ကြွယ်ဝလှသော မြန်မာဘုရင်သည် စာချုပ်ချုပ်ရန်အရေးကို လိမ္မာစွာဖြင့် ငြင်းပယ်ပြန်လေပြီ။

အင်္ဂလိပ်သံအဖွဲ့ ပြန်သွားပြီးသော် မင်းတုန်းဘုရင် မင်းမြတ်သည် မြန်မာ သံအဖွဲ့တစ်ဖွဲ့ကို ပြင်သစ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ပြင်သစ်မြန်မာ မဟာမိတ် ဖွဲ့ရန် ဆန္ဒဖြင့် သံအဖွဲ့ကို စေလွှတ်ခြင်း ဖြစ်၏။ ပြင်သစ်အစိုးရသည် မြန်မာ သံအဖွဲ့ကို ကောင်းစွာ ကြိုဆိုလက်ခံခဲ့၏။ 'စံကလူး' နန်းတော်တွင် ဂုဏ်ပြု ကြိုဆို လက်ခံခဲ့သည်။ မြန်မာတို့၏ အဓိကရည်ရွယ်ချက်မှာ ပထမတွင် ပြင်သစ်နှင့် မဟာမိတ်ဖွဲ့မည်။ ဒုတိယ ပြင်သစ်ကို ပုဏ္ဏားတိုင်ထား၍ အင်္ဂလိပ်ထံမှ မြန်မာ မြေများ ပြန်တောင်းဦးမည်။ သို့ဆိုလျှင် အလွယ်တကူ ဖြစ်လေမလား။

သို့သော် ပြင်သစ်က အလိမ္မာသုံးလေသည်။ မြန်မာသံအဖွဲ့ကို ဂုဏ်ပြု ကြိုဆို၍ ညှော်ဝတ်မပျက် ရှိကြပါ၏။ မြန်မာတို့ရည်ရွယ်ချက်ဖြစ်သော အင်္ဂလိပ် တို့ထံ စကားဆိုရာ၌ ပုဏ္ဏားတိုင်လုပ်ရန်ကား ပြင်သစ်တို့က စိတ်ဝင်စားမှု မပြတော့ပြီ။

ဤသည်တို့ကား မင်းတုန်းဘုရင်မင်းမြတ် နန်းတက်ပြီး နှစ်များအတွင်း ကြုံခဲ့ရသော နိုင်ငံခြားဆက်ဆံရေး အခြေအနေများ ဖြစ်၏။ ဘုရင်မင်းမြတ်သည် 'ပျားလည်းစွဲစေ၊ ရှဥ့်လည်း လျှောက်စေ' ဆိုဘိသို့ နိုင်ငံခြား ပြဿနာများကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ရန် ကြိုးစား၏။ အမြော်အမြင် ကြီးစွာဖြင့် ဖြေရှင်းရန် အားထုတ်၏။ အတိတ်နှင့် ပစ္စုပ္ပန်တို့ကို သုံးသပ်လျက် အနာဂတ်သို့ မင်းတုန်းမင်း မျှော် ကြည့်သည်။ စိတ်ပျက်ခြင်း၊ အားငယ်ခြင်းကား လုံးဝမရှိ၊ နေနှင့်ဦး ယာလည်း ညက်စေ၊ ကြက်လည်း မောစေ' အခြေအနေသို့ ရောက် လိမ့်မပေါ့။ လောလောဆယ်တော့ ပြည်တွင်းရေးဖက် ခြေဦးလှည့်တော့မည်။

ပြည်တွင်း၌ ဆောင်ရွက်ဖွယ် ကိစ္စတွေကား များပါဘိ။

# ရွှေပြည်ကြီးနှင့် စည်ထီးကိုတည်

၁

ငင်းတုန်းမင်းသည် ပြည်ပရေးရာများကို အသာထား၍ ပြည်တွင်းရေးရာများဆီ သို့ စောင်းငဲ့၍ ကြည့်လိုက်သည်။


ပြည်သူတို့ စားဝတ်နေရေး ဘယ်လိုရှိပါ့။ ညီနောင် နှစ်ပါး၏ စစ်ပွဲအတွင်း ပြဟန်း ရှင်လူတို့ ပင်ပန်းနွမ်းယိရှာကြသည် မှန်၏။ ယခုသော် အတန်အသင့် နေသားတကျ ရှိကြပြီ။ စိုက်ရေးပျိုးရေးများ ပျက်စီးသမျှကို ပြန်လည် မွမ်းမံ ကြပြီ။ ဘုရင့်အစိုးရကလည်း တတ်နိုင်သမျှ ကူညီမှု ပေးခဲ့သည်။ ဘုရင်မင်း ကြီး ရွှေဘိုမှာ စံနေစဥ်ကပင် ရေကန် ၆ ကန်ကို ပြင်ဆင်စေသည်။ ရွှေဘို မဟာနန္ဒာကန်သို့ မြင်းခွာတောင်ရှိ၊ ကျောက်ဆည်တော်မှ ရေသွားရေလာ မှန် စေသည်။ မြေဒူးမှ မုဆိုးကန်၊ ရွှေဘိုမှ ဝင်းစည်ကန်၊ ရေနံ့သာမှ ပူဇော်ကန်တို့ ကို အသစ်ပြင်သည်။ လယ်တွင်း ၉ ခရိုင်ဖက်မှ ဆည်တွေကော၊ ရေသောက်မှန် ရဲ့လား၊ မင်းမှုထမ်းတို့ အမှုအထမ်း မလစ်လပ်စေနှင့်၊ စိုက်ပျိုးရေးလုပ်ငန်းများ ကို ကြည့်ကြ ရှုကြ၊ လိုသမျှ ကူညီပေးဖို့ မပျက်ကွက်ကြစေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



**ပုံ(၁၄)။ ကျောက်သားထုစိုင်ခဲပမာ၊ဗုဒ္ဓသာသနာတည်စေကြောင်း**
ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု ချီးပခဲ့ကြသော၊ ဗုဒ္ဓသာသနာ ကျောက်စိုင်ကျောက်ခဲ ပမာ တည်စေဖို့ မင်းတုန်းမင်းကြီး လှူဒါန်းထွင်းထုစေခဲ့သော ဗုဒ္ဓပိဋကတ်ကျောက်စာချပ် ရှေ့မြင်ပုံ။ ကျောက်စာများကို ၇ နှစ်၊ ၄ လ၊ ၁၄ ရက် ထွင်းထု ခဲ့ရ၏။



**ပုံ(၁၅)။ ခေတ်ပြင်တဲ့၊ တို့ကနောင်၊ ဦးဆောင်တာစက်မှု**
ရတနာပုံခေတ်၊ စက်မှုပြုပြင် ပြောင်းလဲရေးကို ဦးဆောင်ခဲ့သော အိမ်ရှေ့စံ ကနောင်မင်းသား၏ ရုပ်ကလာပ်၊ မြှုပ်နှံသောနေရာ ကျောက်သားကမ္ဗည်း။ (စန္ဒာမုနိစေတီဝင်း အတွင်း၌ ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်သည် ရှင်ညေယျမမ္မကို သာသနာပိုင်အဖြစ် တင်မြှောက်ခဲ့ပြီးနောက် မိမိ၏ ငယ်ဆရာရင်း ဦးစန္ဒိမာကိုလည်း မမေ့မလျော့ ပြုစုပူဇော်သည်။ ဦးစန္ဒိမာအား စန္ဒိမာဘိသီရိ၊ ဓဇပဝရမဟာ၊ ဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့မည်ကို ပူဇော်သည်။ ဗားကရာတိုက်၌ ကျောင်းသစ်ကြီး တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။

နောင်တော် ပုဂံမင်းတရားကို ချမ်းသာစည်းစိမ် မလျော့စေဘဲ အိမ်နိမ့်တွင် အေးချမ်းစွာ စံစားစေသည်။ နောင်တော် မင်းသား၏ နမတော်ကို မိဖုရားခေါင်ကြီး မြှောက်ပြီးပြီ။ ပုဂံမင်းတရား လက်စွဲတော် ဝန်ကြီး ဦးပွားနှင့် အပေါင်းပါများကိုပင် အကျဉ်းထောင်မှ လွတ်စေလျက် ဝတ်လဲတော်ကျုများ ဆုပေးပြီး နှစ်သိမ့်ခဲ့သည်။ ယင်းသို့သော အမူအကျင့်တို့က မင်းတုန်းဘုရင်သည် အာဃာတကင်းမဲ့ကြောင်းကို ပြသည်။ ရန်သူပင် ဖြစ်စေ၊ မေတ္တာဖြင့် စည်းရုံးလိုသော သူ့မူရင်း စိတ်ဓာတ်ကို ဖော်ပြလေသည်။

အုပ်ချုပ်ရေးဖက်က ပြုပြင်စရာတွေ ဘာရှိသလဲ။ အလေးတင်းတောင်းတွေကို စံချိန်ကိုက် ဖြစ်ပါစေ။ လာဘ်ပေးလာဘ်ယူမှု ဝန်ထုပ်ဝန်ပိုးများ ပြည်သူတို့အပေါ် မပိစေနှင့်။ အမှုတွေ မကြန့်ကြာစေနှင့်။ တရားရုံးစရိတ်တွေ စနစ်တကျ တစ်သမတ်တည်း ကောက်ခံပါစေ။ လွှတ်တော်၊ ရုံးတော်တို့တွင် လာဘ်ပေးလာဘ်ယူမှုရှိက ပြင်းထန်သော အပြစ်ဒဏ်ကို ပေး။

မင်းတုန်းမင်းသည် တစ်ထိုင်တည်းနှင့် အမိန့်တော်တွေ တစ်ရွက်ပြီး တစ်ရွက် ထုတ်နေရခြင်းဖြင့် မရောင့်ရဲ၊ သူသည် ပြည်သူတို့အတွင်းသို့ ဆင်းလေသည်။ ပြည်သူ့ဘဝကို ကိုယ့်ဘဝနှင့် နှိုင်းယှဉ်လေ့လာကြည့်တော့မှ အမှန်ကို သိလိမ့်မည်။ သည်တော့ သီတင်းနှစ်ပတ်လျှင် တစ်ကြိမ်ကျ၊ နေပြည်တော် တွင်းသို့ မင်းတုန်းဘုရင်မင်းမြတ် လှည့်လည်ကြည့်ရှုသည်။ မတော်မတရားသည့် အမှုတွေ ရှိလျှင် ဘုရင်ကို တိုက်ရိုက် တင်ကြဲဟု နှိုးဆော်သည်။ ထိုသို့ တင်သည့် အမှုများကို စံနစ်တကျ အရေးယူသည်။

မင်းတုန်းမင်းဘုရင်ကို တိုင်းပြည်က ကျေနပ်သည်။ တို့မင်းတရားလက်ထက်တွင် စစ်မက်ရေးရာ နည်းပါးသည်။ ဆန်ရေစပါး ကြွယ်ဝသည်။ အုပ်ချုပ်ရေးနှင့် မင်းမှုကိစ္စများ စနစ်တကျ ရှိလာသည်။ မင်းမိဖုရားတို့သည် သာသနာရေးကို အလေးပေး၍ ဆောင်ရွက်သည်။ ဆရာတော်၊ သံဃာတော်တို့ ပစ္စည်းလေး



ပါး မျှတပြည့်စုံကြသည်။ ဒါမှ ပြည်သူ့မင်း၊ ဒါမှတို့မင်းဟု ပြည်သူတို့ လေးစားကြည်ညိုကြသည်။

ပြည်သူတို့ အကြည်ညိုပွားတာတော့ ဟုတ်ပါရဲ့၊ မင်းတုန်းမင်းသည် အမရပူရ နေပြည်တော်တွင် မပျော်ပိုက်တော့ပြီ။ သူသည် နေပြည်တော်သစ်ကို ရှာကြည့်သည်။ အမရပူရထက် ပိုမိုနေချင့်စဖွယ်ရှိမည့် နေပြည်တော်သစ်ကို သူမျှော်မှန်းကြည့်၏။ ထိုနေပြည်တော်သစ်သည် ဘယ်မှာရှိမလဲ။

အမရပူရ နေပြည်တော်တွင် မပျော်ပိုက်ခြင်းအတွက် မင်းတုန်းဘုရင်မင်းမြတ်မှာ ခိုင်လုံသော အကြောင်းပြချက်များ ရှိသည်။ အမရပူရတွင် မိမိသည် နောင်တော် ပုဂံမင်းတရားကို ပုန်ကန်ခဲ့ရသည်။ အမရပူရရွှေနန်းသည် သွေးစွန်းပြီးပြီ မဟုတ်လား။ သွေးစွန်းသောနန်းပလ္လင်တွင်ချမ်းမြေ့စွာခံစားရသည် မှန်ဆေဘုရင်မင်းမြတ်အဖို့ ချမ်းမြေ့သည်ဟု မမြင်။ သည်မြေ၊ သည်နန်း၊ သည်ပလ္လင်မှ ဆေးဝေး၊ ခပ်ဝေးဝေးသို့ သွားရောက် စံစားလိုသည်။ ဒါတင်ပဲလား။

အမရပူရသည် နေပြည်တော်ဟု ဆိုသာ ဆိုရသည် မြို့ကွက်က ကျဉ်းကျဉ်းကလေး။ ပြီးတော့ မြို့၏ သုံးမျက်နှာတွင် ရေဝိုင်းနေသည်။ သံတမန်ဖယ်ရာတို့ သင်္ဘောတွေ လာရောက်စဉ်က ရေတက်ချိန် ဖြစ်ရာ သင်္ဘောအရိပ်ဘာ နန်းတော်ပေါ်သို့ မိုးနေခဲ့သည်။ ပြီးတော့ ရောဝတီဖလုပ်တီလာ သင်္ဘောဘုမ္ပဏီမှ သင်္ဘော ဥသြသံတွေကိုလည်း နန်းတော်စက်ရာဆောင်နေ ဘုရင်မင်းတရား မကြားချင်အဆုံး၊ သည်ဥသြသံတွေ ကြားရလေလေ၊ အနာဟောင်းကို အပ်နှင့် ဆွသလို ခံရလေလေ ဖြစ်သည်။ သည်ဥသြသံတွေက သတိပေးနေလေသလား၊ အောက်ရပ်ဒေသမှာ မြန်မာနိုင်ငံတစ်ခြမ်းကို သိမ်းယူထားသော အင်္ဂလိပ်တပ်တွေ ရှိနေသည်ဟုဆိုတာကို.....၊

ကောင်းပြီ၊ ဘုရင်ကတော့ဖြင့် ရွှေနန်းတော်သစ်ကို တည်လိုပြီ။ နေပြည်တော်ဟောင်းမှာ စံမပျော်ပြီ။ ရွှေပြည်တော်သစ်ကို တည်မည်ဆိုတော့ ဘယ်မှာတည်မလဲ.....၊

ပုပင်စရာ မလိုပါ၊ အတိတ်တဲ့၊ နိမိတ်တဲ့၊ တဘောင်တဲ့၊ စနည်းတဲ့၊ နောင်ဖြစ်လာမှာတွေကို ကြိုတင်ပြင်ဆင်ထားတဲ့ 'စကား' တွေက ရှိပြီးသား။ နောင်တော်ကို မင်းတုန်းမင်းသား ပုန်ကန်စဉ်ကပင်ကြည့်တော့ နေပြည်တော်မှ

www.burmeseclassic.com

www.burmeseclassic.com



ခွာတော့မည် ဆိုသော အခါမှ 'ဗုံးခါးပင် ချိုရသည်နှင့်'။ ပါရမီခန်းပို့၊ လှန့်ရသည်နှင့်။ ခရီးသွားတစ်ဦးက 'သိကြားမတဲ့ ကိန်း'ကို ကြွေးကြော်ရသည်နှင့်။

ယခုလည်း ဘုရင့်ထံ အထိုက်အလျောက် တင်မည့်သူတွေ မရှား။ ကျိုးကြောင်းညှိနှိုင်းမည့် ဝန်ပညာရှိတွေ ရှိသလို မင်းကြိုက်လျှောက်ကြမည့် မှူးမတ်တွေက ပေါပါဘိ။ သည်တော့ ဘုရင်မင်းတရား အကြိုက်တွေ့စရာ သိုက်စာတစ်ခုသည် ဘွားကနဲ ပေါ်လာလေသည်။

သိုက်စာဆိုတာ ဘယ်ကပေါ်လာတာလဲ၊ မေးမနေပါနှင့်၊ သိုက်စာသည် ပေါ်ချင်သည့် နေရာက ပေါ်လိမ့်မည်။ အရေးကြီးသည်မှာ သိုက်စာက ဘာဆိုသလဲ၊ ဘာလုပ်ရမတဲ့လဲ၊ ဘုရင်မင်းမြတ်အတွက် ဘယ်လို အကျိုးဆောင်လေမတဲ့လဲ။

သိုက်စာက သည့်နှယ်ဖော်ပြသည်။ 'ဗုဒ္ဓဂေါတမ မြတ်စွာဘုရားသည် ညီတော် ရှင်အာနန္ဒာနှင့်အတူ ယခု မန္တလေးတောင်ထိပ်ဖျားဆီသို့ ကြွမြန်းလာသည်။ စန္ဒမုခီအမည်ရှိ ဘီလူးမပျိုတစ်ဦးသည် ဗုဒ္ဓရှင်တော်မြတ်ဘုရားကို အလွန် သဒ္ဓါကြည်ညို ဖြစ်၏။ ထို့ကြောင့် မိမိ၏ ရင်မှ သားမြတ်ကို လှီး၍ ဘုရား ရှင်အား လှူဒါန်းလေသည်။ ဘီလူးမ၏ စေတနာ သဒ္ဓါထက်သန်ပုံကို မြင်ရပြီးသော ဘုရားရှင်သည် တစ်ပါတည်း ဗျာဒိတ် ပေးလိုက်၏။ ယခုမှစတင်၍ နောင်သာသနာနှစ် နှစ်ထောင့် လေးရာကြာသောအခါ ဤအရပ်ဒေသ၌ 'ရတနာပုံ' အမည်ရှိ မင်းနေပြည် တော်ကြီး ပေါ်ထွန်းလိမ့်မည်။ ထိုရတနာပုံ နေပြည်တော်တွင် သင်ဘီလူးမပျိုသည် ဘုရင်အဖြစ် စိုးစံရလိမ့်မည်။

BURMESE CLASSIC .com

သိုက်စာအဆိုအရသော် မန္တလေးတောင် တည်ရှိရာ ဒေသ၌ စိုးစံမည့် ပုဂ္ဂိုလ်သည် မင်းတုန်းဘုရင် ဖြစ်နေပြီ။ စန္ဒမုခီဘီလူးမသည် ဘဝအထွေထွေကို စုတေ ကျော်လွန်ပြီးနောက် ယခုအခါတွင် မင်းတုန်းဘုရင်မင်းမြတ် ဖြစ်လာရသလား။ ဒါကိုတော့ မည်သူမှ မသိနိုင်၊ သို့သော် 'ဤသို့ ယူသော် ရ၏' ဟု ဆိုနိုင်ပြီ မဟုတ်ပါလား။

ပြီးတော့ 'သာသနာတစ်ဝက်၊ မင်းကောင်းတစ်ဆက်' ဆိုသော တဘောင်စကားကလည်း ပေါ်နေသည်။ သည်တော့ သာသနာနှစ် နှစ်ထောင့်လေးရာသည် သာသနာတစ်ဝက်နှင့် နီးနေပြီ မဟုတ်လား။ အင်္ဂလိပ်သက္ကရာဇ် ၁၈၅၆ ခုနှစ်



သည် မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ် ဖြစ်၏။ ထိုနှစ်သည် သာသနာသက္ကရာဇ် ၂၄၀၀ ပြည့်နှစ်နှင့် ကိုက်ညီနေပြန်သည်။

အင်္ဂါသား ဖြစ်သော မင်းတုန်းမင်းအတွက် အားဆေးတစ်ခွက် ဖြစ်စေသည့် တဘောင်စကားပေါ်လာပြန်သည်။ သည်တဘောင်ကို ရှေးရှေးက လူကြီးတွေ ထားခဲ့တာလား၊ ခုချက်ချင်း ထရေးလိုက်တာလား ဆိုသည်ကိုတော့ မူလရေးသည့် ပုဂ္ဂိုလ်မှပင် သိလိမ့်မည်၊ တဘောင်က **'ခြသေ့်မင်းရောက်၊ ရန်မျိုးပျောက်၊ ...က်အောက်ကြေညာ၊ သာလတဲ့တဲ့'**

ဓာတ်စာ၊ သီချင်းစာလား၊ တဘောင် သီချင်းလား သေချာဂန မသိရသော ...တစ်ပိုဒ် ပေါ်လာပြန်သည်။ **'အသက်ကလေးတဲ့ ရှည်စေလို၊ မြနန္ဒာရေညိုသန်း၊ ...တောင်ရိပ်ခို'** တဲ့၊ ကဲ သိုက်စာတွေ၊ တဘောင်စာတွေကဖြင့် မန္တလေးတောင်ခြေ... ရတနာပုံနေပြည်တော်ကြီး တည်ပြီး၊ မင်းတုန်းမင်းစံစားပေရော့ဟု အထပ်...အခါခါ ညွှန်းနေပါလေပြီ။

သို့သော် မင်းတုန်းမင်းသည် စိတ်ကူးရတိုင်း ကိုယ့်သဘောနှင့်ကိုယ် ထလုပ်... 'ငါ့မြင်းငါစိုင်း၊ စစ်ကိုင်းရောက်ရောက်' ဆိုသည့် လူစားမျိုး မဟုတ်။ ...လှ ငါထိုး ပဲခူးရောက်ရောက်ဟုလည်း သူမဆိုတတ်။ အစစအရာရာကို ...ပင်သင့်သူ တိုင်ပင်၊ ဆွေးနွေးသင့်သူ ဆွေးနွေး၊ ညှိနှိုင်းသင့်သူတို့ထံ ချဉ်းကပ်...နှိုင်းလေသည်။

ထို့ကြောင့် လူပညာရှိ၊ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိတို့ကို နန်းတော်...တဝန်ဆောင်မှာ သုံးကြိမ်၊ မြေနန်းတော်မြောက် ပိဋကတ်တော်ဆောင်မှာ ...ကြိမ်၊ စုဝေးဆွေးနွေးစေသည်။ ပခန်းဝန်ကြီး ဦးရန်ဝေးကမူ အတိတ်၊ တဘောင်၊ ...က်စာတွေကို ရှာဖွေစုဆောင်း၍ ကောက်နုတ်ပူသင့်သည်တို့ကို ရှာဖွေတင်ပြ...သည်။ ထို့နောက် ဦးရန်ဝေးအိမ်၌ ခုနစ်ရက်မျှ စုဝေး၍ ဆွေးနွေးကြရပြန်သည်။ ...ပြည်တော် ရွှေ့ရန်အရေးကား အလွယ်တကူ ထလုပ်ရန် မသင့်၊ သည်တော့ ...အင် နက္ခတ် တစ်ဖက်ကမ်းခတ် တတ်မြောက်သူ၊ နန်းမတော် မိဖုရားကြီးနှင့်...ည်း ဦးရန်ဝေး ညှိရသည်။ သာသနာပိုင် ဆရာတော် ရှင်ဩဃျမွထံလည်း ...ည်းကပ်မေးမြန်း ကြားနာရသည်။ ရှင်လူရဟန်းပုဏ္ဏားပညာရှိတို့သည် နောက်...တွင် တစ်သံတည်း ထွက်ကြသည်။ 'မန္တလေးတောင်ခြေတွင် ရတနာပုံနေပြည်...ကို တည်ထောင်ရန် သဘောတူကြပြီ.....'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ထွက်လာသော 'တစ်သံတည်း'တွင် မင်းတုန်းမင်း၏ ငယ်ဆရာ ရှင်စန္ဒိမာ၏ အသံမပါ။ ပြည်ဆရာတော် ရှင်မေဓာလင်္ကာရကလည်း သဘော မတူ။ ယုတ်စွအဆုံး မင်းတုန်းမင်းတရား၏ ညီတော် ကနောင်မင်းကပင် သိ ပြီး သဘောကိုက်ညီခြင်း မရှိ ဆိုပါကလား။ မည်သို့ပဲဖြစ်စေ၊ အများသဘော ဆုံးဖြတ်ပြီးသည့် ကိစ္စကို တစ်ဦးတစ်ယောက်က သို့မဟုတ် နှစ်ဦးနှစ်ယောက်က သို့မဟုတ် သုံးဦးသုံးယောက်က သဘောမမှုဆိုရုံဖြင့် ပြင်စကောင်းသည် မဟုတ် နိုင်ငံတော်အကျိုး၊ ပြည်သူတို့ အကျိုး အားလုံးအကျိုးကျေးဇူး ဖြစ်ထွန်းဖွယ်ရှိ ဘုရင်မင်းတရားကိုယ်တိုင် ဆွေ့ဆွေ့ခုန်အောင် ဆန္ဒလွန်ကဲနေသော လုပ်ငန်း တစ်ရပ်ကိုဖြင့် မဖြစ် ဖြစ်သည့်နည်းဖြင့် ကူညီကြ၊ ဆောင်ရွက်ကြရတော့မည်

မင်းတုန်းမင်းသည် ရတနာပုံ နေပြည်တော်တည်မည့် အရေးကို ဇာမခံ ချေ။ 'ရှင်ဘုရင်တစ်ခါထွက်၊ ပဲကြီးတစ်လှေချက်' ဟု ဆိုရိုး ရှိသည်။ ရှင်ဘုရင် တို့ လုပ်ငန်းဆောင်တာကို ပြုလုပ်ရာတွင် ကြန့်ကြာခြင်းကို ထိုစကားပုံက ပြစ်တင် ညွှန်းလိုသလားမသိ။ မင်းတုန်းမင်းကား ထိုသို့ မဟုတ်ချေ၊ ဆောင်ရွက်ဖွယ်တွေ ကို မကြန့်ကြာစေရ။

ပခန်းဝန်ကြီး ဦးရန်ဝေး ခေါင်းဆောင်သော ဝန်ကြီးအဖွဲ့သည် ၁၈၅ ခု အောက်တိုဘာလ ၃၀ ရက်နေ့တွင် မန္တလေးတောင်ခြေသို့ သွားရောက် မြေအနေအထားကို လေ့လာရသည်။ သူနှင့်အတူ မြေတိုင်းစာရေးနှင့် ပန်း ကျွမ်းကျင်သူ၊ မင်းဆရာ ပုဏ္ဏားစသည်တို့လည်း ပါသွားသည်။ မန္တလေးတောင် သည် ဇဟို၊ ထိုမှ မြောက်ဖက်တွင် မတ္တရာမြစ်အထိ၊ တောင်ဖက်တွင် မြစ်ငယ် မြစ်အထိ၊ အရှေ့တွင် နတ်တောင်ထိပ်တောင်ရိုးအထိ၊ အနောက်ဖက်တွင်ကား ဧရာဝတီ မြစ်ကမ်းအထိသည် ရတနာပုံ နေပြည်တော်၏ နယ်နိမိတ် ဖြစ်လေသည်။

မြို့အနေအထားကို မြေပုံဆွဲပြီးသော် မင်းတုန်းဘုရင် ကိုယ်တော်တိုင် မြို့ကို အကွက်ချလေသည်။ 'သည်တွင် ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း' စသည်ဖြင့် ဘုရင်မင်းမြတ်က နေပြည်တော်ကို ခုနစ်ဌာနပန္နက်ချသည်။ ယင်းခုနစ် ဌာနကား 'နန်းမြို့၊ ကျုံးတော်၊ မဟာလောကမာရဇိန်စေတီတော်၊ သိမ်တော် မဟာအတုလဝေယံကျောင်းတော်၊ ပိဋကတ်တိုက်တော်နှင့် သုဓမ္မာဇရပ်တော်'တို့ ဖြစ်ကြသည်။ သို့ သတ်မှတ်ပြီးသည်နှင့် မြို့တည်ရေးလုပ်ငန်းများကို ဆက်တိုက် ဆောင်ရွက်ကြရလေသည်။



မြို့တည် နန်းတည် လုပ်ငန်းများ လုပ်ဆောင်၍ ၆ လအကြာတွင် နေပြည်တော်သစ် တည်ဆောက်ရေးလုပ်ငန်းသည် ဘာမျှ အရာမထင်သေး။ တော ရှင်း၊ မြေညှိ၊ ကမ္မဝါရွတ်၊ ဗာလိနတ်စာကျွေး စသည့်လုပ်ငန်းတွေ၊ ပြီးရုံမျှ ရှိသေးသည်။ မင်းတုန်းမင်းသည် ထိုအခြေအနေတွင် မန္တလေးတောင်ခြေ၌ ယာယီ တဲနန်းဆောက်၍ ပြောင်းရွှေ့စံမြန်းလေတော့သည်။ 'ဥစ္စာရှင်လို ဥစ္စာရှင်ခဲမှ' မဟုတ်လား။ ဝန်ကြီး ဝန်ငယ်တွေကို အားကိုးပြီး ပေါ်မလာသေးသည့်နေပြည် တော်ကို တမျှော်မျှော် လုပ်မနေချင်။ ကိုယ်ရှေ့မှာ ကိုယ့်စိတ်ကြိုက်၊ ကိုယ်စိတ်ကူး ဖြင့် တည်မည့် နေပြည်တော် ဖြစ်ရမည်။ မင်းတုန်းမင်းမြတ်သည် 'တိမ်ဦးလရောင်' အမည်ရှိ ဆင်ကို စီးလျက်၊ မြို့တည်ရေးကို ကိုယ်တိုင် အားထုတ် ကွပ်ကဲခဲ့လေ သည်။

မကြာမီ နေပြည်တော်သည် အကောင်အထည်ပေါ်လာပြီး မြို့ပြင်လေးရပ်၊ ယင်းနှင့်အတူ ဝန်ကြီး၊ မှူးကြီးမတ်ကြီးတို့အတွက် အိမ်များ၊ နန်းမြို့ရိုးနှင့် ကျုံး၊ မြေနန်းပြာသာဒ်၊ တည်ဆောက်ဖွယ်အရပ်ရပ်ကို အထပ်ထပ် စီစဉ် ဆောင်ရွက်ခဲ့ သည်။ ခရစ်နှစ် ၁၈၅၆ ခုနှစ်မှ စတင်၍ ကြိုးပမ်းတည်ဆောက်ခဲ့သော ရတနာပုံနေပြည်တော်သည် ၁၈၆၃ ခုနှစ်တွင် အသင့် ဖြစ်လေပြီ။

သည်မြို့ကား ပြည်သူတို့၏ တကယ့် လုပ်အားဖြင့် တည်ရသော မြို့တည်း။ ခေါင်းမိန့်ကြောင့် လုပ်ကြရသည် မှန်စေ၊ စေတနာအပြည့်အဝဖြင့် ပြည်သူတို့ ပါဝင် တည်ဆောက်ခဲ့ကြသည်။ နိုင်ငံခြားအင်ဂျင်နီယာတွေလည်း ပါသည်။ လက်သမား၊ ပန်းပဲ၊ ပန်းရံ ပညာရှင်တွေလည်း ပါသည်။ ဘာပညာမှ မတတ် သော သာမန်လုပ်သားများလည်း ပါသည်။ သူတို့အထဲမှာ ဘုရင်မင်းမြတ် ကိုယ်တိုင် ဆင်စီးပြီး ဝင်လုပ်ခဲ့သည် ဆိုတော့ မှူးကြီးမတ်ကြီး၊ ဝန်ကြီးများမှ အစ မင်းညီမင်းသားတွေလည်း မနားရ၊ တစ်တပ်တအား ဝိုင်းဝန်းတည်ကြသော ပြည်သူ့မြို့၊ ပြည်သူ့နေပြည်တော် အစစ် ဖြစ်သည်။

ပြည်သူတွေ ဝိုင်းတည်သည့်မြို့ ဆို၍ 'အလကားပဲတင်း' နှင့် အခကြေး ငွေမပေးဘဲ ခိုင်းစေသည်တော့ မဟုတ်။ မြို့တည်မည်ဆိုကတည်းက မင်းတုန်း ဘုရင်က အမိန့်ထုတ်ပြီး ဖြစ်သည်။ 'အရပ်ရပ်လုပ်ဆောင်သည်များမှာ ပြည်သူ ဆင်းရဲသားတို့ကို အထိအပါး အခန့်အခွဲမရှိပါစေနှင့်၊ ကျသင့်ငွေတော်ကို ရွှေတိုက် မှ ထုတ်ပေးလုပ်ဆောင်စေ'

www.burmeseclassic.com

www.burmeseclassic.com



## ၂

မင်းတုန်းဘုရင်မင်းမြတ်သည် ရတနာပုံနေပြည်တော်သို့ ပြောင်းရွှေ့စံနေတော်မူပြီး ပြည်သူတို့ ပြောင်းရွှေ့ရ ပင်ပန်းကြသည် မှန်သော်လည်း မလုပ်လျှင် မဖြစ်သည့် ကိစ္စကို ပြီးစီးအောင် လုပ်ဆောင်ပြီးကြပြီ။ 'ပျက်အစဉ် ပြင်ခဏ' ဆို မဟုတ်လား။ စိတ်ဆင်းရဲစရာကောင်းလှသော နေပြည်တော်ဟောင်းမှသည် ပျော်ရွှင်စရာအတိ ဖြစ်သော နေပြည်တော်သစ်သို့ ပြောင်းခဲ့ပြီ။ ချမ်းသာစွ။

ယခုအခါတွင် မင်းတုန်းဘုရင်မင်းမြတ်သည် ပြည်ပရေးရာကို ပြန်၍ သတိရလာသည်။ သတိမရ၍လည်း မဖြစ်။ အိမ်ရှေ့စံ ညီတော်ကနောင်မင်းသည် မြန်မာ့တပ်မတော်ကို အသစ်ပြန်လည် ဖွဲ့စည်းနေပြီး ခေတ်မီ လက်နက်သစ်များ တပ်ဆင်ရန် ကြိုးပမ်းနေပြီ။ သိပ္ပံပညာမတတ်၍ တစ်ခေတ်နောက်ကျခဲ့ပြီ။ သိပ္ပံပညာကို လက်နက်သဖွယ် အသုံးချရမည်။ ခေတ်မီစက်ရုံများ တည်ဆောက်ရန် ကြိုးပမ်းရမည်။

သည်တော့ ဘာလုပ်မလဲ၊ 'မသိမေး၊ မစင်ဆေး' တဲ့၊ မိမိတို့ မသိသည့် ကိစ္စကို မေးမှ သိတော့မည်။ မိမိတို့ မတတ်ကျွမ်းသေးသည့် ပညာကို သင်မှ တတ်တော့မည်။ ထူးကဲဆန်းသစ်သော သိပ္ပံပညာများကို သင်ယူရန် မင်းတုန်းမင်းသည် ကိုယ့်ထက် တတ်ကျွမ်းသူ ပညာရှင်များကို မျှော်ကြည့်လေသည်။ သည်ပညာများကို ပြည်ပသို့ သွားရောက်သင်ယူရမည်လား။ သို့မဟုတ် ပြည်ပမှ ပညာရှင်များကို ပင့်ဖိတ်ပြီး သင်ယူသော်ကောင်းမည်လား။

ပြည်ပဆို၍ သတိရသေးတော့။ နန်းတော်ကို ခါးတောင်းကျိုက်၍ တည်ဆောက်နေစဉ်က နိုင်ငံခြား ဧည့်သည်အဖွဲ့ တစ်ဖွဲ့သည် မမျှော်လင့်ဘဲနှင့် မန္တလေး ရတနာပုံ နေပြည်တော်သို့ ရောက်လာသည်။ သည်အဖွဲ့မှာ အမေရိကန်နိုင်ငံက သံအဖွဲ့ဖြစ်သည်။ အမှန်ဆိုသော် ပြည်ပသံအဖွဲ့ တစ်ဖွဲ့သည် ရွှေနန်းတော်တွင်းရှိ အရေးပါသော ဒေသများကို ဝင်ရောက် ကြည့်ရှုရန် အကြောင်းမရှိ။ သို့သော် ဘုရင်မင်းတရားသည် သဘောထားကြီးစွာဖြင့် ခွင့်ပြုသည်။ အမေရိကန် ဧည့်သည်တို့ နန်းတွင်းဝင်ကြည့်ကြပါစေ၊ လွတ်လွတ်လပ်လပ် သွားလာကြပါစေ၊ လိုက်ပြလိုက်ဟု မှူးမတ်တို့ကို တာဝန်ပေးသည်။



စင်စစ် မင်းတုန်းဘုရင်မင်းမြတ်သည် သူ့စိတ်ကူးနှင့်သူ ရှိပြီး ဖြစ်သည်။ ဧည့်သည်တွေ မြန်မာ့လက်ရာ အနုပညာကို မြီးစမ်းကြည့်သွားနိုင်ကြစေ၊ မြန်မာ့အနုပညာကို အထင်ကြီးသွားကြအောင် နန်းတော်အဆောင်ဆောင် အခန်းခန်းကို ပြလိုက်ကြဟု ခွင့်ပြု အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။ ရွှေပိန်းချထားသော ကျွန်းလုံးတိုင်ကြီးများ၊ ယွန်းအနုပညာ၊ ပန်းပုအနုပညာ၊ ပန်းချီ အနုပညာ၊ ပန်းရံအနုပညာ စသော အနုပညာရှင် ပေါင်းစုံတို့ ဝိုင်းဝန်းပြုစုတည်ဆောက်သော အရောင်တလက်လက် ထွက်နေသည့် ဤအဆောင်ဆောင် အခန်းခန်းကို မြင်သော် ဧည့်သည်တော် အမေရိကန်သံအဖွဲ့ဝင်တို့သည် အမှန်တကယ်လည်း အံ့သြချီးကျူးမဆုံး ဖြစ်ခဲ့သည်။ သည်အကြောင်းကို ဘုရင်မင်းမြတ် ကြားသိသောအခါ ကျေနပ်အားရစွာ ပြုံးတော်မူသည် ဆိုလျှင် လွန်ကဲရာကျပါ့မလား။

နောက်ဆုံးတွင် အမေရိကန် သံအဖွဲ့ဝင်များကို မင်းတုန်းမင်းက ယာယီစံနန်း၌ လက်ခံတွေ့ဆုံသည်။ ဧည့်သည်များ ကျန်းကျန်းမာမာ ရှိကြရဲ့လား။ ဧည့်ဝတ်ပြုတာကို ကျေနပ်ကြရဲ့လား။ ဘာများ လျှောက်တင်လိုကြသလဲ။ မင်းတုန်းဘုရင်က မေး၏။ ထို့နောက် အမေရိကန် ဧည့်သည်တွေအနေဖြင့် ဗုဒ္ဓဘာသာ အပေါ် ဘယ်လိုမြင်ကြသလဲ၊ မိမိတို့ ကိုးကွယ်ရင်း ဘာသာကကော ဘာလဲ စသည်ဖြင့် အလ္လာပ သလ္လာပ စကားကို ဘုရင်မင်းမြတ်က မေးသည်၊ ပြောသည်၊ ဆိုသည်။ အမေရိကန် ဧည့်သည်တွေကား အလည်အပတ် လာခြင်းမျှသာ ဖြစ်သည်။ သူတို့နှင့် အလုပ်စကား ဘာမျှ မပြောဖြစ်ခဲ့။ သို့သော် ကိစ္စမရှိ၊ တိုင်းပြည်၏ နယ်စပ်ကို ကျော်၍ ပြည်ပသို့ လှမ်းမျှော်ကြည့်လိုသော ဘုရင်မင်းမြတ်သည် ပြည်ပ ဧည့်သည်များနှင့် တွေ့ရ၊ ဆုံရ၊ သိရ၊ ကျွမ်းရသည်ကိုပင် ကျေနပ်အားရသည်။

နိုင်ငံတော်ကို သိပ္ပံပညာဖြင့် မွမ်းမံမည် ဆိုလျှင် သည်လိုပြည်ပ မိတ်ဆွေတွေ များများလိုသည် မဟုတ်လား၊ ပြည်ပက မိတ်ဆွေတွေထံမှ လိုချင်သော သိပ္ပံပညာတွေရလျှင် နိုင်ငံတော်ကို ထွန်းထွန်းကားကားဖြစ်အောင် ကြိုးပမ်းလိုက်မည်။ စက်ရုံတွေ တည်လိုက်မည်။ အချိန်အတိုဆုံး ကာလမှာ စက်မှုသိပ္ပံနိုင်ငံတော် ဖြစ်အောင် ညီတော်အိမ်ရှေ့မင်း လုပ်ဆောင်နေသည်မှာ ခရီးပင် အတော် ရောက်နေပြီ။ သည်ကိစ္စကား ညီတော်ကိုသာ အားကိုးရမည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုမှ မကြိုးပမ်းလျှင်လည်း မဖြစ်တော့ပြီ။ ကြည့်လေ၊ ကျောချတော့မှ ဓားပြမှန်း သိခဲ့ပြီ မဟုတ်လား။ ခေတ်မီသိပ္ပံပညာ မတတ်၍ နယ်ချဲ့သမားထံတွင် နိုင်ငံတစ်ခြမ်းဆုံးခဲ့သည်မှာ ဘာကြာသေးလို့လဲ။

နိုင်ငံတော်ကို စက်မှုသိပ္ပံပညာ ထွန်းကားသည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းမည်ဆိုပါက နိုင်ငံခြား ပညာတော်သင်တွေ လွှတ်မှ ဖြစ်မည်၊ သည်တော့ ညီတော်ကနောင်မင်းနှင့် တိုင်ပင်ရသည်။ ဥရောပတိုက်ရှိ အင်္ဂလန်၊ အီတလီနှင့် ပြင်သစ်နိုင်ငံများသို့ လည်းကောင်း၊ အာရှတိုက်မှ အိန္ဒိယပြည်သို့ လည်းကောင်း၊ မြန်မာလူငယ် ၄၀ ကို ပညာတော်သင်အဖြစ် စေလွှတ်ခဲ့သည်။ ဤ ပညာတော်သင်များသည် စက်မှုသိပ္ပံပညာ၊ နိုင်ငံတော် ကာကွယ်ရေးပညာ၊ ပြည်သူ့အုပ်ချုပ်ရေးပညာများကိုသင်ကြမည်။ သူတို့ ပြန်လာလျှင် မြန်မာပြည်သည် တစ်ခေတ်ပြောင်းလိမ့်မည်။ မြန်မာ့စီးပွားရေးသည် စာမျက်နှာသစ်ကို လှန်လိမ့်မည်။ ပြီးတော့.....မြန်မာ့အုပ်ချုပ်ရေး စနစ်ကကော.....အင်း၊ မြန်မာ့အုပ်ချုပ်ရေး စနစ်ကတော့ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ပဲ၊ ဘယ်သို့ ပြောင်း၍ ဖြစ်ပါ့မလဲ၊ နေမြဲပဲ ရှိရမည်ပေါ့။

ယခုအခါတွင် ရတနာပုံနေပြည်တော်၌ စက်ရုံတွေ ပေါ်ပေါက်လာပြီ။ ကနောင်ကိုယ်တော်ကြီးသည် တိုင်းရေးပြည်ရေးကိစ္စများကို မလွန်မင်းသားနှင့် လွှဲထားလိုက်၏။ ထို့နောက် မိမိကိုယ်တိုင်ကမူ သိပ္ပံစက်ရုံတွေ အကြား မနားတမ်း အလုပ်လုပ်လေသည်။ စင်စစ်ဆိုသော် ကနောင်မင်းသားသည် နောင်တော်မင်းတရားကို ချစ်သည်၊ လေးစားမြတ်နိုးသည်။ အကြည်ညိုလွန်ကဲသည် မှန်ပါ၏။ သို့သော် သိပ္ပံပညာလုပ်ငန်းပိုင်းဆိုင်ရာတွင်မူ နောင်တော်မင်းတရား၏ ဩဇာ မပါဘဲ မိမိသဘောနှင့် မိမိ ကြိုးပမ်းလိုဟန် ထင်ရသည်။

နောင်တော်မင်းတရားသည် မိဖုရားတွေအကြား ပျော်ပါးနေပါစေဟုများ ကနောင်မင်းသားက စေတနာနှင့် လွှတ်ပေးထားလေသလား။ မင်းတုန်းမင်းတရား မယားအများကြီး ယူသည်ကို အားလုံး သိပြီး ဖြစ်သည်။ မိဖုရား ၅၃ ပါးအကြားတွင် မင်းတရားသည် မည်သို့ စခန်းသွားသလဲ မသိ။ သည်တော့ သည်မျှ အလုပ်များသည့် နောင်တော်ကို နောက်ထပ် အလုပ်မပေးလို၍ပဲလား။ ကနောင်မင်းသားကြီးသည် မိမိစက်ရုံများကို မိမိကိုယ်တိုင် အပင်ပန်းခံ၍သာ ကြိုးပမ်းတည်ဆောက်ခဲ့သည်။



ဒင်္ဂါးသွန်းလုပ်သော စက်၊ ရက်ကန်းစက်၊ ဆန်စက်၊ အမြောက်သေနတ်စသည့် လက်နက်လုပ်သည့်စက်၊ သစ်စက်၊ သကြားစက်၊ မဲနယ်စက်၊ ဖန်ထည်စက်မှအစ စက်ကရိယာအစုံပေါင်း ၅၀ ကျော်ကို နိုင်ငံခြားမှ မှာယူတင်သွင်းသည်။ ထို့နောက် နေပြည်တော်အရပ်ရပ်တွင် စက်ရုံများကို စနစ်တကျ တည်သည်။ နေပြည်တော်၏ စက်ရုံများမှ ထွက်လာသော မီးခိုးတလူလူကို ကြည့်၍ ကနောင်ကိုယ်တော်ကြီး ဘဝင်တငြိမ့်ငြိမ့် ရှိလေပြီ။

ဒင်္ဂါးသွန်းစက်ရုံတွင် နိုင်ငံခြားမှ ပြန်ရောက်လာသော ပညာတော်သင်များ ပြင်သစ်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရ၏။

ဆောက်လုပ်ရေးကဏ္ဍတွင်လည်း ရွှေဘော်ထိုးသည့် စက်၊ သစ်ခွဲစက်၊ ချိုစက်၊ ဖောက်စက်၊ သံပြားကြိတ်စက်၊ လျှပ်စစ် ဓာတ်အားပေးစက်များကို ယူခဲ့ရာ ဒင်္ဂါးတစ်သိန်းနှင့် ခုနစ်သောင်း ကုန်ကျခဲ့သည်။


သယ်ယူပို့ဆောင်ရေးဖက်က ကြည့်ဦး။ ယခင်က ဖောင်တော်နှင့် လှေကြီး လှေငယ်များသာလျှင် ဘုရင်မင်းမြတ်နှင့် ပြည်သူများအတွက် ရေကြောင်းယာဉ်များ ဖြစ်ခဲ့၏။ ယခုသော အင်္ဂျင်စက်မောင်း သင်္ဘောကြီးများ ဖြစ်သော နန်းစကြာ၊ မြနန်းစကြာနှင့် စကြာယာဉ်မွန်' ရေယာဉ်ကြီးများသည် လှေအိုလှေဟောင်းများနေရာတွင် အစားထိုး ဝင်ရောက်လာလေပြီ။ ပြီးတော့ ဓာတ်လှေဟုခေါ်သော မော်တော်ဘုတ်များလည်း ရှိနေပြီ။

ခေတ်သည် အချိန်နာရီနှင့်အမျှ တိုးတက်ပြောင်းလဲလျက် ရှိ၏။ သည်တော့ ခေတ်နှင့် ရင်ဘောင်တန်း၍ လိုက်ရန် ကြိုးပမ်းရမည်။ ပင်ပန်းသည်ဟု မငြီးအား။ ရရှိမည့် အကျိုးကျေးဇူးက မနည်းဘူး မဟုတ်လား။ ကြည့်လေ၊ မြန်မာဘုရင့်နေပြည်တော်တွင် ကြေးနန်းရိုက်စက်တပ်ဆင်ခဲ့သည်နှင့် ကမ္ဘာနှင့် အမြဲမပြတ်ဆက်အသွယ် ရခဲ့ပြီ။ မြန်မာနိုင်ငံတော်အတွင်း မြန်မာ့သင်္ကေတ၊ မြန်မာ့အက္ခရာနှင့် ကြေးနန်းသတင်း၊ အမိန့်စာချွန်တော်များကို နာရီပိုင်းအတွင်း ပို့နိုင်ခဲ့ စင်စစ်ဆိုသော် ရတနာပုံခေတ်သည် မြန်မာနိုင်ငံတော်၏ စက်မှုလက်မှုထွန်းလန်းရေးခေတ်ပင် မဟုတ်ပါလား။

အင်္ဂလိပ်အစိုးရသည် ၁၈၅၅ ခုနှစ်မှ စ၍ မြန်မာပြည်တွင်းရှိ မိမိဩဇာလွှမ်းပတ်ရာ၊ ဒေသအသီးသီးတွင် ကြေးနန်းစက်ရုံများ တည်ပြီးပြီ။ ရန်ကုန်၊ ပြည်၊ မြေထဲ၊ သရက်မြို့များ အချင်းချင်း ဆက်သွယ်လိုက မိနစ်ပိုင်း နာရီပိုင်း


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




ပုံ(၁၆)။ နမြောဖွယ် ထိုပုဂ္ဂိုလ်၊ ကြည်ညိုကြ စဉ်အမြဲ

ပြည်သူတို့ ကြည်ညိုကြသော အိမ်ရှေ့စံ၊ သီရိပဝရ မဟာသုဓမ္မရာဇာ ကနောင် မင်းသားကြီး၊ ၂-၈-၁၈၆၆ နေ့တွင် ကျဆုံးခဲ့ပုံ မော်ကွန်းကျောက်သား ကမ္ပည်းစာ၊ မြန်မာ့ တပ်မတော်ကို ခေတ်မီ လက်နက်တပ်ဆင်ရန် ရှေ့ဆောင်ခဲ့သူဟု စာ၌ ပါရှိ၏။



ပုံ(၁၇)။ ထောင်စုနှစ်အဆုံး ဆည်းဆာချိန်၊ နေမှိန်မှိန်တောက်ဝင်း

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၊ ညနေတွင် မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော် နန်းမြို့ရိုးပေါ်၌ နေဝင်ချိန် ဆည်းဆာအလှ

www.burmeseclassic.com

www.burmeseclassic.com



အတွင်း။ မြန်မာဘုရင်မင်းမြတ်၏ ရတနာပုံ နေပြည်တော်၌ ကြေးနန်းဆက်သွယ်မှု ရပြီ ဆိုတော့ နှစ်နိုင်ငံ ဆက်သွယ်ရေးအခြေအနေများ ပိုမို တိုးတက်လာသည် နှစ်နိုင်ငံသည် နာရီမခြား မိနစ်မခြား ကြေးနန်းဖြင့် ဆက်သွယ်နိုင်ပြီ။ အင်္ဂလိ မြန်မာ နှစ်နိုင်ငံအကြား ယခင်ထက် ပို၍ နားလည်မှု ကြွယ်လိမ့်မည်။ ယခင်ထ ပို၍ ချစ်ကြည်မှုများလိမ့်မည်၊ ယခင်ကထက် ခင်မင်ရင်းနှီးမှု ပိုလာ ကောင်းပါရဲ့။

၃

ရတနာပုံ နေပြည်တော်သစ်သို့လည်း ပြောင်းခဲ့ပြီ။ ပြည်သူတို့လည်း နေပြည်တေ သစ်မှာ နေသားတကျ ရှိကြပြီ။ နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ်သို့ တတ် သရွေ့ တွန်းပို့ခဲ့ပြီ။ ဆောင်ရွက်ဖွယ် ကျန်နေသည်မှာ သာသနာရေးကိစ္စ အ သာ ဖြစ်သည်။ မင်းတုန်းမင်းကား သာသနာကို ချစ်မြတ်နိုးသူ၊ သာသနာရေး အလေးဂရုပြုသူ၊ သာသနာ စည်ပင်ပြန့်ပွားရန် ခွန်အားရှိသရွေ့၊ ဉာဏ်အာ သရွေ့ အားထုတ်လိုသူ ဖြစ်၏။

သို့ဆိုလျှင် ဘုရင်မင်းမြတ်သည် သာသနာရေးအတွက် မည်သို့ ကြိုးပမ်းဆေ မလဲ၊ ကြည့်ကြစို့။

တကယ်တန်း ပြောကြစို့ဆိုလျှင် ကုန်းဘောင်ဆက် မင်းများတွင် မင်းတုန် မင်းသည် သာသနာတော်ကို အစောင့်ရှောက်ဆုံးမင်း၊ အကာကွယ်ဆုံးမင် ဖြစ်သည်။ သာသနာလည်း ပြုသည်။ သာသနာတော်ကိုလည်း စောင့်ရှော ကာကွယ်သည်။ ဘယ်မင်းလက်ထက်မှာမှ မင်းတုန်းမင်းခေတ်လောက် ဘာသ တရား ကိုင်းရှိုင်းကြည်ညိုမှု မတိုးတက်ခဲ့သေးဟုလည်း ဆိုနိုင်သည်။

ကြည်ညိုပေမပေါ့၊ ကိုင်းရှိုင်းပေမပေါ့၊ မင်းတုန်းဘုရင်သည် နန်းတက် 'မုဒ္ဒါဘိသိက်'ခံယူစဉ်ကပင် သာသနာရေးနှင့် ပတ်သက်၍ ကတိသစ္စာ ကျိန်ဆို သေးသည် မဟုတ်လား။

မင်းတုန်းဘုရင် နန်းတက်ပြီး မကြာမတင်မှာပင်။ မုဒ္ဒါဘိသိက်ခံ ယူ သည်။ 'သာသနာပြု မင်းကောင်းမင်းမြတ်တို့ အစဉ်အလာအတိုင်း ပြည်သူ့အကျိုး ကို ထမ်းရွက်ပါမည်။ သာသနာ့အကျိုးကို ဆောင်ရွက်ပါမည်၊ ကတိသစ္စာ ပြုသည်



တိုင်း မထမ်းမဆောင်ရှိလေသော် တိုင်းကားပြည်ရွာ ပြိုကွဲပျက်စီးပါစေသား' သည်ဖြင့် ကတိသစ္စာ ကျိန်ဆိုရသည်။ သည်လိုမင်းမျိုးက သာသနာတော် င့်ပင်ရာ စည်ပင်ကြောင်းအတွက် ကိုယ်အားရှိသရွေ့ ဉာဏ်အားရှိသရွေ့ ထမ်း င်ခဲ့သည်မှာ စင်စစ် ထူးဆန်းသည်ဟုပင် ဆိုနိုင်ပါအံ့မလား။

ဘုရင်မင်းမြတ်သည် ရတနာပုံ နေပြည်တော်ကို တည်ထောင်သည့်နှင့် ပြိုင်နက် ပန္နက်ချရာ 'ခုနစ်ဌာန' တွင် 'မဟာလောကမာရဇိန်စေတီတော်'လည်း သည်။ မန္တလေးတောင်ခြေတွင် တည်ထားခဲ့သော သည်စေတီသည် ပုဂံပြည် စည်းခုံ စေတီတော်နှင့် သဏ္ဌာန်တူသည်။ ကြည်ညိုသဒ္ဓါပွားဖွယ်ကောင်း ၏။ ၁၈၅၉ ခုနှစ်တွင် သီဟိုဠ်နိုင်ငံမှ စွယ်တော်ပွားနှစ်ဆူကို ပင့်ဆောင် ၏။ ဘုရင်မင်းမြတ်သည် စွယ်တော် နှစ်ဆူကို မဟာလောကမာရဇိန်စေတီတော် င် ဌာပနာခဲ့သည်။

နန်းတော်တွင် သာသနာပိုင် ဆရာတော်နှင့် သုဓမ္မာဝင် ဆရာတော်များ သီတင်းနေ့တိုင်း ပင့်ဖိတ်၍ ဆွမ်းကပ်လှူသည်။ ရဟန်းသံဃာများအား ကြည်ညို ပွားခြင်းသည် မင်းတုန်းမင်း၏ ပင်ကိုယ်စိတ်ကို ဖော်ပြခြင်းပင် ဖြစ်သည်။ သနာတော်ကို ကြည်ညိုသည့်အလျောက် သာသနာ့ သူရဲကောင်းများကို အမြဲ ကပ်သမှု ပြုသည်။ ရတနာပုံ နေပြည်တော်သို့ ပြောင်းရွှေ့ စံမြန်းခဲ့သည်မှ င်လေးရပ်ရှိ သံဃာကျောင်းတိုက်များသို့ လည်းကောင်း၊ အမရပူရ နေပြည် ဟောင်းရှိ သံဃာကျောင်းတိုက်များသို့ လည်းကောင်း ဆန်တင်းရေ နှစ်သောင်း ကို လစဉ် လှူဒါန်းတော်မူခဲ့သည်။

နေပြည်တော် ပန္နက်ချရာ ခုနစ်ဌာနတွင် ပါဝင်သော ပဋ္ဌာန်းသိမ်တော် ည် လည်းကောင်း၊ သုဓမ္မာ သံဃာဇရပ်တန်းသည် လည်းကောင်း မင်းတုန်း င်း၏ မိဖုရား၊ ခင်သဲ၏ အလှူတော် ဖြစ်သည်။ နန်းတက်စကပင် ခင်သဲကို ပေးခဲ့၏။ စိတ်တိုင်းကျ လှူပေတော့ဟူ။ ယခုသော် သိမ်တော်နှင့် ဇရပ်တော် သည် မင်းတုန်းမင်းကြီး၏ ဆန္ဒနှင့်အတူ မိဖုရားကြီး ခင်သဲက လှူဒါန်းပြီးပြီ။ တော် မင်္ဂလာကို မင်းတုန်းဘုရင်ကြီး ကိုယ်တိုင် တက်ရောက်ကြည်ညိုပြီး သဲနှင့်အတူ ရေစက်ချခဲ့သည်။

မြို့ပြင်လေးရပ်တွင် ရဟန်းကျောင်းတွေနှင့်အပြည့် ရွှေကျင်တိုက်၊ မိုးထိ က်၊ ပြည်တိုက်၊ စလင်းတိုက်၊ မိုးကောင်းတိုက်၊ သင်္ဂဇာတိုက် စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စိရရိ ရှိသည်။ ငယ်ဆရာတော် ရှင်စန္ဒိမာကို မြို့မြောက်မျက်နှာတွင် 'မဟာဇေတကာရာမတိုက် 'စံကျောင်းအမည်ဖြင့် ကျောင်းသစ်ဆောက်လုပ်၍ ကိုးကွယ်ခဲ့သည်။

ဝါခေါင်လတွင် ဘုရင်မင်းတရားကိုယ်တိုင် တက်ရောက်ချီးမြှင့်သော စာပြန်ပွဲကြီးကို ကျင်းပသည်။ စာပြန်ပွဲတွင် ထူးချွန်သော ရဟန်းတော်ကို ဘုရင်မင်းမြတ်သည် ကြည်ညိုသဒ္ဓါပွားလျက် ဆုတံဆိပ်များ ဆက်ကပ်ချီးမြှင့်ခဲ့သည်။

မင်းတုန်းဘုရင်မင်းမြတ်သည် သာသနာကိုကြည်ညိုသည် ဆိုရာ၌ အရမ်းကာရော မျက်စိမှိတ်၍ ကိုးကွယ်ကြည်ညိုခြင်း မဟုတ်။ သန့်စင်မွန်မြတ်သော သာသနာတော်ကိုသာ ဘုရင်မင်းမြတ် အလိုရှိသည်။ ရဟန်း ဟု ရဟန်းယောင်တွေကို မလို။ ရဟန်းစစ်၊ ရဟန်းမှန်ကိုသာ ကိုးကွယ်ရန် ဆန္ဒ ဖြစ်ပေါ်သည်။

ဆန္ဒဆိုသည်မှာ အတိုင်းအတာ ရှိသင့်သည်။ အကန့်အသတ်ရှိသင့်သည်။ ရှိသင့်သော အတိုင်းအတာနှင့် အကန့်အသတ်ကို ကျော်လွန်သွားလျှင် ဆန္ဒသည် အစွန်းရောက်တတ်သည်။ ဤ သဘောကို စောကြောခြင်း မပြုမိရှာသော ဘုရင်မင်းတရားသည် တစ်ကြိမ်မက 'အစွန်းသို့ 'ရောက်ဖူးလေသည်။

ဥပမာ ၁၈၅၅ ခုနှစ်က ထုတ်ပြန်သော 'ဓမ္မဝိနယအမိန့်တော်ပြန်တမ်း'ကို ကြည့်။ ထိုစဉ်က နေပြည်တော်တွင် 'ရွှေကျင်ဂိုဏ်းနှင့် သုဓမ္မာဂိုဏ်း'ဟူ၍ သံဃာတို့ နှစ်ဂိုဏ်းကွဲနေသည်။ မင်းတုန်းဘုရင်ကိုးကွယ်သော ရှမ်းကလေးကျောင်း ဆရာတော် ရှင်နန္ဒသည် သံဃာတို့လိုက်နာကျင့်ဆောင်စေရန် 'ဓမ္မဝိနယစာတမ်း' ကို ရေးသည်။ ထို့နောက် သာသနာပိုင် ဆရာတော် ရှင်ညေယျဓမ္မခေါင်းဆောင်သော သာသနာ့ဦးဆောင် ဆရာတော်များထံ တင်ပြသည်။ ဆရာတော်တို့က လက်ခံတော်မူကာ ရဟန်းသံဃာတို့ လိုက်နာရန် တရားဝင် ပြဋ္ဌာန်း၏။

ရဟန်းကိစ္စကို ရဟန်းအစုအဝေးတို့ လုပ်ဆောင်ရာတွင် မင်းတုန်းဘုရင်သည် အနေသာကြီး မဟုတ်လား။ သို့သော် မင်းတုန်းဘုရင်က အေးအေး မနေပေ။ ဆရာတော်များ ပြဋ္ဌာန်းသော 'ဓမ္မဝိနယစာတမ်း' ကို 'ဓမ္မဝိနယအမိန့်တော်ပြန်တမ်း' ဟု အမည်ပေးလျက် တစ်နိုင်ငံလုံးသို့ ကြေညာပျံ့နှံ့စေသည်။ ဓမ္မစက်ကို အာဏာစက်ဖြင့် မွှန်းလေသည်။

သည်ပြန်တမ်းကြောင့် ဗုဒ္ဓဘာသာဝင်များအကြားတွင် အငြင်းအခုန်တွေ ဖြစ်လာရသည်။ ဓမ္မဝိနယပြန်တမ်း၏ အဆိုအရ 'ရဟန်းတော်များသည် အနာ



မရှိဘဲ ရထား၊ ထမ်းစဉ်၊ ယာဉ်၊ လှည်း စသည်တို့ မစီးရ။ ထို့ပြင် အနာမရှိဘဲ ဖိနပ်မစီး၊ ထီးမဆောင်းရ၊ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ။ ယင်းအပြစ်များကို ကျူးလွန်မိချေက 'အလဇ္ဇီဓမ္မ' ဟု သတ်မှတ်သည်။ ယင်းပြစ်မှုကို ကျူးလွန်သော ရဟန်းကို မည်သည့် ပြည်သူကမျှ မကိုးကွယ်ရ၊ အလှူဒါန မပြုရ' ဟု ဘုရင့်အမိန့်ဖြင့် ပညတ်လေသည်။

ဤသို့ သာသနာရေး ကိစ္စတွင် မင်းမိန့်၊ မင်းသြဇာဖြင့် ဝင်ပါခြင်းကို နိုင်ငံတော်ရှိ ရဟန်းပညာရှိ လူပညာရှိတို့ စိတ်မချမ်းသာ ဖြစ်ကြ၏။ မင်းသည် ရွှေကျင်ဂိုဏ်းဖက်သို့ ပင်းလေပြီဟုလည်း ကွယ်ရာ၌ အပြစ်တင်ခံရသည်။

သာသနာ့ ကိစ္စများတွင်၊ လူမင်းသော ရဟန်းမင်းသော၊ မည်သူ့မျက်နှာကိုမျှ မထောက်သူ၊ ဗန်းမော်ဆရာတော်ကဲ့သို့ ပုဂ္ဂိုလ်မျိုးကမူ ဓမ္မဝိနယအမိန့်တော်ကို ထင်ထင်လင်းလင်း ကန့်ကွက်၏။ ဆရာတော်က ထောက်ပြရာတွင် 'ယင်းပြန်တန်းကို စတင်ရေးခဲ့သော ရှမ်းကလေး ဆရာတော် ရှင်နန္ဒသည် မူလက ကသဲမျိုးနွယ် ဖြစ်ခဲ့၏။ သည်တော့ မြေခင်းအိမ်မှာ နေခဲ့ဖူးသူ ဖြစ်သည်။ လမ်းထွက်ရာ၌ပင် ကသဲအမျိုးသားတို့သည် ထီး၊ ဖိနပ်ကို မဆောင်ဘဲ သွားလာနေကျ ဖြစ်၍ ထိုအမိန့် ပြန်တန်းအတွက် မထောင်းတာလှ၊ နေပြည်တော်ရှိ ရဟန်းသံဃာတို့ကား ပူပြင်းလှသည့် အညာရာသီဥတုဝယ် ထီး၊ ဖိနပ်နှင့် ယာဉ်တို့ကို အသုံးပြုခွင့် မရလျှင် သေဖို့သာ ရှိတော့သည်။ ထို့ပြင် ဘုရင်မင်းမြတ်သည် သာသနာရေးဆိုင်ရာ ကိစ္စများဝယ် အဘယ့်ကြောင့် မတော်မရော် မင်းမိန့်ကို သုံးလေသနည်း။'

တစ်ကြိမ်တွင်လည်း 'ပါတိမောက်' ပြဿနာ ပေါ်ခဲ့ပြန်သည်။ ရတနာပုံ နေပြည်တော်တွင် ပစ္စည်းလေးပါး ဒါယကာတို့ ပေါများသည်။ မင်းမှအစ ပြည်သူတို့သည် ရဟန်းသံဃာတို့ကို ကြည်ညိုသဒ္ဓါပွားကြသည်။ ဤသတင်းသည် ဒန်းသတင်းကို လေညှင်းဆောင်ကာ ပြည်ရွာအနှံ့ ပြန့်လေ၏။ ထိုအခါ နိုင်ငံအနှံ့အပြားမှ ရဟန်းသံဃာတို့သည် ရတနာပုံ နေပြည်တော်သို့ လာရောက်သီတင်းသုံးကြ၏။ နေပြည်တော်တစ်ဝန်း ရဟန်းသံဃာပေါများဘိသည်။ ထိုအခါတွင် မြို့လူထုမှာ ဆွမ်းကွမ်းကာဝန်ကြီး တစ်ရပ် ပိသည်ထက် ပိလာသည်။

ဤ ပြဿနာကို မည်သို့ ရှင်းအံ့နည်း။ မင်းတုန်းမင်းကြီးသည် သာသနာပိုင် ဆရာတော်နှင့် တိုင်ပင်၏။ နောက်ဆုံးတော့ အဖြေတစ်ရပ် ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်က အမိန့်တော် တစ်ရပ် ထုတ်လိုက်သည်။ နေပြည်တော်တွင် သီတင်းသုံးကြသော ရဟန်းသံဃာတိုင်းသည် 'ပါတိမောက်' ကို အာဂုံဆောင်နိုင်ရမည်။ ပါတိမောက်ကျမ်း အာဂုံမဆောင်နိုင်လျှင် နေပြည်တော်၌ မည်သည့်ရဟန်းမျှ သီတင်း မသုံးရဟု မင်းမိန့်ဖြင့် တားပြန်သည်။

သည်တစ်ကြိမ်တွင်လည်း ဘုရင့်အမိန့်ကြောင့် ရဟန်းရှင်လူတို့ နှလုံးစိတ်ဝမ်း မချမ်းမြေ့ ဖြစ်ရပြန်ပြီ။ ရင်ထဲရှိသော ဝေဒနာကို သိမ်းဝှက်မထားတတ်သော ဗန်းမော်ဆရာတော်သည် မိမိဆန္ဒကို ဘုရင်မင်းမြတ် သိရှိရန် ထုတ်ဖော်ခဲ့လေသည်။

မန္တလေးတောင်တော်အလယ်ဆင့်တွင် လက်ညှိုးညွှန်၍ ဗျာဒိတ်ပေးနေဟန် မတ်တပ်ရပ်နေသော ရုပ်ပွားတော်ကြီး တစ်ဆူရှိသည်။ ထိုရုပ်ပွားတော်ကြီး၏ လက်ညှိုးတွင် စာတန်းတစ်ခုကို ဗန်းမော်ဆရာတော်က ချိတ်ဆွဲလိုက်၏။ စာတမ်းမှာ 'ဟော့ တောင်အောက်က မောင်ဖြူ၊ မင်းပါတိမောက်ရရဲ့လား၊ မရရင် နေပြည်တော်မှာ မနေနဲ့ဗျ' ဟု ပါရှိသည်။

မောင်ဖြူ ဆိုသည်မှာ မန္တလေးတောင်ခြေတွင် စကျင်ကျောက်ကို ထွင်းထုထား၍ ဖွေးဖွေးဖြူနေသော 'ကျောက်တော်ကြီး' ရုပ်ပွားတော် ဖြစ်လေသည်။ ကျောက်တော်ကြီး ရုပ်ပွားတော်၏ ကိုယ်လုံးတော်တွင်မူ ဤသို့ စာရေး၍ ဆွဲကပ်ထားပြန်သည်။

'ဟေ့ တောင်ပေါ်က မောင်ညို၊ ပါတိမောက်တော့ ငါ မရဘူး၊ သတ္တိရှိရင် မင်းနဲ့ ငါ ရေငုပ်ပြိုင်မယ်'

တောင်ပေါ်မှ လက်ညှိုးညွှန် ဗျာဒိတ်ပေး ကိုယ်တော်ကြီးမှာ ကျွန်းသားကို ထုထားသဖြင့် မောင်ညိုဟု အမည်ပေးခြင်းဖြစ်သည်။ ကျွန်းသားရုပ်ထုတော်မှာ ရေမမြုပ်၊ ကျောက်တော်ကြီး ရုပ်ပွားတော်မှာ ရေမြုပ်သည် ဖြစ်ရာ ယင်းကို နောက်ပြောင်၍ စာဆွဲရင်း မင်းတုန်းဘုရင်၏ အာဏာစက် အမိန့်တော်ကို ဆန့်ကျင်ဆန္ဒပြခြင်း ဖြစ်တော့သည်။ စာတန်းနှစ်စောင်ကို ဘုရားဖူးများ တွေ့ရှိ ဖတ်ရှုကြသော် တဝါးဝါး ရယ်မောကြရသည်။ ဖြစ်ရပ်ကို မင်းတုန်းဘုရင်မင်းမြတ် သိရှိလေသော် မိမိ ထုတ်ထားသော ပါတိမောက်အမိန့်တော်ကို ပြန်၍ ရုတ်သိမ်းခဲ့သည်။ အမှားကို မြင်သော် တခဏဖြင့် ပြုပြင်တတ်သော မင်းတုန်းမင်း၏ စိတ်သဘောထားကိုကား ဤနေရာတွင် အကဲခတ်နိုင်ကြ၏။



သာသနာပိုင် ဆရာတော် ရှင်ညေယျမွေသည် ခရစ်နှစ် ၁၈၆၆ ခုနှစ်တွင် ပျံလွန်တော်မူလေသည်။ သည်တွင် သာသနာပိုင် ဆရာတော်သစ်ကို တင်မြှောက်ရန် ဖြစ်လာ၏။ သာသနာပိုင် ဆရာတော်သစ်အဖြစ် မည်သူ့ကို တင်မည်နည်း။ ပထမ မူလ သာသနာပိုင် ဆရာတော်အဖြစ် မိမိ၏ ဆရာတော်ကို တင်မြှောက်ရန် လျှောက်တင်ခဲ့သော နန်းမတော်ကြီးသည် ယခု တစ်ကြိမ်လည်း မိမိစိတ်ကြိုက် ဆရာတော် တစ်ပါးကို တင်မြှောက်ချင်ပြန်၏။ ယခုတစ်ကြိမ်၌မူ နန်းမတော်ကြီးသည် ဒက္ခိဏဆရာတော် ရှင်ဇာဂရကို သာသနာပိုင် တင်ချင်သည်။ 'ပြောပါများ မယားစကားအောင်'ခဲ့သော မင်းတုန်းဘုရင် မင်းမြတ်ကား သည်တစ်ကြိမ်၌ အလိုမလိုက်တော့ပြီ။ ဘုရင်မင်းမြတ်က ရွှေကျင်ဂိုဏ်းဆရာတော်ကြီးတစ်ပါးကို သာသနာပိုင်ဆရာတော် တင်ချင်နေ၏။ မိဖုရားကြီးနှင့် သဘောချင်း မတိုက်ဆိုင်သောအခါ ဘယ်သူ့ကိုမှ သာသနာပိုင် ဆရာတော် မတင်တော့ဘဲ သုဓမ္မာဝင် ဆရာတော်ကြီး ရှစ်ပါးတို့က သာသနာ့ကိစ္စများကို ဆုံးဖြတ်စေရန် တာဝန်လွှဲလိုက်လေသည်။ ဘုရင်နှင့် မိဖုရားတို့သည် သာသနာပိုင် လုပ္ပွဲကို 'သရေပွဲ' လုပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဘုရင်လဲလေ လောကီသားပေမို့

၁

မင်းတုန်းဘုရင်မင်းမြတ်သည် စိတ်ကောင်းနှလုံးကောင်းရှိသူ ဘုရင်တစ်ပါး ဖြစ်သည်။ လူတစ်ဦးတစ်ယောက်တွင် ရှိတတ်သော အကောင်းဆုံး လက္ခဏာဟူသရွေ့ ဘုရင်မင်းမြတ်ထံတွင် တွေ့နိုင်သည်။ မိဖုရား အမြောက်အမြား ထားရှိပြီး အမြဲ ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။ ရယ်စရာ မောစရာများ ပြောဆိုနေတတ်သည်။ 'သူ့တွင် ထူးခြားသော အချက် တစ်ခုရှိသည်။ ယင်းကား သူ့ကို အနည်းငယ်မျှ သင်တန်းပေးရုံနှင့်၊ တကယ် ထူးချွန်သော အာရှတိုက်သား ကုန်သည်ကြီး တစ်ယောက် ဖြစ်နိုင်လောက်သော အရည်အချင်း ရှိခြင်းပင် ဖြစ်သည်' .....စသည်ဖြင့် ခရစ်ယာန် သာသနာပြု ဘုန်းတော်ကြီး ဒေါက်တာမတ်က သူ့စာတစ်အုပ်တွင် မှတ်ချခဲ့သည်။

ဘုန်းတော်ကြီး ဒေါက်တာမတ်မှာ နောင်အခါတွင် မင်းတုန်းဘုရင်မင်းမြတ်၏ ဖိတ်ခေါ်ချက်အရ မန္တလေး ရတနာပုံ နေပြည်တော်သို့ လာရောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုရင်း စာသင်ကျောင်း တစ်ကျောင်း ဖွင့်ခဲ့သူ ဖြစ်သည်။ ဗုဒ္ဓဘာသာကို သည်မျှ ကြည်ညိုသော မင်းတုန်းဘုရင်သည် ခရစ်ယာန် ဘုန်းတော်ကြီးကို အဘယ့်ကြောင့် မြန်မာနိုင်ငံ၏ နေပြည်တော်သို့ ဖိတ်ခေါ်လေခဲ့သနည်း။ အဖြေကိုရှာသော် မင်းတုန်းမင်း၏ လူဆန်သော စိတ်၊ လူသားတို့တွင် ရှိမြဲ ဖြစ်သော နှလုံးသားကို အကဲခတ်နိုင်ခွင့် ရကြမည် ထင်သည်။

ခရစ်ယာန် ဘုန်းတော်ကြီး ဒေါက်တာမတ်သည် မန္တလေးနေပြည်တော်သို့ ရောက်လာရခြင်းမှာ မင်းတုန်းဘုရင်မင်းမြတ်က တရားဝင် ဖိတ်ခေါ်မှုဖြင့် သာဖြစ်သည်။ ဘုရင်မင်းမြတ်က အင်္ဂလိပ်တို့နှင့် ပြတ်ပြတ် တောက်တောက် မနေသင့်ကြောင်း နားလည်သည်။ ပါးရည်နပ်ရည် ရှိသော ဘုရင်တစ်ပါး ဖြစ်သည့်ကြောင့် အင်္ဂလိပ်တို့နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိလေလေ၊ အောက်မြန်မာပြည်ပြန်ရဖို့ နည်းလမ်းများကို ရှာဖွေနိုင်လေလေဟု သူ မျှော်မှန်းသည်။ သည်တော့ ဘုရင်မင်းမြတ် ဘာလုပ်မည်နည်း။

အင်္ဂလိပ်တို့နှင့်စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုဖို့ကလွဲပြီး အခြားနည်းဖြင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းမည်၊ ဤနည်းသည် ယခုအခြေအနေတွင် အကောင်းဆုံး ဖြစ်သည်ဟု နားလည်သည်။ သို့ဖြင့် ၁၈၆၂ ခုနှစ်တွင် 'ကာနယ်ဖယ်ရာ' ခေါင်းဆောင်သော အင်္ဂလိပ်သံအဖွဲ့တစ်ဖွဲ့သည် မင်းတုန်းဘုရင်မင်းမြတ်၏ ရတနာပုံ နေပြည်တော်သို့ ဒုတိယအကြိမ် ရောက်ရှိလာခဲ့သည်။ ယခုတစ်ကြိမ်တွင်လည်း အင်္ဂလိပ်နှင့် စစ်ပြေငြိမ်းစာချုပ် ချုပ်ရန် ဘုရင်မင်းတရားက ငြင်းမြဲ ငြင်းသည်။ သို့သော်လည်း နှစ်နိုင်ငံ စီးပွားကုန်သွယ်ရေးစာချုပ် တစ်ရပ်ကိုမူ ချုပ်ဆိုနိုင်ခဲ့ကြသည်။

ထိုစာချုပ်တွင် ဖော်ပြထားသော သဘောတူညီချက်အရ ၁၈၆၂– ၆၄ ခုနှစ်များတွင် 'ဒေါက်တာဝီလျံ'သည် လည်းကောင်း၊ ၁၈၆၄ ခုနှစ်မှ စ၍ 'ကပ္ပတိန်စလေဒင်'က လည်းကောင်း၊ အင်္ဂလိပ်သံအဖွဲ့ ခေါင်းဆောင်အဖြစ် မန္တလေးနေပြည်တော်တွင် နှစ်ပေါင်းများစွာ နေထိုင်သွားခဲ့သည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးစာချုပ်အရ အင်္ဂလိပ်အစိုးရတွင် အကျိုးဖြစ်ထွန်း ‌သလိုပင် မြန်မာဘုရင်လည်း အကျိုးဖြစ်ခဲ့သည်။ စာချုပ်အရ ၅ နှစ်တာကာလမျှ ကုန်သွယ်မှု ပြုခဲ့စဉ် မြန်မာဘုရင့် စီးပွားရေးသည် တစ်ရှိန်ထိုး မြင့်မားတိုးတက်လာသည်။ စပါးနှင့် ကျွန်းသစ်တို့ကို နိုင်ငံခြားသို့ တင်ပို့ရာတွင် ဘုရင့်အစိုးရ



ကသာ ချုပ်ကိုင်ထားသည်။ ပြည်သူတို့ ရောင်းဝယ်တင်ပို့ခွင့် မရှိ။ ပဲနှင့် ဝါဂွမ်းအပါအဝင် အခြားအရေးပါသော ထုတ်ကုန်များကိုလည်း ဘုရင့်အစိုးရကပင် ချုပ်ကိုင်ထားသည်။ ဘုရင့်ကိုယ်စားလှယ်များကသာ နိုင်ငံခြားသို့ ရောင်းချရသည်။ အင်္ဂလိပ် အစိုးရပိုင်၊ မြန်မာပြည်အောက်ပိုင်းဒေသတို့မှ ဆန်၊ ငါးပိ၊ ဆားနှင့် အခြား ရေထွက်ကုန်အသီးသီးကို အထက်မြန်မာနိုင်ငံမှ ပြည်သူတို့ ဝယ်ယူစားသုံးရန်လည်း ဘုရင့်အစိုးရက တရားဝင် ချုပ်ကိုင်ထားသည်။ ဘုရင့်ကိုယ်စားလှယ်တို့ကသာ တစ်ဆင့် ဝယ်ယူရောင်းချကြသည် ။ ဘုရင်ကား မြန်မာနိုင်ငံ၏ စီးပွားရေးကို လက်ဝါးကြီးအုပ်ထားသူ ဖြစ်၏။ ဘုရင်ကား စီးပွားရေးတွင် အမြင်သန်သူ ဖြစ်သည်။ သည်တော့ စောစောက ခရစ်ယာန် ဘုန်းတော်ကြီး ဒေါက်တာမတ် ပြောသလို 'ဘုရင်ကို အနည်းငယ် သင်တန်းပေးရုံဖြင့် ထူးချွန်သော အာရှတိုက်ကုန်သည်ကြီး ဖြစ်နိုင်သည်' ဟု ဆိုခြင်းမှာ ဆိုလောက်သည် မဟုတ်လား.....။

ထားတော့။ ပြောချင်သည်မှာ ဒေါက်တာမတ်ဆိုသော ခရစ်ယာန် ဘုန်းကြီးတစ်ပါး နေပြည်တော်သို့ ရောက်လာပုံဖြစ်သည်။ ဤ အကြောင်းကို ပြောမည်ဆိုလျှင် ဘုရင့်အချစ်တော် မင်းသားတစ်ပါး ဖြစ်သော သုံးဆယ်မင်းသား၏ အောက်မြန်မာပြည် ခရီးစဉ်ကို ပြန်၍ ဖော်ပြရပေတော့မည်။

တစ်ကြိမ်တွင် သုံးဆယ်မင်းသားသည် နန်းတွင်း ပြဿနာတစ်ခုကြောင့် ရန်ကုန်သို့ စုန်ဆင်းသွားခဲ့သည်။ အထက်မြန်မာနိုင်ငံရှိ ဘုရင်မင်းမြတ်၏ သားတော်အကြီး တစ်ပါး ရောက်လာသည် ဆိုတော့ ရန်ကုန်မြို့ရှိ မြန်မာတို့သည် ဝမ်းသာအားရ၊ ဂုဏ်ပြုကြ၊ ကြိုဆိုကြ၊ ဧည့်ခံကြနှင့် စည်စည်ကားကား၊ သိုက်သိုက်ဝန်းဝန်း ရှိလှ၏။ ရန်ကုန်မြို့တစ်ဝန်း၊ ရွှေတိဂုံစေတီနှင့်တန်ခိုးကြီး ဘုရားများ ဖူး၊ လှည့်လည်ကြည့်ရှုစရာတွေ ကြည့်နှင့် သုံးဆယ်မင်းသားမှာ နားရသည်ဟုပင် မရှိ။

မင်းသား သွားရောက်ကြည့်ရှုသော နေရာများတွင် ရန်ကုန်၌ ဖွင့်လှစ်ထားသော စိန့်ဂျွန်းကောလိပ်ကျောင်းလည်း ပါဝင်သည်။ ကျောင်းစာသင်ခန်းထဲတွင် မြန်မာလူငယ်ကျောင်းသားများကို မင်းသား တွေ့ခဲ့ရသည်။ ခရစ်ယာန်ဘုန်းတော်ကြီးတို့က ကျောင်းသားကလေးများကို ဂရုတစိုက် စာသင်နေပုံလည်း မြင်ရသည်။ ကျောင်းတည်ထောင်ဖွင့်လှစ်ပုံ စနစ်ကိုလည်း မင်းသားလေ့လာခဲ့သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်မင်းသား စိတ်ကူးကြည့်မိ၏။ ရတနာပုံနေပြည်တော်မှာလည်း သည်ကျောင်းမျိုး တစ်ကျောင်းလောက် ရှိသင့်သလား.....။

စိန့်ဂျွန်းကောလိပ်ကျောင်းမှ အပြန်တွင် မင်းသားထံ၌ မြန်မာဘာသာဖြင့် ရေးသားထားသော ခရစ်ယာန်ကျမ်းစာအုပ်များ ပါသွားလေသည်။ ကျောင်းမှ ခရစ်ယာန်ဘုန်းတော်ကြီးများက လက်ဆောင်ပေးအပ်လိုက်ခြင်း ဖြစ်သည်။ သုံးဆယ်မင်းသားသည် ရန်ကုန်တွင် အားရအောင် လည်ပတ်ကြည့်ရှုပြီး နေပြည်တော်သို့ ပြန်သွား၏။ နေပြည်တော်သို့ ပြန်ရောက်သောအခါ ရန်ကုန်ပြန် သုံးဆယ်မင်းသားထံမှ သတင်းစကားတွေကို ဘုရင်မင်းတရား ကြားနာရသည်။ ရန်ကုန်ရှိ စေတီပုထိုးများ၊ ကုန်သွယ်မှု စည်ပင်သာယာခြင်း၊ ထို့ပြင် 'စိန့်ဂျွန်းကောလိပ်'။

ဘုရင်မင်းမြတ်သည် ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးများ၏ စာသင်ကျောင်းစနစ်ကို များစွာ သဘောကျသွား၏။ ယခုအခါတွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရနှင့် စစ်ပြေငြိမ်းစာချုပ် မချုပ်တာ တစ်ခုပဲ ရှိသည်။ စီးပွားရေးအားဖြင့် ရွှေလမ်း ငွေလမ်း ခင်းနေပြီ။ ထို့ပြင်လည်း နိုင်ငံရေးအားဖြင့် ချစ်ကြည်မှုများစွာ ရနေပြီ။ သည်တော့ ခရစ်ယာန်ဘုန်းကြီး တစ်ပါးပါးကို နေပြည်တော်သို့ ပင့်ဖိတ်ရလျှင် မကောင်းပေဘူးလား၊ သည်နည်းဖြင့် မြန်မာ–အင်္ဂလိပ် ရင်းနှီးမှုပိုမည်။ နားလည်မှုကျယ်ပြန့်မည်။ ပြီးတော့ အဲဒီ ဘုန်းတော်ကြီးကို အသုံးချပြီး ဆုံးရှုံးတဲ့နယ်မြေ ပြန်ရရေးကိစ္စကိုများ ဆောင်ရွက်နိုင်လေမလား။

လူသည် လူသာလျှင် ဖြစ်၏။ အကျဉ်းအကျပ်သို့ ရောက်တိုင်း လူသည် ကိုယ်ကျိုးကိုသာ ကြည့်၏။ ကိုယ်ကျိုးမှ လွဲ၍ တစ်ခြား ဘာကိုမျှ မကြည့်တတ်။ မိမိကိုယ်၏ အကျိုးစီးပွားဖြစ်ထွန်းမှုသည်သာ အရေးအကြီးဆုံး။ သည်တော့ လူထက လူမျှသာဖြစ်သော ဘုရင်မင်းတရားသည် ဗုဒ္ဓသာသနာတော်ကို အသက်ပေး၍ ကြည်ညိုသဒ္ဓါပွားသည် မှန်စေ၊ မျှော်လင့်ချက် မရှိတော့သော ကိုယ့်နယ်မြေကလေးများ ပြန်ရရေးအတွက် ခရစ်ယာန် သာသနာပြု ဘုန်းတော်ကြီးကို ဖိတ်ခေါ်ရန် ဆုံးဖြတ်ခြင်း မဖြစ်နိုင်ဘူးလား၊ စဉ်းစားစရာ အချက်တည်း။

နောင်တွင် ခရစ်ယာန် ဘုန်းကြီး ဒေါက်တာမတ်နှင့် မင်းတုန်းမင်းအကြား ဖြစ်ပေါ်ခဲ့သော ဆက်ဆံရေး အခြေအနေများသည် သည်ထက်ပို၍ စဉ်းစားစရာ ဖြစ်လာမလား၊ စောင့်ကြည့်ကြဦးစို့။



မင်းတုန်းမင်းတရား၏ ဝန်ကြီးအဖွဲ့မှ အာမေးနီးယန်းအမျိုးသား ကုလား (ယခုအခေါ် နိုင်ငံခြားရေးဝန်ကြီး) အမ်၊ ဂျေ၊ အက်စ်၊ မန္တတ်ထံမှ ခရစ်ယာန် ...းတော်ကြီး ဒေါက်တာမတ်ထံသို့ ဘုရင့်သဝဏ်လွှာ တစ်စောင်ကို ပေးပို့လာ ...ည်။ စာမှာ မြန်မာမင်းတို့ အသုံးပြုလေ့ ရှိသော ပုရပိုက်တွင် ရေးသားထားခြင်း ...၍ ဘုရင့်တံဆိပ်တော် ဖြစ်သော ဥဒေါင်း ကနေဟန်အရုပ်နှင့် 'မြန်မာဘုရင် ...မြတ်ထံမှ'ဟု လှပစွာ စာရေးသားထားသည်။

စာတွင် ဖော်ပြထားသည်မှာ အောက်မြန်မာပြည်၌ အင်္ဂလိပ်ဘုန်းတော်ကြီး ...စာသင်ကျောင်းသည် နိုင်ငံတော်၏ အကျိုးကို ထမ်းရွက်နေသည်ဟု သတင်း ...း ကြားသိရကြောင်း၊ အလားတူ ခရစ်ယာန်ကျောင်း တစ်ကျောင်းကို ရတနာပုံ ...ပြည်တော်သို့ လာရောက်ဖွင့်လှစ်စေလိုကြောင်း၊ ထိုသို့ လာရောက် ဖွင့်လှစ် ...ဆိုပါက ဘုရင်မင်းမြတ်က တိုင်းသူပြည်သားတို့ အကျိုးကို ရည်မျှော်၍ ...ရှည်ကြာစွာ စောင့်ရှောက်ကြည့်ရှုလိမ့်မည် ဖြစ်ကြောင်း ဖော်ပြထားလေ ...ည်။

ထိုအချိန်က အောက်မြန်မာနိုင်ငံတွင် မဟာဝန့်ရှင်တော်မင်းကြီးအဖြစ် ...င်ရွက်နေသော ဂျင်နရယ်ဖိုက်ချ်မှာ မြန်မာဘုရင်မင်းမြတ်ထံမှ သဝဏ်လွှာ ...ရသောအခါ များစွာ အံ့ဩသွားလေသည်။ တစ်ချိန်တည်းမှာပင် နေပြည်တော် ...အင်္ဂလိပ်သံ စလေဒင်ထံမှလည်း စာတစ်စောင် ရောက်လာ၏။ ဘုရင်မင်းမြတ် ...ည် ခရစ်ယာန် ကျောင်းတစ်ကျောင်း တည်ဆောက်ရန် အလွန်စိတ်ပါဝင်စား ...ပြီ။ ရရှိသော အခွင့်အရေးကို လက်မလွှတ်သင့်၊ အမြန်ဆုံး လိုက်လျောသင့်ပြီ။

ဤသို့ စလေဒင်၏စာက ဖော်ပြလေသည်။

အိန္ဒိယအစိုးရ၏ သဘောတူညီချက်နှင့် ခရစ်ယာန်ဂိုဏ်းချုပ်ကြီး၏ သဘော ...ညီချက်များကို ရယူလျက် ခရစ်ယာန် ဘုန်းတော်ကြီး ဒေါက်တာမတ်သည် ...ပြည်တော်သို့ ရောက်လာလေသည်။ ဒေါက်တာမတ်ကို ဘုရင့်အစိုးရက ...င်းစွာ ပြုစုထားခဲ့သည်။ ဘုရင့်ရှေ့တော်သို့ ဒေါက်တာမတ် ဝင်ရောက်ခွင့် ...ာနေ့တွင် ဒေါက်တာမတ်က အခွင့်အရေးလေးမျိုး တောင်းဆိုသည်။ ယင်းတို့ ...း ဘုရင့်နိုင်ငံတော်အတွင်း၌ ခရစ်ယာန် သာသနာပြုခွင့်ပေးရန်၊ ခရစ်ယာန် ...သနာဝင်ပြုဖို့ ဝတ်ကျောင်းတစ်ဆောင်ကို နေပြည်တော်၌ ဆောက်... ပြုရန်၊ ...ယာန် ဘာသာဝင်တို့အတွက် သင်းချိုင်းမြေနေရာ သတ်မှတ်ပေးရန်၊ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားလူငယ်များ စာသင်ကြားရန်အတွက် မြန်မာဘုရင့် ငွေတော်ဖြင့် စာသ ကျောင်း တစ်ဆောင် ဆောက်လုပ်ပေးရန် စသည်ဖြင့် ဖြစ်သည်။

ဘုရင်မင်းမြတ်သည် အလွန်သဘောကောင်းနေဟန်တူ၏။ ဒေါက်တ မတ်တောင်းဆိုသမျှ သင့်လျော်သလို ဆောင်ရွက်ပေးလိုက်ရန် အမိန့်တော်မှတ် သည်။ ခရစ်ယာန်သာသနာပြု လုပ်ငန်းများ လုပ်ကြပါစေ၊ မည်သူမျှ မနှောက်ယှ စေရ၊ သာသနာပြု လုပ်ငန်းအတွက်လည်း လိုသမျှပြော၊ အကူအညီပေးမည် ဝတ်ကျောင်းတော်အတွက်ပင် ဘုရင်က ငွေတော် လှူဦးမည်။ အင်္ဂလိပ်သံ စလေ ၏ ဇနီး သေဆုံးစဉ်က မြှုပ်နှံသောနေရာကို သင်းချိုင်းအဖြစ် သတ်မှတ်ပေးမည် စာသင်ကျောင်းလည်း ဆောက်ပေးမည်။ မရှိစကား မကြားစေရ။

ဤနေရာတွင် ဒေါက်တာမတ်က အတွန့်တက်လေသည်။ ခရစ်ယာ သာသနာပြု ကျောင်းတော် ဆောက်လုပ်ရာတွင် ရန်ကုန်မြို့၊ ကာလကတ္တား လန်ဒန်မြို့မှ ခရစ်ယာန်သာသနာဝင်တို့ကလည်း အကူအညီ အလှူငွေများ ထည့် လိမ့်ဦးမည်ဟု ဘုရင်မင်းမြတ်ထံ လျှောက်ကြား၏။

ရာရာစစကွယ်ရို့၊ ဘုရင်ကို ဘာမှတ်လို့လဲ၊ ဘုရင်မင်းမြတ် ဆောက်လု ပေးမယ့် ဝတ်ကျောင်းတော်အတွက် ဘယ်သူ့ထံက လက်ဖြန့်ပြီး အကူငွေ တောင် ရမှာလဲ၊ ဘုန်းတော်ကြီးမြတ်တော်မူသော မင်းတုန်းဘုရင်မင်းမြတ်၏ စိတ်တွ ကသိကအောင့် ဖြစ်သွား၏။ ထို့ကြောင့် မင်းတို့၏ မာနဖြင့် ပြတ်သား မိန့်လေသည်။ 'ငါက ရှင်ဘုရင်ပဲ၊ ငါ့ကုသိုလ်ကောင်းမှုအတွက် ဘယ်သူ့ အ အညီမှ မလို.....'

## ၂

ဒေါက်တာမတ်သည် မင်းတုန်းမင်းကို သဘောအကျကြီး ကျသွား၏။ မင်းတုန်းမင် ကလည်း ဒေါက်တာမတ်ကို အလွန် ကျေနပ်သည်။

လူနှစ်ယောက်အကြား တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးသည် 'လောဘ' ကို အခြေခံသမျှ ခိုင်မြဲနေမည်သာ ဖြစ်၏။ လောဘတရားကို အခြေခံလျက် တစ်စုံတစ်ရာ ရယူရန် မျှော်လင့်ချက်ထားသည်နှင့် ဆက်ဆံရေးတို့ ပျက်ယွင်း တတ်မြဲ ဖြစ်သည်။ ဤစကားကို အဘယ့်ကြောင့် ဆိုရသနည်း၊ အကြောင်းရှိ



ပါသည်။ မင်းတုန်းမင်းနှင့် ဒေါက်တာမတ်တို့၏ ဆက်ဆံရေး အခြေအနေများသည် အထက်ပါ အဆိုကို ထောက်ခံနေကြောင်း နောက်ပိုင်း၌ တွေ့ရမည်။

အစပထမတွင် မင်းတုန်းမင်းနှင့် ဒေါက်တာမတ်တို့၏ ဆက်ဆံရေးမှာ နှစ်ပြားကို တစ်ပြားတည်း ခတ်ဘိသို့၊ ချစ်ချစ်ကြည်ကြည်၊ ရင်းရင်းနှီးနှီး ရှိလှဘိသည်။ မင်းတုန်းဘုရင်သည် မိမိ၏ သားတော်သမီးတော် ၁၀၀ ကျော်ထဲ မှ မင်းသား ၉ ပါးကို ဒေါက်တာမတ်၏ စာသင်ကျောင်းသို့ အပ်၏။ သို့သော် လပထမတွင် ရွှေကူမင်းသား၊ မင်းတုန်းမင်းသား၊ သီပေါမင်းသားနှင့် သာဂရ င်းသား ၄ ပါးကိုသာ လက်ခံပါရစေဟု ဒေါက်တာမတ်က တောင်းပန်ရသည်။

မင်းတုန်းမင်း၏ စေတနာဗလဝနှင့် လှူဒါန်းသော စာသင်ကျောင်းသည် ဤသို့ဖြင့် စည်စည်ပင်ပင် ရှိခဲ့ပြီး အရပ်သား ကလေးများနှင့် မင်းသားတို့ စု ပေါင်း စာသင်ရာတွင် အခက်အခဲ တစ်ခုတော့ရှိသည်။ နောက်ပါ အမှုထမ်း စ်ရာကျော်နှင့်၊ ဆင်နှင့်၊ မြင်းနှင့်၊ ကွမ်းအစ်၊ ထွေးခံနှင့် ခမ်းခမ်းနားနား ကျောင်းလာတက်သော မင်းသားတို့ အကြားဝယ် အရပ်သား ကျောင်းသားတို့ နေခက်ခြင်း ဒုက္ခပင်။ သို့သော် ကြာတော့ သည်ကိစ္စတွေမှာ အသေးအဖွဲ စ်သွားသည်။

တစ်ကြိမ်တွင် ခရစ်ယာန်ဘာသာ ဂိုဏ်းချုပ် ဘုန်းတော်ကြီးသည် မန္တလေး ပြည်တော်သို့ ရောက်လာ၏။ ဂိုဏ်းချုပ် ဘုန်းတော်ကြီးသည် ဘုရင်မင်းမြတ် ထံ ဝင်ရောက် ဖူးမြော်ခွင့် ရခဲ့သည်။ ဒေါက်တာမတ်လည်း ပါသွား၏။ အစပထမတွင် ဘုရင်မင်းမြတ်နှင့် ဂိုဏ်းချုပ် ဘုန်းတော်ကြီးတို့ ပြောနေကြသော ကားတို့မှာ သာသနာရေးနှင့်လူမှုရေး သတင်းများသာ ဖြစ်၏။ သို့သော် စကား ပြော၍ အတန်ကြာသည်နှင့် မင်းတုန်းဘုရင်မင်းမြတ်၏ မိန့်မြွက်သော စကားတို့မှာ ိုင်ငံရေးသဘောတွေ ပါလာလေသည်။

ဂိုဏ်းအုပ်ဘုန်းတော်ကြီး 'ချွေးပျံ' ရသော ဖြစ်ရပ်ပင် ဖြစ်သည်။ ဒေါက်တာမတ်လည်း အခက်ကြုံနေရသည်။

မင်းတုန်း ဘုရင်မင်းမြတ်၏ ဆိုစကားတို့မှာ သာသနာ့ဝန်ထမ်း ဘုန်းကြီး များ အနေဖြင့် ဘာမျှ ဆက်ပြောဝံ့စရာ မရှိသော စကားတွေ ဖြစ်လာသည်။ ဘုရင်မင်းမြတ်က မိမိတို့နိုင်ငံနှင့် အင်္ဂလိပ်အစိုးရတို့ မဟာမိတ်အဖြစ် အရှည် တည်တံ့စွာ ဆက်ဆံလိုသည်။ မိမိတို့ဖက်က မဟာမိတ်ပီသ သလို အင်္ဂလိပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်စေလိုသည် စသဖြင့် ဆက်ပြောသည်။ ဂိုဏ်းအုပ်ဘုန်းတော်ကြီးခမျာ ခေါင်းတညိတ်ညိတ် လည်တစ်ခါခါနှင့် ရှိနေရ၏။ ထို့နောက် မနည်းကြီး စကားပြောင်းပစ်ခဲ့ရသည်။

မင်းတုန်းဘုရင်ကမူ တစ်ခွန်းရရ၊ နှစ်ခွန်းရရ ပြောလေသည်။ မတတ်နိုင်ပြီ။ အချိန်ရှိခိုက် လုံ့လစိုက်မှ၊ လသာတုန်း ဗိုင်းငင်မှ.....ဟု မင်းတုန်းဘုရင်က သဘောထားသည်။ ခရစ်ယာန် ဘုန်းကြီးတွေမို့ မိမိ၏ သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောလိုက်ခြင်း ဖြစ်၏။ သူတို့သည် မိမိ၏ ချစ်ကြည်ရေး သဘောထားတွေကို သူတို့ရှင်ဘုရင်တွေထံ ပြန်တင်ခဲ့လျှင် မိမိအမြတ်ပဲ.....ဟု ဘုရင်မင်းတရား တွေးရှာမည် ကေန်။

တစ်ခါတရံတော့ ဘုရင်မင်းတရားသည် ဒေါက်တာမတ်ကို အမြောက်တွေ၊ စိန်ပြောင်းတွေ ဝယ်ပေးဖို့ပင် ခိုင်းဖူးသေးသည်။ သည်ဘုရင်ကား ကလေးဆိုးကြီးနှယ် မိမိဝမ်းထဲရှိသမျှ ဖုံးကွယ်မထား၊ အလိုရှိသမျှကို ပရိယာယ်မပျိုး၊ ဒဲ့ဒိုးကြီး ပြောလိုက်ရ ဆိုလိုက်ရမှ ကျေနပ်သည်။ အရိပ်အခြည်နှင့် အရာဌာနကိုပင် မသုံးသပ်တော့ပြီ။ သို့နှင့်ပင် ဘုရင်မင်းတရားနှင့် ဒေါက်တာမတ်တို့ ထိပ်တိုက်တိုးရမည့် ဖြစ်ရပ် တစ်ခုပေါ်ပေါက်ခဲ့တော့သည်။

တစ်ကြိမ်တွင် ဒေါက်တာမတ်၏ စာသင်ကျောင်းသို့ ဘုရင်မင်းမြတ်ထံမှ ထောက်ပံ့ကြေးငွေ ၅၀၀ ကျပ်ပေးရန် ရှိနေသည်။ သို့သော် ဘုရင်မင်းမြတ်က ငွေ ၂၀၀ ကျပ်သာ ပေးပို့လိုက်၏။ ဒေါက်တာမတ်မှာ လိုနေသော ငွေ ၅၀၀ ကျပ်အနက် ၂၀၀ ကျပ်သာ ရ၍ ဘာမှလုပ်၍ မဖြစ်ဆိုကာ ငွေ ၂၀၀ ကို ဘုရင့်ထံ ပြန်ပေးလိုက်လေသည်။

မင်းတုန်းမင်းသည် ဒေါက်တာမတ်၏ အပြုအမူအတွက် အလွန် စိတ်ဆိုးသွားသည်။ ဘုရင်မင်းတရားအပေါ် အင်္ဂလိပ်ဘုန်းကြီး၏ ပြုမူပုံမှာ အလိုလိုက်၍ အမိုက်စော်ကားလေသလား၊ မင်းတုန်းမင်းတရား ဘဝင်မကျ၊ ဒေါသ ဖြစ်သည်။ သို့သော် မည်သို့မျှ ထိထိရောက်ရောက် အရေးမယူဘဲ သည်းခံ လျစ်လျူရှုခဲ့သည်။ ဒေါက်တာမတ်ကိုကား မင်းတုန်းမင်းက ရက်အတန်ကြာမျှ စကားမပြောဘဲ နေလိုက်သည်။

နောက်ပိုင်းတွင် ဘုရင်မင်းတရား စိတ်ပြေ၍ ခါတိုင်းကဲ့သို့ ပြန်လည်၍ စကားပြောလာ၏။ 'အင်္ဂလိပ်ဘုန်းကြီး၊ သင့်ထံ ဘုရင်မင်းမြတ်က ချီးမြှင့်တဲ့



ငွေကို ပြန်ပေးတာ၊ သင့်အမှားဖြစ်တယ်၊ ငါ့ဝန်ကြီးတွေတောင် ဒါမျိုး မလုပ်ဝံ့ဘူး၊ လုပ်ဝံ့သူရှိရင် ဆံပင်ဆွဲပြီး နန်းတော်ထဲက ဆွဲထုတ်ပစ်လိုက်မယ်' ဟု မင်းတုန်းမင်း [illegible]တ်ပြေသောအခါတွင် မိန့်ကြားခဲ့သည်။

ရယ်ပင် ရယ်ကြရသေးသည်။ ဒေါက်တာမတ်က ပြန်လျှောက်၏။ 'အရှင် [illegible]င်းကြီး၊ ကျွန်တော်မျိုး၏ ဆံပင်ကို ဆွဲပြီး နန်းတော်ထဲမှ ထုတ်ပစ်လျှင်လည်း [illegible]အပြစ်ဒဏ်ကို ခံယူလိုပါတယ်။ သို့သော် ကျွန်တော်မျိုး၏ နဖူးပြောင်ပြောင်၊ [illegible]ခေါင်းပြောင်ပြောင်မှာ ဘုရင်မင်းတရားကြီး ဆွဲကိုင်ရန် ဆံပင်မှ မရှိတော့ဘဲ [illegible]ယ့်နှယ်လုပ်မည်လဲ.....။'

သည်သို့လျှောက်တင်သံကို ကြားတော့ မင်းတုန်းမင်းကြီးသည် မပြုံးဘဲနှင့် [illegible]းလုံးကွဲ ရယ်ရှာတော်မူ၏။ မိဖုရားကြီးကိုလည်း ပြောပြပြီး ဘုရင်နှင့် မိဖုရား [illegible]ဝါးဝါး ရယ်မောနေကြသည်။ သို့သော် ဒါက ဒေါက်တာမတ်၏ရှေ့တွင်နောက် [illegible]းရယ်မောခြင်းပင် ဖြစ်ကြလေမလား။ အကြောင်းက ဆိုက်လာပြီကိုး.....။

တစ်နေ့တွင် ဒေါက်တာမတ်ထံသို့ မင်းတုန်းမင်းကြီးထံမှ အခေါ်တော် [illegible]ောက်လာ၏။ ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ဒေါက်တာမတ်ဝင်ရောက်၍ [illegible]သန့် အဆောင်တော်တွင် တွေ့ခွင့်ရသည်။ ဘုရင်မင်းတရားသည် သူ၏ [illegible]တ်ကူးထားသမျှ စီမံကိန်းကြီးကို ဒေါက်တာမတ်အား ကျကျနနထုတ်ပြလေ [illegible]သည်။

မင်းတုန်းမင်းကြီး၏ စီမံကိန်းမှာ ဤသို့ ဖြစ်သည်။

အင်္ဂလိပ်ဘုန်းတော်ကြီးသည် ဘုရင်မင်းမြတ်၏ အကျိုးကျေးဇူးကို ထမ်း[illegible]ောင်ပေးစေလိုသည်။ ဘုရင်မင်းမြတ်ပိုင် 'စစ်ကဲယာဉ်ပျံ' ပင်လယ်ကူး သင်္ဘောကို [illegible] ဒေါက်တာမတ်သည် အင်္ဂလန်သို့ ပြန်သွားရမည်။ ဒေါက်တာ မတ် နှစ်သက် [illegible]သာ ဘုရင့်သားတော် နှစ်ပါးသုံးပါးကိုလည်း အတူခေါ်သွားနိုင်သည်။ လန်ဒန် [illegible]သို့ ရောက်လျှင် ဒေါက်တာ မတ်သည် အင်္ဂလန်ပြည့်ရှင် ဝိတိုရိယ ဘုရင်မကြီး [illegible]သို့ ဝင်ရောက်၍ 'ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော ဆဒ္ဒန်ဆင်မင်း [illegible]ခင် မင်းတုန်းဘုရင်မင်းမြတ်'၏ စိတ်သားကောင်းပုံကို လျှောက်ထားပေးစေလို [illegible]သည်။ ထို့နောက်တွင် မြန်မာဘုရင့်အစိုးရ အသုံးပြုရန်အတွက် ပင်လယ်ကူး [illegible]သင်္ဘောဆိပ်ကမ်းမြို့ ဖြစ်သော ပုသိမ်မြို့နှင့် ရန်ကုန်မြို့ တစ်မြို့မြို့ကို မြန်မာ [illegible]ရင့်အစိုးရထံ ပြန်ပေးဖို့ ပြောပေးရမည်။ ဤကိစ္စကို အင်္ဂလိပ်ဘုန်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေ ကူညီစေလိုသည်။ လိုသည့် အကူအညီကို တင်စေ.....ဟု ဘုရ မင်းမြတ်က ဆိုသည်။

ဘုရင်မင်းမြတ်၏ စကားကို ကြားရသောအခါ ခရစ်ယာန်ဘုန်းကြ ဒေါက်တာမတ်၊ စိတ်အညစ်ကြီး ညစ်သွား၏။ စိတ်အပျက်ကြီးလည်း ပျက်မိသည် ဘုရင်မင်းမြတ်သည် ဗဟုသုတ အလွန်နည်းပါးလေသည်တကား၊ တိုင်းပြည်ကြီးဖွ တိုးတက်ရန် စေတနာ တစ်ခုတည်းသာ ရှိပြီး အခြား သဘောတရားများ သိနားလည်ခြင်း မရှိသေးသူ၊ သူတော်ကောင်းကြီး တစ်ဦးမျှသာ ဖြစ်သည်တကာ ဘာသာရေးနှင့် နိုင်ငံရေး တွဲဖက်လုပ်ရသည့် အမှုကိစ္စမျိုးကို အနောက်နိုင တို့တွင် လုပ်ကိုင်ဆောင်ရွက်သည့် ဓလေ့ထုံးစံ မရှိကြောင်းမျှ ဘုရင်မင်းတရာ မသိလေတကား။

ဒေါက်တာမတ်က အကျိုးအကြောင်းနှင့် ပြန်လည်လျှောက်ထားခဲ့သည် 'မိမိတို့သည် ဘာသာရေး၊ တာဝန်များသာ ဆောင်ရွက်ခွင့် ရှိပြီး နိုင်ငံရေးရ ကိစ္စများ၌ ဝင်ရောက်စွက်ဖက်နိုင်ခွင့် မရှိ၊ ဤကိစ္စမျိုးကို မည်သို့မျှ ကူညီနိုင်မည် မဟုတ်'။

ထိုစကားကို ကြားသောအခါ မင်းတုန်းမင်းတရား၏ မျှော်လင့်ချက် ေ တောင်ကြီး ပြိုလေပြီ။ ခရစ်ယာန်ဘုန်းကြီးသည် မိမိအတွက် ဘာမျှ အသုံးမကျ တော့ပြီတကား။

အမှန်တော့ မင်းတုန်းဘုရင်မင်းမြတ်သည် ရေနစ်သူ ကောက်ရိုးမျှင်ဆွဲ ထားသလို ကြိုးစားမိခြင်း ဖြစ်နိုင်သည်။ မိမိနိုင်ငံသည် ပင်လယ်ခရီးလမ်း ပိတ်လျက် ရှိသည်။ ထို့ကြောင့် နိုင်ငံခြား ဆက်ဆံရေး လမ်းပိတ်နေ၏။ နိုင်ငံခြား စီးပွားကုန် သွယ်ရေးလည်း များစွာ ဆုံးရှုံးနစ်နာနေသည်။ အောက်မြန်မာနိုင်ငံကို ပြန်မရရင် လည်း ရှိပါစေတော့၊ ပင်လယ်ခရီး တစ်ပေါက်လောက် ပွင့်ရင်ပဲ တော်လှပါပြီ။ သည်သို့ မျှော်လင့်ချက်ဖြင့် ဒေါက်တာမတ်ကို အားကိုးတကြီး ပြောခြင်း ဖြစ် မည်။ သို့သော် ခဲလေသမျှတို့သည် သဲထဲ ရေကျ ဖြစ်ရလေပြီ။

ဤဖြစ်ရပ်ကို ဒေါက်တာမတ်က သူ၏ 'အနှစ်လေးဆယ်ကြာ မြန်မာ ပြည်မှာ'[၁] စာအုပ်တွင် မှတ်တမ်းတင်ဖော်ပြ၍ သိကြရခြင်း ဖြစ်သည်။ တစ်ဖက်မှ ကြည့်သော် ဤဖြစ်ရပ်သည် ခရစ်ယာန်ဘုန်းကြီးက မြန်မာဘုရင်ကို အထင်သေး

၁။ Forty years in Burma. Dr. Mark.



ဗွာ နှိမ်ချရေးသားသည်များ မဖြစ်နိုင်ဘူးလား၊ စဉ်းစားစရာတော့ ရှိသည်။ တကယ် တမ်းပြောကြစို့ဆိုလျှင် ဒေါက်တာမတ်သည် မြန်မာဘုရင်နှင့် အင်္ဂလိပ်အစိုးရတို့ အကြားဝယ် မည်သည့်ဖက်က ရပ်မည်ကိုကား ခန့်မှန်းနိုင်ကြမည် ဖြစ်သည်။ ဒေါက်တာမတ်က မြန်မာဘုရင်နှင့် မြန်မာလူမျိုးတို့အပေါ်ဝယ် ရင်ဝယ်သားလို သနားချစ်ကြည်လိမ့်မည်ဟု မျှော်လင့်၍ကား မဖြစ်နိုင်။

သို့သော် အထက်ပါ ကိစ္စတွင်ကား 'စဉ်းစားချင့်ချိန်း' ကြရန် ရှိသည်။ မင်းတုန်းဘုရင် မင်းမြတ်သည် အောက်မြန်မာပြည် ပြန်ရရေးကို အလွန်ဆန္ဒ ပြင်းခဲ့၏။ ကဲ.....အောက်မြန်မာပြည် ပြန်ရရေးကိုမှ မျှော်လင့်ချက် မရှိဘူးဆို လျှင် ပုသိမ်ဆိပ်ကမ်းဖြစ်ဖြစ်၊ ရန်ကုန်ဆိပ်ကမ်းဖြစ်ဖြစ်၊ ပင်လယ်ကူး သင်္ဘောဝင် ထွက်ဖို့ ဆိပ်ကမ်းမြို့တစ်မြို့လောက် ပြန်ရရင်လည်း မဆိုးဘူး။ အင်္ဂလိပ်ဘုန်းကြီး ကို မိမိ ပြုစုထောက်ပံ့ထားသည်မှာ များပြီ။ သည်မျှတော့ အကူအညီ ရတန်ကောင်း ရဲ့ဟု တွေးမိကောင်း တွေးမိမည်၊ ကြံမိကောင်း ကြံမိမည် ဖြစ်သည်။ တွေးမိကောင်း တွေးမိ၍လည်း သည်သို့ အကူအညီ တောင်းခြင်း ဖြစ်နိုင်သည်။

လူသည် လူမျှသာတည်း။ ဘုရင်သည်လည်း လူမျှသာတည်း။ ဘုရင်သည် လည်း လောကီသားပေတည်း။ သည်တော့ လူတို့တွင် ရှိအပ်သော သဘောတရား စိတ်ထား ရှိမည်အမှန်။ မိမိမှာလည်း အခက်အခဲ ရှိနေသည်။ သည် ခရစ်ယာန် ဘုန်းကြီးသည် မိမိအခက်အခဲကို နားလည်လိမ့်မည်။ မိမိပြုဖူးသော ကျေးဇူးကို သိလိမ့်မည်။ အပေးရှိလျှင် အယူရှိရမတဲ့၊ အယူရှိလျှင်လည်း အပေးရှိရချိမ့်မည်။ မိမိ ပြုစုကူညီထားသော ကျေးဇူးအဝဝကို ထောက်ဆလျှင် ခရစ်ယာန် ဘုန်းကြီး သည် မိမိ၏ အခက်အခဲကို မုချမသွေ ကူညီရမည် ဖြစ်သည်။ လူပီသသော ဘုရင်မင်းမြတ်သည် ဤသို့ တွေး၍၊ ဤသို့ ကြံ၍၊ ဤသို့ ကြိုးစားခဲ့သည်ကို ညီသူက အပြစ်တင်တော့မည်နည်း။

ဒေါက်တာမတ် အဆိုအရ မင်းတုန်းဘုရင်မင်းမြတ်သည် မိမိ၏ တုံ့ပြန် စကားကို ကြားရသော် အတော်ပင် စိတ်ဆိုးသွားသည်ဟု ဆို၏။ ဒါဖြင့် သင် သည် ငါ့အတွက် ဘာမှ အသုံးမကျ အရာမဝင်တော့ပါကလားဟု ဆိုပြီး စိတ်ဆိုး မာန်ဆိုး ဖြစ်သွားသည်။ သို့သော် ဘုရင်မင်းမြတ်သည် ရာဇအိန္ဒြေကိုကား မပျက် စေရ၊ ချက်ချင်းပင် စိတ်ကို ပြန်ထိန်းပြီး ဒေါက်တာမတ်နှင့် အခြားအကြောင်းများ

www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်လက်၍ မျက်နှာမပျက်ဆွေးနွေးသည်၊ ပြောဖွယ် ဆိုဖွယ်များကို ခါတိုင်းလိုပင် ဆက်၍ ပြောဆိုနေခဲ့သည်။

ဤတစ်ကြိမ်သည်ကား ဘုရင်မင်းမြတ်အား ဒေါက်တာမတ်က နောက်ဆုံးဖူးတွေ့ခွင့် ရခြင်း ဖြစ်တော့သည်။ ဒေါက်တာမတ်သည် နောက်ပိုင်းတွင် ဘုရင့်ရှေ့တော်သို့ ဝင်ခွင့်ရရန် အတန်တန် ခွင့်တောင်းပါသေးသည်။ သို့သော် ရှေ့တော်သို့ ဝင်ခွင့် မရတော့ပြီ။ မန္တလေးရှိ စာသင်ကျောင်းကိုကား ဆက်လက်ဖွင့်ထားဆဲဖြစ်ခဲ့၏။ ဤတွင်ဘုရင့်ထံမှ အကူအညီများကို ယခင်ကဲ့သို့ ထိထိရောက်ရောက် မရခဲ့တော့ချေ။

နောက်ဆုံးတွင် သူ့ကို နေခွင့်ပြုထားသော ရက်စေ့သည့်အခါ ဒေါက်တာမတ်သည် အိပ်ရာလိပ်၍ ပြန်သွားရလေသည်။

အထက်ပါ ဖြစ်ရပ်တွင် လူသားဆန်သော ဘုရင်မင်းမြတ်၏ စိတ်နေစိတ်ထားကို လျှပ်တစ်ပြက် အကဲခတ်နိုင်ကြမည်။

စာဆို ဦးပုညရေးသီသော ဘုန်းတော်ဘွဲ့ စာတစ်ပုဒ်ကိုစွတွင် ကြည့်ဦး။ ဘုရင်မင်းမြတ် စိတ်သဘောထားကို ပို၍ သိရမည်။

စာဆိုတော် ဦးပုညကား မင်းတုန်းဘုရင်မင်းမြတ်ပေးသော 'လက်ဖက်ရည်တော်သား' ရာထူးကို ထမ်းရွက်ရသူ ဖြစ်၏။ လက်ကလေးတစ်ဖက် 'သိမ်'နေသောကြောင့် ဥပမိရုပ်ချို့ငဲ့သည်ဟု ဆိုပြီး မှူးကြီး မတ်ကြီးရာထူးကို ပေးချင်ပါလျက် မပေးနိုင်ခဲ့။ ထို့ကြောင့် မင်းကြီး ဦးပွားက ဦးပုညကို 'လက်ဖက်ရည်တော်သား' အဖြစ် ခန့်ထားပေးရန် လျှောက်ရသည်။

ဦးပွား၏ လျှောက်တင်ချက်ကို ဘုရင်မင်းမြတ်က လက်ခံသည်။ ဦးပုညစာစပ်တော်သည်၊ စာဖွဲ့ပြောင်သည်၊ စာရေးချွန်သည်ကို ဘုရင်မင်းတရားနှင့် မှူးကြီးမတ်ကြီး၊ ဝန်ကြီးဝန်ငယ်တို့အားလုံး သိသည်။ သို့သော် ဘုရင်နှင့် အလွန်နီးကပ်စွာ ဆက်ဆံရသော စာဆိုတော်ရာထူးကား ပေး၍ မသင့်တော်ပြီ။ ဘုရင့်ရှေ့တော်ဝယ် ခစားရန် မသင့်ဟု မှတ်ယူကြသည်။ သို့ဖြစ်၍ လက်ဖက်ရည်တော်သားရာထူးဖြင့် ဘုရင်နှင့် မနီးမဝေးမှ ခစားခွင့် ရသူဟု ဆိုကြသည်။

ဦးပုညသည် မင်းတုန်းမင်းတရားထံတွင် စာများ ရေးဖွဲ့ဆက်သွင်းရသည်၊ ပြဇာတ်များလည်း ရေးသည်။ တစ်ကြိမ်တွင် မိဖုရားအချို့၏ အမူအကျင့်နှင့် ပတ်သက်၍ ပြဇာတ်ရေးခဲ့ရသေးသည်။



ဘုရင်မင်းတရားတွင် မိဖုရား ၅၃ ပါးရှိသည်၊ အဆောင်ရ မိဖုရား၊ အဆောင်မရမိဖုရားကလည်း မနည်း။ ဘုရင်မင်းတရားသည် နိုင်ငံတော်၏ အကျိုး၊ သာသနာတော်၏ အကျိုးကို တစ်ဖက်မှ ထမ်းရွက်ရင်း၊ တစ်ဖက်မှလည်း မိမိစိတ်ထက်သန်သော မယားများများ ယူခြင်းတာဝန်ကို မလစ်ဟင်းစေရ၊ မပျက်ယွင်းစေရ။

မိဖုရားအများသည် သူ့အဆောင်နှင့်သူ၊ သူ့အခန်းနှင့် သူ စံစားရသည်။ သည်မျှ မိဖုရားများလွန်းသော အခါတွင် ဘုရင်မင်းတရားသည် မိဖုရားတစ်ပါးထံ တစ်ကြိမ် ပြန်ရောက်ဖို့ ရက်အတော်ကြာသည်အထိ စောင့်ရသည်ဟု ဆိုသည်။

အချို့ မိဖုရားများထံ ဘုရင်သည် တစ်နှစ်နေ၍ တစ်ကြိမ်ပြန်မရောက်ဟု ဆိုသည်။ ထို့ပြင် ဘုရင်သည် မည်သည့်နေ့က မည်သည့် မိဖုရား၏ အဆောင်တွင် ပျော်ပါး အိပ်စက်နေသည်ကိုလည်း ဘုရင့်ကိုယ်ရေးအရာရှိက မှတ်တမ်းပြုထားရသည်။ သို့ဖြင့် အကယ်၍ ဘုရင်က ပျော်ပါးအိပ်စက်သည့် မှတ်တမ်းမရှိပါဘဲ၊ ပဋိသန္ဓေပေါ်လာသော မိဖုရားရှိပါက ချက်ချင်းတရားခံရှာနိုင်မည်ဟု ဆိုသည်။

မင်းတုန်းမင်းတရား၏ မိဖုရားအချို့ အကျင့်ပျက်ကြသည်ကြောင့် ကနောင်မင်းတရား စိတ်မချမ်းမြေ့ ဖြစ်ရသည်ဟု ဆိုသည်။ မိမိနောင်တော်မင်းတရားကို သည်အတိုင်း ဒဲ့ဒိုးကြီး တင်၍လည်း မသင့်တော်၊ ထိုအခါတွင် ကနောင်မင်းသားသည် မိဖုရားတို့၏ အကျင့်ပျက်သတင်းများနှင့် ပတ်သက်၍ 'မထွေးနိုင် မအံနိုင်' ဖြစ်ရပြီ။ သည်တွင် အကြံရလာသည်၊ ကနောင်မင်းသားသည် စာဆိုတော်ဦးပုညထံချဉ်းကပ်သည်။ 'မိဖုရားတွေ အကျင့်ပျက်နေသည်ကို ပြဇာတ်တစ်ပုဒ်ရေး၍ ဆုံးမပေးစမ်းပါ။ မင်းတရားကြီး သိအောင်လည်း အရိပ်အမြွက်တော့ ပြတာပေါ့'ဟု ဆိုသည်။

သို့ဖြင့် စလေ ဦးပုည၏ လက်စွမ်းပြ၊ ပြဇာတ်သည် နန်းရှေ့ဇာတ်စင်သို့ ရောက်ခဲ့သည်၊ ဦးပုညက သူ့ပြဇာတ်ကို 'ပဒုမဇာတ်' ဟု အမည်ပေးသည်။ မိန်းမတစ်ဦးမျှသာ ဖြစ်သော မိဖုရားတစ်ပါးသည် လင်ဖြစ်သူ ဘုရင်မင်းတရားကွယ်ရာ၌ ပေါင်တိုဒုက္ခိတနှင့်ပင် ဖောက်ပြားသော ဇာက်လမ်းဖြစ်သည်။ မိဖုရားများ သတိတရား ရ မရတော့ မသိ၊ 'ပဒုမပေါင်တို' ဇာတ်သည် နန်းတွင်း၌ အကျော်ဒေးယျ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဒုမပေါင်တိုဇာတ်ကို ရေးသော စလေ့ဦးပုညသည် တစ်ကြိမ်တွင် မင်းတုန်းမင်းတရားကြီး၏ ဘုန်းတော်ကို ဖွဲ့သည်။ **တစ်ကမ္ဘာလျှင်၊ မဟာဗြဟ္မာ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကျူးချီမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်'** စသည်ဖြင့် ဦးပုညက ဖွဲ့လေသည်။ ဦးပုည၏ ဘုန်းတော်ဘွဲ့ကို ကြားနာရသောအခါတွင် မင်းတုန်းမင်းတရားကြီးစိတ်တွင် မည်သို့ ခံစားရသလဲ၊ ဘုရင်မင်းမြတ်ကိုယ်တိုင်သာ သိတော်မူလိမ့်မည်။ သို့သော လက်ငင်းတွင်မူ ဘုရင်မင်းမြတ်က မိန့်တော်မူသည်မှာ 'မောင်ပုည ငါ့ကို မြှောက်လွန်းတယ်' ဟူ၏။

ဦးပုညသည် ဘုရင်မင်းတရားကို မြှောက်လွန်းသဖြင့် ဘုရင်မင်းတရားစိတ်ဆိုးသွားသည်ဟု သမိုင်း၌ မတွေ့ရ။ သည်အတွက် ဦးပုညကို အရာမှနုတ်၍ အချုပ်ချထားလိုက်သည်ဟုလည်း မဖော်ပြခဲ့။ သို့ဆိုလျှင် ဘုရင်မင်းမြတ်သည် မြှောက်မှန်းသိလျက်နှင့်ပင် ကျေကျေနပ်နပ် အရသာခံခဲ့လေသလား။ အရှက်ပြေကလေးမျှသာ 'မြှောက်လွန်းတယ်' ဟု ပြောခဲ့လေသလား။ မည်သို့ပင်ဖြစ်စေ လူသားမျှသာဖြစ်သော ဘုရင်မင်းတရားသည် မိမိအား 'ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်' ဆိုခဲ့ခြင်းကို ကျေနပ်အားရ ဖြစ်ခဲ့လျှင်ပင် အပြစ်တင်စရာ မရှိ၊ လူ့ဓမ္မတာပင် မဟုတ်ပါလား။

စင်စစ်ဆိုသော် မင်းတုန်းမင်းမြတ်တွင် အားနည်းချက်တွေ များလှစွာ၏။ သို့သော် ယင်းအားနည်းချက်များနှင့်အတူ လက်ခံ ချီးပနိုင်ဖွယ်ဖြစ်သော ချစ်စရာအပြုအမူများလည်း တွေ့ရသည်။

မင်းတုန်းမင်းတရားသည် ရဲဘော်စိတ် အပြည့်အဝ ရှိသည်။ ကြည့်လေ၊ သူနှင့် ငယ်ပေါင်းကြီးဖော် ဝန်ကြီး မှူးမတ်ကြီးများနှင့် ပတ်သက်လာလျှင် ဘုရင်မင်းမြတ်သည် တရားလွန် အလိုလိုက်ခဲ့သည်များပင် ရှိသည်။

နေပြည်တော် လက်နက်တိုက်ဝန် ဦးအောင်မင်းသည် ဘုရင်မင်းတရားအလိုလိုက်ခံရသော ရဲဘော်တစ်ဦး ဖြစ်သည်။ မင်းတုန်းမင်းတရားသည် နောင်တော်ပုဂံမင်းကို တော်လှန်ပုန်ကန်ခဲ့စဉ်က ဦးအောင်မင်းသည် မင်းတုန်းမင်းတရားနှင့် အတူလိုက်ခဲ့သည်။ သွေးစွန်းသော တိုက်ပွဲအလှီလီကို နွှဲ၍ မင်းတုန်းမင်းတရားအတွက် အသက်ပေးခဲ့သည်။ ယခု မင်းတုန်းမင်းတရား အထွတ်အထိပ်ရောက်ပြီ။ သည်တော့ ရဲဘော် ရဲဘက်တစ်ဦးဖြစ်သော ဦးအောင်မင်းသည် လက်နက်တိုက်ဝန် ဖြစ်လာလေသည်။



ဦးအောင်မင်းကို ဘုရင်က အရေးပေးလေသည်။ ဦးအောင်မင်းကလည်း ဘုရင်အရေးပေးမှန်းသိတော့ စိတ်က ခပ်ထောင်ထောင်၊ ထင်ရာစိုင်းသည်။ ဘုရင့်ငွေတော်များကိုပင် အရမ်းကာရော သုံးစွဲတတ်သည်။ ထိုအကြောင်းများကို ဘုရင်က သိသောအခါ နောက်မှ လိုက်၍ အလျော်ပေးသည်။ တစ်ကြိမ်တွင် လက်နက်ဝယ်ရန် ရွှေတိုက်တော်မှ ငွေတော် ကျပ် ၅၀၀၀ ထုတ်ပေးသည်။ ဦးအောင်မင်းက ငွေ ၁၀၀၀ ထုပ် တစ်ထုပ်ကို ယူ၍ မိမိအိမ်သို့ သွားပို့ချေဟု နောက်ပါတစ်ဦးကို ခိုင်းလိုက်သည်။ မှူးမတ်တို့ကား ဘာမျှ မပြောဘဲ အံ့သြနေလိုက်ကြရ၏။ နောက်တစ်နေ့တွင် ဖြစ်ပုံကို ဘုရင်မင်းတရားထံသို့ လျှောက်တင်ရလေသည်။

မင်းတုန်းမင်းတရားသည် သေဖော်သေဖက် ရဲဘော် ဦးအောင်မင်းကို ချောင်းဖျရရှာသည်။ 'နောင်ကို သုံးစရာရှိလျှင် ငါ့ကိုယ်ပိုင်ငွေကိုယူ၊ တိုင်းပြည့်ငွေကိုတော့ မထိပါလေနှင့်' ဟု လေသံပျော့ပျော့နှင့် ချော့ရရှာသည်ဟု ဆိုသည်။

တစ်ကြိမ်တွင် ဦးအောင်မင်း၏ သားများ ရှင်ပြုအလှူလုပ်သည်။ ရှင်ပြုအလှူမဏ္ဍပ်ကို ဦးအောင်မင်း ဦးစီးရသော လက်နက်တိုက်အနီးတွင် ဆောက်လုပ်သည်။ အလှူလုပ်ပြီဆိုတော့ ချက်ကြ၊ ပြုပ်ကြ၊ ကြော်ကြ၊ လှော်ကြမည်။ နွေရာသီ အပူကဲချိန် လေရူးကလည်း ထန်ချိန်၊ မီးထင်းကိစ္စကို စိုးရိမ်ရသည်။ အလှူမဏ္ဍပ်က မီးဖိုများက မီးပွားလွင့်၍ လက်နက်တိုက်က ခဲယမ်းမီးကျည်ဆန်တွေ မီးကူးကုန်လျှင် မခက်ပါလား၊ လက်နက်တိုက်ကြီး ထပေါက်မည့် အန္တရာယ်က မသေး။

သည်တွင် မဖြစ်သေးသည့် အန္တရာယ်ကို ကာကွယ်ပေးမှဟု တွေးမိကြသော မှူးမတ်အချို့က မင်းတုန်းဘုရင်မင်းမြတ်ထံ တီးတိုး တင်လျှောက်သည်၊ 'အရှင်မင်းကြီးရဲ့ လူတော့ ထင်ရာစိုင်းနေပြီ၊ ထိမ်းပါအုံး ဘုရား၊ ကြာရင် အကုန်လုံး ဒုက္ခရောက်ကုန်တော့မည်'

ထိုအခါတွင် မင်းတရားကြီးသည် အထိတ်တလန့် ဖြစ်ရသည်။ 'ကဲ၊ ကဲမောင်အောင်မင်း အလှူမဏ္ဍပ်ကို ဖျက်စေ၊ ဖျက်စေ'

ဘုရင့်အမိန့်တော်ဆိုတော့ ချက်ချင်း လာဖျက်ကြသည်။ မဏ္ဍပ်ကို ဖျက်ပြီးမှ ပြင်ရွေ့သွားသည်။ ဦးအောင်မင်းသည် မိမိ၏ အလှူမဏ္ဍပ်အဖျက်ခံရသဖြင့် အလွန် စိတ်ဆိုး၏။ ဘုရင့်အမိန့်မှန်း သိလျက်နှင့် သူက အရွဲ့ပြန်တိုက်သည်။

'ဟေ့.....ဘယ်သူကများ ရှင်ဘုရင်ဆီ သွားပြီး မျက်နှာလိုအားရ လျှောက်ကြတာလဲကွ' ဟု ပြောပြောဆိုဆိုနှင့် ရှင်ပြုအလှူအတွက် ဝယ်ထားသော ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



များကို ယူလျက် ဖျက်ထားသော မဏ္ဍပ်နှင့်အတူ မီးတင်ရှို့လိုက်တော့သည်။ သူ့ကိုလည်း ကြောက်ရသဖြင့် ဘယ်သူမှ မီးကို မငြိမ်းရဲ။

ဖြစ်ရပ်ကို မင်းတုန်းမင်းတရားကြားသော် များစွာပင် စိတ်မကောင်းဖြစ်ရှာသည်။ ထို့ကြောင့် ဦးအောင်မင်းကို ခေါ်သည်။ ရှေ့တော်သို့ ဦးအောင်မင်း ရောက်သောအခါ ဘုရင်က ချော့မော့၍ ပြော၏။ 'မောင်အောင်မင်းရယ်.... ဖြီးခဲ့တာလဲ ပြီးပါစေတော့....မင်းသားတွေ အလှူကိုတော့ ဖြစ်အောင် ဆက်လုပ်ပါ။ ကဲ ကဲ....ငါ့ငွေတော်နဲ့ ဒက္ခိဏာရာမကျောင်းတိုက်ကို သွားပြီး အလှူကို လုပ်လိုက်ပါကွာ....ငွေ တစ်ထောင် ယူသွား၊ ဟုတ်ပြီလား'

ဘုရင်မင်းတရားသည် ဦးအောင်မင်းကို အလိုလိုက်လွန်းသည် ဆိုချင်က ဆိုနိုင်ကြ၏။ သို့သော်လည်း မိမိ နန်းရရေးတွင် အသက်ကို ရင်း၍ တိုက်ပွဲဝင်ခဲ့သူ၊ ထို့ပြင် မိမိ၏ ကျေးဇူးသစ္စာကို နှစ်ပေါင်းများစွာ စောင့်သိခဲ့သူ၊ ရဲဘော်တစ်ဦးအပေါ် မင်းတုန်းမင်း တုံ့ပြန်မှုကိုကား လေးစားကြရမည် ဖြစ်တော့သည်။ ကျေးဇူးတရားဟူသည် ရှင်ဘုရင်သော သာမန်လူသော ခွဲခြားနေရန် မလို၊ တုံ့ပြန်သိတတ်သင့်သည့် မဟုတ်လား....။

ဦးအောင်မင်းကဲ့သို့ပင် မင်းတုန်းမင်းအတွက် အသက်စွန့်၍ တိုက်ပေးခဲ့သော သူ့ရဲဝန်ကြီး ဦးလုံးဟူ၍ ရှိသည်။ မင်းတုန်းမင်းတရား အထွတ်အထိပ်ရောက်သော် ဦးလုံးသည် ရွှေပြည်မြင်းဝန်၊ သူ့ရဲဝန်ရာထူးတွင် ခန့်ထားခံရသည်။ မင်းတုန်းမင်းသား ငယ်စဉ်က ရေနစ်ဖူးရာ ဦးလုံးက ကယ်ဆယ်ခဲ့ဖူးသဖြင့် 'ငါ့မှာ မောင်လုံးပေးတဲ့ အသက်ပဲ ရှိတယ်' ဟု မင်းတုန်းမင်းတရားက မကြာခဏ မိန့်ဖူးသည်။

ဦးလုံးကား လူကြမ်းကြီး ဖြစ်သည်။

ညီလာခံ ခန်းမတွင် အခစားဝင်ရာ၌ သူ့ရဲဝန် ဦးလုံးမှာ အခြား ရာထူးကြီးသော မှူးကြီး မတ်ကြီးတို့၏ နောက်တော်ပါးမှသာ ခံစားရလေသည်။ သို့ဖြစ်ရသည်မှာ ဦးလုံးသည် စာပေ ပညာမတတ်ဘဲ လက်ရုံးရည်သမားသက်သက်မျှသာ ဖြစ်နေ၍ဟု ဆိုကြသည်။

သူ့ရဲဝန်ကို မင်းတုန်းမင်းက အရေးပေးသလောက် လူမုန်းလည်း အတော်များသည်။ ဘုရင့်အပေါ်တွင်မူ ဦးလုံးသည် အလွန် သစ္စာရှိသည်။ ဘုရင့်အတွက် အချိန်မရွေး အသက်စွန့်မည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။ သည်တော့လည်း



ဗတ္တမြား ကျောက်စီဓားကို လက်ကမချဘဲ ဘုရင့်ရှေ့တော်သို့ ဝင်ရာ၌ပင် ကိုင်ဆောင်သွားလာခွင့်ကို ဦးလုံး ရရှိခဲ့၏။

တစ်ကြိမ်တွင် ညီလာခံ ကျင်းပနေချိန် ဦးလုံးသည် မိမိအတွက် သတ်မှတ်ပေးထားသော တစ်နေရာမှ ခစားနေသည်။ မိမိရှေ့တွင် သက်တော်ရှည်၊ သက်တော်တို၊ ဝန်ကြီးဝန်ငယ်၊ မှူးကြီးမှူးငယ်တို့ ခစားနေကြသည်။ သည်အဖြစ်ကို ဦးလုံး နည်းနည်းမျှ မကျေနပ်၊ ဘုရင့်အပါးတွင် နီးကပ်စွာ ခံစားခွင့် မရသည့်အတွက် သူ့ခံစားမှုက ပြင်းထန်လာသည်ထင့်၊ နောက်ပါးမှနေ၍ ခပ်ကျယ်ကျယ် အော်လိုက်သည်။

'ဘုရင့်အတွက် အသက်စွန့်စရာရှိတော့ လုံးတို့ပဲ ရှိတယ်၊ ဘုရင့်အနားကပ်ပြီး အခွင့်အရေးယူဖို့ကျတော့ ဟိုရှေ့က မအေပေးတွေချည်းပေါ့....'

ဦးလုံး၏စကားကို အားလုံးကြားသည်။ ဘုရင်လည်း ကြားသည်။ မိဖုရားတွေလည်း ကြားသည်။ ဝန်ကြီး၊ မှူးမတ်ကြီးတွေလည်း ကြားသည်။ ထိုအခါတွင် အများကပင် စိတ်ဝမ်းမချမ်းမြေ့ ဖြစ်ရပြီ။ ဝန်ကြီးတွေကမူကား ဘုရင်က မျက်နှာသာ ပေးလွန်းသဖြင့် မိမိတို့ကို ဦးလုံးက စော်ကားသည်ဟု ယူဆကြသည်။

ဤကိစ္စနှင့် ပတ်သက်၍ ဘုရင်မင်းတရားသည် ဦးလုံးကို နှစ်ကိုယ်ကြားခေါ်၍ ဖျောင်းဖျသည်။ ဆုံးမသည်။ 'မင်းဟာ ငါ့အသက်သခင်ပဲ၊ ဒါပေမယ့် ဒါကို အခွင့်ကောင်းယူရင် ဝန်ကြီး မှူးမတ်တွေက မုန်းတော့မှာပေါ့၊ မင်းကို မုန်းတာနဲ့ တိုင်းပြည်ပါ မှောက်သွားနိုင်တယ်ဆိုတာလဲ စဉ်းစားရတယ်၊ မမိုက်ချင်စမ်းပါနဲ့ကွာ'

ဦးလုံးကား ဘုရင်မင်းမြတ်ကို ချစ်ခင်ရှာသူ ဖြစ်သည်။ ဘုရင်က နှစ်ကိုယ်ကြားခေါ်၍ ဆုံးမသောအခါ ဦးလုံးသည် မျက်ရည်ပေါက်ပေါက်ကျသည်။ မိမိအမှားကို မြင်သည်၊ ထို့ကြောင့်ပင် သူသည် ဝန်ကြီးများအား ငှက်ပျောပွဲ အုန်းပွဲဖြင့် ဝန်ချတောင်းခဲ့လေသည်။

သို့သော် ဦးလုံးအား အမုန်းပွားသူတို့၏ ငြိုးမာန်ကို ဦးလုံးခံသွားရရှာသည်။ မြင်ကွန်း၊ မြင်းခုန်တိုင် ပုန်ကန်မှု ဖြစ်သောအခါ ဦးလုံးသည် မင်းတုန်းမင်းတရား၏ အသက်ဘေးကို သတိရပြီး ကျောက်စီဓားကို ကိုင်၍ ပြေးလိုက်သွားသည်။ သူပုန်ခေါင်းဆောင် တစ်ဦးဖြစ်သူ ဖြေသီးနှင့် ဦးလုံးတို့သည် နန်းဆောင်တွင်း၌ ရင်ဆိုင်တိုးကြသည်၊ ဦးလုံးလက်နက်ချရန် ဖြေသီးက တိုက်တွန်း၏။ ဦးလုံး

www.burmeseclassic.com

www.burmeseclassic.com



က လက်နက်မချ။ သူပုန်တပ်သားတို့သည် ဦးလုံးကို ဝိုင်း၍ ခုတ်ထစ်လိုက်
သည်။ လူမုန်းများလှသော ဦးလုံး၏ အလောင်းမှာ အစအနပင် ရှာမရဘဲ
သွားခဲ့လေသည်။

ပခန်းမင်းကြီး ဦးရန်ဝေးသည်လည်း မင်းတုန်းဘုရင်မင်းမြတ် အရေး
ခံရသူ တစ်ဦး ဖြစ်သည်။ မင်းတုန်းမင်းတရား၏ ငယ်ဆရာတစ်ပါးဖြစ်သ
မင်းတုန်းမင်းတရား အထွတ်အထိပ်ရောက်သော် ဆရာတော်ကို လူထွက်စေ
ဝန်ကြီးအရာ မြှောက်သည်။ လွှတ်တော်ဝန်ကြီးဘဝတွင် ပခန်းမြို့ကို အပိုင်စား
သည်။ တစ်လလျှင် လခငွေဒင်္ဂါး ၂၀၀၀ ကိုလည်း ချီးမြှင့်ထားသည်။ ည
န်နက်၊ ပွဲတော် နှစ်အုပ်ကို ပခန်းမင်းကြီး အိမ်သို့ ပို့စေသည်။ ဤမျှ
ဘုရင်မင်းတရားက ဂရုတစိုက် ရှိခဲ့သော ဝန်ကြီးတစ်ပါး ဖြစ်သည်။

သို့သော် ဝန်ကြီးသည် ဘုရင်ကို 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လ
ပြုမူခဲ့သည်။

တစ်ကြိမ်တွင် ကရင်နီနယ်ကို သိမ်းယူရန် အမိန့်တော် တစ်ရပ်ကို ဘု
မင်းမြတ်က ထုတ်ဆင့်သည်။ ထိုအမိန့်စာကို ဝန်ကြီး ဦးရန်ဝေးရသော် ဆုတ်
ပြီး လွှင့်ပစ်သည်။ ဘုရင်က ဝန်ကြီးကိုခေါ်၍ မည်သည့်အတွက် ထိုသို့ လု
သနည်းဟု မေးသောအခါတွင် ဝန်ကြီးက ဖြေ၏။

'ကရင်နီနယ်ကို သိမ်းပိုက်လျှင် ယိုးဒယားနှင့် နယ်စပ်ချင်း ဆက်သွ
မည်။ နှစ်နိုင်ငံ ပြဿနာတွေ ရှုတ်လာမည်။ လွှတ်တော်ကို မတိုင်ပင်ဘဲ အဘ
ကြောင့် အမိန့်တွေ ထုတ်ဆင့်နေမည်နည်း။ အရမ်းကာရော အမိန့်ထုတ်လိုလျှ
လွှတ်တော်ပင် မထားသင့်တော့ပြီ....'

ဝန်ကြီး၏ စကားကို ကြားသော် မင်းတုန်းမင်းတရားသည် ဘာမှ ဆ
မပြောဘဲ ခပ်မဆိတ် နေတော့သည်။

တစ်ကြိမ်တွင် ဘုရင့်အရာရှိငယ်များ၊ ဝန်ငယ်မှူးငယ်များ၊ မယားအပို
ကြသဖြင့် ရိက္ခာတော်ငွေနှင့် မလောက်မင ဖြစ်ကြသည်။ ထိုအခါ အကျ
စာရိတ္တထိခိုက်သည်ထိ ဖြစ်လာသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး အမှုတော်ထမ်း
သားမယားအပို မယူရ၊ ယူမည်ဆိုလျှင် မည်သို့ စည်းကမ်းဥပဒေ ပြုသင့်ကြောင်
ပခန်းဝန်ကြီးအား ဘုရင်မင်းမြတ်က တိုင်ပင်၏။ ပခန်းဝန်ကြီးက 'မှန်လှပ
သင့်မြတ်လှသော ဥပဒေပင် ဖြစ်ပါကြောင်း။ သို့သော် ဤသို့ မယားများမျာ



ယူရ ဥပဒေထုတ်လျှင် ဝန်ကြီး ဝန်ငယ်များသာမက ရှင်ဘုရင့်အတွက်ပါ
ဆက်ဆိုင်စေသင့်ကြောင်း' ပြန်တင်ခဲ့သည်။ ဘုရင်မင်းမြတ် ဤ တစ်ကြိမ်လည်း
တ်ဆိတ်ရပြန်သော ဟူ၏။

ဘုရင့်အမှုတော်ထမ်းများ ခန့်ထားရာတွင် ဘုရင်သည် လွှတ်တော်၏
သဘောတူညီချက်ကို ယူရသည်။ တစ်ကြိမ်တွင် အဝေးမြို့ဝန် ရာထူးတစ်နေရာ
န့်ရာ လွှတ်တော်က မသိဘဲ ပုဂ္ဂိုလ်တစ်ဦးကို ဘုရင်က ခန့်စာပေးလွှတ်သည်။
န့်စာသည် လွှတ်တော်သို့ ရောက်လာ၏။ ထိုပုဂ္ဂိုလ်မှာ ဘုရင့်မိဖုရားနှင့် ဆွေမျိုး
တ်သူ ဖြစ်သည်။ ပခန်းဝန်ကြီးသည် ခန့်စာချွန်ကို ဆုတ်ပစ်လိုက်ပြီး 'ရှင်ဘုရင်
ခန့်တိုင်း ငါ မခန့်နိုင်' ဟု ပြန်ကြားလိုက်၏။ မင်းတုန်းဘုရင် မင်းမြတ်
ည် ထိုကိစ္စကို သိရှိလေသော် များစွာမှပင် စိတ်မကောင်း၊ ပခန်းဝန်ကြီးကို
ခေါ်၍ အကြောင်းကို မေးသည်။

'မှန်လှပါ၊ လွှတ်တော်ဝန်ကြီးတို့သည် မိဖုရား၏ အမှုထမ်းများ မဟုတ်၊
ရား၏ ဆွေမျိုးတွေကို အလုပ်ခန့်ပေးဖို့၊ ရာထူးယူနေခြင်း မဟုတ်။ ဘုရင့်ကိုယ်
း တိုင်းပြည်စည်ပင်တိုးတက်ရန် တာဝန်ရှိသည်။ လွှတ်တော်ကသာ အဝေးမြို့
န်လို ရာထူးမျိုးကို ခန့်ရိုးစဉ်လာ ရှိသည်။ အခန့်အထား မတော်လျှင် တိုင်းပြည်
း ပါးမှောက်လိမ့်မည်။ ထိုအခါ ဘုရင်ရော လွှတ်တော်ဝန်ကြီးတွေပါ တာဝန်ရှိ
ည် မဟုတ်လား'

ဤသို့ ပခန်းဝန်ကြီးက လျှောက်သည်။ ဘုရင်မင်းမြတ်သည် အမှန်ကို
မှန်အတိုင်း မြင်၏။ အမှန်ကို အမှန်အတိုင်း လက်ခံသည်။ မိဖုရားအလိုသို့
က်မိခြင်းမှာ မှားပြီဟု သိဟန်တူသည်။ ငါဘုရင်ဆိုပြီး ထင်ရာ မစိုင်းခြင်းသည်
မင်းတုန်းဘုရင်မင်းမြတ်တွင် ရှိသော လေးစားဖွယ် အရည်အချင်း ဖြစ်လေ
လား။ သည်ဖြစ်ရပ်များမှတစ်ဆင့် ဘုရင်မင်းမြတ်၏ စိတ်စေတနာကို နားလည်
ကြုံကြရသည်။ အမှန်ဆိုသော် လက်နက်ဝန် ဦးအောင်မင်းသည် လည်း
ကောင်း၊ သူရဲဝန် ဦးလုံးသည် လည်းကောင်း၊ ပခန်းဝန်ကြီး ဦးရန်ဝေးသည်
ည်းကောင်း၊ ဘုရင်မင်းမြတ်၏ အလိုလိုက်ခြင်းကို အခွင့်အရေးယူကြသည်ဟု
ရန် ရှိသည်။ အခွင့်အရေးယူသည်မှာ မှန်စေ၊ ဘုရင်မင်းမြတ်သည် ကျေးဇူး
စရာကို ထောက်ထား၏။ သက်ညှာဖွယ် ရှိသည်ကို သက်ညှာသည်။ စာနာဖွယ်
သည်ကို စာနာသည်။ သည့်နောက် မိမိအမှားရှိလျှင်လည်း အမှားကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်မမှားစေရ၊ ပြင်နိုင်သမျှ ပြင်ရမည်ကို နားလည်သည်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေသူပဲ ငါ့ကို ဘယ်သူက လွန်ရဲမှာလဲဟူသောအမြင် ဘုရင်မင်းတရားတွင် မရှိ။

သည်အခြေအနေ အရပ်ရပ်ကို ထောက်၍ စဉ်းစားစရာရှိ၏။ မင်းတုန်းဘုရင်မင်းမြတ်သည် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကို အကောင်အထည် ဖော်နေသော ရှင်ဘုရင်တစ်ပါး ဖြစ်သည်မှန်စေ၊ သူ၏ ပဒေသရာဇ်စနစ်ကို ပြည်သူလက်ခံနိုင်အောင်ကြိုးစားအားထုတ်ခဲ့သည်မှာကား အထင်အရှား ဖြစ်လေသည်။

# တိုင်းပြည်ကို ကိုင်ရမ်းတဲ့ မြင်ကွန်းနဲ့ မြင်းခုန်တိုင်

၁

ဘုရင်မင်းတရားသည် မိဖုရားတွေနှင့်၊ ဝန်ကြီးဝန်ငယ်တွေနှင့်၊ သာသနာရေးကိစ္စတွေနှင့် မအားမလပ်ရအောင် ရှိနေသည်။ သူ့လိုပင် အလုပ်တွေကြားမှာ မအားမလပ်သူ တစ်ဦးရှိနေသည်။ သူကား အိမ်ရှေ့စံ ကနောင်မင်းတည်း။

ကနောင်မင်းသည် အအိပ်အစား မမှန်၊ မင်္ဂလာအိမ်တော်သို့ပင် မှန်မှန်မပြန်နိုင်၊ လုပ်ဆောင်ဖွယ်တွေက များစွ။ စိတ်ရောကိုယ်ပါ မနားနိုင်အောင်ရှိနေသည်။ နိုင်ငံတော်က တည်ဆောက်နေသော စက်ရုံများလည်ပတ်ရေး၊ စက်ကိရိယာတွေ မှန်မှန်ရရှိရေး၊ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုစံချိန် တိုးမြှင့်ရေး၊ စက်မှုပညာသင်တွေကို နိုင်ငံခြားသို့ ထပ်ပို့ရေး၊ ပြီးတော့ နိုင်ငံတော်အတွက် လက်နက်။

လက်နက်ထုတ်လုပ်ရေးသည် နိုင်ငံတော်က ပထမဦးစားပေး၍ဆောင်ရွက်ရမည့် အကြောင်းအရာတစ်ရပ်ဖြစ်သည်။ လက်နက်အကျိုးအပဲ့နှင့် စစ်တိုက်ခဲ့လို့ အင်္ဂလိပ်တို့က 'အရှုံးအရှုံးနှင့် အိမ်ဦးတက်၍ ချေးပါ'သွားတာ ခံလိုက်ရပြီ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အအိပ်မမှန်၊ အစားမမှန်၊ အနေမမှန်ဖြစ်ခဲ့သော ကနောင်မင်းသားကို သူ့ ကြင်ယာတော် လှိုင်မင်းသမီးကပင် အထင်လွဲသေးသည်။ စိတ်ကောက်ခဲ့သေးသည်။ 'လာနိုးငယ်မယ်မျှော်လို့၊ တစ်ကိုယ်တော်ထူး၊ ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်'ရသည့်ဖြစ်ရပ်ကို လှိုင်မင်းသမီးက ဘောလယ်တေးထပ်ရေးစပ်၍ ချွဲရသည်အထိ ဖြစ်ခဲ့သည်။ သို့စင်လျက် ကနောင်မင်းသားကား၊ အချိန်မှန်မှန် အိပ်မပြန်နိုင်။ သူ့ လုပ်ဆောင်စရာတွေကို မြတောင်ဝန်ကြီး ဦးမှိုနှင့်အတူ ကြိတ်၍ ကြံစည်နေလေသည်။

ကနောင်မင်းသားကို မင်းတုန်းမင်းတရားက အားလည်းကိုး ချစ်လည်းချစ်သည်။ ကနောင် ကိုယ်တော်ကြီးကလည်း နောင်တော်မင်းတရားကို အရေးထားလိုက်သမှ မပြောနှင့်တော့။ မင်းတုန်းမင်းတရား စိတ်ကြိုက်ဖြစ်စေမည်၊ မင်းတုန်းမင်းတရား သဘောတော် တွေ့စေမည်။ မင်းတုန်းမင်းတရား စိတ်မချမ်းသာမည့် ကိစ္စကို ကနောင်မင်းသားက ဘယ်တော့မှ ပြဿနာ မလုပ်လို။

ပြောကြမည်ဆိုလျှင် မင်းတုန်းမင်းတရား နန်းတက်စ ရွှေဘိုတွင်စံနေစဉ်တုန်းက အဖြစ်ကိုကြည့်။ သာသနာပိုင်ဆရာတော် တင်တော့မည် ရှိစဉ်တွင် မင်းတုန်းဘုရင်က မိမိ၏ငယ်ဆရာကို လျစ်လျူရှုခဲ့၏။ တောင်နန်းမတော် ဆန္ဒပေးသော ရှင်ညေယျဓမ္မကို သာသနာပိုင် တင်သည်။ သည်ဖြစ်ရပ်နှင့် ပတ်သက်၍ ကနောင်မင်းသား ဘဝင်မကျခဲ့။ နောင်တော်ဘုရား စိတ်လက်မချမ်းမသာ မဖြစ်စေချင်၍သာ အောင့်အီး မျိုသိပ်နေခဲ့ခြင်း ဖြစ်သည်။ မင်းတုန်းမင်းတရားသည် ညီတော်၏ သဘောကို သိသွား၏။ ညီတော်သည် သာသနာပိုင် ဆရာတော်နေရာတွင် မိမိတို့ ငယ်ဆရာဖြစ်သူ စံကျောင်းဆရာတော် ဦးစန္ဒိမာကိုပင် တင်ချင်ဟန် ထင်ရသည်။ ညီတော်ကို ဖျောင်းဖျရဦးမည်။

'ညီတော်၊ တို့ဆရာတော်က လောကကြောင်း ဓမ္မကြောင်း နှစ်ဌာနစလုံးမှာ ကျွမ်းကျင်လိမ္မာမှု နည်းသေးတယ်၊ အစ်မတော် (တောင်နန်းမတော်) ရဲ့ ဆရာတော်က လောကီ၊ လောကုတ် ပြည့်စုံ ကြွယ်ဝတော်မူပြီး ဖြစ်တယ်။ ပြီးတော့ အရှင်က သာသနာပိုင်အရာမှာ ထမ်းဆောင်ဖူးတဲ့ အတွေ့အကြုံလဲ ရှိသူ ဖြစ်တယ်။ ဒါကြောင့် အစ်မတော်ရဲ့ ဆရာတော်ကိုပဲ သာသနာပိုင်အရာမှာ တင်လိုက်ကြစို့။ ညီတော် နှလုံးစိတ်ဝမ်း မချမ်းမမြေ့ မရှိပါလေနှင့်။



ကနောင်မင်းသားကြီးကား သည်ကိစ္စတွင် တုံဏှိဘာဝေ ဆိတ်ဆိတ်နေခဲ့သည်။ ထပ်ပြောလျှင် နောင်တော်မင်းတရား သောကများနေရှာဦးမည်။ ငြိမ်ငြိမ်သာ နေလိုက်စို့ရဲ့။

မင်းတုန်းမင်းသည် တိုင်းရေးပြည်ရေး ပြဿနာနှင့် ကြုံလျှင် ကျောသားရင်သား မခွဲခြား။ မင်းကျင့်တရားနှင့်အညီ ကျင့်သည်၊ ဆောင်သည်၊ မှန်မှန်ကန်ကန် အရေးယူမှု ပြုသည်။ ထိုသို့ ပြုရင်း တစ်ကြိမ်တွင် ကနောင်ကိုယ်တော်ကြီးနှင့် ပတ်သက်နေသော အမှုတစ်ခုကို ဝင်တိုးမိသည်။ မင်းတုန်းမင်းတရား ဘာလုပ်မည် ထင်ပါသလဲ။ ဘုရင်မင်းမြတ်သည် သင့်တော်သော ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချမှတ်လေသည်။ ဖြစ်ပုံကတော့ သည်လိုပါ။

မင်းတုန်းဘုရင်သည် နန်းမြို့အတွင်း ၁၅ ရက်တစ်ကြိမ် လှည့်လည်၍ ပြည်သူ့ဆန္ဒကို တိုက်ရိုက် တွေ့ဆုံ မေးမြန်းတတ်ကြောင်း ဖော်ပြခဲ့ပြီ။ တစ်ကြိမ်တွင် ဆင်းရဲသား အဖွားအိုတစ်ဦးသည် ဘုရင်မင်းတရားထံ ဦးတိုက်၍ အမှုတစ်ခုကို တင်လျှောက်သည်။ 'မိမိ၏ သား အသတ်ခံရသည့်အမှု လွှတ်တော်တွင် တစ်မိုးခိုနေသည်မှာ ရက်ကြာလှပြီ။ ယခုထက်တိုင် အမှုမပြီးသေး၊ စုံစမ်း၍ အရေးယူပေးတော်မူပါ'

မင်းတုန်းဘုရင်က အမှုနှင့် ပတ်သက်၍ ချက်ချင်းစုံစမ်းစစ်ဆေးသည်။ ဘုရင်မင်းမြတ်ကိုယ်တိုင် စစ်ဆေးတော့ အမှုသည် မကွယ်မဝှက် ပေါ်လာရပြီ။ အဖွားအို တင်သည်မှာ မှန်လိုက်သမျှ၊ မြေကြီးလက်ခတ်မလွဲ။ လွှတ်တော်တွင် အမှုတွဲဝင် 'အောင်း' နေသည်မှာ သုံးလပင် ကြာခဲ့ပြီ။ လွှတ်တော်တွင် သည်အမှုအတွက် လုံးဝ တာဝန်ရှိသည်။ ထို့ကြောင့် ဘုရင်မင်းမြတ်က အမိန့်ချသည်။

မြန်မာ့တရားစီရင်ရေး ဓမ္မသတ်များအရ အသတ်ခံရသူသည် အသက်ဖိုး ကျပ်သုံး ဒင်္ဂါးသုံးရာကို အသက်ဖိုးလျော်ကြေးအဖြစ် ရရှိမည်။ သို့ဖြစ်၍ 'အသက်ဖိုး [illegible] ဒင်္ဂါးသုံးရာနှင့် လွှတ်တော်မှ တရားစီရင်ချက် ကြန့်ကြာမှုအတွက် လျော်ကြေး [illegible] ဒင်္ဂါးတစ်ရာ့ငါးဆယ် စုစုပေါင်း ကျပ်ဒင်္ဂါး လေးရာ့ငါးဆယ်ကို အဖွားအိုသို့ ပေးလျော်စေ။ ယင်းလျော်ကြေး ပေးဆောင်ရန် လွှတ်တော်မှာ တာဝန်ရှိသည်။ လွှတ်တော်၏ အကြီးအကဲ ကနောင်မင်း၊ လွှတ်တော်ဝန်ကြီး ၄ ပါး၊ [illegible]ထောက် [illegible] ပါးတို့က ထိုလျော်ကြေးငွေကို စုဆောင်းပေးဆောင်စေ။'

www.burmeseclassic.com

www.burmeseclassic.com



ထိုအမှုတွင် တရားခံဖြစ်သူမှာ လျော်ကြေးပေးရန် ငွေမရှိသူ ဖြစ်သည်။ ထို့ကြောင့် တရားခံကို နဖူးတွင် စာထိုး၍ ဘုရားကျွန်အဖြစ် လှူဒါန်းလိုက်၏။ လျော်ကြေးငွေ လေးငါးရာဆယ်ကိုကား ကနောင်မင်းနှင့် လွှတ်တော်ဝန်ကြီးများက စိုက်လျော်ရသည်။

ဤ အမှုတွင် မင်းတုန်းမင်းကြီးသည် 'လက်ညှိုးမကောင်း လက်ညှိုး လက်မ မကောင်း လက်မ'ဆိုသော မူဖြင့် ထိရောက်စွာ အရေးယူခဲ့သည်ကို တွေ့ရမည်။ ကနောင်မင်း အနေဖြင့်ကား နဂိုကပင် တော်တည့်ဖြောင့်မှန်သူ တစ်ဦးဖြစ်ရာ မင်းတုန်းဘုရင်၏ တရားစီရင်ချက်ကို ကျေနပ်စွာ ခံယူမည်မှာ ယုံမှားသံသယ ရှိစရာ မလိုပြီ။

နေပြည်တော်ကို အမရပူရမှ မန္တလေး တောင်ခြေသို့ ပြောင်းရွှေ့ရန် မင်းတုန်းဘုရင် စီစဉ်ခဲ့ရာ ထိုအချိန်က ကွယ်ရာ၌ မကျေမနပ် ကြိတ်ဖြစ်ကြသူတို့တွင် ကနောင်မင်းသားလည်း ပါဝင်သည်ဟု ဆိုသည်။ သည့်အတွက် ကနောင်မင်းသားကို အဆိုးမဆိုသာ၊ ကနောင်မင်းသား၏ အမြင်တွင် တိုင်းပြည်သည် နနယ်သေး သည်။ နောင်တော်ပုဂံမင်းတရားထံမှ နန်းပလ္လင်ကို လုယူ၍ ရွှေပြည်ကြီးနှင့် စည်ထီးကို တည်ခဲ့သည်မှာ မကြာသေး။ နေပြည်တော် ရွှေ့ပြောင်းရန်ထက် ပို၍ အရေးထား လုပ်ဖွယ်ကိစ္စတွေက တစ်ပုံကြီး။ ထို့ပြင် ယခုကဲ့သို့ ပြည်တွင်း ပြည်ပ စစ်ပွဲကြီးပြီးကာစဝယ် ပြည်သူတို့ ပင်ပန်းဆင်းရဲခြင်း တာဝန်တစ်ခု ထပ်၍ မတိုးသင့်။ နေပြည်တော် ပြောင်းရွှေ့ခြင်းဖြင့် ပြည်သူအများမှာ လူမှုရေး၊ စီးပွားရေး ကျန်းမာရေးမှအစ ချို့တဲ့ပင်ပန်းရှာကြချေမည်။ ဤသို့ ကနောင်မင်းက မြင်သည်။

သို့သော် ထိုစဉ်ကလည်း ကနောင်မင်းသား ဘာမှ မတတ်နိုင်ခဲ့။ ဘုရင် မင်းမြတ်သည် အတိတ်တွေ၊ နိမိတ်တွေ၊ တဘောင်တွေ၊ စနည်းတွေနှင့် နေပြည် တော်ရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။ မှူးမတ်မိဖုရား၊ ရဟန်းသံဃာတွေကလည်း မင်းတုန်း ဘုရင်၏ လုပ်ဆောင်ချက်ကို ခေါင်းတညိတ်ညိတ်နှင့် 'ဘောင်းတော်ညိတ် စိတ်တော် သိ' လုပ်နေကြပြီ။ သည်တော့ နောင်တော် မင်းတရားကို 'အရာထား' သော ကနောင်မင်းသားသည် နေပြည်တော် ရွှေ့ရန် ကိစ္စကို ကန့်ကွက်တားဆီး မလုပ် တော့။ နောင်တော်၏ စိတ်ကြိုက်ပင် တတ်အားသရွေ့ ကူညီလိုက်ရလေသည်။

မင်းတုန်းဘုရင်ကကော...ညီတော်အပေါ် မည်သို့ သဘောထားခဲ့သလဲ...။ မင်းတုန်းဘုရင်သည် ညီတော် ကနောင်မင်းသားအပေါ်တွင် သဘောထား အလွန်



မှန်ခဲ့သည်။ မိမိသည် ဘုရင်မင်းမြတ်ပဲ၊ တိုင်းပြည်၏ သက်ဦးဆံပိုင်ပဲ ဆိုသော မောက်မာမှုမျိုးနှင့် ညီတော်အပေါ် အပေါ်စီးမယူ။ စင်စစ်တော့ မင်းတုန်းမင်း နန်းရခဲ့ခြင်းသည်ပင် ကနောင်ကိုယ်တော်ကြီး၏ လက်ရုံးရည် စွန့်စားမှုများကြောင့် မဟုတ်လား။ ဒါကိုလည်း မင်းတုန်းမင်းကြီးသည် သတိမပေါ့ခဲ့၊ မမေ့မလျော့ ရှိခဲ့သည်။

တစ်ကြိမ်တွင် ကနောင်မင်းသားသည် နောင်တော်မင်းတရားထံ အခစား မဝင်ဘဲ ပေါ့ပေါ့လျော့လျော့နေခဲ့သည်။ ညီတော်ကို မမြင်ပါလား၊ ဘာဖြစ်လို့ အခစား မဝင်ပါလိမ့်ဟု မေးသောအခါတွင် ကိုယ်လက်မအီမသာနှင့် ကောင်းစွာ မကျန်းမာ၍ ဖြစ်ကြောင်း၊ မှူးမတ်တို့က သင့်အောင် လျှောက်ကြသည်။ မည်သို့ ဆိုစေ ညီတော်မင်းသားသည် တစ်စုံတရာသော အကြောင်းကို အခြေခံ၍ နောင် တော်ကို စိတ်ကောက်နေကြောင်း မင်းတရား ကောင်းစွာ သိလိုက်သည်။

ထိုနေ့ ညီလာခံစဲသော် မင်းတုန်းမင်းသည် မိဖုရားခေါင်းကြီးနှင့်အတူ ညီတော် ကနောင်မင်းသားအိမ်သို့ ကြွချီတော်မူခဲ့၏။ 'ညီတော် ကျန်းခန့်သာလို့ မာရဲ့လား၊ နေထိုင်မကောင်းဘူးဆိုလို့ နောင်ဘုရား လာကြည့်တာ' ဟု မင်းတရား ကမြွက်သည်။ ညီတော် သုံးလိုရာ သုံးဟုဆိုကာ ငွေတော်တစ်ထောင်ကိုလည်း ချီးမြှင့်ပေးကမ်းခဲ့သည်။ ညီနောင်နှစ်ပါး အလ္လာပ သလ္လာပတွေ ပြောကြသည်။ ကနောင်မင်းသားသည် နောင်တော့်အပေါ် စိတ်မခုနိုင်ရှာတော့ပြီ။ 'တစ်ချိန်က နောင်တော် ညီတော် နှစ်ပါး အသက်စွန့်လို့ နန်းလုတိုက်ပွဲ နွှဲခဲ့ကြသေး မဟုတ် လား။ အသေးအဖွဲ့ကိစ္စဖြင့် ဘာဖြစ်လို့ စိတ်ကောက်နေတော့မလဲ၊ နောင်တော် မင်းတရားကလဲ ဝတ္တရားကျေသားပဲ၊ ကြည့်လေ၊ အခစားမဝင်သည်နှင့် အိမ်တော် အထိ လိုက်လာပြီး ချော့မော့မေးမြန်းရှာသေးရဲ့'

ကနောင်မင်းသား ထိုသို့တွေးလေသလား၊ မတွေးလေသလားတော့ မည်သူ မှ မသိနိုင်ပြီ။ သို့သော် စိတ်ကောက်နေသော ညီတော်သည် နောင်ဘုရားအပေါ် စိတ်ပြေသွားပြီး ဘာမျှ အမှတ်မထားတော့သည်မှာ အမှန်ဖြစ်၏။ ညီတော် နောင်တော် ဆက်ဆံရေးကား ခါတိုင်းလိုပင် ချောချောမောမော၊ ညီတော်မင်းသား သည် အခစားဝင်မြဲ ဝင်ခဲ့သည်။

စင်စစ်ဆိုလျှင် နောင်တော်မင်းတရား၏ စိတ်သဘောကို ကနောင်မင်းသား သံသယရှိစရာပင်မလို။ ကြည့်ပါတော့၊ မင်းတုန်းမင်းမြတ်က သူ့ဝန်ကြီးတွေကို ဆုံးမ ခဲ့ကြားသည့် စကားရပ်တို့သည် ညီတော်အဖို့ ကျေနပ်ဖွယ်မကောင်းပေဘူးလား...။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အမှုတော်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ထမ်း၊ ငါ့အမှုတော် ပြီးလျှင် အိမ်ရှေ့မင်း အမှုတော်ကို ထမ်းကြပါလေ'

သို့သော် တစ်ကြိမ်တွင် ညီတော် နောင်တော်တို့အကြား စိတ်မကောင်းစရာ ကိစ္စတစ်ခု ပေါ်ခဲ့သည်။

ကနောင်ကိုယ်တော်သည် နိုင်ငံတော်၏ 'ခြေ၊ လက်၊ မျက်စိ' တို့နှင့် တူသော တပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ရန် ကြိုးပမ်းနေကြောင်း အထက်တွင် ဖော်ပြခဲ့ပြီ။ နယ်ချဲ့သမားတို့ကို ရင်ဆိုင်ရာတွင် 'သမ္မာဒစက္ကဝါဠေ သု' စသဖြင့် ပရိတ်ရွတ်နေ၍ မဖြစ်။ ချစ်ကြည်ရေးစကားတွေကို 'တောင်းနှင့် အပြည့်' ထည့်သွားပြီး မေတ္တာရပ်ခံ၍ မရ။ ဓားသည် ဓားဖြင့်သာ၊ လှံသည် လှံဖြင့်သာ ရင်ဆိုင်ရမည်။ သွေးပြသနာကို သွေးဖြင့်သာ ဖြေရှင်းရချိမ့်မည်။ သည်တော့ နိုင်ငံတော်အတွက် ပထမ အရေးအကြီးဆုံး လက်နက်၊ ဒုတိယ အရေးအကြီးဆုံးသည် လက်နက်၊ တတိယ အရေးကြီးသည်လည်း လက်နက်ပင် ဖြစ်ရမည်။

ယခုအခါတွင် အိန္ဒိယနှင့်ပြင်သစ်နိုင်ငံများမှ တိုင်းခြား ဘာသာစာပေများ စက်မှုသိပ္ပံပညာများ သင်ယူခဲ့သော ပညာသင်များ ပြန်ရောက်ကြပြီ။ သူတို့ထံမှ သိပ္ပံပညာတွေ ရသင့်သလောက် ရသည်။ ကနောင်ကိုယ်တော်ကြီး အနေဖြင့်လည်း နိုင်ငံခြားမှ လက်နက်ထုတ်လုပ်မှုပညာရပ်များကို လေ့လာသည်။ သည်သို့ ကြိုးစားမှုများသည် နေပြည်တော်အနောက်ပြင် 'အမရစံခေါင်'အရပ်၌ အမြောက်လက်နက် စက်ရုံကြီးတစ်ရုံ တည်ဆောက်နိုင်သည်အထိ အောင်မြင်လေပြီ။

အမြောက်စက်ရုံက ယခုအခါတွင် 'ဝဇီရာဝုဒ' အမည်ရှိ အမြောက်ကြီး အလက် ၄၀ ထုတ်လုပ်ပြီးပြီ။ ထို့ပြင် သေနတ်စက်ရုံကလည်း ဘေးဖွင့်နောက် ထိုး ဗထက်ချိုင့် သေနတ်များကို တစ်ပတ်လျှင် အလက်ပေါင်း ၂၀၀၀စီ ထုတ်လုပ် ပေးနေပြန်သေးသည်။ အမြောက်စက်ရုံ၌ စက်မှုလုပ်သား ၇၀ ခန့်ရှိသည်။ သူတို့နှင့်အတူ နိုင်ငံခြားသား ပညာရှင်တွေကလည်း ပူးတွဲ၍ ကူညီ ဆောင်ရွက် သင်ပြပေးကြသည်။ နိုင်ငံခြားသားတွေဆီက ရသမျှ သိပ္ပံပညာတွေကို ယူကြ၊ အထူးသဖြင့် လက်နက်ထုတ်လုပ်မှုပညာကို ယူကြ၊ 'ငါးကြင်းဆီနှင့် ငါးကြင်း ကြော်ရမည်'။ နိုင်ငံခြားသားတွေဆီက ရတဲ့ပညာနှင့် လက်နက်ခဲယမ်းတွေ ထုတ်လုပ်ကြ၊ သည်လက်နက်တွေနှင့် နယ်ချဲ့သမားကို ရင်ဆိုင်ရလိမ့်မည်။

ယခုအခါတွင် အင်္ဂလိပ်နယ်ချဲ့သမားသည် မြေထဲမြို့တွင် စခန်းချ၍ အကြံကြီး ကြံနေမည်မှာ မုချ။ 'ကျား'သည် ဘယ်တော့မှ 'ဥပုသ်'စောင့်လိမ့်မည်



မဟုတ်။ 'ကျား' သနားအောင် တောင်းပန်ခြင်းဖြင့် 'နွား' ချမ်းသာရသည်ဟု ဘယ်ကျမ်းတွင်မှ မလာ။ သည်တော့ ကျားနှင့်တူသော ရန်သူကို ရင်ဆိုင်ရန် စွမ်းအားကိုသာ ပြင်ဆင်ရမည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် သည်တစ်ချီ ဘယ်လမ်းက လာမလဲ။ ရေလမ်းက လွဲပြီး ဘယ်လမ်းရှိမှာလဲ။ ဧရာဝတီမြစ်သည် နယ်ချဲ့ စစ်သင်္ဘောများ ဆန်တက်လာရန် အကောင်းဆုံးသော စစ်ချီလမ်းပင် မဟုတ်လား။ သည်စစ်ချီ လမ်းကို ပိတ်ရမည်။ တက်လာသော နယ်ချဲ့အင်္ဂလိပ်စစ်တပ်တွေကို 'ကြောင် ပုဇွန်စား ကြွပ်ကြွပ်ဝါး' သည်သို့ ဝါးစားပစ်လိုက်မည်။ ရေလမ်းမှ တက်လာမည့် အင်္ဂလိပ်နယ်ချဲ့သမား၏ ခြေထောက်များကို သွင်သွင် 'ကျိုး' အောင် ရိုက်ချိုးထားမှ တော်လိမ့်မည်။ သို့ ရိုက်ချိုးရာတွင် အရေးကြီးဆုံး အလိုအပ်ဆုံး လက်နက်မှာ 'ရေမြှုပ်ဗုံး'ပင်တည်း။

ဧရာဝတီမြစ်မှ တက်လာမည့် နယ်ချဲ့ ကုလားဖြူတပ်များကို ဖြိုရန် အရေးအကြီးဆုံး လက်နက်သည် ရေမြှုပ်ဗုံးမှ လွဲ၍ တခြား မရှိပြီ။ သည်တော့ ကနောင် ကိုယ်တော်ကြီးသည် ရေမြှုပ်ဗုံးလုပ်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းသည်။

ကနောင်ကိုယ်တော်ကြီး၏ လုပ်ငန်းကို ကူညီသူတွေ များလှ၏။ သုံးဆယ် ခင်းသားသည် ဆရာ ယုဒသန်၏ အကူအညီဖြင့် နိုင်ငံခြား လက်နက်လုပ်နည်း ကျမ်းကို ဘာသာပြန်ပေးခဲ့သည်။ နိုင်ငံခြားရောက် ပညာသင် ငွေသားကဲ့သို့ သော လူယုံတော်တွေကလည်း ဒူးဂဏန်း၊ ကြေးဂဏန်း လျှို့ဝှက်စာများဖြင့် ရေးသော လက်နက်လုပ်နည်း နိသျှည်းစာများကို ပို့ပေးသည်။ ယောအတွင်းဝန် 'ဦးဖိုးလှိုင်'လို ပုဂ္ဂိုလ်တွေထံကလည်း လောကဓာတ် သိပ္ပံ အကူအညီတွေ ရသည်။ သည်အကူအညီများဖြင့် ကနောင်ကိုယ်တော်သည် ရေမြှုပ်ဗုံးလုပ်ရန် ကြိုးပမ်းခဲ့ သည်မှာ ၆ နှစ်ကာလတိုင်ခဲ့ပြီ။ သို့ဖြင့် တစ်နေ့တွင် ရေမြှုပ်ဗုံး တစ်လုံးကို ဖောက်ခွဲစမ်းသပ်နိုင်သော အခြေသို့ ရောက်လေပြီ။

ယခုဖောက်ခွဲမည့် ရေမြှုပ်ဗုံးကား နိုင်ငံခြား ပညာတော်သင်များထံမှ နောက် ဆုံး ရရှိသော ရေမြှုပ်ဗုံး တည်ဆောက်နည်းအရ စမ်းသပ် ပြုလုပ်ထားသော ဗုံး ဖြစ်၏။ ယခင်ယခင် ကုလားဖြူတို့ စာအုပ်များထဲမှ နည်းတွေနှင့်မတူ တစ်မူ ဆန်းသစ်သော 'နောက်ဆုံးပေါ်နည်း။'

www.burmeseclassic.com

www.burmeseclassic.com



သည်နည်းကို လွယ်လွယ်နှင့်မရ၊ နိုင်ငံခြားရှိ ပညာတော်သင်များထံမှ ပေးပို့သော စာများကို နယ်စပ်ရှိ အင်္ဂလိပ်အရေးပိုင်ထံမှ တစ်ဆင့်သာ မြန်မာ အစိုးရက လက်ခံရရှိသည်။ ရောက်လာသမျှ စာတွေမှာ ကုလားဖြူတွေဖတ်လို့ ဖွတ်ဖွတ်ညက်ညက် ကျေနေပြီ။ သူတို့ ဖတ်ရှုစစ်ဆေးပြီးမှ မြန်မာတို့က ရသည်။ သည်တော့ ရေးလိုသော စာတွေကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ရေး၍ မရပြီ။ ရှေ့ပိုင်းမှ ယုတ္တိရှိအောင် မာကြောင်း၊ သာကြောင်း၊ တစ်ကြောင်း နှစ် ကြောင်းရေး၊ နောက်ပိုင်းမှ သူတို့ မသိနားမလည်သော ဒူးဂဏန်း၊ ကြေးဂဏန်း ဘာသာဖြင့် ကိုယ်ရေးချင်သည့် စာကိုရေး၊ ဤနည်းဖြင့် လျှို့ဝှက် သင်္ကေတတွေ ကို ကနောင်မင်းသားထံသို့ ပို့ပေးခဲ့ရသည်။ ယခု နောက်ဆုံး တည်ဆောက် သော ရေမြှုပ်ဗုံးမှာ နိုင်ငံခြားရှိ အထောက်တော်၊ အစေတော်တို့ထံမှ ယင်းသို့ ရရှိသော ဗုံးတည်ဆောက်နည်းဖြင့် တည်ဆောက်ထားခြင်းတည်း။

သင့်လျော်သော တစ်နေ့တွင် အောင်ပင်လယ် ကန်တော်ဆီသို့ ကနောင် ကိုယ်တော်ကြီး၊ ရွှေပြည်ဝန်ကြီး ယောမင်းကြီး ဦးဖိုးလှိုင်၊ ကန္တီစစ်ကဲတော်မင်း အခြားဝန်စု ဝန်မှူးများ၊ လက်နက်ကိုင် တပ်သားများ စုဝေးကြသည်။ နံနက် နေထွက်တပြူတွင် မြန်မာတို့၏ ပထမရေမြှုပ်ဗုံးကို အောင်ပင်လယ်ကန်တွင် ကနောင်မင်းသားကိုယ်တိုင် ဖောက်ခွဲလိုက်၏။

အရပ်ဆယ်မျက်နှာသို့ ပေါက်ကွဲသံကြီး ဟိန်း၍ ညံ၍ ပြန့်လွင့်သွားသည်။ မြတ်စွာဘုရား၊ ကမ္ဘာပျက်လေသလား၊ ကြားလိုက်ရသည့် အသံကြီးကဖြင့် ကြောက် မက်ဖွယ်၊ တုံလှုပ်ဖွယ်၊ စိုးရွံ့ဖွယ်ပေတကား....။

သို့သော် စိုးရွံ့တုံလှုပ်ရမည့်သူမှာ မြန်မာတွေ မဟုတ်ပါ၊ ကုလားဖြူ တိုင်းခြားသား၊ ရန်စွယ်ရန်ညှောင့်များသာ ဖြစ်သည်။ ရောဝတီ မြစ်ရိုးမှာ ဘယ် လက်နက်ကို အားကိုးလို့ တက်လာမှာလဲ၊ ကုလားဖြူတွေရဲ့။ မြန်မာတွေက သူငယ်နုပ်စား၊ ကလေးကလား မအောက်မေ့လေနှင့်၊ ယခုအခါတွင် မြန်မာသည် လက်နက်ပိုင်ရှင်ဖြစ်ပြီ။ လာဝံ့လျှင် လာစမ်း၊ မြန်မာကို အထင်သေးလျှင် သွေး ဓာတ်လမ်း ခင်းသွားရချိမ့်မည်။

အိမ်ရှေ့ကိုယ်တော်ကြီးတို့ ရေမြှုပ်ဗုံးကို ဖောက်ခွဲချိန်မှာ ရွှေနန်းတော်တွင် မင်းတုန်းဘုရင်မင်းမြတ်၏ သံဃာ့ဒါန ဆွမ်းကပ်လှူပွဲနှင့် တိုက်တိုက်ဆိုင်ဆိုင် ရှိနေသည်။ ဆွမ်းကျွေးအလှူတွင် သာသနာရေးတာဝန်များနှင့် အလုပ်များနေသော နောင်တော်ဘုရား ရေမြှုပ်ဗုံးခွဲသံကို ကြားလေမလား။ နောင်ဘုရားသာ ကြားလျှင်



အားရဝမ်းသာ ရှိလိမ့်မည် ထင်ရဲ့။ ကုလားဖြူရန်ကို နောင်ဘုရား စိုးရိမ်ပူပန်စရာ မလိုတော့။ သည်အကြောင်းကိုဖြင့် နန်းတော်သို့ ဝင်၍ လျှောက်တင်လိုက်ဦးမည်။ ထိုသို့ အိမ်ရှေ့ကိုယ်တော်ကြီး စိတ်ကူးမိသေးသည်။

သို့သော် ထင်သမျှသည် တက်တက်စင်လွဲလေပြီ။ ထိုနေ့က အိမ်ရှေ့စံ ကိုယ်တော်ကြီးသည် မင်္ဂလာစံအိမ်တော်သို့ ကြွားကြွားဝင့်ဝင့် ပြန်ခဲ့သည်။ အိမ် တော်အရောက်တွင် သျှိုင်မိဖုရား တင်ဆက်သည့် စကားများကြောင့် အိမ်ရှေ့စံ မင်း အားပျက်ခွေယိုင် ဖြစ်သွားရသည်။ ယနေ့နံနက်က သံဃာတော်များကို နောင်ဘုရားကိုယ်တိုင် ဆွမ်းလုပ်ကျွေးသည်။ ရေမြှုပ်ဗုံး ဖောက်ခွဲသံကို သာသနာပိုင် ဆရာတော်နှင့်အတူ နောင်ဘုရားလည်း ကြားတော်မူသည်။ သာသနာပိုင် ဆရာ တော်ဘုရားကြီးသည် ရေမြှုပ်ဗုံးဖောက်ခွဲသည် သိသည်နှင့် ဆွမ်းကို ဆက်လက် ဘုဉ်းပေးခြင်း မပြုတော့ဘဲ ဆွမ်းပွဲမှ လက်ဆေး၍ ထသည်။ သတ္တဝါအများ သေကြေ ပျက်စီးတော့မည့်အရေး၊ ဆရာတော်ဘုရား စိတ်မအေးပြီ။

ဆရာတော်ဘုရား၏ ဖြစ်အင်ကို မြင်၍ ဘုရင်မင်းမြတ်လည်း စိတ်မချမ်း သာတော့။ ထို့ကြောင့် ဤသို့ လျှောက်တင်သည်။ 'ညီတော် အိမ်ရှေ့စံကို ဖျောင်းဖျပါမည် ဘုရား၊ နောက်ထပ် သတ္တဝါတွေ သေကြေပျက်စီးရမည့် ဗုံး လက်နက်များ မလုပ်ရန် ဖျောင်းဖျတားဆီးပါမည် ဘုရား....။'

သွားပြီ။ စိတ်ကူးထဲက ရွှေတောင်ကြီး ပြိုလေပြီ။ နယ်ချဲ့ကုလားဖြူတွေ ရန်ကို တားဆီးနိုင်မည့် တစ်ခုတည်းသော လက်နက်ကား ရေမြှုပ်ဗုံးသာ ဖြစ်၏။ ယခု ရေမြှုပ်ဗုံးကိုမှ လုပ်ခွင့် မရှိတော့ဘူး ဆိုလျှင် ဘာလုပ်တော့မလဲ၊ ရှုပါစေတော့၊ နယ်ချဲ့ကုလားဖြူတွေ၊ ရေကြောင်းက တက်လာလျှင် ခုခံတိုက်မနေကြနှင့်၊ လက် မြှောက်ပြီး တိုင်းပြည်ကို အပ်ဖို့သာ ရှိတော့မည်။ တိုင်းပြည်တော့ ဆုံးပြီ။

ကနောင်မင်းသားသည် မိမိနောက်တော်က တစ်ပါတည်း လိုက်လာသော ယောမင်းကြီး ဦးဖိုးလှိုင်ကို ပြန်လှည့်ကြည့်သည်။ 'ဘယ့်နှယ်လဲ ရွှေပြည်ဝန်ကြီး၊ ကျုပ်တို့ တိုင်းပြည်တော့ လွတ်လမ်း မရှိတော့ပါကလား၊ တိုင်းပြည်တော့ ဆုံးပြီ...' ကနောင်မင်းသားသည် ကြေကွဲလှစွာဖြင့် နှုတ်မှ မြည်တမ်းလေသည်။

သည်ဖြစ်ရပ်သည် မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့ အကြားတွင် ဆက်ဆံရေး တစ်မျိုးတစ်မည် ဖြစ်စေနိုင်သည်မှာ အမှန်။ ညီတော်ကလည်း

www.burmeseclassic.com



နောင်တော်မင်းတရားသည် ဘာသာရေး၊ သာသနာရေးဖက်သို့ အလေးကဲလွန်းသည်။ အစွန်းရောက်လွန်းသည်ဟု မြင်သည်။ သည်ပုံစံဖြင့် ရှင်ဘုရင်လုပ်၍ မဖြစ်ဟု အားမလိုအားမရ တွေးမိသည်။ နောင်တော်မင်းတရားကလည်း ညီတော်သည် မိမိ၏ ငြိမ်းချမ်းရေးဝါဒကို အလေးမပေးမူ၍ စစ်တိုက်ဖို့ချည်း ကြံစည်နေသည်ဟု ဘဝင်မကျ ဖြစ်ခဲ့သည်။ ဒါတင်ပဲလား။

စဉ်းစားစရာရှိသည်၊ တွေးခေါ်စရာလည်း ရှိသည်။ ကနောင်ကိုယ်တော်ကြီးက လက်နက် လူသူ စုဆောင်း ပြင်ဆင်နေခြင်းမှာ မိမိ၏ နန်းပလ္လင်အတွက် အန္တရာယ် ဖြစ်နိုင်သည်ဟုများ မင်းတုန်းမင်းတရား တွေးမိလေသလား....၊ ညီတော် ကနောင်မင်းသားကား လက်စ လက်နရှိသူ တစ်ဦး ဖြစ်သည်။ မိမိကို မည်မျှ ချစ်မြတ်နိုးသည်မှန်စေ၊ ကြည်ညိုလေးစားသည် မှန်စေ၊ တစ်နေ့တွင် ကနောင်မင်းသားသည် သူ့လက်နက်အားကိုးနှင့် မိမိကို နန်းပေါ်မှ ဆွဲချလေမလား၊ သည်သို့ဆိုလျှင် မိမိမည်သို့ ရင်ဆိုင်မည်နည်း။ မင်းတုန်းမင်းတရားသည် တော တောင်ဤဤ တွေး၍ စိုးရိမ်သောက ဖြစ်မည်ဆိုက ဖြစ်နိုင်၏။

သူတစ်ပါးကို တုတ်ဖြင့် ရိုက်ခဲ့သူသည် ကိုယ့်ကို ဘယ်အချက်တွင် အလစ်ဝင်ရိုက်သွားမလဲဟု စိုးရိမ်မိသည်သာ။ သူတစ်ပါးကို ဓားဖြင့် ခုတ်ဖူးသူသည် မိမိကို ဘယ်တော့ ဓားဖြင့် ခုတ်သူပေါ်လာမည်နည်းဟု တွေးပြီး လန့်မိသည်သာ။ ပုဂံမင်းတရားအား နန်းပလ္လင်မှ ဖွတ်ဆွဲ၍ ချခဲ့သော မင်းတုန်းမင်းတရားသည် မိမိ၏ ရာဇပလ္လင်အား တစ်စုံတစ်ယောက်က လာ၍ ကိုင်လှုပ်မည့်အရေးကို တွေးတော၍ 'ထမင်းလုံးတစ္ဆေချောက်' နေမည်ဆိုက အဆိုးမဆိုသာ လူဆိုသည်မှာ လူမျှသာတည်း။

သည်သို့ တွေးကြည့်တော့ ကနောင်မင်းနှင့် မင်းတုန်းမင်းတို့အကြားတွင် ရေမြှုပ်ဖုံးပြဿနာနှင့်အတူ အကြိတ်အခဲကလေးများ ရှိမည်ဆိုက ရှိနိုင်သည်။

မည်သို့ဆိုစေ အပြင်ဘမ်း ဆက်ဆံရေးတွင် မင်းတုန်းဘုရင်မင်းမြတ်သည် ကနောင်ကိုယ်တော်ကြီးနှင့် ဘာမျှ မထူးခြားခဲ့၊ ခါတိုင်းလို ခေါ်မြဲ၊ ပြောမြဲသာ ထို့ပြင် မင်းတုန်းဘုရင်ကပင် မိမိ၏ မြောက်မြားလှစွာသော သားတော်များကို ကြည့်ရှု သွန်သင် ဆုံးမရန် ကနောင်မင်းသားအား အပ်နှံခဲ့သေးသည်။ စစ်မှန် ထိုသို့ အပ်နှံခြင်းမှာ မင်းတုန်းဘုရင်ဖက်မှ ကြည့်သော် မှန်ကန်သော လုပ်ရပ် တစ်ခု ဖြစ်၏။ သားတော်များကို ဘထွေးတော် အိမ်ရှေ့စံမင်းက လိုအပ်သလို



သွန်သင်ဆုံးမပေးရန် အပ်နှံခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ မဟုတ်ပေဘူးလား။ တူသားနောင်မယ် မလိမ်မိုး မလိမ္မာ အရွယ်ကလေးတွေအပေါ် အပြောအဆို အနေအထိုင်မှအစ ဘထွေးတော်က ဆုံးမ ပဲ့ပြင်ခြင်းဟာ မထိုက်ပေဘူးလား။

သို့သော်....။

၂

ကနောင်မင်းသားသည် ဘထွေးတော် တစ်ယောက်၏ ဝတ္တရားကို ကျေပွန်ခဲ့သည်။ တူတော်မောင် မင်းသားအများအပြားကို တတ်နိုင်သရွေ့ ဆိုဆုံးမခဲ့သည်။ သို့သော် ခက်နေသည်မှာ အိမ်ရှေ့စံ ဆိုဆုံးမသမျှသည် တူတော်မင်းသားတွေအကြားတွင် ဆေးခါးကြီးကို သောက်ရသည့်နှယ်တည်း။ ဘထွေးတော်၏ စေတနာတို့သည် တူတော် မင်းသားများအဖို့ ဝေဒနာများသာတည်း။

အကြောင်းကိုရှာသော် အဓိက အချက်နှစ်ချက် တွေ့ရသည်။

မင်းတုန်းမင်းတရား နတ်ရွာစံလျှင် အိမ်ရှေ့စံ ကနောင်မင်းသား နန်းတက်ရချိမ့်မည်။ ကနောင်မင်း နတ်ရွာစံလျှင်ကော သူ့သားတော်သာလျှင် နန်းပလ္လင်ကို ဆက်ခံခွင့် ရှိလိမ့်မည်။ မင်းတုန်းမင်း၏ သားတော် မင်းညီမင်းသားများအဖို့ နန်းပလ္လင်ကို မျက်စောင်းထိုးခွင့်ပင် မရှိတော့ပြီ။ မင်းသားတို့သည် ဘထွေးတော် ကနောင်မင်းသားကို 'နန်းမွေဆက်ခံခွင့် ပြဿနာ' တစ်ခုတည်းဖြင့်ပင် မကျေမနပ် ဖြစ်ခဲ့ကြသည်။

မင်းတုန်းမင်းတရား၏ သားတော် အများအပြားတို့တွင် မြင်ကွန်းစားမှအစ မလွန်စား၊ သုံးဆယ်စား၊ မက္ခရာစား မင်းသားတို့သည် အရွယ်ရောက်နေကြပြီ။ အိမ်ထောင်ရက်သားကျပြီးသော မင်းသားများ ဖြစ်ကြသည်။ မြင်ကွန်းမင်းသား ဆိုလျှင် ကနောင်မင်း၏ သမီးတော် တောင်ညိုမင်းသမီးနှင့်ပင် စုလျားရစ်ပတ် လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ သို့စင်လျက် မြင်ကွန်းမင်းသားကိုယ်တိုင်က ကနောင်မင်းကို အမြဲဆန့်ကျင်နေခဲ့သည်။ အခြား မင်းသားတို့ကလည်း အလားတူပင် ကနောင်မင်းနှင့် 'တစောင်းစေးနှင့် မျက်ချေး' ဖြစ်ခဲ့ကြသည်။ အကြောင်းကား မြို့စား၊ နယ်စား၊ မင်းသားတို့ကို သူတို့ စားရသော နယ်အသီးသီးသို့ သွားရောက်နေထိုင်စိုးစံရန် ကနောင်ကိုယ်တော်က ခွင့်မပြုခဲ့၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောဘုယျအားဖြင့် ကြည့်သော် ဤကိစ္စတွင် ကနောင်မင်းသားဖက်မှ မှန်သည်။ နယ်စား မြို့စား မင်းပျိုမင်းလွင်တွေကို သူတို့ စားခွင့်ရသော နယ်တွေ သွားရောက် စိုးစံခွင့် ပြုလိုက်လျှင် သူတစ်လူ ငါတစ်မင်းနှင့် အကုန်လုံး သူပုန် ထကုန်ရင် မခက်ပေဘူးလား။ မင်းသားငယ်တွေ ဆိုတော့ အတွေးအခေါ်က 'နု' သေးသည်၊ အယူအဆက 'သိမ်'သေးသည်၊ အစဉ်းအစားက 'နည်း' သေး သည်။ သည်အရွယ်တွင် နယ်သို့ လွှတ်လိုက်ပါက ငါးပါး၊ ဆယ်ပါးမက သံသာ စင်ကြီး တစ်ခုလုံး မှောက်ပေတော့မည်။ ဦးရီးတော် ကနောင်မင်းသားသည် တူတော်မောင် မင်းပျိုမင်းလွင်များ ကိစ္စတွင် ထိုသို့ သဘောထားခဲ့သည်။

ထို့ပြင် တစ်ဖက်က စဉ်းစားဖွယ် ရှိသည်မှာ စည်းလုံးညီညွတ်ရေး ဖြစ်၏။ မိမိတို့သည် နယ်ချဲ့အင်္ဂလိပ်ရန်ကို အချိန်မရွေး ရင်ဆိုင်နေရသည်။ အင်္ဂလိပ်စစ် တပ်ကြီးသည် 'ကနေ့လား နက်ဖြန်ငယ်၊ ရက်မှန်မှန် မသိ' ဆိုသော သံဝေ တေးထပ်လိုပင် ဧရာဝတီမြစ်ကို အချိန်မရွေး ဆန်တက်လာနိုင်သည်။

သည်အချိန်တွင် မိမိတို့ အချင်းချင်း စည်းစည်းလုံးလုံး ရှိကြမှ၊ ညီညီညွတ် ညွတ်ရှိကြမှ၊ တိုင်တိုင်ပင်ပင် ရှိကြမှ တော်ရုံကျမည်။ 'နွားကွဲလျှင် ကျားဆွဲလိမ့် မည်'။ မင်းသားတွေ နယ်စားပယ်စားအဖြစ် နယ်များသို့ သွားရောက်စိုးစံကြစဉ် မလိမ္မာသော မင်းသားတွေက ကိုယ့်နယ်ကလေး 'ဖိုးရွက်' လောက်ကို အဟုတ်ကြီး ထင်ကာ အားကိုးတကြီးနှင့် ပုန်ကန်ကြမည် ဆိုပါတော့။ ထိုအချိန်ထဲမှာ အင်္ဂလိပ် စစ်တပ်ကြီးက ဧရာဝတီမြစ်ကို ဆန်တက်လာမည် ဆိုပါတော့။ မခက်ပေဘူးလား။ ပုဂံမင်းလက်ထက်က 'အင်္ဂလိပ်စစ်မျက်နှာက တစ်ဖက်၊ မိမိတို့ ညီတော် နောင် တော် သူပုန်တွေက တစ်ဖက်' နှစ်မျက်နှာ စစ်ပွဲကို ရင်ဆိုင်ရတဲ့ နောင်တော် ပုဂံမင်းတရား ဘယ်ပုံဆိုက်သွားသလဲ။

သည်ဖြစ်ရပ်တို့သည် ဘာမျှမကြာသေး၊ စဉ်းစားချိန်ဆဖွယ်တွေက တစ်ပုံ တစ်ပင်ကြီးရှိပါလျက် ,တူတော်မောင်မင်းသားတစ်စု မိုက်ကြလေမလား။ မမိုက် ကြနှင့်၊ မမိုက်ကြနှင့်။ သို့သော် မမိုက်ကြပါဟု မည်သူကမှ အာမ မခံနိုင် သည်တော့ မြို့စား နယ်စားမင်းသားတွေကို အဝေးမြို့နယ်များဆီ မလွှတ်လေနှင့် သူတို့ကို နေပြည်တော်မှာပဲထား၊ သေသေဝပ်ဝပ် နေပါကြပါစေ၊ ဤသို့ ကနောင် မင်းက စီစဉ်ဆောင်ရွက်လေသည်။

နန်းပလ္လင်ကို မိမိတို့ ဆက်ခံနိုင်ခွင့်ဝေးပြီ ဆိုခြင်းနှင့် နယ်ပယ်အသီး သီးသို့ သွားရောက် စိုးစံခွင့် မရခြင်း၊ အကြောင်းနှစ်ချက်သည် မင်းသားငယ်တို့အ



ဘထွေးတော် အိမ်ရှေ့စံအပေါ် အမုန်းကြီး မုန်းစရာ ဖြစ်ခဲ့သည်။ သည်အထဲတွင် မင်းတုန်းမင်းတရားထံမှ ထွက်လာသော သတင်းစကားသည် သားတော် မင်းသား တွေအဖို့ ပို၍ မကျေနပ်စရာ ဖြစ်နေသည်။ 'ခမည်းတော်မင်းတရားကတော့ သားတော်တွေ နယ်စား ပယ်စားအဖြစ် အဝေးမြို့ ကျေးရွာတွေဆီ သွားရောက် စိုးစံလိုလျှင် ခွင့်ပြုလိုပါရဲ့၊ သို့သော် ဘထွေးတော်က ခွင့်မပြု၍သာ မင်းတရားကြီး က နှုတ်ဆိတ်နေခြင်း ဖြစ်သည်' တဲ့။ ဟုတ်ရဲ့လား။

မင်းတုန်းမင်းတရားသည် အဘယ်ကြောင့် ဤသို့ ဆိုလေသနည်း၊ ပရိယာယ်စကား ဆိုခြင်းမျှ ဖြစ်လေမလား။ သည်သို့ဆိုခြင်းဖြင့် သားတော် မင်းပျိုမင်းလွင်တို့နှင့် ညီတော် ကနောင်မင်းတို့အကြား ပို၍ အမျက်မာန် ပွားမည် ကို မစဉ်းစားမိလေသလား။

တိတိကျကျတော့လည်း မသိကြရပြီ၊ နန်းတွင်း အခြေအနေတွေမှာ ရှုပ် ထွေးစ ပြုလာသည်။ သို့လော သို့လော တွေးတောစရာတွေ ဟိုကတစ်စ၊ သည်က တစ်ညို အလျှိုအလျှို ထွက်လာသည်။ ယခုအခါတွင် ရတနာပုံ နန်းတော်တွင်း ငယ် 'အမယ်ဘုတ်ကဲ့သို့ ချည်ခင် ဘယ်သူငင်လို့ သည်ရှုတ်ထွေးရှင်းနိုင်ပါ့လေး' ဟု ငြီးတွားရမည့် အခြေအနေတည်း။

ရှုပ်ထွေးလှသည့် နန်းတွင်းအခြေအနေကို ရုတ်တရက် ချက်ချင်းထ၍ ရှင်းခဲ့သူမှာ 'မြင်ကွန်းစားမင်းသား' ဖြစ်သည်။ မြင်ကွန်းစားသည် ဓားကို ဝင့်ကာ ဝင့်ကာနှင့် အခြေအနေအရပ်ရပ်ကို အပြတ်ရှင်းလိုက်လေသည်။ မြင်ကွန်းစား နှင့်အတူ တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ကြံသူမှာ မြင်းခုန်တိုင်မင်းသား တည်း။

မြင်ကွန်းစားသည် မင်းတုန်းမင်းတရား၏ တောင်ရွှေရေး မိဖုရားမှ ဖွားမြင် သော သားတော် ဖြစ်သည်။ ကိုယ်နှုတ်နှလုံး ရန့်ရင်းခက်ထန်သည်။ မိမိ၏ မကျေနပ်ချက်များကို အခြေခံလျက် 'တစ်နေ့တော့ နန်းတော်ကို ပုန်ကန်ပြမည်' ဟု မကြားတကြား ပြောလေ့ ရှိသည်။ သူ့ပို မင်းသားမျိုးကို မည်သို့လျှင် နယ်စားပယ်စားအဖြစ် လွှတ်ပေးဝံ့အံ့နည်း။

မြင်ကွန်းစားသည် ကပျက်ကချော်လိုလို၊ တကယ်လိုလို ပြောဆိုကြိမ်းဝါး နေရာမှ တကယ်ပင် ထ၍ ပုန်ကန်ခဲ့လေသည်။ ပုန်ကန်တော့မည် ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



အရမ်းမဲ့ ထလုပ်၍မဖြစ်၊ အခါတောင်းရမည်။ ရက်ရွေးရမည်။ နေ့ကောင်း ချိန်ကောင်း ဖြစ်မှ တော်မည်။ သည်တော့ မြင်ကွန်းစား မင်းသားသည် ထိုအချိန်က ဗေဒင်အရာတွင် တစ်ဖက်ကမ်းခတ်သည်ဟု နာမည်ကြီးနေသော စလေဦးပုည ထံသို့ ချည်းကပ်လေသည်။

'ဆရာကြီး....ကျုပ်တို့ သူပုန်ထကြမလို့ဗျ၊ ရက်ကောင်းအခါကောင်း ရွေး ပေးစမ်းပါ။

မင်းတုန်းမင်းတရား၏ လက်ဖက်ရည်တော်သား ရာထူးတွင် ထမ်းဆောင် ရင်း မေတ္တာစာတွေ ရေးထုတ်ဖွဲ့သီနေသော စလေဆရာ ဦးပုညသည် ကာရံဖြ လှကလေးများနှင့် စိတ်ကူးယဉ် ကမ္ဘာ၌ အိပ်ပျော်နေရာမှ လန့်နိုးသွားရှာလေသည် မြတ်စွာဘုရား၊ သူပုန်ထကြမယ်လို့ ဆိုပါလား၊ မဖြစ်ချေဘူး၊ သည်အရေးအခင်း ထဲ ပါမိရင် သက်သာဖွယ်မမြင်။ ရှောင်မှရှားမှ....။

ဆရာ ဦးပုညသည် မိမိခေါင်းကို မိမိ ပြန်စမ်းကြည့်မိမည်ကား၊ ကေန့်ပါ 'အလိုလေး ဦးပုည၏ နောက်ဆုံးနေ့များ' ရောက်လာလေပြီလား။ ငယ်စဉ် ပညာသင်တုန်းက ကြက်သွန်ခင်းဆရာတော်က မိမိဇာတာကို တွက်ပြီး ကြီးတဲ့အခါ မင်းပြစ် မင်းဒဏ် သင့်လိမ့်မယ်တဲ့၊ ဟောဖူးသည်။ ဗေဒင် မှန်လေတော့မလား

ဦးပုည ထိုသို့တွေး၍ ငြင်းခဲ့သေးသလား။ မငြင်းဘူးလား။ သည်အကြောင်း နှင့်ပတ်သက်၍ မှတ်စုမှတ်ရာ မရှိပါ။ မြင်ကွန်းစားသည် ဦးပုည၏ အားနည်း ချက်ကိုကား ဆုပ်ကိုင်မိဟန် တူ၏။

'ဆရာကြီး ဦးပုညကို ခမည်းတော်ဘုရားက ဝန်ကြီးမင်းကြီးရာထူး မပေး ဘူး မဟုတ်လား၊ ရွာစည်ရွာ စားခွင့်နဲ့ 'မင်းလှသခ်ယာဘွဲ့ကလေး' ပေးပြီး လက်ဖက်ရည်တော်သား လုပ်ခိုင်းတယ် မဟုတ်လား။ ပူမနေစမ်းပါနဲ့ဗျာ၊ ကျုပ်တို့ အကြံအောင်ရင် ဆရာကြီးလဲ မင်းကြီးသက်တော်ရှည်ပေါ့....စိတ်ချနေပေရော့ ကိုင်း....ကိုင်း....အရေးတော်ပြီးပြေဖို့ နေကောင်းရက်သာ ရွေးပေးစမ်းဗျာ'

'ကဲ....မဖြစ်ချေဘူး....ဖြစ်သမျှ ဘေးဒဏ် ပုဏ္ဏားခံတဲ့၊ စကားပုံ ရှိသား နုလဲ ဖြစ်သမျှ ဘေးဒဏ် 'ပုည' ခံရတော့မည်။ ရွေးပေးလိုက်မကွယ့် မင်းတို့ တောင်းတဲ့ရက်'

ဦးပုညည် ၁၈၆၆ ခု ဩဂုတ်လ ၂ ရက်နေ့ကို အခါတော်ရွေး၍ ရက် ပေးလိုက်သည်။ ဟုတ်ပြီ၊ သည်တစ်ချီမှာ ဘထွေးတော် ကနောင်မင်း ဘယ်ပြေး



လဲ၊ အရေးတော်ဖြင့် ကြုံလေပြီ။ ဘထွေးတော် ကနောင်မင်းကို ပထမလုပ်ကြ သည်။ ဘထွေးတော် မရှိလျှင် ခမည်းတော်မှာ လက်ရုံးပြုတ်ပြီ။ သည်အချိန်မှာ ခမည်းတော်ဘုရားကို လုပ်ကြံရမည်။ ခမည်းတော် မရှိတော့ဘူး ဆိုလျှင် နန်း ထွက်လွှင်ပေါ် အသာကလေး တက်ထိုင်လိုက်ရုံ ရှိတော့သည်။ ဘထွေးတော်နှင့် ခမည်းတော် မရှိတော့လျှင် မိမိတို့ကို မည်သူက အံတုဝံ့တော့အံ့နည်း။

မြင်ကွန်းစားသည် မြင်းခုန်တိုင်စားနှင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည်။ နောက်လိုက်နောက်ပါစုသည်။ လက်နက်စုသည်။ အရေးတော်အောင်ရအောင် သို့ဝှက် ကြံစည်သည်။ ထို့နောက် ရွေးထားသော နေ့ကောင်းရက်သာ ရောက် အောင် စောင့်ရလေသည်။

၃

မြင်ကွန်းစားတို့ ပုန်ကန်ရန် ကြံစည်ကြသော အချိန်တွင် မင်းတုန်းဘုရင်မင်းမြတ် နှင့် မိဖုရားကြီးတို့သည် နန်းတော်တွင်း၌ မရှိချေ။ မန္တလေးတောင်ခြေရှိ မဟာ လောကမာရဇိန် စေတီတော်သို့ ရောက်နေကြသည်။ ဘုရင်မင်းတရားကား သာသနာရေး ကိစ္စကို နေ့ညမအား ဆောင်ရွက်ရင်း မောသည်မထင်၊ ပန်းသည် မဆို၊ တက်တက်ကြွကြွ လုပ်မြဲဖြစ်သည်။ ကြည့်လေ၊ ယခုလည်း မဟာလောက မာရဇိန် စေတီတော်ဝင်းအတွင်းဝယ် ပါဠိပိဋကတ်တော်တွေ ကျောက်ထက် အက္ခရာ တင်ရန် ကိစ္စများကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်နေခြင်း ဖြစ်သည်။

မင်းတုန်းဘုရင်မင်းမြတ်သည် တစ်ဖက်မှ ဗုဒ္ဓဘာသာ သာသနာ စည်ပင် ပြန့်ပွားရေးအတွက် ဤနှယ် ကြိုးပမ်းသလို တစ်ဖက်မှလည်း နေပြည်တော်ရောက် အခြား သာသနာပြုအဖွဲ့များအား အကူအညီ မပျက်ရှိခဲ့သည်။

ခရစ်ယာန်သာသနာပြုအဖွဲ့မှ ဘုန်းတော်ကြီး ဒေါက်တာမတ်သည် မင်းတုန်း ဘုရင်မင်းမြတ်နှင့် ဆက်ဆံရေး မပြေပြစ်သည်မှန်စေ နေပြည်တော်၌ သူ့အတွက် သတ်မှတ်ပေးထားသော နေထိုင်ခွင့်ရက် ကုန်ဆုံးသည်အထိ နေခွင့် ရခဲ့သည်။ အောက်မြန်မာပြည်သို့ သူပြန်သွားသောအခါတွင်လည်း သူ့နေရာ ဆက်ခံသော ခရစ်ယာန် သာသနာပြုအဖွဲ့ကို ဆက်လက် နေထိုင်ခွင့် ပြုခဲ့သည်။ ခါတင်ပဲလား။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါ။ ပြင်သစ်နှင့်အီတလီနိုင်ငံများမှ ရိုမန်ကက်သလစ် ခရစ်ယာန် ဘာသာဝင် ဘုန်းတော်ကြီးများကို နေပြည်တော်သို့ ပင့်ဖိတ်လျက် သာသနာပြုရန် ခွင့်ပေးခဲ့သည်။ လိုအပ်သမျှ ပစ္စည်းလေးပါးကို ဘုရင်မင်းမြတ်က လှူဒါန်းသည်။ ပြင်သစ် သာသနာပြုအဖွဲ့အတွက် စာသင်ကျောင်း တစ်ကျောင်း ဆောက်လုပ် လှူဒါန်းပေးခဲ့သည်။ သားတော်အချို့ကိုပင် ပြင်သစ် စာသင်ကျောင်းသို့ ပို့ပြီး စာသင်စေခဲ့သည်။

ဤတွင် မင်းတုန်းဘုရင်၏ လုပ်ရပ်များကို ဝေဖန်စဉ်းစားစရာ ရှိလာ၏။ မင်းတုန်းဘုရင်မင်းမြတ်သည် ဗုဒ္ဓသာသနာတော်ကို ဤမျှ လေးစားကြည်ညိုပါလျက် ဘာသာခြားများအပေါ် အဘယ့်ကြောင့် ဤမျှ စောင်မခဲ့သနည်း။ မင်းတုန်းဘုရင်သည် သက်ဦးဆံပိုင် ပဒေသရာဇ် မင်းတစ်ပါး ဖြစ်သည်။ သို့ပါလျက် သူသည် နိုင်ငံတော်အတွင်း၌ ခရစ်ယာန်တို့ကို လွတ်လပ်စွာ သာသနာပြုခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ပြုခဲ့သည်မှာ အကြောင်းမည်သို့ ရှိပေသနည်း။

သည်တွင် ခရစ်ယာန် ဘုန်းတော်ကြီး 'ဘီဂင်းဒတ်'က မင်းတုန်းဘုရင်မင်းမြတ်အပေါ် မြင်သောအမြင်ကို ထည့်၍ စဉ်းစားစရာ ဖြစ်လာသည်။ ဘီဂင်းဒတ်က ဤသို့ ပြောဖူးသည်။

'ဘုရင်မင်းမြတ်က ပါးနပ်လိမ္မာတဲ့ နိုင်ငံရေးသမားတစ်ဦး ဖြစ်တယ်။ အမှန်တရားကို မြတ်နိုးတယ်၊ ပြီးတော့ သူလုပ်ဆောင်သမျှအတွက် ညီမျှတဲ့ တုံ့ပြန်မှုကိုလဲ အမြဲမျှော်လင့်တယ်။ သူ့ရဲ့ဂုဏ်ပုဒ် အရည်အချင်းကိုလဲ အမြဲ ချီးကျူး ပြောဆိုခြင်းကို ခံယူလိုသူ ဖြစ်တယ်။'

ကက်သလစ်၊ ခရစ်ယာန်ဘာသာ၊ သာသနာပြုရန် ရောက်နေသော ပြင်သစ် ဘုန်းတော်ကြီး ဘီဂင်းဒတ်သည် သည်စကားကို အထောက်အထားမဲ့ ပြောသလား၊ အထောက်အထားနှင့် ဆိုလေသလား။ ဒါတော့ မသိပါ။ ဖြစ်ရပ်တစ်ခုတော့ ရှိသည်။ ယင်းဖြစ်ရပ်ကား ဒေါက်တာမတ်ဖြစ်ရပ်နှင့် မခြားနားလှပါ။

တစ်ကြိမ်တွင် မင်းတုန်းဘုရင်က ကမ္ဘောဒီးယားနိုင်ငံရှိ ပြင်သစ် အာဏာပိုင်တို့ထံ ဘုန်းတော်ကြီး ဘီဂင်းဒတ်ကို စေလွှတ်ဖူးသည်။ မြန်မာနှင့်ပြင်သစ် ချစ်ကြည်ရေး ရယူရန် ဘီဂင်းဒတ်က ကြိုးပမ်းပေးရမည်၊ ပြင်သစ်နှင့် ချစ်ကြည်ရလျှင် အင်္ဂလိပ်ကို စကားဆိုရာ၌ မိမိအင်အားရှိမည် မဟုတ်လား။ သို့သော် ခရစ်ယာန် ဘုန်းကြီး ဘီဂင်းဒတ်က မင်းတုန်းမင်း၏ စေခိုင်းချက်ကို ခါးခါးသည်း ငြင်းပယ်ခဲ့သည်။ 'ကျွန်ုပ်တို့လို ဘာသာရေးခေါင်းဆောင်များသည် နိုင်ငံရေးများနှင့် ကင်းကင်း ရှင်းရှင်းနေရပါသည်'....တဲ့။



သည်အတိုင်းသာမှန်လျှင် နေပြည်တော်တွင် နိုင်ငံခြား သာသနာပြုအဖွဲ့များ ထားရှိခြင်းအတွက် မင်းတုန်းမင်း၏ ရည်ရွယ်ချက်သည် 'သဒ္ဓါလား၊ ဘယာလား' စဉ်းစားကြဖို့ ရှိသည်။ မင်းတုန်းဘုရင်သည် ဘုန်းတော်ကြီး ဘီဂင်းဒတ်ပြောသလို မိမိလုပ်ဆောင်သမျှအတွက် ညီမျှသောတုံ့ပြန်မှုကို တကယ်လိုလားသူလား၊ ဝေဖန် အကဲဖြတ်နိုင်ကြသည်။ ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားရေးအတွက် မင်းတုန်းဘုရင်၏ ဆောင်ရွက်မှုများကကော ရည်ရွယ်ချက် အဘယ်သို့နည်း။

ဘုရင်မင်းမြတ်သည် ဗုဒ္ဓသာသနာစည်ပင်ဖွံ့ဖြိုးရန် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည် မှန်၏။ ယင်းသို့ ဆောင်ရွက်မှုနှင့်အတူ ပြည်သူတို့က သာသနာပြုမင်း၊ သာသနာ့ ဒါယကာမင်းဟု ခေါ်တွင်စေလိုသော ဆန္ဒ မဖြစ်ခဲ့ဘူးလား။ ပြည်သူနှင့် ရှင်ဘုရင် တစ်သားတည်း ဖြစ်စေရန် ဘာသာရေးနှင့် စည်းရုံးခြင်းကော ဖြစ်နိုင်ဘူးလား။ မင်းတုန်းမင်း၏ သဘောထားအမှန်ကိုကား ဘုရင်မင်းမြတ် ကိုယ်တော်တိုင်မှသာ သိပေလိမ့်မည်။

မင်းတုန်းမင်းကြီးသည် မိဖုရားအများအပြား ထားရှိခဲ့သည်။ မိဖုရားများတွင် အဆောင်ရမိဖုရား၊ အဆောင်မရမိဖုရား၊ မြို့စား ရွာစား၊ စော်ဘွား စော်ခံတို့ထံမှ ဆက်သသော ငယ်ရွယ်လှသော သမီးပျိုများစသဖြင့် စာရင်းဝင် မိဖုရား ၅၃ ပါး ရှိသည်ဟု ဆိုသည်။ စာရင်းမဝင် မိဖုရားပေါင်း မည်မျှ ရှိသည်ကိုကား မသိကြရ။ ဘုရင်မင်းတရားကား မိန်းမများများ ယူရသော အရသာကို အလွန် နှစ်ခြိုက် စွဲမက်ဟန် ရှိသည်။ မိမိဘဝနှင့် မိမိပျော်နေဟန် ရှိသည်။ 'မိဖုရား အများအပြားနှင့် လောကီစည်းစိမ်ခံစားရတဲ့ အရသာဟာ တယ်ပြီးတော့ ကျေနပ် ပျော်ရွှင်စရာ ကောင်းပါလား' ဟု မပြောသော်လည်း ပြောနေဘိသို့။ မင်းတရားသည် မိဖုရားများကို တစ်ပါးပြီးတစ်ပါး လက်ခံရယူကာ သုခချမ်းသာကို ပြည့်ဝစွာ ခံစားစံစားခဲ့သည်။

မင်းတရားသည် မိဖုရားများနှင့်အတူ အဆုံးအစမရှိသော လောကီစည်းစိမ်ကို ခံစား၍ မဝ၊ ဆားငံရေနှယ် သောက်လေသောက်လေ ငတ်မပြေ။ သည်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို ကျေနပ်အားရခြင်း လွန်ကဲလေရာမှ တစ်ကြိမ်တွင် ဤသို့ အမေ ပေါက်မိသည်။

'မိမိမှာတော့ ကာမစည်းစိမ်ကို အဆုံးအစမရှိ ခံစားစံစားရသော အာသ ဆန္ဒ ပြေတယ်လို့ပဲ မရှိ၊ သည်အရသာတွေကို မခံစားဖူးသေးတဲ့ ရဟန်းသံဃ တော်တွေ ဘယ်သို့များ နေရှာကြမလဲ'

ဘုရင်မင်းတရားကား လက်တွေ့သမား ဖြစ်သည်၊ တွေးရင်းတောရ စိတ်ကူးယဉ်နေမည့်သူ မဟုတ်၊ မိမိ သိလိုသော အချက်ကို သိရှိရန် 'တော်သည ဖြစ်စေ မတော်သည် ဖြစ်စေ' ဆရာတော် သံဃာတော်များအား လျှောက်ထ မေးမြန်းကြည့်ရန် အကြံရသည်။

တစ်ကြိမ်တွင် ဘုရင်မင်းမြတ်သည် သံဃာတော်များအား ဆွမ်းကပ်လှူဒါ လျက် ရှိသည်။ နေပြည်တော် လေးပြင်လေးရပ်မှ သာသနာပိုင် အကြီးအကဲမျာ ဆရာတော်ကြီးများသည် ဘုရင်မင်းမြတ် လှူဒါန်းသော ကောင်းပေ့ ဆိုသ ဟင်းလျာများနှင့် ဆွမ်းဘုဉ်ပေးပြီးနောက် နို့ဒိန်ခဲ အအီအဆိမ့်များ၊ အရသာ ချဉ်ခဲဖွယ်များ ပါဝင်သော အချိုပွဲကို ဆက်လက် သုံးဆောင်သည်။ အချိ သုံးဆောင်ပြီးသည်မှာပင် ဆရာတော်တို့သည် ကျောင်းသို့ ချက်ချင်း ပြန်မ ကြ။ ဘုရင်မင်းတရားနှင့် ဆရာတော်ကြီးများသည် အလ္လာပ သလ္လာပ စကားမျ ပြောဆိုနေကြသည်။

ထိုအချိန်တွင် မင်းတုန်းဘုရင်သည် မိမိ သိချင်သော အရေးအကြော ကို အားမနာတမ်း လျှောက်တင် မေးမြန်းလေသည်။

'မှန်လှပါ၊ ကြုံကြိုက်တုန်း တပည့်တော် သိချင်တာကလေး တစ်ခု လျှောက်ထား မေးမြန်းပါရစေ ဘုရား၊ တပည့်တော်တို့ ပုထုဇဉ်လူသားများ ထမင်းခဲဖွယ်ချိုချဉ် အအီအဆိမ့်တွေ စားသုံးပြီးဆိုမှဖြင့် သွေးသား ဆူ တဏှာရာဂ ရေယာဉ်ကြောမှာ အတောမသတ် မျောချင်တိုင်းမျောပါ နစ်မွန်း မြဲ ဖြစ်ပါတယ်။ ကိုယ်တော် ဘုရားများမှာကော ယခု တပည့်တော် ဆက်က သလို ဆွမ်းခဲဖွယ် ချိုချဉ် အအီအဆိမ့်တွေ သုံးဆောင်ဘုဉ်းပေးပြီးနောက် သွေးသ ထကြွလို့ ရာဂတဏှာ နှိပ်စက်ခြင်းကို မခံရဘူးလား၊ ထိုသို့သော ရာဂတဏ နှိပ်စက်ခြင်း ခံနေရလျှင် စာပေကျမ်းဂန် သင်အံပို့ချရာမှာ အနှောင့်အယှ မဖြစ်ပေဘူးလား။ သာသနာတော်အတွက် ဆူးညောင့်ခလုတ် မဖြစ်ပေဘူးလား



မင်းတုန်းဘုရင်ကား 'တုံးဆိုတိုက်၊ ကျားဆိုကိုက်' ဆိုသော ဘုရင်တည်း၊ မိမိအဖို့ ရက်ပေါင်းများစွာက သိချင်သော အကြောင်းအရာကို ပဏာမ မခံ၊ ခြေဆင်းကလေးမျှ မဆိုဘဲ ဒဲ့ဒိုးကြီး မေးလျှောက်လေပြီ။ ဆရာတော်တို့ အဘယ်သို့ ဖြေအံ့နည်း..... ။

တော်ပါသေးသည်။ ဘုရင်မင်းမြတ်၏ အမေးကို ဆရာတော် သံဃာတော်များ ရုတ်တရက် မဖြေနိုင်ဘဲ ရှိရာမှ၊ ပညာရှိ သင်္ဂဇာဆရာတော်ဘုရားက အဖြေပေးသည်။

'ဒါယကာ့ ရေမြေ့ရှင်..... ဒါယကာရဲ့ မေးခွန်းကို ဥပမာဖြင့် ဖြေမှရှင်းလင်းပေမယ်၊ ဥပမာဆိုရင် ဒါယကာတို့ ပုထုဇဉ်လူသားတို့မှာ ထန်းပင်ယဉ်နှင့် တူတယ်၊ ထန်းပင်ယဉ်များဟာ အမြဲပဲ ထန်းရေထွက်တယ်၊ ထန်းရေထွက်အောင် ထန်းသမားက ထန်းနို့များ လှီး၊ ထန်းနို့တွေကို နေ့စဉ်နင်းချ၊ ထန်းရေ မထွက်ရင် ထွက်အောင် နေ့တိုင်း ကြိုးပမ်းဖိညှစ်နေတော့ ထန်းရေဟာ မထွက်ချင်လဲ ထွက်ရ၊ ထွက်ချင်လဲ ထွက်ရတော့တာပဲပေါ့၊ လူသားတွေမှာလဲ နေ့စဉ်ပဲ တဏှာရာဂနဲ့ ပတ်သက်တာတွေ၊ ပြောကြ၊ ဆိုကြ၊ ကြိုးပမ်းကြ၊ လုပ်ဆောင်ကြ၊ ကြံစည်ကြနဲ့ဆိုတော့ ဒီစိတ်တွေပဲ အမြဲသောင်းကျန်းထကြွ နေတော့မှာပေါ့'

'ငါတို့ ရဟန်းများကတော့ ထန်းပင်ရိုင်းနဲ့ တူပေတယ်၊ ထန်းပင်ရိုင်းများဟာ ဘယ်သူကမှ ထန်းနို့လှီး၊ ထန်းရည်နင်း၊ ထန်းရည်ထွက်အောင် ညှစ်ယူခြင်းမရှိတော့ ထန်းရည်မထွက်နိုင်တော့ဘူး။ ဒီလိုနဲ့ ထန်းနို့တွေဟာ ခြောက်ပြီး ကြွေကျကုန်ရတယ်၊ တို့ရဟန်းတော်များမှာလဲ နေ့စဉ်နှင့်အမျှ အကျင့်သီလ စာဂနဲ့ ပျော်မွေ့ပြီး သာသနာရေး ကိစ္စများကို ဆောင်ရွက်နေရ၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းနေရတော့ ဒါယကာ ပြောတဲ့ စိတ်တွေ ထကြွဖို့ မဆိုထားနှင့် စိတ်ကူးထဲတောင် ဝင်မလာဘူး၊ ထန်းရိုင်းပင်တွေ ထန်းရည်မထွက်သလို ရဟန်းတော်တွေ တဏှာရာဂ စိတ်ဓာတ် လှုပ်ရှားထကြွဖို့ဆိုတာ အဝေးကြီး ဒကာရေ့..... အဝေးကြီး..... '

သင်္ဂဆရာတော်ဘုရား၏ အဖြေကို ကြားရသောအခါတွင် ဆရာတော် သံဃာတော်တို့ တဝါးဝါး ပွဲကျသွားသည်။ ကြားရသူတိုင်း ရယ်မောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းဘုရင်မင်းမြတ်လည်း အကျေနပ်ကြီး ကျေနပ်သွားလေသည်။ 'ဟုတ်ဆဲ သားပဲ မိမိတို့မှာ တစ်နေ့လာလဲ 'ဟို' ကိစ္စ၊ နောက်တစ်နေ့လာလဲ 'ဟို' ကိစ္စ၊ 'ဟို' ကိစ္စ သံသရာထဲ တဝဲဝဲလည်နေရတာကိုး။ ဆရာတော် သံဃာတော်များမှာ တော့ ဥပမာတင်သွားတဲ့ ထန်းပင်ရိုင်းလို ဒီစိတ်တွေ ဘယ်လို ထကြွတော့မှာလဲ...' သည်သို့ ဘုရင်မင်းမြတ် တွေးတော နားလည်သွားလေပြီ။

မင်းတုန်းဘုရင်ကား မိဖုရားတွေအကြား ပျော်မွေ့ရသော အရသာကို အကျေနပ်ကြီး ကျေနပ်ရုံဖြင့် မပြီး၊ မိမိလိုများ ဆရာတော်တွေ မခံစားချင်ဘူးလား ဆိုသော အမေး၏အဖြေကို သည့်နှယ် မရအရ တောင်းယူခဲ့သည်။

မင်းတုန်းဘုရင်မင်းမြတ်သည် မိဖုရားတွေနှင့် ပျော်ရပါးရ စည်းစိမ်ခံစား နေခြင်းနှင့် ပတ်သက်၍ အများက လက်ညှိုးထိုးမည်ကို စိုးရိမ်၍များ သာသနာရေး ကို ဘန်းပြ၍ သာသနာ့ ဒါယကာအဖြစ် ခံယူနေခြင်းပေလား။

သည်သို့ ဝေဖန်သူတွေ ဆိုဖူးသည်။ မင်းတုန်းဘုရင်မင်းမြတ် မည်သို့ ဖြေမည်နည်း။ စင်စစ်ဆိုလျှင် ဝေဖန်သူတို့ မည်သည် ဖြစ်နိုင်သည့် အလားအလာ များကို စဉ်းစား ချင့်နှိုင်း ထောက်ပြနိုင်ခွင့် ရှိသည်သာ။ အမှားနှင့်အမှန်ကိုကား ပြည်သူတို့ ဆုံးဖြတ်ပေလိမ့်မည်။

သည်တော့ အစကို ပြန်ကောက်စို့။

မြင်ကွန်းစားတို့ ပုန်ကန်မည့်နေ့က အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မင်းတုန်းဘုရင်မင်းမြတ်သည် သာသနာရေးလုပ်ငန်းများအတွက် လောကမာရဇိန် စေတီတော်ဝင်းအတွင်းသို့ ရောက်ရှိနေပေသည်။ တိုင်းရေးပြည်ရေးတို့ကား နောင် တော် ကနောင်မင်းနှင့် ဝန်ကြီးတွေ ရှိသားပဲ၊ မိမိအဖို့၊ သည်ကဲ့သို့ သာသနာ့ အရေးတော်များကို စိတ်ရောကိုယ်ပါ ဆောင်ရွက်နေရခြင်းသည် ခဏနိဗ္ဗာန်ပင် မဟုတ်လား။ ဘုရင်မင်းတရားသည် စိတ်ညစ်ဖွယ်ကောင်းသော နန်းတွင်းရေးကို မတွေးတော့ချင်၊ ပြည်ပရေးရာတွေကိုလည်း မေ့ထားလိုက်သည်။ အုပ်ချုပ်ရေး အမှုကိစ္စတွေကို ဝန်ကြီးဝန်ငယ်တို့ ကြည့်သာဆောင်ရွက်ကြပေရော့။

ပင်းတုန်းမင်းသည် ဤနှယ် သာသနာရေး ကိစ္စများတွင် အချိန်သုံးနေစဉ် နန်းတော်ဝင်းအတွင်း၌ အိမ်ရှေ့စံကနောင်ကိုယ်တော်ကြီးသည် ဝန်ကြီးတစ်စုနှင့် တိုင်းရေး ပြည်ရေးများကို တိုင်ပင်ဆွေးနွေးလျက် ရှိသည်။ 'မည်သည့် အမှုကိစ္စတွေကို တိုင်ပင်နေကြသလဲ' သေချာစွာတော့ မသိရ၊ အချို့ကတော့



ပုန်ကန်မှု သတင်းအစ အနတွေကို ကြားသိရသဖြင့် မည်သူ ခေါင်းဆောင်သလဲ၊ မည်သို့ကာကွယ်မည်လဲ၊ စုဝေးတိုင်ပင်နေသည်ဟု ဆိုသည်။ အချို့ကမူ သဿမေဓ အခွန်တော်ကိစ္စများ တိုင်ပင်နေခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုအချိန်က ကနောင် မင်းနှင့်အတူ ရှိနေကြသူတို့ကား မြတောင်ဝန်ကြီး ဦးမို့၊ ပခန်းဝန်ကြီး ဦးရန်ဝေးတို့ ဖြစ်ကြသည်။

ထိုအချိန်၌ မြင်ကွန်းမင်းသားသည် မိမိ၏ သူပုန်တပ်သားများနှင့်အတူ နန်းမြို့အနီးရှိ မိမိအိမ်တွင် ဗိုလ်ဝင်ခံလျက် ရှိသည်။ သူသည် တပည့်လက်သား အများနှင့်အတူ အရက်သေစာများ သောက်စားမူးယစ်လျက် ရှိ၏။ သူ့လက်ရုံး များ ဖြစ်ကြသော မြင်ခုန်တိုင်မင်းသား၊ ငဖြူသီးနှင့် ဇော်ဂျီဗိုလ်စသော သူပုန် အကြီးအကဲတို့သည် အခါပေး ဦးပုည ပေးထားသော အချိန်ကို စိတ်ရှည်ရှည် နှင့် စောင့်ကြ၏။

သည်တစ်ခါဖြင့် ဘထွေးတော် ကနောင်မင်း ဘယ်ပြေးမလဲ၊ ခမည်းတော် ဘုရင်မင်းမြတ်လည်း ချမ်းသာမပေးနိုင်ပြီ။ နန်းပလ္လင်ကို လက်ဝယ်ပိုင်ပိုင် ရတော့ မည်။ မတတ်နိုင်ဘူးလေ၊ သည်နည်းမှ လွဲ၍ အခြားနည်း မရှိပြီ။ နန်းရဖို့ ပုန် ကန်သည် ဆိုတော့ နည်းနည်းပါးပါးတော့ သွေးစွန်းပေမပေါ့။ နန်းပလ္လင်သို့ သွားရမည့်လမ်းသည် သွေးခင်းသောလမ်းပင် ဖြစ်လိမ့်မည်။ ဘထွေးတော် အိမ်ရှေ့စံနှင့် ခမည်းတော် မင်းတရားတို့သည်ပင် နန်းပလ္လင်ရဖို့အရေး သွေးစွန်း သော တိုက်ပွဲများကို ရင်ဆိုင်ခဲ့သေးသည် မဟုတ်လား။ သည်တစ်ချီတော့ ကိုယ့် အလှည့်သို့ ရောက်ကြပြီ။ ကိုယ့်အလှည့်ကျရင် မနွဲ့စတမ်းတဲ့၊ ဘထွေးတော်နှင့် ခမည်းတော်တို့သည် ကိုယ်လုပ်ခဲ့သလို ကိုယ်ပြန်ခံရမှာပဲ။

ဘာများ ဆန်းလို့လဲ..... ။

မြင်ကွန်းမင်းသားကား အမူအကျင့် ရှန့်ရင်း 'ကြမ်းတမ်း'သည်၊ စိတ်ဓာတ် ခက်ထန်မာကျောသည်။ သည်တော့ နန်းရဖို့အတွက် ခမည်းတော်ကို သတ်ရမှာ ဝန်မလေး။ ခမည်းတော်ကို သတ်ရန်ပင် ဝန်မလေးဘူး ဆိုတော့ ဘထွေး တော်သူ ကနောင်မင်းအတွက်ကား စဉ်းစားရန်ပင် မလိုပြီ။

'သွေးသောက်တို့၊ သည်တစ်ချီ စွန့်စားလိုက်ကြစမ်း၊ ကိုယ်တော် အထွတ် အထိပ်ရောက်ရင် မင်းတို့လဲ အထွတ်အထိပ်ပေါ့ကွယ်၊ ဟိုဘုန်းဘိုးအိုကြီးလဲ မိဖုရား

www.burmeseclassic.com

www.burmeseclassic.com



ငယ်ကလေးတွေနဲ့ သေခါနီးမှ ရိက္ခာယူနေလား၊ ယူရဲ့။ သည်လောက် နန်းစံရရင် တော်ပါပြီ။ အပြတ်သာ ရှင်းလိုက်ကြတော့၊ အိမ်ရှေ့စံ ယောက္ခမကြီးကကော ယောက္ခမဆိုပြီး ဇရပ်ကျောင်းထွက် ဉပုသ်ရက်ရှည် စောင့်နေရင် တော်သေးရဲ့။ ခုတော့ နန်းတွင်းမှာ သူ့လက်သူ့ခြေချည်းပဲ၊ 'ပါလေသူကြီး' ဆိုတာ သူမှအစစ်။ တို့သွားမယ့် ခရီးမှာ သူက တကယ့် ဆူးညှောင့်ခလုတ်၊ သူ့ကို အပြတ်ရှင်းဖြတ် နိုင်မှ အရာရာ ချောမောလိမ့်မယ်၊ မကောင်းရင် လက်မောင်းသွေးတောင် ဖောက် ပစ်ရသတဲ့၊ သည်တော့ အိမ်ရှေ့စံ ယောက္ခမကြီးကိုလဲ တမလွန်ကို ဆိုင်းမပါ ဗုံမဆင့်ပဲ ပို့လိုက်ကြစို့ရဲ့..... '

မြင်ကွန်းမင်းသားသည် သူ့သွေးသောက် သူပုန်တပ်သားတို့ကို သည့်နှယ် အားပေး၍ ရဲဆေးတင်နေမည်လား။ မှတ်စုမှတ်ရာ မရှိခဲ့၍ စေ့စေ့စုံစုံ ဘာမှု တော့ မသိရ၊ သူ့ရဲဖက်တွေကို အရက်ကိုးမောင်းတင်ပြီး မြှောက်ပေးနေမည်မှာ တော့ မလွဲ။

မွန်းတည့်ချိန်သို့ ရောက်ပြီ။ တောင်ပြင်ဖက်ဆီမှ မီးတောက်မီးလျှံများ သည် ကောင်းကင်သို့ အညွန့်တလူလူ တက်လာ၏။ သည်မီးတောက်မီးလျှံများ သည် နန်းတွင်း ပုန်ကန်မှုကြီးအတွက် အချက်ပေးလိုက်ခြင်းပေတည်း။

အခါတော်ဖြင့် ရောက်ပြီ၊ ကဲ..... သွေးသောက်တို့၊ နန်းတွင်းသို့ ဝင်ကြ စို့..... ။

မြင်ကွန်းနှင့်မြင်းခုန်တိုင် မင်းသားနှစ်ပါးခေါင်းဆောင်သော သူပုန်တပ်သား တို့သည် နန်းတွင်းသို့ အစီအစဉ်ဖြင့် ပြေးဝင်လာကြသည်။ အစီအစဉ်ကို ဤသို့ ပြုလုပ်ထားသည်။ မြင်ကွန်းနှင့် မြင်းခုန်တိုင် မင်းသားနှစ်ပါးသည် ညီတော် နောင်တော် ရန်ဖြစ်၍ ဓားနှင့် လိုက်သည့်ဟန် ဓာတ်လမ်းဆင်ရသည်။ ထိုသို့မှ ဓာတ်လမ်းမဆင်၍လည်း မဖြစ်။ အကြောင်းမှာ နန်းတွင်းသို့ မည်သူမျှ ဓားကိုင် ၍ မဝင်ရ။ ကနောင်မင်းသည်ပင် နန်းတွင်းဝယ် ဓားကိုင်ခွင့် မရှိ၊ ဘုရင့်ကိုယ်ရံ တော်တပ်သားများနှင့် အတူ ခွင့်ပြုထားသော ပုဂ္ဂိုလ်များသာ ဓားကိုင်၍ နန်းတွင်း ဝင်ခွင့် ရှိသည်။ ထို့ကြောင့် နန်းတွင်းသို့ ဓားလွတ်ကိုင်၍ ဝင်ရန်အရေး ပရိယာယ် ဆင်မှ ဖြစ်တော့မည်။

သည်တော့ မြင်းခုန်တိုင် မင်းသားက ရှေ့မှပြေး၊ မြင်ကွန်းမင်းသားနှင့် အပေါင်းပါတွေက ဓားကိုင်၍ နောက်မှ ပြေးလိုက်၊ ညီနောင်နှစ်ပါး ရန်ဖြစ်ကြ သည် ဆိုတော့ ရုတ်တရက် ဘယ်သူမျှ ဘာမှ မတတ်နိုင်ပြီ။



မြင်းခုန်တိုင် မင်းသားသည် 'ကယ်တော်မူပါ ဘုရား၊ ကယ်တော်မူပါ ဘုရား' ဟု အော်ရင်း ရှေ့မှ ပြေးလာသည်။ မြင်ကွန်းမင်းသားက သူ့နောက်မှ ဓားကိုင်၍ လိုက်သည်၊ မြင်ကွန်းနှင့်အတူ သူ့လူတွေကလည်း ဓားအဖွေးသား နှင့် ပါလာသည်။ မင်းသားနှင့် လူတစ်စု ဓားလွတ်တွေကိုင်ပြီး ဝင်လာသည်ကို ပထမဆုံး ရင်ဆိုင်သူမှာ မြတောင်ဝန်ကြီး ဦးမှို ဖြစ်သည်၊ ဘယ်လို အရေးအခင်း ပေလဲဟု ရှေ့မှထွက်၍ စုံစမ်းသည်၊ သည်တွင် ရှေ့ဆုံးမှ ပြေးလာသော သူပုန် တပ်သားတစ်ဦး၏ ဓားဖြင့် ဦးမှိုသည် နေရာတွင်ပင် ကျရှုံးသည်။ ဦးမှို၏ အဖြစ်ဆိုးကို ဖိနပ်တော်သား ဦးကရင်က မြင်လိုက်သည်။ သို့နှင့် ဦးကရင်က သံကုန်ဟစ်၍ အော်လေသည်။

'ရန်သူတော်ပါဘုရား..... သတိထားပါဘုရား'

ကနောင်ကိုယ်တော်ကြီးသည် ရုတ်တရက် သတိပြုမိသည်နှင့် လွှတ်တော် ပေါ်သို့ အပြေးတက်သွား၏။ သို့သော် ကြမ္မာဆိုးသည် အညှိုးနှင့် ဖမ်းလေသည်။ အိမ်ရှေ့စံသည် လွှတ်တော်လှေကားအတက်တွင် ရုတ်တရက် ခြေချော်၍ လဲကျ သွား၏။သည်တွင် သူပုန်တပ်သား ဖြေသြီးက မီလာသည်။ ဖြေသြီးသည် ကနောင် မင်းသားကို ဓားဖြင့် လှမ်းခုတ်သည်။ လဲရာမှ အားယူ၍ ထလာသော အိမ်ရှေ့စံ ၏ ခြေသလုံးကို ဓားထိပြီး ပုံလျက်သား လဲကျသွား၏။ မြင်းခုန်တိုင်မင်းသား သည် ကနောင်မင်း၏ ဦးခေါင်းကို ဖြတ်ယူလိုက်သည်။ ကနောင်မင်း၏ ဦးခေါင်း ပြတ်ကြီးကို ဆံပင်မှ စုဆွဲကာဖြင့် မြင်းခုန်တိုင်မင်းသားက ကြွေးကြော်လေသည်။

'အောင်ပြီ..... အောင်ပြီ'

ထိုအချိန်တွင် နန်းရင်ပြင်၌ သွေးစိမ်းရှင်ရှင် စီးနေလေပြီ။ လောင်းရှည်ဝန် ကြီး ဦးမောင်ကလေး အပါအဝင် ဘုရင့်အမှုတော်ထမ်းများ၊ အိမ်ရှေ့မင်း၏ တပည့်ကျေးကျွန်များသည် သူပုန်တပ်သားတို့၏ လက်ချက်ဖြင့် ပွဲချင်းပြီး ကျဆုံး ရရှာသည်။ အပြေးမြန်သော ပခန်းဝန်ကြီး ဦးရန်ဝေးနှင့် ပုပ္ပားဝန် ဦးမှန်တို့သာ အသက်ဘေးမှ လွတ်ကြသည်။

သူပုန်တပ်သားတို့သည် အိမ်ရှေ့မင်း၏ ဘကြီးသား မင်းသားများဖြစ်ကြ သော မလွန်မင်းသား၊ ပြင်စည်မင်းသား၊ စကုမင်းသားတို့ကို ဉပါယ်တမည်ဖြင့် သွားရောက်ခေါ်ထုတ်လာကြသည်။ အိမ်ရှေ့မင်းက အခေါ်ခိုင်းသည်ဟု ဆိုသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မင်းသားများ လိုက်လာကြသည်။ သူတို့သည် နန်းမြို့တောင်ဖက်ဝင်း၌ အဆုံး စီရင်ခြင်း ခံကြရသည်။

ယခုအခါတွင် ဘုရင်မင်းမြတ် ယာယီစံမြန်းနေသော ယာယီစံနန်းတစ်ဝိုက် ၌ တိုက်ပွဲများ ဖြစ်နေပြီ။ အရှေ့ဝင်းမှူး၏ တပ်သည် လည်းကောင်း၊ တောင် ထားဝယ်ဗိုလ်နှင့် ကင်းဝန်တို့၏ တပ်များသည် လည်းကောင်း၊ ရှိသမျှအင်အားနှင့် ခံလေသည်။ သူပုန်တပ်သားတို့ အင်အားကြီးလှ၏။ ခံသမျှ ဘုရင့်တပ်သားတို့ အသက်ဆုံးရှုံးရသည်။

ထိုအချိန်က ဘုရင်မင်းတရားသည် ပွဲတော်ဆောင်၌ ရှိနေသည်။ အရေး အခင်း ဖြစ်ပြီဆိုတော့ နန်းတော်ကို အမြန်ဆုံးပြန်မှ၊ နန်းမြို့သို့ ဖြစ်သည့် နည်းဖြင့် ဝင်မှပဲ မင်းတုန်းမင်းတရား တွေးမိသည်။ သို့သော် အခြေအရံကဖြင့် စုံစုံစေ့စေ့ မရှိ၊ မတတ်နိုင်ပြီ၊ မက္ကရာမင်းသားနှင့်အတူ မင်းတုန်းမင်းတရားသည် ယာယီ စံနန်းအတွင်းမှ ကသုတ်ကယက် ထွက်ကြလာရလေသည်။

နန်းမြို့အပြင်တွင် ရွှေဓားဆွဲဗိုလ် ငပိုက်ကြီးနှင့် ဘုရင်မင်းမြတ်တို့ ရင်ဆိုင် တိုးမိကြသည်။ အမှန်ဆိုသော် ငပိုက်ကြီးကို မြင်ကွန်းမင်းသားက အသင့်စောင့် ခိုင်းထားခြင်း ဖြစ်၏။ ဘုရင်မင်းတရား သည်တံခါးကို ရောက်လာလျှင် 'မပြတ် မလပ် လုပ်ကြလေ' ဟု တာဝန်ပေးထားသည်။

သို့သော် ဘုရင်တို့ဘုန်း၊ မိုးသို့ချုန်းဆို မဟုတ်လား။

ငပိုက်ကြီးသည် ဘုရင်မင်းမြတ်ကို တွေ့လေသော် လုပ်ကြံရန် သတိမေ့ ပြီ၊ ဦးတော်ခိုက်၍ ရှိခိုးလိုက်ရ၏။ မင်းတုန်းမင်းတရားက ငပိုက်ကြီးကို မြင်သော် 'ဟဲ့ ငပိုက်ကြီး ငါ့ကို ပို့တော့' ဟု အမိန့်တော် မှတ်လေသည်။

ငပိုက်ကြီးသည် နှုတ်မှ ဘာမျှ မဆိုတော့ဘဲ ဘုရင်မင်းမြတ်ကို မိမိကျော ကုန်းထက်တွင် ချီပိုး၍ နန်းမြို့တွင်းသို့ ပို့ရ၏။ ဘုရင့် မိဖုရားခေါင်ကြီးတို့ သေနတ်စာရေး မောင်ခြိုက ချီပိုး၍ လိုက်ပါလာ၏။

ဘုရင်မင်းမြတ်သည် ငပိုက်ကြီး၏ ကျောပေါ်တွင် စီးလျက် နန်းမြို့အတွင်း သို့ ရောက်လာလေသည်။ သစ်တပ်အတွင်းသို့ ရောက်သော် ဘုရင်မင်းတရား သည် ငပိုက်ကြီး၏ ကျောပေါ်မှ ဆင်းလိုက်သည်။ ထိုစဉ်တွင် ငပိုက်ကြီး၏ ပုဆိုးခြုံထဲမှ ဓားမြှောင်တစ်လက် ထွက်ကျလာသည်။ ဓားထွက်ကျလာသည်ကို မြင်ရသောအခါ ဘုရင်သည် လည်းကောင်း၊ ယခုအခါ၌ ဘုရင့်အပါးသို့ စုဝေး



ရောက်ရှိလာကြသော အမှုထမ်းတို့သည် လည်းကောင်း အံ့သြသွားကြသည်။ ငပိုက်ကြီးသည်ပင် မင်သက်မိ၍ မတုန်မလှုပ်။

နန်းမြို့အတွင်းသို့ လက်နက်ကိုင်ထားသော လူတစ်ယောက် ဝင်ရောက် နေပါပကော။ နန်းမြို့တွင်း၌ လက်နက်နှင့် တွေ့ရလျှင် ထိုသူသည် သူပုန် မဟုတ်ပါလား။

အခြေအနေနှင့် အရာဌာနကို ဆုံးဖြတ်နိုင်သော ဘုရင့်အမှုထမ်းတစ်ဦးသည် ဆောင်ရွက်ဖွယ်ကို တမုဟုတ်ခြင်း ဆုံးဖြတ်ဆောင်ရွက်လိုက်သည်။ သူသည် ငပိုက်ကြီးထံမှ ထွက်ကျလာသော ဓားမြှောင်ကို ချက်ချင်း ကောက်ယူလိုက်၏။ ထို့နောက် ထိုဓားဖြင့်ပင် ငပိုက်ကြီးကို တစ်ချက်တည်းနှင့် အသေထိုးသတ်လိုက် သည်။ သူပုန်တပ်သားတစ်ဦးကို ဘုရင်မင်းမြတ်၏ ရှေ့တော်၌ပင် အဆုံးစီရင်နိုင် လေသည်။

ထိုအချိန်တွင် မြင်ကွန်းနှင့် မြင်းခုန်တိုင် မင်းသားတို့သည် ယာယီစံနန်း အတွင်းသို့ ချီ၍ မင်းတုန်းဘုရင်ကို လိုက်ရှာကြသည်။ ဘုရင်မင်းမြတ်ကို စံနန်း အတွင်း၌ မတွေ့ရသောအခါမှ နောက်ကြောင်း ပြန်လှည့်ကြ၏။ သူတို့သည် ဦးထိပ်တံခါးမှ နေ၍ နန်းမြို့အတွင်းသို့ ဝင်လာကြပြန်သည်။ ရွှေတော်ယူ တံခါး ဖက်မှ နေ၍ သစ်တပ်အတွင်း ဝင်ရန် အားထုတ်ကြသည်။ နတ်ရှင့်ရွှေ သေနတ် ဗိုလ်၏ တပ်နှင့် ရင်ဆိုင်ရ၏။ သေနတ်ဗိုလ် မခံနိုင်ပြီ၊ ရွှေတော်ယူ တံခါးပွင့် သွား၏။ သူပုန်တပ်သားတို့သည် လွှတ်တော်ကို ဝင်စီးမိကြပြီ၊ လွှတ်တော်တွင်း ရှိ ဝန်ကြီး ဦးကြာဥနှင့် မှူးမတ်အချို့ကို သူပုန်တို့ လက်ဝယ် ရရှိသွားလေသည်။

သူပုန်တပ်သားတို့သည် လွှတ်တော်မှ နေ၍ တံခါးနီဖက်သို့ ချီကြသည်။

တံခါးနီအတွင်းမှ ခုခံနေသော အင်အားမှာ မသေးလှပေ၊ ဘုရင့် တပ် မတော်သားများ အားလုံးပင် တံခါးနီမှ ခုခံလေသလား။

တံခါးနီတွင် မက္ကရာမင်းသားက ဦးဆောင်၍ ရှုပ်ရှုပ်ရွရွ ခံသည်။ သူ နှင့်အတူ ဝန်ကြီး ဦးရန်ဝေးလည်း ရှိနေ၏။ သည်နေရာက ထိုသို့မှ မခုခံလျှင် မဖြစ်ပြီ။ တံခါးနီပေါက်လျှင် နန်းပလ္လင်ထိ ဒိုးယိုပေါက်သွားတော့မည်။ သို့ဆိုလျှင် နန်းပလ္လင်ကို သူပုန်မင်းသားတို့ ရတော့မည်။ ထို့ကြောင့် တံခါးနီ ပေါက်ရေးသည် တကယ့် မဟာတာဝန် ဖြစ်နေပြီ။ နန်းပလ္လင်ကို သူပုန်မင်းသား တို့လက် မပါရအောင် မက္ကရာမင်းသားသည် တံခါးနီမှ အသေအလဲခုခံ တိုက်ခိုက် ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူပုန်မင်းသားတို့သည် တံခါးနီကို အမိအရ စီးမိရန် အသေခံ၍ ဝင်သည် တိုက်ပွဲပြင်းထန်ရကား နန်းမြေသည် သွေးချင်းချင်း နီနေသည်။ ထိုအချိန်တွ မင်းတုန်းဘုရင်မင်းမြတ်သည် မြေနန်းပြာသာဒ်ဆောင်တွင် ရှိနေသည်။ လိုအပ်သ တို့ကို သည်နေရာမှနေ၍ မင်းတုန်းဘုရင်က ညွှန်ကြားကွပ်ကဲရ၏။

'ခမည်းတော်ဘုရား၏ သဘောဆန္ဒကို မိမိတို့ သိလိုသည်။ မြို့နန်းတ ကို မိမိတို့ အောင်မြင်လေပြီ' မင်းသားတို့က စာရေး၍ ဘုရင်မင်းမြတ်ထံ သည်။ သို့သော် မင်းတုန်းမင်းတရားက အလျှော့မပေး။ သူပုန်မင်းသားတို့ နော ဆုတ်သွားရန် သူတို့မယ်တော် 'တောင်ရွှေရေး မိဖုရား' ကို လွှတ်၍ နားချခိုင်းသည် မင်းသားတို့ကား အသက်ပေါင်းများစွာကို စတေးပြီးပြီ၊ တော်ရုံနှင့် နောက်ဆုတ် ဖြစ်မလား၊ သူပုန်ထသည့် ကိစ္စမှာ သည်လို ဖျောင်းဖျ၍ ရသတဲ့လား၊ မင်းသာ ကို့ကား တစ်လက်မမျှ နောက်သို့ မဆုတ်၊ မဆုတ်ရေးချ မဆုတ်။

ထိုအချိန်တွင် 'လွှတ်တော်ကို မီးတင်ပါလား' ဟုအကြံပေးသူက ပေးသည် လွှတ်တော်ကို မီးတင်လျှင် နန်းတော်သို့ မီးကူးတော့မည် ဧကန်။ သည်သို့ဆို က ခမည်းတော်မင်းတရားနှင့် အပေါင်းပါ မိဖုရားတွေ၊ တပ်သားတွေ 'တ မထိုးရဘဲ'နှင့် မီးကင်ပြီးသား ဖြစ်သွားမည်။ မြင်းခုန်တိုင်မင်းသားသည် သူ့ရှေ အကြံကို တင်ပြလေသည်။ 'ဟဲ့..... ဘယ်ဖြစ်မလဲ ညီတော်ရဲ့၊ မယ်တော် မိဖုရာ အတွင်းဆောင်မှာ ရှိနေ မဟုတ်လား'၊ မြင်ကွန်းမင်းသားက ဆိုသည်။ တော်ပါသေ ရဲ့၊ မယ်တော်တောင်ရွှေရေး မိဖုရားသည် နန်းတော်တွင်း၌ ရှိနေသည်။ အပြင်သို့ ထွက်လာ၍ မဖြစ်၊ သည်တော့ လွှတ်တော်ကို မီးတိုက်လျှင် မယ်တော် မိဖုရာ ကိုပါ ကိစ္စတုန်း သင်္ဂြိုဟ်ပြီးသား ဖြစ်တော့မည်။ သူပုန်ထ၍ လူသတ်နေသည် ဆိုပေမယ့် ကိုယ့်အမေသေမှာတော့ စိုးရိမ်တတ်သားပဲ၊ တော်ပါသေးရဲ့။

မြင်ကွန်းမင်းသား၏ နောက်ပါ သူပုန်တို့သည် နန်းတော်တွင်းသို့ သေနတ် စိန့်ပြောင်းတို့ဖြင့် ခပ်ပြင်းပြင်း ပစ်ထည့်နေကြသည်။ အခြေအနေမှာ မကောင်းလှ သည်အတိုင်းဆိုပါက မင်းတုန်းမင်းတရား ကြာကြာခံနိုင်ပါ့မလား၊ နန်းပလ္လင် ကံကြမ္မာသည် အသို့နည်း။

သို့သော် မင်းတုန်းမင်းကြီး ကံကောင်းသည်။ 'ဇနက္ကမင်းသား မဏိမေခလာကယ်သည့် ကိန်းသို့' တကယ်ဆိုက်လေပြီ၊ တံခါးနီတွင် အကြ အတည်း တွေ့နေသော သူပုန်တပ်သားများသည် ကြာသော် စိတ်ဓာတ်ယိုင်လာ သည်။ နေလည်း စောင်းနေပြီ၊ နံနက်က သောက်ထားသော အရက်ကိုးမော



လည်း အရှိန်ပြေပြီ၊ သည်အတိုင်း သွားရလျှင် ညဉ့်အချိန်၌ ဘယ်လိုလုပ်ကြမလဲ၊ တိုက်ရင်းခိုက်ရင်းနှင့် သို့လော သို့လော တွေးကြသည်။ တွေးရင်းအားငယ်၊ အားငယ်ရင်း 'တွေး' လာမိကြပြီ၊ သည်အခြေနေက ရှေ့သို့ တိုးပါဦးမည်လား။

ထိုအချိန့်တွင် ကနောင်မင်း၏ တပ်များသည် ရသမျှ ဗိုလ်ထုကို စုဝေး လျက် ယာယီစံနန်းသို့ ချီသွားသည်။ မိမိတို့ သခင် ကနောင်ကိုယ်တော်ကြီး ဒုက္ခရာ ရသွားသည်ဟု သိရသည်။ ကိုယ်တော်ကြီး ဘယ်သို့ရှိပါ၊ ကိုယ်တော်ကြီး ဘယ်မှာလဲ၊ သူတို့သည် ယာယီစံနန်းတွင် ကနောင်ကိုယ်တော်ကြီးကို ရှာကြသည်။ မတွေ့။

ထို့ကြောင့် ကနောင်မင်း၏ တပ်သားတို့သည် မြို့နန်းဆီသို့ ဒလကြမ်း ချီလေသည်။ မြို့နန်းအပြင်ရှိ စောစောက စိတ်ဓာတ်ပြိုစ ပြုနေသော သူပုန်တပ် သားတို့သည် အပြင်မှ ကနောင်မင်း၏ တပ်သားတို့ ချီလာသည်ကို မြင်ရသော် ဟုတ်ဟုတ်နိုးနိုး မခုခံတော့ဘဲ ဆုတ်ကြတော့သည်။ သည်တွင် ကနောင်မင်း၏ တပ်သားတို့က မြို့နန်းအတွင်းသို့ ဒလစပ် ချီသည်။ မြင်ကွန်းမင်းသားတို့၏ တပ်များသည် နှစ်ဖက်ညှပ်အတိုက်ခံရပြီ။ ရှေ့မှ ဘုရင့်တပ်မတော်၊ နောက်မှ ကနောင်မင်း၏ တပ်၊ သည်နှစ်တပ်အကြားဝယ် ကြာကြာခံနိုင်ဖွယ်မမြင်။ ထို့ ကြောင့် သူပုန်တပ်များသည် လွှတ်တော်ဖက်သို့ ဆုတ်ရပြီ၊ ထိုမှတစ်ဆင့် မြို့နန်း အပြင်သို့ ထွက်ပြေးကြသည်။ မြင်ကွန်းစားတို့သည် တော်ရုံနှင့် အလျှော့မပေး ချေ။ တစ်ညဉ့်လုံးလိုလိုပင် ရှိသမျှအင်အားနှင့် ခံကြသေးသည်။

အရဏ်တက်တော့မည်။ သူပုန်တပ်အင်အားမှာ ပြောပလောက်အောင် မရှိတော့ပြီ။ အရေးအခင်းတွင် မိမိတို့ဖက်က အခြေမလှတော့ပုံကို နားလည်ကြရပြီ။ ထိုအခါတွင် သူပုန်မင်းသားနှစ်ပါးသည် မြစ်ဆိပ်သို့ ဆုတ်ပြေးသည်။ မြစ်ဆိပ် ၌ ဘုရင်မင်းမြတ်၏ 'ရေနန်းစကြာ' သင်္ဘောတော် ရှိသည်။ သူပုန်တို့သည် ဘုရင့်သင်္ဘောကို အရအမိ စီးကာ မြစ်ကြောင်းကို စုန်ပြေးကြသည်။ နေပြည်တော် တွင် မိမိတို့အတွက် အကျိုးမရှိပြီ၊ အသက်ဘေးသည် ပြေးနိုင်မှ လွတ်တော့မည်။ ထို့ကြောင့် မြင်ကွန်းစားနှင့် မြင်းခုန်တိုင်စား မင်းသားနှစ်ပါးသည် လက်ကျန်သူပုန် တပ်သား အချို့နှင့်အတူ ရေနန်းစကြာသင်္ဘောဖြင့် မလွှန်အထိ စုန်ဆင်းကြသည်။ လက်လှမ်းမီရာ မြို့ရွာကျေးလက်များသို့ ဝင်၍ လုယက်သောင်းကျန်းသွားကြသေး

www.burmeseclassic.com

www.burmeseclassic.com



၏။ တိုင်းကား ပြည်ရွာသည် သူပုန်တို့၏ ဒဏ်ကို အထိုက်အလျောက် ခံရလေ့သည်။

မည်သို့ပင် ဖြစ်စေ တိုင်းပြည်ကို 'ကိုင်' ရမ်းခဲ့သော မြင်ကွန်းစား သူပုန်တို့ကို မင်းတုန်းဘုရင်မင်းမြတ်က အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့လေပြီ။

## ပန်းတိမ်းမင်းသား ပုန်ကန်မှု

၁

မင်းတုန်းဘုရင်မင်းမြတ်သည် သူပုန်မင်းသားများအပေါ် ကောင်းစွာ အောင်ပွဲခံခဲ့ပြီ။ သို့သော် တိုင်းပြည် အနေနှင့်ကား၊ သောင်းကျန်းမှုဒဏ်ကို ဖွတ်ဖွတ်ညက်ညက် ကျေအောင် ခံခဲ့ရသည်။ နေပြည်တော်သည် ကျီးလန့်စာစား ဖြစ်နေခဲ့၏။ မြင်ကွန်းတို့ သူပုန်တပ်မတော်ကြီး မြစ်ကြောင်းကို ဆန်တက်လာမည်လားဟု နေပြည်တော်တလွှားတွင် မေးကြ၊ မြန်းကြ၊ ပြောကြ၊ ဆိုကြ ရှိနေသည်။ ထိုအချိန်တွင် မြင်ကွန်းစားတို့သည် မလွန်မှသည် မြင်းခြံမြို့အထိ တက်လာပြီး၊ နီးစပ်ရာ ကျေးရွာမြို့ရပ်တို့တွင် သူတလူ ငါတစ်မင်း သောင်းကျန်းလျက် ရှိကြသည်။

မင်းတုန်းဘုရင်သည် ရေနံချောင်းမြို့စားနှင့် မိမိ၏ တပ်မတော်သားများကို ရေကြောင်းမှ စုန်ဆင်းစေပြီး သူပုန်တို့ကို နှိမ်နင်းစေသည်။ နေပြည်တော်မှ သူပုန်များကို မောင်းနှင်ထုတ်ခဲ့ပြီးပြီ ဆိုသော်လည်း ဘုရင်မင်းမြတ်အဖို့ ရင်ဆိုင်ရမည့် ပြဿနာများက ပြီးပြေခြင်း မရှိသေး။ အခြေအနေ အရပ်ရပ်သည် အားလုံး နေသားတကျ မဖြစ်သေး၊ ဥသျှစ်သီး နှစ်လုံးထုကြလျှင် ခံတဲ့အသီး၊ ထုတဲ့အသီး နှစ်လုံးစလုံး ကွဲစမြဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ရက်အတော်ကြာမျှ လှုပ်ရှားနေကြပြီးနောက် မြင်ကွန်းစားနှင့် မြင်းခုန်တိုင်စားတို့သည် ဘုရင့်တပ်မတော်ကို ရင်ဆိုင်နိုင်လောက်သော အင်အား မရှိတော့ ထို့ကြောင့် သူတို့သည် အင်္ဂလိပ်အစိုးရထံ ခိုဝင်သွားကြသည်။ သို့ဆိုလျှင် သူတို့ အရေးအခင်း၊ တစ်ဖာတ်သိမ်းပြီဟု ဆိုရတော့မည်။ သို့သော် တကယ့် လက်တွေ့တွင်ကား ထိုသို့ မဟုတ်ချေ။ နန်းပလ္လင်ကို ခြိမ်းခြောက်သော ပုန်ကန်မှု တစ်ရပ် ပေါ်လာပြန်လေသည်။ ဘယ်လိုများ ဖြစ်နေကြပါလိမ့်၊ သူပုန်ထတာ ဆိုတာ 'ထမင်းစားရေသောက်' အောက်မေ့နေကြလေသလား မသိ။ မင်းတုန်းဘုရင် မင်းမြတ်ဖြင့် ပန်းလှုပြီ၊ မောလှုပြီ။

ယခုတဖန် ပုန်ကန်ထကြွသူမှာ ကွယ်လွန်သူ ကနောင်မင်း၏ သားတော် ပန်းတိမ်မင်းသား ဖြစ်လေသည်။ ပန်းတိမ်မင်းသားသည် လက်နက်လူသူ တိတ်တဆိတ် စုဆောင်းပြီးလျှင် ရွှေဘိုသို့ ခိုဝင်သွား၏။ ရွှေဘိုသည် ဘိုးလောင်းတော် အစဉ်အဆက်က 'အောင်မြေ' တည်း။ သူပုန်ထသူ မှန်သမျှ ရွှေဘိုတွင် အောင်မြေနင်းကြမြဲ ဖြစ်သည်။ သည်တော့ သူပုန်လက်သစ် 'ပူပူနွေးနွေး' ပန်းတိမ်မင်းသားသည် နောက်ပါ လူတစ်စုနှင့်အတူ ရွှေဘိုတွင် ဗိုလ်ဝင်ခံတော့သည်။

ပန်းတိမ်မင်းသား အရေးတော်ပုံတစ်ရပ် ရုတ်တရက် ပေါ်လာသည်မှာ ဤသို့တည်း။

နိုင်ငံတော်တွင် အရေးအခင်း တစ်ရပ် ကြုံလာလျှင် ကိုယ့်ထမင်းကိုယ်စား၍ စေတနာ့ဝန်ထမ်း 'ကောလဟလသတင်းလွှင့်' သူတွေ ပေါ်လာမြဲ ဖြစ်သည်။ ကောလဟလဆိုသည်ကား မှန်သည်လည်း ရှိ၏။ မဟုတ်မမှန် ချဲ့ကား ပြောသည်လည်းရှိသည်။ ပန်းတိမ်မင်းသား ပုန်ကန်ရခြင်းသည် ကောလဟလ သတင်းလွှင့်သူ တစ်ဦးတွင် အရင်းခံသည် ဆိုက မမှားချေ။

ကနောင်မင်း၏ တပ်သားများသည် မူလ ပထမတွင် ကနောင်မင်းဒဏ်ရာ ရသွားသည်ဟုသာ သိကြသည်။ ထို့ကြောင့် ယာယီစံနန်းတော်ရှိရာသို့ သွားကြ၍ ကနောင်မင်းကို မတွေ့။ နန်းမြို့ဖက်သို့ ဝင်လာသော အခါတွင် မြင်ကွန်းစား၏ တပ်နှင့် တိုက်ရကြောင်း ဖော်ပြခဲ့ပြီ။ ထိုသို့ ချီလာရာတွင် တပ်အချို့သည် အိမ်ရှေ့မင်း၏ မင်္ဂလာအိမ်တော်သို့ ရောက်လာကြသည်။

မင်္ဂလာအိမ်တော်၌ ထိုအချိန်က ကနောင်မင်း၏ သားတော်များဖြစ်သော ကြေးမြင့်မင်းသား၊ တောင်ဇင်းမင်းသား၊ တိုင်တားမင်းသား၊ ရွာသာမင်းသားတို့



ရှိနေသည်။ ဘယ်လိုအရေးအခင်းလဲဟု မင်းသားတို့က မေးသည်။ ဤတွင် တပ်သားတစ်ဦးက ဝင်လျှောက်သည်။ 'အိမ်ရှေ့စံ ကိုယ်တော်ကြီးအား လက်မောင်းတွင် ဒဏ်ရာနှင့် မင်းသား ၄ ပါးက ဝိုင်းညှပ်တွဲယူ၍ နန်းတော်တွင်းသို့ ခေါ်ယူသွားသည်ကို မြင်လိုက်ရသည်။ မိမိမှာ တစ်နေရာက ပုန်းကွယ် ချောင်းမြောင်းကြည့်၍ မြင်ရသည်။

ထိုသတင်းကား မမှန်သတင်း ဖြစ်၏။ သို့သော် သားတော်လေးပါးသည် သည်သတင်းကြောင့် ယမ်းပုံမီးကျ ဖြစ်ကြသည်။ ခမည်းတော် ကနောင်ကိုယ်တော်ကြီးကို ဘကြီးတော် မင်းတုန်းမင်းတရားအမိန့်နှင့် ဝင်ဖမ်းတာ ဖြစ်မည်ဟု တရားလွန် တွေးကြသည်။ တွေးစရာကလည်း ရှိသည်။ မင်းတုန်းကနောင် ညီတော် နောင်တော်နှစ်ပါးအကြား သဘောကွဲစရာကလေးများ မူလကပင် ရှိခဲ့သည်။ လက်နက်တွေ လုပ်နေသော ကနောင်မင်းကိုလည်း မင်းတုန်းမင်းက စိတ်မချဘူး မဟုတ်လား။ တောင်ဇင်းမင်းသားက 'အိမ်ရှေ့မင်းကို ဖမ်းပြီဆိုတော့ ယခုလို မနေသင့်ပြီ၊ တစ်ခုခုလုပ်မှ တော်မည်' ဟု ဆိုပြန်သည်၊ သည်တွင် အိမ်ရှေ့ အတွင်းဝန် ဦးသင်ကလည်း မင်းသားများက 'ကေရာဇ်ဘုရင်မင်းတရားကို ပုန်ကန်တော်လှန်'မှ ဖြစ်မည်ဟု အားပေးလျှောက်တင်နေပြန်သည်။

'ပြည်ထဲအရေး၊ ပေါက်နှင့်ကျေး'တဲ့။ အိမ်ရှေ့မင်းနှင့် ကေရာဇ်ဘုရင်မင်းမြတ်တို့၏ ဆက်ဆံရေးကလည်း သိပ်ကောင်းလှသော အခြေအနေ မဟုတ်။ ရှုပ်ရှုပ်ထွေးထွေး ရှိခဲ့သည်။ ယခုလို ဘုရင့်အမိန့်နှင့် ခမည်းတော် ကနောင်မင်းကို ဖမ်းသွားကြပြီဟု ကြားရသောအခါတွင် အိမ်ရှေ့စံ၏ သားတော်များ၊ သွေးသားဆွေဝေထကြွလာကြသည်။ ကနောင်မင်း၏ သားတော်လေးပါးသည် ချက်ချင်းပင် မိမိဖက်တော်သား နှစ်ရာခန့်နှင့် လက်နက်ရုံမှ တပ်သားခုနစ်ရာခန့်တို့ စုဝေး၍ စည်သာတံခါးမှ ရတနာသိဒ်(ရွှေဘို) သို့ ထွက်ချီကြတော့သည်။ အခြေအနေကို မစူးစမ်းဘဲ မြို့တော်မှ ခွာခဲ့ခြင်းသည် ပန်းတိမ်မင်းသား ပုန်ကန်မှု၏ အကြောင်း တစ်ချက် ဖြစ်ခဲ့တော့သည်။

ထိုအချိန်က ပန်းတိမ်မင်းသားသည် ညီတော်တို့နှင့်အတူ မရှိခဲ့ပေ။ ယာယီစံနန်းတော်တွင် ရှိနေသည်။ ပုန်ကန်မှု သတင်းကို ကြားသည်နှင့် လူဆင်းရဲ တစ်ဦးထံမှ အဝတ်များကို ပန်းတိမ်မင်းသားက တောင်းယူဝတ်ဆင်ပြီး စံနန်းတော် အပြင်သို့ မြောက်ဖက် ဝင်းတံခါးမှ ပုန်းကွယ်၍ ထွက်ခဲ့သည်။ စံနန်းတော်

www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ အရောက်တွင် အနောက်ပြင်ရှိ ခမည်းတော်၏ လက်နက်စက်ရုံဆီသို့ ထွက်ပြေးခဲ့ရ၏။ ထိုသို့ ထွက်ပြေးရာ၌ ပထမတွင် မန္တလေးတောင် အရှေ့ဘက် သီလရှင် ဇရပ်များကိုဖြတ်၍ တောင်ပေါ်သို့ တက်ပြေးခဲ့သည်။

တောင်ပေါ်အရောက်တွင် အနောက်ဖက် စောင်းတန်းမှ ဆင်းရသည်။ တောင်ခြေ၌ ကျီဝန်စာရေး မြင်းစီးလာသည်ကို တွေ့၍ မြင်းကို တောင်းစီးလာခဲ့သည်။ အနောက်ပြင်မှ လက်နက်စက်ရုံရှိရာသို့ ပန်းတိမ်မင်းသား မြင်းစီးလာခဲ့စဉ် စက်ရုံရှိ လုပ်သားတို့သည် ပန်းတိမ်မင်းသားကို မမှတ်မိကြချေ။ ထို့ကြောင့် တောင်ထားဝယ်ဗိုလ်မောင်တိုး ဖြစ်မည်ဟု ထင်လျက် သေနတ်ဖြင့် ပစ်မည်ကြံကြသေးသည်။ ပန်းတိမ်မင်းသား၏ ဦးရီးတော်သူ ကွမ်းရေတော်ကိုင် မောင်ပေတလူ ဆိုသူက 'ဟဲ့..... ဟဲ့ နေကြပါအုံး၊ ပန်းတိမ်ကိုယ်တော်လေးနဲ့ တူပါ့'ဟု ဆိုမှ မင်းသားအသက် ချမ်းသာရာရခဲ့သည်။

စက်ရုံတွင် လုပ်သား ၇၀ ခန့် ရှိနေသည်။ အရေးတော်က ဘယ်သို့တုန်းဟု ပန်းတိမ်မင်းသားက မေး၏။ 'ညီတော်ကြေးမြင့်မင်းသား၊ တိုင်တားမင်းသား၊ တောင်ဇင်းမင်းသား၊ ရွာသာမင်းသားတို့သည် နောက်ပါ နှစ်ရာနှင့်အတူ လက်နက်စက်ရုံသို့ ရောက်လာသည်။ စက်ရုံတွင် မှူလကနဦးရောက်ရှိနေသော လက်နက်ကိုင် ခုနစ်ရာနှင့် ပေါင်း၍ မတ္တရာမှ တစ်ဆင့် ရတနာသိမ်ခံ (ရွှေဘို) သို့ ချီလေပြီ။' ထိုသို့ လျှောက်တင်ကြသည်။

'အရေးတော်ဖြင့် ပေါ်လေပြီ။ ခမည်းတော် ကနောင်ကိုယ်တော်၏ ကံကြမ္မာကိုပင် သေချာစွာ မသိရ၊ ဘုရင်မင်းမြတ်က ဖမ်းတယ်ဆိုတာ ဟုတ်သလား။ မြင်ကွန်းစားတို့ကကော ဘာလုပ်ကြသလဲ မသိ၊ သည်အထဲ ညီတော်တို့က ရွှေဘိုသို့ ချီကြပြီ၊ သူတို့နောက်မှာ ကွပ်ကဲမည့်သူ မပါသွား၊ သည်တော့ အမြန် လိုက်မှ ဖြစ်မည်။ နောင်ခါလာနောင်ခါချေးပေါ့'

ပန်းတိမ်မင်းသားက ချက်ချင်းပင် အဆုံးအဖြတ်ပေးသည်။ ထို့ကြောင့် လက်နက်ရုံရှိ လုပ်သား ၇၀နှင့် နောက်ပါအများသည် ပန်းတိမ်မင်းသားနှင့်အတူ ရွှေဘိုသို့ လိုက်ကြသည်။ ဒီပဲယင်း စစ်ကဲဦးအုန်း၊ အိမ်ရှေ့မင်းသံတော်ဆင့် ဦးရွှေမောင်၊ ဦးမောင်ကလေးတို့လည်း ပါကြသည်။ သူတို့သည် ခရီးပြင်းနှင်ကြရာ ထိုနေ့ညဥ့်တွင်ပင် မတ္တရာသို့ ဝင်ကြသည်။ မတ္တရာတွင် အလျင်ရောက်နေသော ညီတော်များ၏ လက်နက်ကိုင်တပ်နှင့် ပေါင်းမိကြသည်။



ပန်းတိမ်မင်းသားနှင့် ညီတော်တို့သည် မတ္တရာမှ တစ်ဆင့် ရောဝတီမြစ် အနောက်ဖက်ကမ်းသို့ ကူးကြသည်။ ထိုမှနေ၍ ရွှေဘိုသို့ ခရီးပြင်းနှင်ကြသည်။ ရှိန်းမကားရွာတွင် ခေတ္တနား၍ ဆက်ချီကြရာ ရွှေဘိုအရှေ့ ဆင်နင်းအရပ်သို့ အရောက် အခြေအနေကို စနည်းနာကြသည်။ ဤတွင် ရွှေဘိုမြို့အုပ် မောင်တုတ် နှင့် မြေလတ်မြင်းတပ်ဗိုလ် မောင်တက်ပြားတို့သည် လူသူလက်နက် စုဝေး၍ မင်းသားတို့ကို ခုခံရန် ပြင်ကြလေသည်။

သို့သော် အချီးနှီးတည်း။ ရွှေဘိုကား အိမ်ရှေ့ကိုယ်တော်၏ နောက်ပါတို့ အင်အားကောင်းသော မြို့မဟုတ်လား။ ခုခံရန် ကြံသော မောင်တက်ပြားနှင့် မောင်တုတ်တို့ အပါအဝင် လူတစ်စုကို မြို့လူထုက ဖမ်းဆီးလိုက်၏။ ထို့နောက် ပန်းတိမ်မင်းသားတို့တပ်ကို 'မီးစိမ်း' ပြလိုက်သည်။ မင်းသားတို့သည် အခုအခံ မရှိဘဲ ရွှေဘိုကို ရလေသည်။

ယခုအခါတွင် ပန်းတိမ်မင်းသားသည် ရွှေဘိုမှနေ၍ လူစုရင်း ရွှေနန်းတော်ကြီးမှ သတင်းကို နားထောင်ရသည်။ ခမည်းတော် ကနောင်ကိုယ်တော်ကြီး လွန်လေပြီဟု သိရသောအခါ မုချ ပုန်ကန်ရန် ဆုံးဖြတ်တော့သည်။

သည်တပ်သားတို့ကား ခေသူများ မဟုတ်ကြ၊ မြင်ကွန်းစား သူပုန်တပ် သားများကို ရွှေနန်းတော်ကြီးမှနေ အဝေးသို့ မောင်းနှင်ထုတ်ရာတွင် တစ်တပ် တစ်အား ပါဝင်ခဲ့သူများ ဖြစ်သည်။ တိုက်ရည်ခိုက်ရည်ကောင်းသည်၊ တစ်စု တစ်ဝေးတည်း ရှိသည်။ ယခင်က ကနောင်မင်းအတွက် အသက်စွန့်ရန် ဒွန်မလေး သူများလည်း ဖြစ်ကြသည်။ ယခု မိမိတို့၏ အရှင် ကနောင်ကိုယ်တော်ကြီး မရှိပြီ။ သည်တော့ ကနောင်ကိုယ်တော်ကြီး၏ သားတော် ပန်းတိမ်မင်းသား၏ အမှုတော်ကို ထမ်းရတော့မည်။ ကနောင်မင်း၏ သစ္စာခံတပ်သားများသည် ထိုသို့ ဆုံးဖြတ်ကြသည်။ ဤသို့ဖြင့် ရွှေဘိုတွင် ဗိုလ်ဝင်ခံသော ပန်းတိမ် မင်းသားထံ၌ အင်အားတောင့်တင်းသော တိုက်ရည်ကောင်းတပ်များ ရရှိထားပြီ။

ပန်းတိမ်မင်းသားနှင့်အတူ ညီတော်များ ဖြစ်ကြသော တိုင်တားမင်းသား၊ တောင်ဇင်းမင်းသား၊ ရွာသာမင်းသားနှင့် ကြေးမြင့်မင်းသားတို့လည်း ရှိတော့ အင်အားက အပြည့်။ ထို့ပြင် ကနောင်မင်း၏ လက်စွဲတော်များ ဖြစ်ကြသော လက်နက်စက်ရုံမှ အလုပ်သမားများကလည်း မင်းသားများနှင့်အတူ ရှိနေကြရာ လက်နက်အတွက် မပူပင်ရ။ ကနောင်မင်းကို လေးစားချစ်ခင်ကြကုန်သော လက်

www.burmeseclassic.com

www.burmeseclassic.com



အောက်ခံ၊ မြို့ကျေးတို့ကလည်း 'ဖတဆိုး' မင်းသားများနှင့် လာ၍ပေါင်းကြသည်။ သည်သို့ဆိုလျှင် သူပုန်တပ်သားတို့အင်အားသည် ဘယ် 'သေး' လို့လဲ။ စောစော မြင်ကွန်းစား သူပုန်တပ်များ၏ ဒဏ်ကို ဖွတ်ဖွတ်ကျေအောင် ခံထားရသော မင်းတုန်းဘုရင့် တပ်မတော်သည် ပန်းတိမ်းမင်းသား၏ တပ်များကို ခံနိုင်ပါ့မလား စဉ်းစားစရာ ဖြစ်လာလေသည်။

ဒါတွေကို မစဉ်းစားနှင့်အုံး၊ ပန်းတိမ်းစားမင်းသားငယ်က ဘာဖြစ်လို့ ပုန်ကန်ရသတဲ့တုန်း၊ မရှူးမစမ်းဘဲနှင့် နေပြည်တော်က အမြန်ထွက်ပြီး ပုန်ကန်တာ တော်ရော့လား။ သည်မျှနှင့် ပုန်ကန်ရောတဲ့လား၊ တခြားအကြောင်းတွေ ရှိဦးမည် ကောန်၊ ဒါဖြင့် ဘာအကြောင်းတွေလဲ၊ အမေးရှိလျှင် အဖြေရှိချိမ့်မည်၊ 'ပန်းတိမ်း မင်းသားသည် မြင်ကွန်းကို အားကျပြီး သူပုန်ထတမ်း ကစားသတဲ့လား၊ သူပုန် ထတယ်ဆိုတာ လွယ်မှတ်လို့၊ ဒါနဲ့ ဘာဖြစ်လို့ ရတ်ရတ်သဲသဲ လုပ်ရသလဲ'။

စင်စစ်တော့ ပန်းတိမ်းစားတို့ဖက်က အကြောင်းခိုင်ခိုင်လုံလုံ ရှိသည်။ ယခုအခါ ခမည်းတော် ကနောင်မင်း မရှိတော့ပြီ။ သည်တွင် မိမိတို့အဖို့ နန်းနှင့် ဝေးပြီဟု ပန်းတိမ်းမင်းသား နားလည်သည်။ အစကတော့ အိမ်ရှေ့စံ ကနောင်မင်း နန်းရလျှင် သားတော်မိမိတို့က အိမ်ရှေ့စံဖြစ်ရမည်မလွဲ၊ ဖခမည်းတော် ကနောင်မင်း နတ်ရွာစံသော် မိမိတို့က ဘုရင် ဖြစ်ရမည် မလွဲ၊ သည်သို့ယုံ၍ သည်အ တွက်၍ ပုံသေကားချ မှတ်ထားကြသည်။ အချိန်ကို စောင့်ကြသည်။

ယခုသော် ခမည်းတော်ကနောင်မင်း နတ်ရွာစံလေပြီ။ ထိုအချိန်၌ ဘကြီး တော်မင်းတုန်းမင်းတရားသည် အိမ်ရှေ့စံမင်းနေရာအတွက် သူ့သားတော် မင်း သားကြီး တစ်ပါးပါးထဲမှ ရွေးရတော့မည်။ မက္ခရာလား၊ သုံးဆယ်လား၊ ညောင်ရမ်း လား၊ သည်မင်းသားတွေထဲက တစ်ပါးပါးသည် အိမ်ရှေ့နန်းနှင့် ပြေးမလွတ် တော့ပြီ၊ ထိုအခါတွင် မျက်နှာငယ်လှသော 'ဖတဆိုး' ကလေးများ ဖြစ်ကြသည့် မိမိတို့အဖို့ နန်းပလ္လင်သည် အိပ်မက်ထဲမှာပင် ရှိတော့မည် မဟုတ်။

သည်တော့ ဘာလုပ်မလဲ၊ သူပုန်ထရုံဘဲ ရှိတော့သည်။ ပုန်ကန်ထကြွပြီး နန်းတော်ကို အရသိမ်းယူမှသာ ဖြစ်တော့မည်။ သို့မဟုတ်လျှင် ရွှေဘုံထီးနန်း အပုံကြီး ကွာရော့မည်။

သည်သို့သော အတွေးဖြင့် ပန်းတိမ်းမင်းသားသည် ရွှေဘိုတွင် လက်နက်ရ သူ အစုအဝေးနှင့် အကြံကြီး ကြံနေခြင်း ဖြစ်သည်။ မိမိ အကြံဟန်လုပြီး



မင်းသားက မျှော်မှန်းနိုင်လေသည်။ ကြည့်ပါလား၊ ညီတော်တွေလည်း တစ်ပါတည်း ဝင် ဖဝါးမကွာ လိုက်လာသည်။ ခမည်းတော် ကနောင်မင်း၏ တပ်များလည်း အတူပါလာသည်။ လက်နက်တိုက်သားတို့ကလည်း 'ကိုယ်တော်လေး' ချီရာမှာ နောက်ပါးကမပြတ် လိုက်လာကြသည်။ ဒါတင်ပဲလား၊ ခမည်းတော် ကနောင်မင်း သား စားရသော မြို့၊ ကျေး၊ ဒေသများမှ လက်အောက်ခံ အကြီးအကဲတို့ကလည်း ရာစု၊ ထောင်စုနှင့် ဝင်လာနေကြပြီ။

ပန်းတိမ်းမင်းသားတို့ထံ၌ 'လက်နက်ကယ်စုံအညီနှင့်' ဖြစ်နေပြီ၊ သည်တော့ မင်းတုန်းမင်းတရားအဖို့ 'ခက်ဖွယ်ရယ်ကြုံ' ဖို့သာ ပြင်ပေရော့။

ပန်းတိမ်းမင်းသားသည် ရွှေဘိုတွင် ဗိုလ်ဝင်ခံနေရာမှ မိမိ၏ သူပုန်တပ် ကို စနစ်တကျ ဖွဲ့စည်းလေသည်။ ဒီပဲယင်းသည် မိမိခမည်းတော်၏ သစ္စာခံ မြို့ဖြစ်၏။ ယခုအခါတွင် ဒီပဲယင်းမြို့ဝန် ဦးမှန်းသည် ပန်းတိမ်းမင်းသားထံ နောက်လိုက်နောက်ပါနှင့် တစ်စုတစ်ဝေးတည်း သစ္စာခံလာသည်။ ပန်းတိမ်း မင်းသားက ဒီပဲယင်း မြို့ဝန် ဦးမှန်းကို မိမိ၏ တပ်မတော်အတွက် အဂ္ဂမဟာ သေနာပတိဘွဲ့နှင့် ဗိုလ်ချုပ်ခန့်သည်။ ဗိုလ်ချုပ်ဦးမှန်း၏ တပ်များသည် ရှိမ်းပကား ရွာတွင် စခန်းချ၍ နေသည်။ ပဉ္စာလမြို့ဝန် ဦးအောင်မြတ်ကိုမူ လက်ျာဝင်းမှူးခန့်၍ သူပုန်တပ်ဖွဲ့ကို ဦးစီးစေလျက် မတ္တရာ၊ ကပိုင်၊ တောင်ပြုံးအထိ တရှိန်ထိုး ချီ စေသည်။ ဒီပဲယင်းစစ်ကဲ ဦးအုန်း၏ တပ်များသည် မင်းကွန်းအထိ လည်း ကောင်း၊ စည်ပုတ္တရာဗိုလ်ဟောင်း၏ တပ်များသည် စစ်ကိုင်းအရောက် လည်း ကောင်း၊ ချီတက်လာလေပြီ။ ပုဂံ၊ စလေနှင့် တောင်တွင်းကြီးမြို့များသည် ယခင်က ကနောင်မင်း၏ သစ္စာခံနယ်မြေများ ဖြစ်ခဲ့သည်။ ယခု ထိုဒေသမှ ဘက်တော်သား များကို တပ်ဖွဲ့ပေးလိုက်၏။ ယင်းတပ်များသည် 'ပလိပ်' အထိ ရောက်လာခဲ့သည်။ ပန်းတိမ်းမင်းသားဘက်မှ 'တပ်ထောင်ရာ ဗိုလ်ထုနှင့်' လှုစု၍ ချီလာပြီ၊ မင်းတုန်းမင်းတရားအသို့ ခံအံ့နည်း။

မင်းတုန်းမင်းတရားသည် သူ့သားတော်ကြီးများကိုသာ အားကိုးဖွယ် မြင်တော့သည်။ ညီတော်ကနောင်မင်းရဲ့ သားဆိုးတွေကဖြင့် 'မိုက်စထောင်ထောင်၊ မိုက်မှောင်ထိပ်သီး၊ မိုက်ကြီးမိုက်၍' နေချေပြီ။ နေပြည်တော်ကို အဖျက်ဖက်မှ ဝိုင်း၍ ခြိမ်းလား ခြောက်လား လုပ်နေကြပြီ။ သည်တော့ 'သားတော်ကြီးများ ဖြစ်ကြတဲ့ မက္ခရာမင်းသား၊ သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသားတို့ရဲ့ ကြံကြ

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါအုံးကွယ့်၊ ညီတော်သားတွေကဖြင့် သူပုန်ဘဏ်နဲ့ ဂုဏ်ခံနေကြပြီ၊ သည်အရေးကဖြင့် စိတ်မအေးစရာပေပ၊ ကဲ..... ဘယ့်နှယ် လုပ်ကြမှာတုန်း၊ ကြံကြစမ်းပါအုံးတော့..... ’

သူပုန်တပ်များကို ရင်ဆိုင်ရန် ဘုရင့်တပ်မတော်ကို နေရာဌာနအသီးသီး ခွဲ၍ ချထားရသည်။ ‘ပလိပ်’ တွင် မက္ခရာမင်းသားက လည်းကောင်း၊ နေပြည်တော် အနောက်ဖက် ‘ချမ်းသာရဘုရား’ အနီးတွင် ညောင်ရမ်းမင်းသားက လည်းကောင်း၊ တပ်အသီးသီးဖြင့် ချရပ်နေရာယူသည်။ ရှေ့ဝင်းမှူးတပ်သည် မတ္တရာသို့ လည်းကောင်း၊ လက်ဝဲဝင်းမှူး၏ တပ်သည် ရွှေကြက်ယက်တောင်ပေါ်တွင် လည်းကောင်း အသီးသီး ချီတက် စခန်းချနေရသည်။

ကဲ..... သူပုန်တပ်ကို ရင်ဆိုင်ဖို့ တပ်အသီးသီးကို နေရာယူစေပြီးပါပြီ။ ‘မလိမ်မိုး မလိမ်မာ’ မင်းသားကလေးတွေကို စစ်တပ်နှင့် ဖိ၍ ခြေမှုန်းလို့ သင့်ပါမလား။ သူတို့၏ခမည်းတော်ဖြစ်သူ ပြီးတော့မိမိ၏ ညီတော်သူ ကနောင်မင်း ကျဆုံးသွားသည်မှာ ဘာမျှ မကြာသေး၊ ဖတဆိုး မင်းသားကလေးတွေအပေါ် စစ်တိုက်ပြီး အနိုင်ယူရန်ကား မင်းတုန်းမင်းတရား ဆန္ဒမရှိ၊ သည်အရွယ် မင်းသားမိုက်ကလေးတွေအပေါ် နိုင်ရလို့ကော ဘာအကျိုးရှိမည်နည်း၊ မင်းတရားသည် ထိုသို့ တွေးသည်။

သည်တော့ ကနောင်မင်းနှင့်ရင်းသူ၊ ရဟန်းရှင်လူ ပုဂ္ဂိုလ်များကို ရှာသည်။ သို့ဖြင့် ‘တောင်ဆရာတော်၊ ပခန်းဆရာတော်၊ စလင်းဆရာတော်၊ မတ္တရာဆရာတော်’ တို့ကို ရွှေဘိုသို့ လွှတ်သည်။ ‘တူတော်မောင်မင်းသားတို့ နေပြည်တော်သို့ ပြန်လာခဲ့ကြ၊ သူပုန်ရန်နှင့်ဂုဏ်ခံနေ၍ မသင့်တော်ပြီ၊ ဖြစ်ပြီးသမျှကို ခွင့်လွှတ်မည်။ နေပြည်တော်မှာ အေးချမ်းသာယာစွာ လာရောက်စံစားနေတော့’ ဟု မှာရ၊ ကြားရ၊ စေရ၊ ပြောရလေသည်။

သို့သော် ပန်းတိမ်းမင်းသားနှင့် ညီနောင်တို့ကား ဘုရင်မင်းမြတ် စကားကို မယုံနိုင်ပြီ။ သူတို့သည် သည်နည်းဖြင့်တော့ အလျှော့ပေးကြမည် မဟုတ်၊ ‘ရေဆုံးမြေဆုံး’ လိုက်မည်ဟု ဆုံးဖြတ်သည်။ သို့နှင့် ဘကြီးတော် မင်းတရား၏ ရွှေပြည်အေးတရားတော်ကို မင်းသားတို့က ခပ်ထယ်ထယ် ငြင်းလွှတ်ကြလေသည်။

သည်တော့ ရှောင်မရသည့် ပြည်တွင်းစစ်ပွဲကို နွဲကြရသည်။ တိုက်ကြသည် ဆိုလျှင်ပင် သူပုန်တပ်သားတို့သည် မြားပစ်သလို ဒလကြမ်း ချီကြသည်။ ဘုရင့်



တပ်မတော်သားတို့မှာ သူပုန်တို့အားကို မခံနိုင်၊ အထူးသဖြင့် ‘တိုက်ရည်ဝပြီး’ ဖြစ်သော ကနောင်မင်း၏ တပ်သားများသည် မင်းတုန်းမင်းတရား၏ တပ်များကို ထိထိရောက်ရောက် ထိုးနှက်နိုင်စွမ်း ရှိခဲ့သည်။ အခြေအနေမှာ မကောင်းလှ၊ ဘုရင့်တပ်မတော်သည် နေရာတိုင်းမှာ ဆုတ်နေရသတဲ့၊ သည်တော့ ဘယ့်နှယ် လုပ်ကြပါ့မလဲ။

မင်းတုန်းမင်းတရားသည် စိတ်ဓာတ်အင်အား ပျော့ညံ့လာသလား မသိ၊ သူပုန်တို့ကို ကြာရှည်ရင်ဆိုင်ရန်ပင် စိတ်မကူးချင်တော့ပြီ။ သည်လောက်တောင် ‘နန်းပလ္လင်’ ကို တူတော်မောင် မင်းသားတို့က လိုချင်ကြသတဲ့လား။ ဘုရင်မင်းတရားကြီးက ပလ္လင်ပေါ်က ဆင်းပေးလိုက်ရင် သည်ရန်စွယ်တွေ အေးရော့မလား။ ပြည်သူတို့မှာ မပြီးမဆုံးနိုင်တဲ့ စစ်ပွဲတွေနှင့် ရင်ဆိုင်နေရပြီ၊ စစ်ကြောင့် ပြည်သူတို့လည်း ပန်းလှပြီ၊ ပြည်သူတို့လည်း ‘မနာ’ ရအောင်၊ တိုင်းပြည်လည်း ‘သာ’ စေရအောင် မင်းသားတို့အလိုလိုက်ပြီး ထီးနန်းကို အပ်လိုက်ရင် ဘယ့်နှယ်လဲ၊ တော်ပမလား။

မင်းတုန်းမင်းတရားသည် မိဖုရားခေါင်ကြီးနှင့် တိုင်ပင်လေသည်။ မိဖုရားခေါင်ကြီးမှာ မင်းတုန်းဘုရင်၏ လေသံကို ကြားရသော် ခေါင်းနပမ်းကြီးသွားမည် ဧကန်၊ ဘယ့်နှယ်တစ်ခါမှ မကြားဘူးသည့် ကိစ္စပါလား။ သူပုန်တွေက နေပြည်တော်ကို လာဝိုင်းသည်နှင့် နန်းအပ်လိုက်ရမတဲ့။ သည့်အတိုင်းသာဆိုလျှင် ရှင်ဘုရင် ညံ့ရာကျတော့မည်။ ရှင်ဘုရင် ညံ့တာက အရေးမကြီးဘူးပဲ ထားပါအုံး၊ မင်းသားမိုက်တွေ လက်ထဲ ထီးနန်းအပ်လိုက်ရလျှင် မိမိတို့ မိဖုရားတွေရဲ့ ဘဝ၊ ဘယ့်နှယ် ဖြစ်သွားမလဲ။ မလောက်လေး မလောက်စား မင်းသားငယ်တွေကို ‘လင်’ ပြုရကောင်းမည်လား။ သူတို့ လက်ခုပ်ထဲကရေ ဖြစ်တော့မည် ဆိုလျှင် ကျောကော့အောင် ခံပေရော့၊ စံဖို့တော့ မမြင်ပြီ။ မြောက်နန်းက ရှင်သဲတို့၊ အလယ်နန်း မိဖုရားတို့ ဝိုင်းဝန်းပြောကြအုံးမှ တော်တော့မည်။ ထို့ကြောင့် မိဖုရားခေါင်ကြီးသည် မိဖုရားခင်သဲနှင့် အလယ်နန်းမိဖုရားတို့အား တိုင်ပင်သည်။

မိဖုရားခေါင်ကြီးသည် ဗေဒင် နက္ခတ်တို့၌ တစ်ဖက်ကမ်းခတ် တတ်သည်။ မိဖုရားခင်သဲကလည်း ဗေဒင်အရာမှာ ငယ်စဉ်က ကျွမ်းခဲ့သူ ဖြစ်သည်။ နန်းတော်တွင်းရှိ ဟူးရားဖြူ၊ ဟူးရားညို၊ ဗေဒင်ပညာရှိ အပေါင်းလည်း မင်းတရား၏

www.burmeseclassic.com

www.burmeseclassic.com



ဓာတာတော်ကို စစ်ဆေးကြသည်။ မိဖုရားများတွက်သည့် ဗေဒင်က သည်စစ်ပွဲတွင် မင်းတုန်းမင်းတရားကြီး မုချ ဧကန်နိုင်လိမ့်မည်ဟု ဟောသည်။ ပုဏ္ဏားတော်တွေကလည်း ဘဝရှင် မင်းတရားသည် သူပုန်မင်းသား ပေါက်စနလေးတွေကို အလွယ်နှင့် အောင်မြင်မည် မလွဲဟု ရဲရဲကြီးဟောကြ တင်ကြလေသည်။

မိဖုရားတွေ တွက်သည့် ဗေဒင်ဟောစာတန်းကို မင်းတုန်းဘုရင်ကြီး အားကိုးဟန် ရှိသည်။ ဘုရင်မင်းမြတ်သည် သူပုန်မင်းသားတို့ထံ၊ လက်မြှောက်အလျှော့ပေးမည့် စိတ်ကို မောင်းထုတ်လိုက်ပြီ၊ ရဲရဲကြီး ရင်ဆိုင်ရန် ပြင်လေသည်။ မက္ခရာမင်းသားကို ဗိုလ်ချုပ်ခန့်လျက် ပန်းတိမ်းမင်းသား၏ တပ်များကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် စီစဉ်ရတော့သည်။

ဗေဒင်သည် မှန်ပါ၏။ ယခုတစ်ကြိမ်တိုက်သည်တွင် မက္ခရာမင်းသား၏ တပ်များနှင့် ရင်ဆိုင်တိုင်း ပန်းတိမ်းမင်းသား၏ တပ်များ ရှုံးကြသည်။ သူပုန်မင်းသားတို့သည် အောင်ပွဲရကာနီးမှ နောက်ကြောင်းပြန်ဆုတ်ကြရသည်။ ဘုရင်မင်းတရား၏ ဆုံးဖြတ်ချက်သည် အဖြေပေါ်လေပြီ။ တော်သေးရဲ့ မိဖုရားတွေ ဗေဒင်ဝိုင်းတွက်ပေးလို့သာ မင်းတရားသည် 'ပလ္လင်တစ်လုံး' မဆုံးဘဲ ရှိခဲ့သည်။ မိဖုရားတွေ ကယ်ပေလို့သာပေါ့။ ကံကောင်းလှသည်၊ တိုင်းပြည် မှောက်တော့မလို လက်နှစ်လုံးသာ လိုတော့ပြီ မဟုတ်လား။

သူပုန်တို့သည် နေရာတိုင်းတွင် အရေးနိမ့်ကြပြီ၊ မက္ခရာမင်းသားနှင့် တပ်ဗိုလ်၊ တပ်မှူးတို့၏ အရည်အသွေးကလည်း ပြောင်သည်၊ ကြိုးစား၍လည်း တိုက်ကြ ခိုက်ကြသည်။ ထို့ကြောင့် ပန်းတိမ်းမင်းသားနှင့် ညီတော်တိုင်တားမင်းသား၊ တောင်ဇင်းမင်းသားတို့ကိုပါ ဘုရင့်တပ်မတော်သားတို့က လက်ရဖမ်းမိသည်အထိ ဘုရင့်တပ်မတော်က အောင်ပွဲရလေသည်။

အခြေမလှတော့ပြီ ဖြစ်၍ သခ်တောရွာမှ မြစ်အရှေ့သို့ ကူးမည် ပြုနေသော ပန်းတိမ်းမင်းသားကို မိုးညှင်းငါးမြို့ဝန်၏ တပ်များက ဖမ်းမိသည်။ ပန်းတိမ်းမင်းသားကို ဗိုလ်ချုပ် မက္ခရာမင်းသားထံသို့ ပို့ပေးလိုက်၏။ ပန်းတိမ်းမင်းသား၏ ညီတော်များဖြစ်သော တိုင်တားမင်းသား မောင်သန့်၊ တောင်ဇင်းမင်းသား မောင်မြင့်တို့ကိုလည်း ဖမ်းမိကြသဖြင့် အကျဉ်းချထားလိုက်ရသည်။ သို့ဖြင့် ပန်းတိမ်းမင်းသား ပုန်ကန်မှုကြီး ချုပ်ငြိမ်းသွားရလေသည်။



'တစ်ဂုဏ်ခံကြ' သော သူပုန်ရန်တို့ဖြင့် အေးလေပြီ။ နိုင်ငံတိုင်းကားကို နေသားတကျ ပြုရဦးတော့မည်။ သွေးချောင်းစီးခဲ့သော ပြည်တွင်းစစ်ပွဲ၌ ပြည်သူတို့ နွမ်းနယ်ပန်းလျကြရပြီ။ စီးပွားကုန်သွယ်မှုများ ပျက်ခဲ့ပြီ။ ကျေးရွာ၊ မြို့နယ်အအုပ်အချုပ် အစီအမံများလည်း ဖရိုဖရဲဖြစ်ခဲ့ရပြီ။ ဘုရင်နှင့်တူတော်၊ သားတော်တို့အကြား ဖြစ်ပေါ်ခဲ့သော အာဏာလုပွဲများတွင် ပြည်သူတို့ အနာကြီးနာခဲ့ကြရသည်။ ကျွဲနှစ်ကောင်ခတ်သည့် ကြားတွင် မြေဇပင်သည် အသို့လျှင် ခံနိုင်ပေမည်နည်း။

၂

မင်းတုန်းမင်းတရားသည် ညီတော် အိမ်ရှေ့စံ ကနောင်မင်း၏ ဈာပနကို ကောင်းမွန်ခံ့ထယ်စွာ သဂြိုဟ်လေသည်။ အိမ်ရှေ့မင်း၏ အလောင်းတော်ကို စံနန်းတော် 'ဆောင်မတော်'တွင် ခေါင်းသွင်း၍ ထားသည်။ ထီးဖြူ ဝဲယာ လေးစင်းစီနှင့် အဆောင်အရွက်၊ အစောင့်အနေများ စုံလင်စွာထားသည်။ တစ်ချိန်တည်းမှာကျဆုံးကြရှာသော ကနောင်မင်း၏ သားတော်များဖြစ်သည့် မလွန်မင်းသား၊ ပြင်စည်မင်းသား၊ စကုမင်းသားတို့ ရုပ်ကလာပ်ကိုလည်း မင်းသားမယ်တော်တို့ အိမ်တွင်ကျနစွာထားရှိပြီး ဝဲယာ ထီးဖြူနှစ်စင်းစီ စိုက်ထူခွင့်ပြုလျက် ကောင်းမွန်စွာ သဂြိုဟ်ရန် အမိန့်မှတ်သည်။ ညီတော် အိမ်ရှေ့စံမင်းကား ကံကုသိုလ်ဆိုးရှာသည်။ ညီတော်၏ သားတော်များလည်း ကုသိုလ်ဆိုးကြရှာသည်။ သေလွန်သူတို့ကို သူတို့ဂုဏ်သိက္ခာနှင့်အတူ သဂြိုဟ်ကြပါလေ၊ အဆောင်အရွက်၊ အစီအမံ၊ မချွတ်ယွင်းကြစေနှင့်၊ ကျန်ရစ်သူများကိုလည်း စောင့်ရှောက်ကူညီကြ၊ မျက်နှာမငယ်ကြစေနှင့်။ လိုအပ်သည်ထင်သမျှကို ရွှေတိုက်တော်မှ ထုတ်ယူထောက်ပံ့သမှု ပြုကြ၊ သည်အမှုတွင် မလစ်လပ်ပါစေနှင့်၊ ပေါ့ပေါ့ဆဆ မရှိကြလေနှင့်။

ကနောင်မင်းလည်း မိန်းမများများယူရန် ဝါသနာကြီးသူ ဖြစ်သည်။ သူကျဆုံးသောအခါ မိဖုရားနှင့် ကိုယ်လုပ်တော် မိဖုရားငယ်များ စုစုပေါင်း ၅၀ ကျော် မုဆိုးမ ဖြစ်ကုန်သည်။ ယင်းတို့မှ သားတော် ၅၃ ပါးနှင့်သမီးတော် ၅၁ ပါး စုစုပေါင်း သားတော် သမီးတော် ၁၀၄ ပါး ကျန်ခဲ့၏။

မင်းတုန်းဘုရင်မင်းမြတ်သည် သဘောထား ကြီးကြီးထားခဲ့သည်။ တကယ်ဆိုလျှင် ပုန်ကန်တော်လှန်သူတို့ကို ဖမ်းမိသောအခါ ထုံးစံနှင့်အညီ စီရင်မြဲပေပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံနှင့်အညီ ဆိုရာ၌ အပြစ်အလျောက် အဆုံးစီရင်ခြင်း ဖြစ်သည်။ ပန်းတိမ်းမင်းသားကဲ့သို့ ဘုရင်မင်းမြတ်အား အံတုပုန်ကန်ခဲ့သူတို့ကို ချက်ချင်း အဆုံးစီရင်ရန်သာ ရှိသည်။ သို့သော် မင်းတုန်းဘုရင်မင်းမြတ်က အဆုံးမစီရင်ခဲ့ပေ။ ညီတော် အိမ်ရှေ့စံ မျက်နှာကို ထောက်ရမည်။ ခွေးကို ရိုက်ချင်ပေမယ့် ခွေးရှင်မျက်နှာ ကြည့်ရဦးမည် မဟုတ်လား။ သည်တော့လည်း အိမ်ရှေ့စံ၏ သားတော် ပန်းတိမ်းမင်းသားနှင့် အပေါင်းပါမင်းသားတို့ကို သင့်တင့်သော အစောင့်အကြပ်များနှင့် ထိန်းသိမ်းထားလိုက်စေသည်။ တစ်နေ့တွင် တူတော်မင်းသားတို့ နောင်တရလိမ့်မည်။ ထိုသို့ နောင်တရလာမည့် အချိန်ကို စောင့်မည်။ မင်းသားငယ်တို့ကို ကောင်းစွာ ပြုစုစောင့်ရှောက်ရန် မိန့်သည်။ မင်းတုန်းဘုရင်မင်းမြတ်က ဆို၏။ 'ညီတော်ရဲ့ သားတော်တွေ နောင်ကြဉ်လာကြလိမ့်မပေါ့၊ သူတို့ကို အစောင့်အရှောက်နဲ့ထား မနာမကျင်အောင်ပြု၊ သက်သက်သာသာ ရှိပါစေ'

ပန်းတိမ်းစားတို့ကကော နောင်ကြဉ်လာကြရဲ့လား၊ ပြုမိမှားမိတဲ့ အပြစ်ကို မြင်လာကြသတဲ့လား၊ ဝေးသေးတော့သည်။ ပန်းတိမ်းစားမင်းသားသည် ဒုတိယအကြိမ် ပုန်ကန်ရန် ကြံစည်ပြန်သည်။ ယခုတစ်ကြိမ်တွင် ပန်းတိမ်းစားသည် နှမတော် ရန်အောင်မြင်မင်းသမီးနှင့် ပေါင်း၍ ကြံလေသည်။ ရန်အောင်မြင်မင်းသမီးကား ကနောင်မင်း၏ ကိုယ်လုပ်တော် ဖြစ်သူ 'မြောက်ဆောင်ရှင်ကျေး' မှ ဖွားမြင်သူ ဖြစ်၍ ပန်းတိမ်းစားနှင့် မောင်နှမအရင်းတော်သည်။ မင်းတုန်းမင်း၏ အားအကိုးရဆုံး သားတော်ကြီး သုံးဆယ်မင်းသား၏ ကြင်ယာတော်လည်း ဖြစ်သည်။ သုံးဆယ်မင်းသား၏ မျက်နှာကိုမျှ မထောက်၊ မသင့်မတော် ကြံလေပြီ။ အစ်ကိုတော် ပန်းတိမ်းမင်းသားနှင့် ပေါင်းပြီး နန်းပလ္လင်ကို လုပ်ကြံသတဲ့၊ မအပ်မရာ လုပ်ကြပြန်ပါပကော။

ယင်းလုပ်ကြံမှု ပေါ်ပေါက်လာသောအခါတွင် လွှတ်တော်က အမှန်အကန် ဖြစ်အောင် စစ်ဆေးသည်။ ထို့နောက် ပန်းတိမ်းမင်းသား၊ ရန်အောင်မြင်မင်းသမီးနှင့် အပေါင်းအပါ တိုင်တားမင်းသား၊ တောင်ဇင်းမင်းသား၊ တောင်ပုံမင်းသားတို့ကို 'ထုံးစံနှင့်အညီ ကွပ်မျက်စေ' ဟု လွှတ်တော်က စီရင်လေသည်။ သူပုန်တို့နှင့် အတူ စီရင်မည့်သူတို့တွင် တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ဖြစ်သူ မိန်းမစိုး မောင်ဖိုးဦးနှင့် မောင်ခိုင်တို့ကိုပါ တစ်ပါတည်း ကွပ်မျက်ရန် အမိန့်ချခဲ့သည်။



အမှန်ဆိုသော် လွှတ်တော်၏ စီရင်ချက်ကို ဘုရင်မင်းမြတ်က အတည်ပြုရမည် ဖြစ်သည်။ ထို့ပြင် တရားခံတို့ကလည်း ဘုရင်မင်းတရားထံသို့ အယူခံဝင်ခွင့်ရှိသည်။ ပန်းတိမ်းမင်းသားနှင့် အပေါင်းပါကို့အား ကွပ်မျက်ရန် အမိန့်ကို မိဖုရားကြီး ခင်သဲမှတစ်ဆင့် ဘုရင်မင်းမြတ်ထံ အယူခံဝင်ပါသည်။ သို့သော် မင်းတုန်းဘုရင်ထံမှ အဖြူအမဲ အဖြေပေးသော တရားဝင် အမိန့်တော်သည် အချိန်မီ ထွက်မလာခဲ့ပေ။ ဘယ်သို့ ဖြစ်လေသနည်း၊ အမိန့်တော်သာ အချိန်မီ မလာခဲ့သော် မင်းသားတို့၏ ကံကြမ္မာမှာ တွေးဝံ့စရာ မရှိတော့ပြီ။

သည်အကြောင်းကို နေပြည်တော်ရှိ အင်္ဂလိပ်သံအမတ် ကပ္ပတိန် စလေဒင်က ကြား၏။ မင်းသားတို့ အသက်ကယ်ခွင့် ကြုံရပါစေဆိုသော ဆန္ဒမွန်ဖြင့် စလေဒင် သည် နန်းတော်သို့ ဝင်လေသည်။ သူသည် မြင်းစီးလာစဉ် လမ်းတွင် သေဒဏ်ခံ မင်းသားတို့နှင့် တိုးမိ၏။ သူသတ်ကုန်းသို့ မင်းသားတို့ကို ခေါ်ဆောင်သွားခြင်းဖြစ်သည်။ တောင်စွယ်တွင် နေကွယ်လျှင် မင်းသား မင်းသမီးတို့ကို ဘဝတစ်ပါးသို့ ခပ်သုတ်သုတ် ပို့ပေးရတော့မည်။

ကပ္ပတိန် စလေဒင်သည် သေဒဏ်ခံ မင်းသားတို့ကို တွေ့ရသည်နှင့် သူ့မြင်းကို ဒုံးစိုင်းတော့သည်။ နန်းတော်သို့ ဝင်စဉ်ဝယ် ကပ္ပတိန် စလေဒင် ကံကောင်းသည်။ ဘုရင်မင်းမြတ်၏ ညီလာခံချိန်နှင့်တိုးနေလေသည်။ စလေဒင် သည် လိုရင်းကို အမြန်တင်လေသည်။

'မင်းသားတို့သည် ဘုန်းတော်ကြီးမြတ်သော ဘုရင်မင်းတရားကို အံတုဝံ့တော့မည် မဟုတ်ပါ၊ သူတို့ အန္တရာယ်သည် မကြီးမားတော့ပါ၊ မင်းသားတို့ အသက်ကို သဘောထားကြီးစွာဖြင့် ခွင့်လွှတ်သနားတော်မူပါတော့'

မင်းတုန်းဘုရင်မင်းမြတ်သည် အမိန့်တော်ကို ချက်ချင်း မှတ်သည်။ ရှေ့နောက် မျှော်ခေါ်တွေးရှုတတ်သော ဘုရင်၊ အတွေ့အကြုံ ရင့်ကျက်နေသော ဘုရင်၊ အကျိုးတရားနှင့် အကြောင်းတရားကို ဆင်ခြင်တတ်သော ဘုရင်၊ ဤဘုရင် မင်းမြတ်သည် သဘောထားကြီးမြတ်ကြောင်းကို ဆက်လက်ပြတော်မူသည်။ 'သေဒဏ်ခံ သူပုန်မင်းသားနှင့် အပေါင်းအပါတို့ လွှတ်စေ'

အင်္ဂလိပ်သံကြီး၏ တင်လျှောက်ချက်ကို မင်းတရားကြားပြီးနောက် ထိုသို့ အလိုလိုက်ခဲ့သည်။ သံအမတ်ကြီး တင်လျှောက်ချက်ကပဲ လက်ခံစဉ်းစားဖွယ် ဖြစ်နေလို့လား၊ သို့မဟုတ် အင်္ဂလိပ်သံအမတ်ကြီးနှင့် အရှည်ဆက်ဆံရေး

www.burmeseclassic.com

www.burmeseclassic.com



ကို မျှော်တွေးသည့်အတွက်ပဲ အလိုလိုက်သည့် အမိန့်တော်ကို ဘုရင်မင်းမြတ်က ချမှတ်လိုက်လေသလား၊ သေချာစွာဖြင့် မသိနိုင်ပြီ။ မည်သို့ပဲဖြစ်စေ သေဒဏ်ခံ မင်းသားတို့ အသက်မသေဘူးဆိုတော့ သာဓုကျယ်ကျယ် ခေါ်ရတော့မည်။

သို့သော် သာဓုသုံးကြိမ်ခေါ်ခွင့် မကြုံပါ။

မင်းသားနှင့် အပေါင်းပါတို့ကို သေဒဏ်မှ လွှတ်စေဆိုသည့် အမိန့်စာချွန်တော်ကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင် တံဆိပ်ခပ်နှိပ်၍ ချက်ချင်းထုတ်ပေးပါ၏။ စလေဒင်ကလည်း ဘုရင့်အမိန့်စာချွန်ကို ယူ၍ မြင်းကို ဒုံးစိုင်းလျက် သူသတ်ကုန်းသို့ အပြေးသွားပို့ပါ၏။ ပန်းတိမ်မင်းသားကြမ္မာ ဆိုးရှာသည်။ စလေဒင်၏ မြင်းသည် သူသတ်ကုန်းပေါ်သို့ ပြေးတက်သွားသောအခါ ပန်းတိမ်မင်းသားကို လက်မရွံ့ ပါးကွက်အာဏာသားတို့က အဆုံးစီရင်ပြီး ဖြစ်နေပြီ။ ကျန်မင်းသားများနှင့် ရန်အောင်မြင် မင်းသမီးသာလျှင် မင်းတုန်းမင်းတရားကြီး၏ အမိန့်စာချွန်ပါ အခွင့်အရေးကို ခံစားခွင့် ရလေတော့သည်။

ပန်းတိမ်မင်းသားကို ကွပ်မျက်ပြီးပြီ။ ကျန် မင်းသားမင်းသမီးတို့ကို အပြစ်မှ လွှတ်ပြီးပြီ။ သို့သော် မင်းသားတစ်ပါး ကျန်နေ၏။ ကြေးမြင့်မင်းသားတည်း။ ဤမင်းသားကား ပန်းတိမ်မင်းသား ပုန်ကန်မှု ပြီးငြိမ်းသွားစဉ်က တောတောင်အထပ်ထပ်သို့ ရှောင်ရှားနေခဲ့သည်။ သူ့ကို ဖမ်းဆီးရန်အတွက် တပ်မတော်များစေသော်လည်း မမိခဲ့။ တစ်နေ့တွင် ကြေးမြင့်မင်းသား၏ အလောင်းတော်ကို နေပြည်တော်ရှိ ပုသိမ်ကျောင်းတိုက်အတွင်း ဇရပ်တစ်ဆောင်၌ တွေ့ရ၏။ တောတောင်ထဲတွင် ငှက်ဖျားရောဂါမိ၍ နာမကျန်း ဖြစ်ရှာသော မင်းသားငယ်သည် နေပြည်တော်သို့ ချဉ်းကပ်လာရှာသည်။ သို့သော် နေပြည်တော်အတွင်းသို့ လာဝံ့ဟန်မတူ၊ ထို့ကြောင့် ကျောင်းဇရပ်ဝယ် နားခိုရှာဟန် တူ၏။ အကူအညီ အစောင့်အမမရှိရှာသော မင်းသားသည် အဖျားရောဂါနှင့်ပင် ကံကုန်ခဲ့ရှာခြင်း ဖြစ်တော့သည်။

မင်းတုန်းမင်းသည် ပုန်ကန်မှုကြီး နှစ်ရပ်နှင့် ကြုံရပြီးနောက် အတော်ပင် တုန်လှုပ်ခဲ့သည်။ နောင်အခါတွင် သည်လို ဖြစ်ရပ်မျိုးနှင့် တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့လိုတော့ပြီ။ သို့မို့ကြောင့် ပုန်ကန်မှုများ နောက်ထပ် မဖြစ်ရအောင် ဘယ်လို ကာကွယ်ရပါမလဲဟု ကြံစည်မိသည်။ ထိုသို့ ကြံစည်နေစဉ်အတွင်း ပြဿနာ အထုပ်အထယ်နှင့် တိုးရပြန်၏။ သားတော် ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့သည် နန်းတော်မှ တိတ်တဆိတ် ထွက်သွားကြပြန်သည်။



လိုက်လံရှာဖွေသောအခါတွင် အောင်မြေသာစံမြို့၊ မနော်မံ ဥယျာဉ်တွင်း၌ တွေ့ရသည်။ သားတော် နှစ်ပါးကို နန်းတော်သို့ ပြန်ခေါ်လာရ၏။ မေးမြန်း စုံစမ်းသောအခါ၌ အကြောင်းအချက် ခိုင်လုံအောင် မဖြေနိုင်ကြ။

ခက်ကပြီ။ မင်းသားတွေကလည်း 'ခြေ' မငြိမ်ကြ၊ တိုင်းပြည်လည်း လှုပ်လှုပ်ရွရွနှင့်။ မင်းသားတို့က ဘယ်မှာ 'ခြေ' ငြိမ်နိုင်မည်နည်း။ မင်းတုန်းမင်း၏ သားတော်များနှင့် ကနောင်မင်း၏ သားတော်များကို ပေါင်းလိုက်လျှင် စုစုပေါင်း တစ်ရာကျော်လိမ့်မည်။ သူတို့သည် တစ်စိတ်တစ်ဝမ်းတည်း နန်းတော်တွင်း၌ ငြိမ်ငြိမ်ဆိမ်ဆိမ် နေဖို့ရန်ကား မျှော်လင့်၍ မဖြစ်နိုင်သော ကိစ္စတည်း။

မည်သို့ဖြစ်စေ 'တား' သင့်သည့် အမှုကို 'တား' မှ၊ 'မြစ်'သင့်သော အမှုကို 'မြစ်'မှ တော်မည်။ ထို့ကြောင့် ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့ကို ဖျောင်းဖျရသည်။ ဆုံးမရသည်။ နန်းတော်၌ အဆောင်အယောင် အပြည့်အစုံ ဆေးမြဲပေးသည်။ ထိုအချိန်မှ စ၍ မိမိ၏ သားတော်များ၊ ကနောင်မင်း၏ သားတော်များ အသွားအလာကို စောင့်ကြပ် ကြည့်ရှုကြရန် မင်းတုန်းမင်းက စီစဉ်သည်။ 'မင်းသားငယ်တို့ကား အမှားအယွင်း ရှိချင်ရှိကြမည်။ မမှားတန်သည်ကို မမှားရအောင် သတိပေးကြ၊ သွန်သင်ကြ၊ သူတို့ အသွားအလာကို စောင့်ကြည့်ကြ၊ သူတို့ သဘောထားကို အကဲခတ်ကြ၊ သူတို့ ဆန္ဒကို နားလည်အောင် ကြိုးစားကြ၊ မီးကို မလောင်ခင်က တား'

သည်သို့ မင်းသားတို့၏ အသွားအလာ အနေအထိုင် အပေါင်းအသင်းကို စောင့်ကြည့်လျှင် ပုန်ကန်မည့် သူကို ချက်ချင်း သိနိုင်မည်။ ပုန်ကန်မည့် အစီအစဉ်တွေကို အကဲခတ်နိုင်ကြမည်။ အနည်းဆုံး စလေဦးပုညလို 'အခါပေး'. သူတို့၏ လုပ်ရပ်ကိုဖြင့် ရိပ်မိနိုင်ကြမည် ဖြစ်သည်။ သည်သို့ ဘုရင်မင်းတရား စဉ်းစားမိသည်။

ဦးပုညဆိုလို့ သတိရသေးတော့သည်။ မြင်ကွန်းစားတို့၏ ပုန်ကန်မှုကြီးတွင် လက်ဖက်ရည်တော်သား ဦးပုညက အခါပေးသည်ဟု အစစ်အမေး ထွက်ဆိုတို့ထံမှ သိရသည်။ ထို့ကြောင့် ဦးပုညကို ဖမ်းဆီးခေါ်ဆောင်၍ မင်းတုန်းဘုရင်မင်းတရား၏ ရှေ့တော်သို့ သွင်းလာသည်။ ဘုရင်မင်းမြတ် ရှေ့တော်တွင် စစ်မေးသောအခါ 'မင်းသားတို့က အရေးတော်အောင်လျှင် ဝန်ကြီးမင်းကြီး ရာထူး

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်မည်ဟု ပြောပြီး အခါတောင်းလာ၍ သာမန်အားဖြင့် အခါပေးလိုက်မိ ကြောင်း' ဦးပုညက ဝန်ခံသည်ဟု ဆိုသည်။

ထိုအခါ မင်းတုန်းမင်းက 'ငါလည်း မင့်ကို သက်တော်ရှည်အရာ ပေးနိုင် သားပဲ၊ မင့်ကံရှိလျှင် ရလိမ့်မပေါ့' ဟု ပြန်၍ မိန့်ခဲ့၏။

သည်တွင် စဉ်းစားစရာ ရှိပြန်သည်။ ဦးပုည ရွေးပေးသော 'အခါတော် သည် တကယ်အမှန်ပဲလား။ သို့ဆိုလျှင် မင်းသားတို့ အဘယ်ကြောင့် အရေးနိမ့် ရသလဲ၊ ဦးပုညက တကယ့်စေတနာဖြင့် 'အခါတော်' ပေးခြင်း မှန်ရဲ့လား သည်အမေးတို့ကို ဖြေနိုင်မည့်သူကား ဦးပုည တစ်ဦးတည်းသာလျှင် ဖြစ်တော့ မည်။

ဘုရင့်အမိန့်ဖြင့် စာဆိုတော် ဦးပုညကို မြို့ဝန်ဦးသာအိုး၏ အိမ်၌ အကျယ် ချုပ်ထားလိုက်၏။ နောင်တွင် ဦးသာအိုးက ဦးပုညကို ညဦးအချိန် ရေတွင် နှစ်၍ သတ်လိုက်သည်ဟု မှတ်တမ်းတို့က ဆိုသည်။ ဦးပုညသည် ဦးသာအိုး၏ မယားအချို့နှင့် ရင်းရင်းနှီးနှီး နေသဖြင့် ဦးသာအိုးက ရန်ငြိုးဖွားသည်၊ သို့နှင့် ဦးပုညကို အဆုံးစီရင်လိုက်သည်ဟု ဆို၏။

မှန်ပါရဲ့လား၊ ဘုရင့်အမိန့်ဖြင့် ပို့ထားသော တရားခံ တစ်ဦး၊ တရားခံ ဆိုမှ 'တိုင်းသိပြည်သိ စာဆိုအကျော်အမော် တစ်ဦး' ကို၊ မြို့ဝန် ဦးသာအိုးက အဘယ့်ကြောင့် အလွယ်နှင့် သတ်လေသနည်း။ သို့သတ်ခဲ့သဖြင့် ဦးသာအိုး အပြစ်ကျလေသလား၊ သည်ကိစ္စနှင့် ပတ်သက်၍ မှတ်တမ်းတို့က ဘာမှမဆိုပါ။

ဘုရင်မင်းမြတ်သည် စိတ်ပြေတော်မူသဖြင့် 'မောင်ပုညတစ်ယောက် ကျန်းကျန်းမာမာ ရှိရဲ့လား' ဟု မေးသည်။ သည်တွင် ဝန်ကြီးမှူးကြီးတို့က ပြန် လျှောက်သည်။ 'မှန်လှပါ၊ စာဆိုတော် မောင်ပုညကို မြို့ဝန်မောင်သာအိုးက သတ်၍ သေရှာပါပြီ'

'ဟယ်..... လူကို ချေးသတ်လေပြီ' ဟု မင်းတုန်းဘုရင်က မိန့်ကြားလေ သည်။ ဘုရင်မင်းမြတ်သည် များစွာ စိတ်မချမ်းမြေ့ဖြစ်သွားသလား၊ ဝတ်ကျေ တန်းကုန်မျှပင် ပြောလိုက်လေသလား၊ ဘုရင်မင်းမြတ်ကိုယ်တိုင်တော့ သေချာ သိပါလိမ့်မည်။ စင်စစ်ဆိုသော် ဦးပုညကဲ့သို့သော တိုင်းသိပြည်ကျော် စာဆို ပညာရှင် တစ်ဦးကို မြို့ဝန် ဦးသာအိုးက မိမိကိုယ်ရေးကိုယ်တာ အကြောင်းတစ်



ရပ်ကြောင့် အသေသတ်ခွင့် ရှိလို့လား။ သာမန် ပြည်သူတစ်ဦး ဖြစ်သော ဦးပုညကို မင်းမှုထမ်း ဦးသာအိုးက အစိုးရ အမိန့်တစ်စုံတစ်ရာ မရှိဘဲ သတ်လိုက်ခြင်းကို မင်းတုန်းမင်းတရားက ဘယ်သို့ အရေးယူလိုက်သလဲ၊ မေးနိုင်သော မေးခွန်းများ ဖြစ်ကြသည်။

မင်းတုန်းမင်းက မြို့ဝန်ဦးသာအိုးကို မည်သို့ အရေးယူသည်ဟု စာအုပ် စာတမ်းတို့က မဖော်ပြပါ၊ သည်သို့ဆိုလျှင် 'တပည့်လိမ္မာ၊ ဆရာအာပါဒ်လွတ်' အောင် ဦးသာအိုးက သမိုင်းမှာ တရားခံအဖြစ် မိုက်မိုက်ကန်းကန်း ခံယူသွားခြင်း ပေလော၊ ဖြစ်နိုင်သော အကြောင်းကြောင်းတွေကို တွေးခေါ်နိုင်ကြမည်။ ဆင်ခြင် နိုင်ကြမည်။ တွက်ဆကြည့်နိုင်ကြပါမည်။

## ၃

သူပုန်ရန်များ အေးပါပြီ။ တိုင်းကား ပြည်ရွာလည်း ယခင်အတိုင်း နေသား တကျ မဟုတ်ပေမယ့် အတန်အသင့် ပြန်လည် စည်ပင်လာပါပြီ။ ပြည်သူတို့သည် ကုန်သွယ်မှုများ၊ လူမှုရေး လုပ်ငန်းများ၊ သာသနာရေးလုပ်ငန်းများကို ပြုနေကျ အတိုင်း ပြန်လည် ဆောင်ရွက်လျက် ရှိနေကြပြီ။ သည်အချိန်တွင် ဘုရင်မင်းမြတ် သည် တိုင်းပြည် တိုးတက်စည်ပင်ရာ စည်ပင်ကြောင်း လုပ်ငန်းများအပေါ်တွင် ပြန်လည် ငဲ့စောင်းကြည့်နိုင်ပြန်လေသည်။

ဘုရင်မင်းမြတ် ပထမဆုံး သတိရသည်မှာ အင်္ဂလိပ်မြန်မာ ဆက်ဆံရေးကိစ္စ ဖြစ်သည်။ မြင်ကွန်း မြင်းခုန်တိုင် အရေးတုန်းက ဆိုလျှင် အင်္ဂလိပ်သံ ကပ္ပတိန် စလေဒင်သည် နေပြည်တော်ရှိ အင်္ဂလိပ်အမျိုးသားများကို သင်္ဘောနှင့် တင်ပြီး အောက်ပြည်သို့ စုန်ဆင်းသွားခဲ့၏။ သူပုန်တို့ အရေးအခင်း ပြီးပြေတော့မှသာ နေပြည်တော်သို့ ပြန်လာခဲ့သည်။ ပြီးတော့ ပန်းတိမ်းမင်းသားနှင့် အပေါင်းပါတို့ ကို ထုံးစံနှင့်အညီ စီရင်စဉ်က ကပ္ပတိန် စလေဒင် ပါဝင်လာသေးသည်။ အင်္ဂလိပ် သံ စလေဒင်၏ တောင်းပန်ချက်ကို ဘုရင်မင်းမြတ်က လက်ခံပြီး ရာဇဝတ်သား တို့ကို အပြစ်မှ လွှတ်ပေးခဲ့သေး မဟုတ်လား။

သည်သို့ အင်္ဂလိပ်သံ၏ လျှောက်တင်ချက်ကို ဘုရင်မင်းမြတ်က လိုက် လျောပေးခဲ့သော်လည်း အင်္ဂလိပ်တို့ဘက်ကမူ တာဝန်ကျေပါရဲ့လား။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ သူပုန်မင်းသားနှစ်ပါးကို ကောင်းစွာ လက်ခံ ပြုစုထားသတဲ့၊ ဒီလူမိုက်ဆေး တွေက လူစုပြီး ကရင်နီနယ်မှာ လှုပ်လှုပ်ရွရွ လုပ်နေကြဆိုပဲ၊ သတင်းစကား ကြားကြရသည်။

မည်သို့ဆိုစေ အင်္ဂလိပ်မြန်မာ ဆက်ဆံရေး အခြေအနေများကိုကား ပြန်လည် တိုးတက်စေရအောင် ပထမ ကြိုးပမ်းရမည် ဖြစ်သည်၊ ဆက်ဆံရေး အခြေအနေများ တိုးတက်လာသည်နှင့်အမျှ မိမိအလိုရှိရာကို ဖြည်းဖြည်းသက်သာ ပြောဆိုယူနိုင်မည်။ ဘုရင်မင်းမြတ်သည် သည်သို့ တွေးမိလေသည်။

ဘုရင်မင်းမြတ်သည် မျက်မွေးတစ်ထောက်ကိုသာ ကြည့်သူ မဟုတ် မျက်စိတဆုံးသို့ မျှော်တတ်သူ ဖြစ်သည်။ ယခုအခါတွ် မြင်ကွန်းအရေးတော် သည် တစ်ထောင့် တစ်နေရာတွင် ပျောက်ကျား ပျောက်ကျား လှုပ်ရှားလာသည် မှန်၏။ မြင်ကွန်းမင်းသားနောက်တွင် အင်္ဂလိပ်အစိုးရရှိလေသလား၊ မရှိသလား မည်သူမျှ မသိနိုင်။ သည်အရေးကလည်း အပ်နှင့် ‘ထွင်း’ရမည့် အချိန်ဝယ် ထွင်းနိုင်မှ သို့မဟုတ်ပါက ပုဆိန်နှင့်ပေါက်နေရလျှင် မကောင်း၊ သည်အတွေ အင်္ဂလိပ်အစိုးရ အာဏာပိုင်တွေကို မေးထား မြန်းထားလျှင် ကောင်းမည်။

ယခုအခါတွင် မြန်မာဘုရင့်တပ်မတော်သည် အင်အား နည်းနေပြီ၊ သူပုန် အရေးအခင်း နှစ်ကြိမ် ကြုံခဲ့၍ လက်နက် ခဲယမ်းမီးကျောက်တွေ သောက်သောက် လဲ ကုန်ခဲ့သည်။ ဆုံးရှုံးခဲ့သောတပ်မတော်သားတွေကလည်း အများအပြား ရှိခဲ့သည်။ သို့ဖြစ်၍ တပ်မတော်ကို ပြန်လည် အင်အားတောင့်တင်းအောင် ကြိုးပမ်း ဖွဲ့စည်းရမည်။ ထိုအခါတွင် အဓိက လိုအပ်ချက်မှာ ‘လက်နက်’။

လက်နက်မရှိဘဲ တပ်မတော်ကို မည်သို့မှ မထူထောင်နိုင်၊ လက်နက် လိုနေသည်။ ယခင်ကတော့ သည်အရေးတွေကို ဘုရင်မင်းတရား တွေးပူစရာ မလိုပါ၊ ကနောင်မင်းသည် သည်မှာဘက်တွင် လက်ရုံးတစ်ဖက်သဖွယ် အားထား ခဲ့ရ မဟုတ်လား။ ကနောင်ကိုယ်တော်ကြီး မရှိတော့သည့် အချိန်တွင် မင်းတုန်းမင်း ကြီးအဖို့ အရာရာမှာ မိမိပခုံးပေါ်သို့ ရောက်နေပြီ၊ သည်အကြောင်းကို ဘုရင် မင်းမြတ် နားလည်သည်။

လက်နက်စက်ရုံရှိ မဟုတ်လား၊ ဝဇီရာဝုဒ အမြောက်ကြီးတွေ၊ ဗထက်ချိန် သေနတ်တွေ၊ မလုပ်နိုင်တော့ဘူးလား၊ မေးဖွယ် ရှိပါ၏။ သည်လက်နက်စက်ရုံ များသည် ပန်းတိမ်မင်းမင်းသား အရေးတော်ပုံ ဖြစ်ခဲ့ပြီးသည့်နောက်တွင် ထိထိရောက်



ရောက် အားမကိုးနိုင်ပြီ။ တကယ်တော့ ကနောင်မင်းတည်ခဲ့သည့် စက်ရုံတို့ သည် ကနောင်မင်း မရှိတော့သည့် နောက်တွင် သူရှိစဉ်ကလို အားမကိုးနိုင်တော့ သည်မှာ အမှန်ပါပဲ။

ပြီးတော့ မြန်မာ့လက်နက်တို့သည် အင်္ဂလိပ်တို့၏ လက်နက်များနှင့် စွမ်းရည်အရာတွင် ယှဉ်နိုင်ဖို့ လိုသေးသည်။ သို့ဖြင့် အင်္ဂလိပ်ထံက လက်နက် ဝယ်ယူနိုင်ရေးကို အရင် ကြိုးပမ်းရလျှင် ကောင်းမည်။ အင်္ဂလိပ်တို့က လက်နက် ရောင်းပါ့မလား၊ မြန်မာတို့ အလိုရှိသော လက်နက်ကို အင်္ဂလိပ်တို့ထံမှ ရအောင် တော့ စကားဆိုကြည့်ရဦးတော့မည်။

မြန်မာဘုရင်မင်းမြတ်က အင်္ဂလိပ်အစိုးရနှင့် စကားဆိုချင်သည့် အချိန်တွင် အင်္ဂလိပ်တို့ထံက သတင်းစကား ရောက်လာ၏။ အင်္ဂလိပ်ဘုရင်ခံချုပ်အသစ် ‘ဆာဂျွန်လော့ရင့်’ က အင်္ဂလိပ်မြန်မာ ကုန်သွယ်မှု စာချုပ်ကို အသစ်ချုပ်ဆိုရ လျှင် မကောင်းလားဟု သဝဏ်လွှာပေးလာသည်။

မင်းတုန်းဘုရင်မင်းမြတ်အဖို့ ‘ငုံချင်ရက် လက်တို့’ ဖြစ်သွားသည်။ ထို့ ကြောင့် အင်္ဂလိပ်တို့၏ သဝဏ်လွှာကို လက်ခံပြီး ဝမ်းသာအားရပင် ပြန်ကြား လိုက်လေသည်။ ‘ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရန် အသင့်ပါပဲ’။

ထိုအချိန်က အောက်မြန်မာနိုင်ငံတော်ရှိ အင်္ဂလိပ်အစိုးရသည် မဟာဝန်ရှင် တော် မင်းကြီးအဖြစ် ကာနယ် အဲလ်ဘတ်ဖိုက်ကို ခန့်ထားလိုက်သည်။ ကာနယ်ဖိုက် ကလည်း မိမိရာထူးသစ်တွင် တာဝန် ထမ်းရသည်တွင် မြန်မာဘုရင်နှင့် ဆက်ဆံ ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ဆန္ဒ ဖြစ်ပေါ်နေခဲ့သည်။

စင်စစ်ဆိုသော် ကာနယ်ဖိုက်သည် မြန်မာနိုင်ငံတော်နှင့် ‘စိမ်း’ သူ မဟုတ် ပါ။ အမရပူရ နေပြည်တော်တွင် သာယာဝတီမင်း နန်းစံစဉ်ကပင် သူသည် မြန်မာနိုင်ငံသို့ ရောက်လာပြီး အောက်မြန်မာပြည် အရပ်ရပ်တွင် ရာထူး တာဝန် အမျိုးမျိုး၌ ထမ်းဆောင်နေခဲ့သူ ဖြစ်သည်။

အင်္ဂလိပ်အစိုးရ၏ သံအဖွဲ့တစ်ဖွဲ့ လွှတ်ပါရန် မြန်မာဘုရင်မင်းတရားက ဖိတ်ကြားလွှာ ပို့လိုက်၏။ ယင်းဖိတ်ကြားလွှာကို လက်ခံပြီးနောက် အောက်မြန် မာနိုင်ငံ အင်္ဂလိပ်အစိုးရ၏ ဝန်ရှင်တော်မင်းကြီး ကာနယ် အဲလ်ဘတ်ဖိုက်နှင့် သံအဖွဲ့သည် ၁၈၆၇ ခု စက်တင်ဘာလ ၂၀ ရက်နေ့တွင် မီးသင်္ဘောနှစ်စင်းဖြင့် အထက်မြန်မာပြည်သို့ ထွက်ခွာလာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဖိုက်နှင့်အတူ အကောက်ဝန် အက်ဒဝပ်၊ ပုလိပ်မင်းကြီး ကပ္ပတိန် ဒန်းကင်း၊ ခရစ်ယာန် ဘုန်းတော်ကြီး ရဲဗရင်းအိချ်၊ စစ်ဖက်မှ ကပ္ပတိန် ဆာပလိုင်နှင့် ကပ္ပတိန် ဒေါက်ကလပ်စ်၊ လက်ဖတင်နှင့် ယန်းဟာစ်စတင်း၊ လက်ဖတင်နှင့် ဝီလျံနှင့် ဟပ်မတော်သားများ အပါအဝင် အဖွဲ့ဝင် ၇၂ ဦး ပါဝင်ခဲ့သည်။ ကာနယ်ဖိုက်၏ ဇနီးလည်း အဖွဲ့တွင် ပါဝင်သည်။

ကာနယ်ဖိုက်နှင့်အဖွဲ့သည် ထိုနှစ် အောက်တိုဘာလ ၇ ရက်နေ့ ညနေ ၃ နာရီတွင် မန္တလေး နေပြည်တော်သို့ ရောက်ကြသည်။ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ ပြောတတ်ဆိုတတ်ကြသော ပန်းတိန်းဝန်၊ စဥ့်ကူဝန်၊ မြေထဲဝန် တို့နှင့်အတူ ပုပ္ပားဝန်ကို ထည့်၍ အင်္ဂလိပ်သံ အဖွဲ့ဝင်များကို ခမ်းခမ်းနားနား ကြိုဆိုစေသည်။ မြန်မာတို့ဘက်မှ အိမ်သည်၏ ဝတ္တရားကို မပျက်အောင် ဆောင်ရွက်စေသည်။ အနောက်ပြင်တွင် ခမ်းနားထယ်ဝါသော သံတဲကို ကျနစွာ ဆောက်လုပ်ပေး၏။ ကာနယ်ဖိုက်သည် ဘုရင်မင်းမြတ်နှင့် တွေ့ဆုံရန်အတွက် နန်းတော်သို့ လာရောက်စဉ် ဖွေထိနှစ်လက် ဆောင်းခွင့်ကိုပင် ဘုရင်မင်းမြတ်က ခွင့်ပြုခဲ့သည်။ ယင်းသို့ ဖွေထိးဆောင်းခွင့်ပြုခြင်းကို မှူးမတ် ဝန်ကြီးတို့က သဘောမကျကြ။ သို့သော် ကိစ္စမရှိ၊ အင်္ဂလိပ်သံထံက မျှော်လင့်စရာတွေ များစွာ။ သည်လောက်တော့ စွန့်ရပေမပေါ့။

အင်္ဂလိပ်သံအဖွဲ့ကို မြေနန်းပြာသာဒ်တွင် မင်းတုန်းဘုရင်က လက်ခံ တွေ့ဆုံသည်။ ဧည့်သည်တော်များအတွက် မည်မျှ ခမ်းနားစွာ ပြင်ဆင်ထားသည် မသိ၊ ကာနယ်ဖိုက်ကပင် အတောမသတ်အောင် ထုတ်ဖော် ချီးကျူးယူရသည်။ မိမိတို့ကို ဤမျှ ခမ်းနားသော ခန်းဆောင်တွင် ကြိုဆို ဧည့်ခံ၍ ကျေးဇူးတင်ရှိလှ ကြောင်း စသဖြင့် အကြိမ်ကြိမ် ပြောလေသည်။ မင်းတုန်းဘုရင်ကြီးကား 'လူဆော် လူဇော်တို့ လုပ်သည့် ပညာ'ကို တစ်ဖက်ကမ်းခတ် တတ်လေသလား၊ မိတ္တဗလ ဋီကာကိုပဲ အာဂုံဆောင်ထားလေသလား မသိ။ ဧည့်သည်တို့ သဘောတွေ့ မနော ခွေ့အောင် ပြန်ဖြေနိုင်လေ၏။

'သြော်..... ဒီ ဧည့်ခန်းဆောင် သည်မျှ ခမ်းနားထယ်ဝါနေခြင်းမှာ သင်တို့ အင်္ဂလိပ်သံတော် စလေဒင်၏ ကြိုးစားမှုကြောင့်သာ ဖြစ်ပေတယ်..... '

ဧည့်ခန်းဆောင်ရောက် စလေဒင် အတော်ကြည်နူးကျေနပ်သွားမည် မလွဲ။ ဧည့်သည်တော် ကာနယ်ဖိုက်လည်း အလွန့်အလွန် မဟာပီတိ ဖြစ်မည်မှာ မလွဲသော



စကား ဖြစ်၏။ ထိုနောက် စလေဒင်ကိုပင် ဆက်၍ ချီးမွမ်းခန်းဖွင့်သည်။ စလေဒင်သည် လူကောင်းလူရိုးတစ်ယောက် ဖြစ်သည်။ နှစ်နိုင်ငံ အစိုးရတို့အကြားတွင် ချစ်ကြည်မှုပွားအောင် သူလုပ်ဆောင်ခဲ့သည်တို့မှာ များလှသည် စသည်ဖြင့်သာ အင်္ဂလိပ်တို့ ကြိုက်မည့် စကားတွေ ရွေးပြောခဲ့သည်။

အင်္ဂလိပ်သံအမတ် ကပ္ပတိန် စလေဒင်သည် မေဂျာ၊ ကာနယ် စသဖြင့် ရာထူးအတက် မြန်ခဲ့၏။ မင်းတုန်းမင်း နတ်ရွာစံပြီးနောက် ၇ နှစ်အကြာတွင် အင်္ဂလိပ်တို့ အထက်မြန်မာပြည်ကိုသိမ်းသောအခါ ဗိုလ်ကြီးစလေဒင်သည် ဗိုလ်မှူးကြီး စလေဒင် ဖြစ်နေလေပြီ။ စလေဒင် သည်မျှ ရာထူးတက် မြန်ရာတွင် မင်းတုန်းဘုရင်ကြီး၏ ချီးကျူးမှုများက တစ်ထောင့်တစ်နေရာမှ အကျိုးပြု၍ မဖြစ်နိုင်ဘူးလား..... ။

ပထမအကြိမ် တွေ့ဆုံစဉ်က ကာနယ်ဖိုက်၏ အင်္ဂလိပ်သံအဖွဲ့ကို မက်လုံးတွေ ပေးခဲ့သော ဘုရင်ကြီးသည် ဒုတိယအကြိမ် တွေ့ဆုံသောအခါတွင် ထပ်မံ၍ အလိမ်မာဆုံးသော စကားများကို ပြောခဲ့ပြန်သည်။

'နိုင်ငံ နှစ်နိုင်ငံတို့ရဲ့ ချစ်ကြည်ရေး ဆောင်ရွက်ရာမှာ ကြားမှ ကုန်းတိုက် ချောပစ်သော စကားများကို မယုံကြည်ဘို့ လိုတယ်။ နှစ်နိုင်ငံအကြား ရင်းနှီး ချစ်ကြည်မှုကို အရင်းတည်ပြီး ဆောင်ရွက်လျှင် အရာရာ အောင်မြင်မှာ မလွဲဘူး။ ကိုယ်တော်ဟာ ဆင်းရဲသား သက်ကြီးရွယ်အိုတို့အတွက် သူအိုရုံကို တည်ဆောက် လှူဒါန်းခဲ့ပြီ၊ ရဟန်းသံဃာတို့ကို ပစ္စည်းလေးပါး လှူဒါန်းခဲ့ပြီးပြီ။ သံသရာအကျိုး အတွက် ကိုယ်တော်ရှင်မြတ် ပြုခဲ့သည့် အလှူတော်အတွက် သာဓုခေါ်ပါလေ.....'

သံအဖွဲ့ခေါင်းဆောင် ကာနယ်ဖိုက်သည် ပညာရှိသံအမတ် ပီသပါ၏။ သူသည် သာဓုကျယ်ကျယ် ခေါ်လေသည်။

'ကိုယ်တော်မြတ်ရဲ့ သားတော် မြင်ကွန်းမင်းသားဟာ အလွန်ဆိုးတဲ့ သူငယ်ပဲ၊ ယခုဆိုလျှင် သူ့အန္တရာယ်ကြောင့် ရှမ်းပြည်မှာ တပ်သား ရှစ်ထောင် ပို့ထားရပြီ၊ ဘယ်လောက် အလုပ်များကြရသလဲ၊ သူ့အကြောင်း ဘာများ ကြားရသေးသလဲ'

ဤသို့ ဘုရင်မင်းမြတ်က မေးသည်။ ကာနယ်ဖိုက်က 'မြင်ကွန်းမင်းသား ၏ နောက်ပါ တပည့်များသည် ကရင်နီပြည်တွင် ရောက်နေကြပြီ၊ အရှေ့ကရင်နီနှင့် အနောက်ကရင်နီနယ်တို့မှာ အချင်းချင်း တိုက်ခိုက်နေကြ၍ မြင်ကွန်းမင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကို ကူညီနိုင်ခြင်း မရှိ၊ ထိုနယ်ရှိ အင်္ဂလိပ် အမှုထမ်းများအား မြင်ကွန်းမင်းသားကို မကူညီကြနှင့်ဟု တင်းတင်းကျပ်ကျပ် ညွှန်ကြားထားသည်။ ထို့ပြင် မြင်းခုန်တိုင်မင်းသားကို ကပ္ပလီကျွန်းပို့ထားသည်။ သို့သော် ထိုကျွန်းမှာ အကျဉ်းသားများထားရန် နေရာဖြစ်၍ ယခုအခါ မြင်းခုန်တိုင်မင်းသားအား ဘင်္ဂလားနယ်သို့ပို့ရန် စီစဉ်နေရသည်' စသည်ဖြင့် ပြန်လျှောက်လေသည်။

သည်တော့မှ မင်းတုန်းမင်းတရား အကျေနပ်ကြီး ကျေနပ်တော်မူရသည်။ 'ကောင်းလေစွ၊ မြင်းခုန်တိုင်မင်းသားကို မြန်မာတို့နှင့် ဝေးနိုင်သမျှ ဝေးဝေးပို့ထားပါတော့၊ မြစ်တွင်းသွား သင်္ဘောနှစ်စင်းကို ကိုယ်တော်မြတ် အလိုရှိတယ်၊ တစ်စင်းကို လက်နက်တပ်ဆင်ပြီး ဖြစ်ရမယ်၊ တစ်စင်းကို နေပြည်တော်နဲ့ ဗန်းမော်မြို့အကြားမှာ သုံးဖို့၊ တစ်စင်းက နေပြည်တော်နဲ့ နယ်ခြားမြို့ (မြေထဲ) အကြား သုံးဖို့ပဲ၊ ပြီးတော့ ရိုင်ဖယ်သေနတ် ရှစ်ထောင်လဲ လိုချင်တယ်၊ ယခင်က သေနတ်အလက်နှစ်ထောင် ရောင်းချရန် သင်တို့ သဘောတူပြီးသားပဲ၊ ယခုရမယ့် သေနတ်များနဲ့ ဆိုရင် တပ်သားတစ်သောင်းကို လက်နက် တပ်ဆင်ပြီးဖြစ်တော့မယ်..... '

ကာနယ်ဖိုက်သည် မင်းတုန်းဘုရင် အလိုရှိသမျှကို မငြင်းပေ၊ သူက 'ဘုရင်မင်းမြတ် အလိုရှိသော သင်္ဘောနှစ်စင်းကို ရရှိစေရပါမည်၊ သင်္ဘောအရွယ်အစားရွေးချယ်မည်မျှ၊ ဝန်တင်အင်အားနှင့် စက်အင်အား စသည်တို့ကို ဘုရင်မင်းမြတ်အမိန့်ရှိပါ။ ထို့ပြင် သေနတ်ရှစ်ထောင်ကိုလည်း ဆက်သနိုင်ပါသည်။ မည်သည့်အမျိုးအစားကို ပို၍ နှစ်သက်ပါသလဲ၊ သေနတ်များရလျှင် ကိုင်တွယ်အသုံးပြုနည်းများပါသင်ကြားဖို့လိုကြောင်း' စသည်များကိုပါ ကာနယ်ဖိက်က တင်လျှောက်ခဲ့သည်။

ကာနယ်ဖိုက်က မင်းတုန်းဘုရင် အလိုရှိသမျှ ရပါစေမည်ဟု အာမခံလေပြီ။ 'မြင်ကွန်းမင်းသားကို မိမိတို့က မကူပါ၊ မြင်းခုန်တိုင်မင်းသားကို ဘင်္ဂလားပို့ထားလိုက်မည်။ သင်္ဘောနှစ်စင်းလည်း ရပါစေမည်၊ သေနတ်ရှစ်ထောင်လဲ ရောင်းချပါမည်။ ဘာလိုသေးသလဲ..... ။'

သို့သော် ကာနယ်ဖိုက်ကား လူလည် တစ်ဦးပါ၊ သူသည် သူပေးနိုင်သည်နှင့်အမျှ ညီမျှသော အခွင့်အရေးကို ပြန်၍ ရရှိခဲ့သည်။



အင်္ဂလိပ်ခရီးသွား အဖွဲ့တစ်ဖွဲ့သည် မြန်မာပြည် ဗန်းမော်မြို့ကို ဖြတ်၍ တရုတ်ပြည်နှင့် ဆက်သွယ်ခွင့်ကို ကာနယ်ဖိုက်က တောင်းသည်။ ဘုရင်မင်းမြတ်က လိုက်လျောခဲ့သည်။ ကာနယ်ဖိုက်ကား အကျေနပ်ကြီး ကျေနပ်နေပြီ။ မြန်မာပြည်ကို ဖြတ်၍ စေလွှတ်မည့် အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးကိုဘန်းပြ၍ နိုင်ငံရေးနှင့် အခြားကိစ္စ အထွေထွေကို ဆောင်ရွက်နိုင်ခွင့်ရမည် မဟုတ်လား၊ ယုတ်စွအဆုံး သူလျှိုလုပ်ငန်းများကိုပင် လုပ်ကိုင်ခွင့် ရတော့မည်။

ဒါတင်ပဲလား၊ မဟုတ်သေးပါ။ ကာနယ်ဖိုက်၏ သံအဖွဲ့သည် မြန်မာဘုရင်အစိုးရနှင့် အင်္ဂလိပ်အစိုးရတို့အကြား စီးပွားကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုခဲ့သေးသည်။ ရေနံ၊ ကျွန်းသစ်နှင့် ကျောက်မျက်ရတနာတို့မှ လွဲ၍ ကျန်ကုန်ပစ္စည်းများကို လွတ်လပ်စွာ ရောင်းဝယ်ခွင့် ပေးမည်။ ဗန်းမော်မြို့တွင် အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ အမြဲတန်း ထားခွင့်ပြုမည်။ အင်္ဂလိပ်သင်္ဘော တစ်စင်းကို ဗန်းမော်မြို့သို့ တစ်ပတ်တစ်ကြိမ် သွားခွင့် ပြုမည်။ ထို့ပြင် မြန်မာနှင့် အင်္ဂလိပ်အမျိုးသားတို့ အမှုအခင်း ဖြစ်လျှင် နှစ်နိုင်ငံကိုယ်စားလှယ်တို့ တွဲဖက်ပါဝင်သော ပုံးတွဲရုံးတော်ဖြင့် စစ်ဆေးစေမည်၊ စသည်များလည်း ပါရှိလေသည်။

ဤသို့သော အသေးစိတ် ကိစ္စများကိုမူ မြန်မာအရာရှိများနှင့် အင်္ဂလိပ်အရာရှိများ သီးခြားတွေ့ဆုံဆွေးနွေးညှိနှိုင်းရသည်။ ညှိနှိုင်း၍ ရသမျှကို ဘုရင်မင်းမြတ်ထံ တင်ပြသဘောတူညီမှု ယူရသည်။ ဘုရင်မင်းမြတ်ကလည်း 'ဒူးနေရာဒူး တော်နေရာ တော်' ဆိုသလို အချို့ကိစ္စများကို အောက်လက်နှင့် လွှဲထားပြီး ပြေပြစ်အောင် စီစဉ်သည်။

သို့ဖြင့် ပခန်းဝန်ကြီး ဦးရန်ဝေးနှင့် အခြားဝန်ကြီးများ ဖြစ်ကြသော ရေနံချောင်းဝန်ကြီး ဦးရွှေစိုး၊ လောင်းရှည်ဝန်ကြီး ဦးမောင်လေးတို့က ကာနယ်ဖိုက်နှင့် သံအဖွဲ့ဝင်များကို ညစာစားပွဲကြီးများဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။ ဦးရန်ဝေး အိမ်၌ပင် ဦးရန်ဝေးခေါင်းဆောင်သော မြန်မာအဖွဲ့နှင့် ကာနယ်ဖိုက်ခေါင်းဆောင်သော အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လုပ်ကြသည်။ ထို့နောက် နှစ်နိုင်ငံ ဆက်ဆံရေး စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုဖြစ်ခဲ့ကြသည်။

မြန်မာဖက်က ရလိုက်သည်မှာ လက်နက်၊ သင်္ဘောနှစ်စင်းနှင့်ဆက်စပ်သည့်ရေး အဆောင်အရွက်များသာ ဖြစ်သည်။ မြန်မာတို့ပေးလိုက်ရသည့် အခွင့်အရေးတွေက

www.burmeseclassic.com

www.burmeseclassic.com



မနည်းပြီ။ ကြည့်ပါတော့။ ဗန်းမော်တွင် အင်္ဂလိပ်တို့က ကိုယ်စားလှယ်ရုံးဖွင့်ပြီး သဘော်သွားခွင့် ရသွားသည်နှင့်ပင် အင်္ဂလိပ်တို့မှာ ပွဲတော်နှင့် တိုးသွားပြီ။ ဗန်းမော်မှတစ်ဆင့် တရုတ်ပြည်သို့ အင်္ဂလိပ်တို့ လမ်းပွင့်ပြီ။ တရုတ်ပြည်ကြီး၏ အရှေ့ဖက်ဒေသတို့ဝယ် ပြင်သစ်က ကုန်တိုက်တွေ ဖွင့်၍ တွင်ကျယ်နေသည်မှာ ကြာလေပြီ။ သည်တော့ အင်္ဂလိပ်တို့က တရုတ်နိုင်ငံကို နောက်ဖက်မှဝင်၍ ထိုးဖောက် ကြိုးစားရမည်။ ဗန်းမော်မှတစ်ဆင့် တရုတ်ပြည်နှင့် ကုန်သွယ်မှု ရရှိရန် အားထုတ်ရလိမ့်မည်။ တရုတ်ပြည်သို့ သွားလာရေးတွင် မြန်မာပြည်ကို စိတ်ကြိုက် အသုံးပြုခွင့် ရပြီ။ ဖြတ်သွားဖို့၊ နားနေဖို့၊ ပြီးတော့ အခြားလိုအပ်သော အဆောင်အရွက်တွေ လုပ်ဖို့၊ ရနိုင်ခဲ့သော အခွင့်ထူးကြီးကို အင်္ဂလိပ်အစိုးရက ရလေပြီ။

# ပဥ္စမသံဂါယနာတင် ဘုရင်မင်းမြတ်

## ၁

ယခုအခါတွင် တိုင်းပြည် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို အတော်အသင့် လုပ်ဆောင်ပြီးပြီ။ သူပုန်ရန်မီး ငြိမ်းအေးသွားသည်နှင့်အမျှ နိုင်ငံတော်တွင် စည်ပင်သာယာရေး လုပ်ငန်းများ တိုးတက်ခဲ့ပြီ။ နိုင်ငံခြားဆက်ဆံရေးလုပ်ငန်းများကိုလည်း အကျအန ဆောင်ရွက်ပြီးခဲ့ပြီ။ နိုင်ငံတော် လုံခြုံရေးအတွက်လည်း လက်နက်တွေ ရမည်တဲ့၊ သဘော်တွေလည်း ရမည်တဲ့၊ ဝန်ကြီး မှူးကြီးတို့ တာဝန် မလစ် ဆောင်ရွက်ကြရုံပဲ ရှိသည်။ ဘုရင်မင်းတရား နှစ်နှစ်ခြိုက်ခြိုက် စက်တော် ခေါ်နိုင်ပြီ ဖြစ်သော အခြေအနေတည်း။

ကနောင်မင်း ကျဆုံးလေပြီးကတည်းက နိုင်ငံတော်တွင် အိမ်ရှေ့စံ မင်းနေရာအတွက် လစ်လပ်လျက် ရှိသည်။ မည်သူ့ကို ခန့်လေမည်နည်း၊ အနိုင်နိုင်ငံက စောင့်ကြည့် နေကြမည်။ ဝန်ကြီး မှူးကြီးတွေကလည်း အချင်းချင်း တီးတိုးဆွေးနွေးကြမည်။ တိုင်းသူပြည်သားတွေကလည်း 'အိမ်ရှေ့မင်းတော့ မည်သူ ဖြစ်လိမ့်မည်ထင်ပ' ဟု မစားရ အညော်ခံ ပြောကြ၊ တွေးကြ၊ ဆင်ခြေပေးကြမည်။ သို့သော် ဘုရင်မင်းတရားသည် နှစ်ခါ မမိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခင်တစ်ကြိမ်က လက်ရုံးသဖွယ် အားပြုခဲ့ရသော ညီတော်ကို အိမ်ရှေ့ နန်းတွင် တင်ခဲ့သည်။ သို့နှင့် သားတော်တွေ ပုန်ကန်လိုက်ကြသည်မှာ မမေ့ ပါနှင့်တော့၊ ဝက်ဝက်ကွဲပါရော။ ထို့ကြောင့် အိမ်ရှေ့စံ အသစ်တင်ရန် ဝန်လေး နေပြီ။ သားတော်တွေ သည်မျှ များပြားသည့်အကြား ဘယ်သူ့ သွားတင်မည်နည်း တစ်ယောက်ကိုတင်တော့ နောက်တစ်ဦးက ကျေနပ်မည် မဟုတ်၊ နောက်တစ်ဦး နောက်တစ်ဦး၊ မည်သူကမျှ ကျေနပ်မည် မဟုတ်။

မိမိအား ဆက်ခံမည့်မင်းသားနှင့်လက်ဆက်ရန် လင်းပင်မိဖုရား၏ သမီး တော် 'စလင်းစုဖုရား' ကို တစ်ပင်တိုင် မြနန်းနှင့် ထားခဲ့သည်။ နောက်တက် လာသော အိမ်ရှေ့စံမင်းသည် သည်မင်းသမီးကို လက်တွဲ၍ နန်းတက်ရန်သာ ဖြစ်သည်။ သည်မင်းသမီးနှင့်အတူ စံမြန်းမည့်သူကို အိမ်ရှေ့စံမင်းအဖြစ် ရွေးချယ် ရန် ဘုရင်မင်းမြတ်တွင် တာဝန်ရှိပါ၏။ သို့သော် မရွေးလိုတော့ပြီ။ အိမ်ရှေ့နန်း ကို သည်အတိုင်းထားလိုက်တော့မည်။ အိမ်ရှေ့စံမင်းအသစ် ရွေးလိုက်ခြင်းကြောင့် ကြုံလာရမည့် နန်းတွင်းပုန်ကန်မှုမျိုးကို ဘုရင်မင်းတရား ရင်မဆိုင် လိုတော့ပြီ ကြောက်ပါရဲ့၊ အဝေးကပင် ရှောင်ရှားပါတော့မည်။

ပုန်ကန်မှု ဖြစ်လာနိုင်မည့်ကိစ္စမျိုးကို မတွေး၊ မပြော၊ မစဉ်းစားလို ကသိုလ်ကောင်းမှု သတင်းစကားဖက်သို့ ပြောင်းကြစို့။ သည်သို့ဆိုလျှင် 'ပဥ္စမသံ ယနာတင် မင်းတရားအဖြစ်' ခံယူရသော အကြောင်းကို ချန်ထား၍ မဖြစ် မင်းတရား အဖို့ မျက်မှောက်ခေတ်ရော၊ သံသရာအတွက်ပါ များစွာ အကျိုးရှိခဲ့ရ တင်ပြ ရဦးတော့မည်။

ဘဝရှင် မင်းတရားသည် ကုသိုလ်ကောင်းမှု ပြုရခြင်းတွင် အလွန် နှစ်သက် ပျော်မွေ့သူ ဖြစ်သည်။ အယုတ်အားဖြင့် နေ့စဉ်သတ်နေဖြတ်နေကြသော ဟင်းစား တိရစ္ဆာန်များကိုပင် ဝယ်၍ အသက်လွှတ် အလှူကလေးသော်မှ ပြုချင်သည် နေ့စဉ် ငွေတော်ဒင်္ဂါးငါးဆယ့်ခြောက်ပြားကို အရင်းပြု၍ ဟင်းစား တိရစ္ဆာန်များ အသက်ကို ဘေးမဲ့ ပေးလှူသည်။ နေ့စဉ် ကြက် ၈၄ ကောင်၊ ဆိတ် ၅ ကောင်နှုန်းဖြင့် တစ်လလျှင်ဘေးမဲ့တိရစ္ဆာန်၂၆၄၀ ကောင်၊ တစ်နှစ်လျှင် ၃၁၁ ကောင်၊ လေးနှစ်ကာလအတွင်း ၁၂၄၆၀၈ ကောင် (တစ်သိန်း ကျော်) ကို ဘေးမဲ့ ပေးလှူခဲ့ပြီးပြီ။



တစ်ဖန်တုံ ပိဋကတ်သုံးပုံကို ကျောက်ထက် အက္ခရာတင်သည့် အလှူမွန် ကိုလည်း မင်းတရားကြီး ပြုခဲ့ပြီ။ ကညစ်တွင် ရေးသည့် စာသည် လည်းကောင်း၊ ရွှေပြားငွေပြားတွင် ရေးသည့် စာသည် လည်းကောင်း၊ ကြာရှည်မတည်။ ကျောက် ထက် အက္ခရာတင်လျှင် ထိုစာသည် ကမ္ဘာချဉ်းသည်အထိ အရှည်တည်တံ့မည်။ ကျောက်ထက် အက္ခရာ ဆိုသည်တောင်မှ 'ပါသာဏ' ကျောက်မျိုးသည် ခိုင်ခန့်မှု မရှိ၊ 'မျက်မဏိ' ကျောက်မျိုးတွင် ပါသော 'ကျောက်သလင်း' သည်သာ ခိုင်ခန့် သည်။ ကျောက်သလင်းတွင် ထိုးသော စာသည် ကမ္ဘာတည်သရွေ့ တည်လိမ့် မည်။ သည်တော့ ပိဋကတ်သုံးပုံကို ကျောက်သလင်းတွင် ရေးထိုးကြစို့။ သည်သို့ ဘုရင်မင်းမြတ် ဆုံးဖြတ်ခဲ့သည်။

သို့နှင့် စကျင်တောင်မှ ကျောက်သလင်းများကို တူးဖော်၍ နေပြည်တော်သို့ သယ်စေသည်။ ခန်းပတ်မင်းကြီး၊ ယောအတွင်းဝန် ဦးဖိုးလှိုင်နှင့်၊ မိုင်းကိုင်မြို့ စားတို့သည် ဤ အရေးတော်အတွက် အားကြိုးမာန်တက် ဆောင်ရွက်ရသည်။ တောင်ဆောင်တော် မိဖုရား၏ ဆရာရင်း ဘုရားကြီးဆရာတော် 'တိပိဋကရေ ရှင်ဇာဂရ' ကိုယ်တော်နှင့် အခြားပညာရှင်ဆရာတော်များက ပါဠိကျမ်းစာများ ကို အမှန်အကန် ဖြစ်ရန် ညှိနှိုင်းတည်းဖြတ်ပေးသည်။ ဤနည်းဖြင့် ဝိနည်း ၅ ကျမ်း ပါဠိတော် ကျောက်ချပ်ရေ (၁၁၁)၊ အဘိဓမ္မာ ၇ ကျမ်း ပါဠိတော် ကျောက်ချပ်ရေ (၂၀၈)၊ နိကာယ် ၅ ရပ် ကျောက်ချပ်ရေ (၄၁၀) ချပ် စုစုပေါင်း ကျောက်စာချပ် ၇၂၉ ဆူကို အက္ခရာတင် လှူဒါန်းခဲ့ပြီးပြီ။ ရေစက်သွန်းချ အမျှပေး ဝေခဲ့ပြီးပြီ။ သည်အလှူကား မွန်မြတ်လှပေစွ။

ဘုရင်မင်းတရားကား အလှူရေစက် လက်နှင့်မကွာသူ ဖြစ်သည်။ ပိဋကတ် တော်များကို ကျောက်ထက် အက္ခရာတင်ပြီးသည်နှင့် တစ်ဆက်တည်း၊ ရွှေတိဂုံ စေတီတော်အား ထီးတော်တင်လှူနိုင်ခွင့်ကို ဘုရင်မင်းတရား ရရှိခဲ့ပြန်သည်။

၁၈၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီမြတ်ကြီးအား ထီးတော်သစ် တင်ရန် အခြေအနေသို့ ရောက်ရှိလာသည်။ ရန်ကုန်မြို့နေ တောရဆရာတော်ကြီး ဦးပြားနှင့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်များစုဝေးညှိနှိုင်းကြသည်။ ရွှေတိဂုံစေတီ ထီးတော်တင်ရေးမှာ မိမိတို့ အများပြည်သူ ဆင်းရဲသားတို့ အင်အားနှင့်ဆိုပါက အလွန် ခဲယဉ်းမည်။ အရပ်တော် သံတောင် ၁၈ဖ တောင်နှင့် တစ်မိုက် လက်လေး သစ် ရှိသော နဝရတ် ၉ ပါးစီသည့် ရွှေထီးအတွက် ပြည့်ရှင် နေပြည်တော် သာသနာပြု

www.burmeseclassic.com

www.burmeseclassic.com



မင်းများမှသာလျှင် တင်လှူနိုင်တော့မည် စသည်ဖြင့် စည်းဝေးဆုံးဖြတ်ကြသည်။ ဤတွင် ရန်ကုန်မြို့၊ ပန်းဆိုးတန်းရပ်နေ ကျောင်းဒါယကာ ကိုထွန်းအောင်ကို ကိုယ်စားလှယ်အဖြစ် ရတနာပုံ နေပြည်တော်သို့ စေလွှတ်၍ ကနောင်ဘုရင်မင်းမြတ် ထံ အကျိုးသင့် အကြောင်းသင့် လျှောက်ထားတင်ပြရန် စီစဉ်ရလေသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်ကြီးကို ဗုဒ္ဓဂေါတမ မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူ ဌာပနာ၍ တည်ထားခဲ့သည်။ မြန်မာနိုင်ငံတွင် အဆက်ဆက် စိုးစံခဲ့ကြသော ဗညားဦး၊ ရှင်စောပု၊ ဘုရင့်နောင်နှင့် ဆင်ဖြူရှင် မင်းတရားတို့ သည်၊ သည်စေတီတော်မြတ်အား အမြဲမပြတ် ပြုပြင်ထိန်းသိမ်းမှု၊ ထီးတင်မှုများ ကို ပြုလုပ်လှူဒါန်းခဲ့ပြီး ဖြစ်သည်။ သည် အစဉ်အလာကို မင်းတုန်းမင်းတရား လက်ခံ ရယူခွင့် ကြုံပေပြီ။ ကံကုသိုလ် ထူးလှပါ၏။

ကိုထွန်းအောင်သည် ရန်ကုန်မြို့လူထု၏ ကိုယ်စားလှယ်အဖြစ် ရတနာပုံ နေပြည်တော်သို့ ရောက်လာ၏။ ရွှေသေတ္တာဖြင့် ထည့်လာသော အောက်မြန် ပြည်သူလူထု၏သဝဏ်လွှာကို ကိုထွန်းအောင်က ယောအတွင်းဝန်မှတစ်ဆင့် ဘုရင်မင်းမြတ်ထံသို့ ဆက်သရတော့သည်။ ဘုရင်မင်းမြတ်သည် ချက်ချင်း ဆုံးဖြတ် တော်မူ၏။ ရွှေတိဂုံဆံတော်ရှင်စေတီမြတ်အတွက် ထီးတော်မြတ်ကို ဘဝရှင် မင်းတရား တင်လှူတော့မည်။

သည်တွင် ပြဿနာဟုပင် မခေါ်နိုင်သော ပြဿနာတစ်ရပ် ပေါ်လာသည်။ မြန်မာဘုရင်မင်းမြတ် ထီးတော်တင်ပွဲကို အင်္ဂလိပ်အစိုးရက မလိုလားနိုင်ခြင်းပင် ဖြစ်သည်။ အောက်မြန်မာပြည်ရှိ အင်္ဂလိပ်အစိုးရ အမြင်တွင် မြန်မာဘုရင် မင်း တရားက အင်္ဂလိပ်ပိုင် ဒေသတွင် ထီးတော်တင်ရန် ကြိုးပမ်းမှုမှာ 'တစ်ချက်ခုတ် နှစ်ချက်ပြတ်' စေခြင်းပင် ဖြစ်သည်ဟု ယူဆသည်။ မြန်မာဘုရင်သည် သာသနာ ရေး လုပ်ငန်းများကို လုပ်ကိုင်ရင်း နိုင်ငံရေးလုပ်ခြင်း ဖြစ်သည်။ မိမိသြဇာကို အင်္ဂလိပ်ပိုင်နယ်မြေရှိ မြန်မာများအပေါ်တွင် ဖြန့်ကျက် လွှမ်းမိုးရန် ဘုရင်က လိမ်မာပါးနပ်စွာ ဆောင်ရွက်ခြင်း ဖြစ်သည်။ ဤသို့ အင်္ဂလိပ်အစိုးရက မြင်သည်နှင့် ပင် မြန်မာဘုရင့် အစီအစဉ်ကို တတ်နိုင်သမျှ ကန့်ကွက်တားဆီးရန် ကြိုးစားတော့ သည်။

မင်းတုန်းဘုရင်မင်းမြတ် တင်လှူသော ထီးတော်ကို မြန်မာပိုင် 'စကြာယာ မွန်' သင်္ဘောတော်နှင့် အောက်ပြည်သို့ ပင့်ဆောင်သွားသည်။ ထီးတော်တင်မည့်



အဖွဲ့ကို ပုပ္ပားဝန် ဦးမှုန်က ခေါင်းဆောင်ရသည်။ မြန်မာအဖွဲ့တွင် ဦးရေများ များ မပါဝင်ရ၊ ထို့ပြင် မြန်မာသင်္ဘောတော်ကို နယ်စပ်မှ ကျော်၍ မသွားရ၊ အင်္ဂလိပ်ပိုင်နက်တွင် သီးခြား သယ်ယူရမည်စသော တားဆီးချက်များနှင့် ကြုံတွေ့ ရသည်။ မည်သို့ပင် ဖြစ်စေ အောက်မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင် လူထု၏ အားကြိုးမာန်တက် ဆောင်ရွက်ချက်များကြောင့် မြန်မာဘုရင်မင်းတရား၏ အလှူ တော်မှာ စည်စည်ကားကား ရှိပါသည်။

အင်္ဂလိပ်အစိုးရက ပူပန်သောက ရောက်မည်ဆိုကလည်း ရောက်စရာပေပဲ။ အောက်ရပ်ဒေသရှိ မြန်မာဗုဒ္ဓဘာသာဝင် လူထုကြီးသည် ရွှေတိဂုံစေတီ ထီးတော် ကို ဆက်ကပ်ခြင်းနှင့်အတူ 'ဒါမှ တို့ဘုရင်၊ ဒါမှ တို့သခင်၊ ဒါမှ တို့သာသနာ ပြုမင်း'ဟု မင်းတုန်းဘုရင်မင်းမြတ်၏ ဂုဏ်ပုဒ်ကို ချီးကျူးမဆုံး ရှိခဲ့သည် မဟုတ်ပါ လား။

ဘုရားစေတီများကို ဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သည်။ ရဟန်း အများကို ပစ္စည်းလေးပါး မပြတ် လှူဒါန်းခဲ့သည်။ ပိဋကတ်တော်များကို ကျောက် ထက် အက္ခရာတင်ခဲ့သည်။ ထို့ပြင် ရွှေတိဂုံစေတီတော်မြတ်ကိုလည်း အခမ်းအနား နှင့် ထီးတော်သစ် တင်ခဲ့လေပြီ။

သည်အလှူများထက် ထူးမြတ်သော အလှူတော်တစ်ရပ်ကို ဘုရင်မင်းမြတ် ဆောင်ပြုခွင့် ကြုံလာပြန်သည်။ 'ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး' ဆိုသော ဂုဏ်ပုဒ်ကို ခံယူခွင့် ရရှိလာသည်။ ဘုရားဟော ပိဋကတ်တော်များကို သံဃာအများ စုပေါင်းရွတ်ဆိုလျက် သံဂါယနာတင်ပွဲ ကျင်းပခြင်းပေတည်း။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက 'ငါ၏ သာသနာတော်သည် အနှစ်ငါးထောင် တည်လိမ့်မည်' ဟု ဟောကြားခဲ့သည်။ သည်တော့ သာသနာ ငါးထောင်အတွင်း ဝယ် ဗုဒ္ဓတရားတော်များ စင်ကြယ်မှန်ကန်စေခြင်းမှာ ဘုရားသားတော်အများ သည် ဘုရားဟောပိဋကတ်တော်များ စုဝေးရွတ်ဆိုခြင်းအမှုကို အကြိမ်ကြိမ် ပြုကြ ရမည် ဖြစ်၏။ ပြုလည်း ပြုခဲ့ကြပြီး ဖြစ်သည်။

ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက်တွင် ရှင်မဟာကဿပ ဦးစီးလျက် ပထမ သံဂါယနာတင်ပွဲကို ကျင်းပခဲ့၏။ ဒုတိယ သံဂါယနာတင်ပွဲ ကို ကာလာသောကမင်းလက်ထက်တွင် လည်းကောင်း၊ တတိယသံဂါယနာတင် ပွဲကို အာသောကမင်းလက်ထက်တွင် လည်းကောင်း၊ စတုတ္ထ သံဂါယနာတင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကို သီဟိုဠ်ကျွန်းမှ ဂါမဏိမင်းလက်ထက်တွင်လည်းကောင်း အကြိမ်ကြိမ် ကျင်း ခဲ့ပြီးပြီ။

ကမ္ဘာ့ထီးဆောင်းမင်းတိုင်း သံဃါယနာတင် အမှုကို ကျင်းပနိုင်ခွင့် မ ကြ။ ထူးခြားမြင့်မြတ်သော မင်းတရားတို့သည်သာလျှင် သံဃါယနာတင်ခွင့် ရ သည်။ ဘုရားသာသနာတော် စင်ကြယ်ထွန်းပရေးအတွက် မိမိကကော သံဃါယ တင်ပွဲကို အဘယ့်ကြောင့် မကျင်းပနိုင်ရမည်နည်း။

မင်းတုန်းဘုရင်က တွေးသည်။ ဘုရင့်မင်းမြတ်သည် ထိုသို့ တွေးပြီးနော ဤသို့ မိန့်လေသည်။

‘ငါအရှင် ဧကရာဇ်မင်းမြတ်သည် သာသနာတော်ကို အလွန်အကျူး မြှောက်သော မင်းကောင်းမင်းမြတ် မဟုတ်လား။ သည်တော့ ရှေးရှေး မင်းအပေါင်းတို့ သံဃါယနာတင်တော်မူကြသည့်နည်းတူ ပဥ္စမသံဃါယနာတ သဘင်ကို ဆင်ယင် ကျင်းပတော်မူမည်’

ဘုရင်မင်းမြတ်က ‘ဘောင်းတော်ငြိတ်လျှင် စိတ်တော်သိ’ ကြရ ဝန်ကြီး မှူးမတ်အပေါင်းတို့မှာ သံဃါယနာတင်ပွဲကို ပြီးမြောက် အောင်မြင်အော စီရင်ရသည်။ မြန်မာသက္ကရာဇ် ၁၂၃၁ ခု တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့သ နှစ်ဆန်းတစ်ရက် စနေနေ့ကျရောက်သည်။ ထိုနေ့တွင် အမြောက်ဖောက် ပဥ္စမသံဃါယနာတင်ပွဲ စတင်လိုက်သည်။ သံဃါယနာတင် အခမ်းအနားတွင် ဘု မင်းမြတ်သည် အရှင်မိဖုရားခေါင်ကြီးနှင့် မင်းညီမင်းသား ဆွေမျိုးသားချင်း ခြံရံ၍ တက်ရောက်ခဲ့၏။

သံဃါယနာတင်ပွဲကို မြနန်းပြာသဒ်ဦးတွင် အထူးထူးသော လက်ရာ ဖြင့် ဆင်ယင်ဆောက်လုပ်သည့် မဏ္ဍပ်၌ ကျင်းပသည်။ သည်အခမ်းအနားတွ နေပြည်တော်ရှိ တံဆိပ်တော် ရသူ မရသူ၊ သံဃာတော် အရှင်မြတ်အပေါ ၂၄၀၀ တို့က ပိဋကတ်သုံးပုံကို စုဝေး၍ ရွတ်ဆိုကြသည်။ ငါးလနှင့် သုံးရ တိတိ ကြာညောင်းသောအခါ ပဥ္စမသံဃါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင် ပြီးစီးသွားလေပြီ။ ထိုသို့ ရှေးသာသနာပြုမင်းတို့ ထုံးနှင့်အညီ ကျင်းပ သံဃါယနာတင်ပွဲကြီး ပြီးစီးသည့်အခါ ဘုရင့်အမိန့်တော်အရ တိုင်းကား ပြည်ဆော သို့ အသိပေး ကြေညာမောင်းခတ်စေသည်။ သည့်နောက် ဘုရင်မင်းမြတ် ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှဝေသည်။ ထို့နော



ဘုရင်မင်းမြတ်က ထူးကဲသော သံဃါယနာတင် အလှူတော်ကို လှည်းနေ လှေ အောင်း မြင်းဇောင်းမကျန် သာဓုခေါ်နိုင်ကြစေရန် နန်းရှေ့မှ အမြောက်တော်ကို ခပ်ကျယ်ကျယ် ပစ်ဖောက်တော်မူလေသည်။

ဘုရင့် အမြောက်တော်သည် သံဃါယနာ သတင်းကို အတော်ဝေးဝေးဒေသ သို့ နှံ့သိကြေညာပေးနိုင်လိမ့်မည် မှန်၏။ သို့သော် ထိုအချိန်က အင်္ဂလိပ်တို့ ၏ အောက်မြန်မာပြည် အပါအဝင် အခြားနေထွက် ဘုရင်တို့၏ နိုင်ငံအသီးသီး နှင့်ကြေးနန်းဆက်သွယ်ပြီး ဖြစ်ရကား သံဃါယနာတင် မဟာသဘင်၏ သတင်း သည် ကြေးနန်းလိုင်းများမှတစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ ပျံ့လွင့်သွားလေပြီ။ ပန်း သတင်းကို လေညှင်းဆောင်၊ လူသတင်းကို လူချင်းဆောင်ပြီ။ မင်းတုန်းဧကရာဇ် မင်းမြတ်၏ ကောင်းမှုတော် သတင်းသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကမ္ဘာသို့ ပျံ့နှံ့ခဲ့ပြီ။

၂

ယခုအခါတွင် ဘုရင်မင်းမြတ်သည် အသက်အရွယ် အိုမင်းလာလေပြီ။

သက်တော် ၃၈ နှစ်က နန်းတက်ခဲ့သော ဘုရင်မင်းမြတ်သည် ယခုအခါ တွင် ‘အရွယ်တော် တဆိတ်ဟိုင်း’ လျက်၊ ၅၀ ကျော် ၆၀ ပိုင်းသို့ ရောက်ခဲ့ ပြီ။ ဘုရင်မင်းမြတ် အရွယ်တော် ကျပြီဆိုတော့ မှူးမတ်ဗိုလ်ပါတို့က အလေး အစား လျော့ကြသလား၊ ဝန်ကြီးဝန်ငယ်တို့က အကြည်အညို ပေါ့ကြလေမလား။

မဟုတ်ပါ။ မှူးမတ် ဗိုလ်ပါတို့သည် လည်းကောင်း၊ ဝန်ကြီးဝန်ငယ်တို့က လည်းကောင်း ဘုရင်မင်းမြတ်အပေါ် ယခင်ထက် ချစ်ခင်ကြ၊ လေးစားကြ၊ ကြည်ညိုကြမြဲ ဖြစ်သည်။ ပြောရမည်မှာ မိဖုရားများ၏ အပိုင်း..... ။

မိဖုရားခေါင်ကြီး အနေဖြင့် ဘုရင်မင်းမြတ်အပေါ် အကြည်အညို အလေး အမြတ်ထားမှု မလျော့ပါ။ အလယ်နန်းမိဖုရားကမူ ဘုရင်မင်းတရားကို လည်း ကောင်း၊ မိဖုရားခေါင်ကြီးကို လည်းကောင်း မကျေမနပ် ဖြစ်နေခဲ့သည်မှာ ကြာပြီ၊ မိမိသည် ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့သော ဘုရင့်သမီးတော် ဖြစ်သည်။ သို့ဂုဏ်လျက် ဘုရင်နှင့်အတူ သီဟာသနပလ္လင်ထက်တွင် စံစားခွင့်ကို အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားခေါင်ကြီး တစ်ပါးတည်း ရယူနေသနည်း၊ သည်အခွင့် အရေးကို မိမိဘာဖြစ်လို့ မရသလဲ..... ။

အလယ်နန်း မိဖုရားက ထိုသို့ တွေးသည်။

ခက်သည်မှာ မင်းတုန်းမင်းနန်းတက်စကလည်း အလယ်နန်းမိဖုရားသည် အတော်မကျေမနပ် ဖြစ်ခဲ့သေးမဟုတ်လား။ 'ကျေးတောသူ ခင်သဲကို ဒုတိယဆင့် ဖြစ်သော မြောက်နန်းမိဖုရားတင်ပြီး မိမိကျတော့ တတိယဆင့် ဖြစ်သော အလယ်နန်းဖြစ်နေရလို့။'

စင်စစ်တော့ မိန်းမသည် မိန်းမလောက်သာ အရည်အချင်းရှိမည်။ မိဖုရားဖြစ်နေ၍ သာမန်အရပ်သူ မိန်းမတစ်ဦးထက် ပို၍ အတွေးအခေါ် မြင့်မားမည်ဟု ယူဆ၍ မဖြစ်။ သည်တော့ အလယ်နန်းမိဖုရားသည်လည်း မိန်းမတို့တွင် ရှိတတ်သော အမူအကျင့်အတိုင်း လိုက်နာပြုကျင့်မည်သာ ဖြစ်သည်။ သို့နှင့် တစ်နေ့တွင် ပြဿနာ တစ်ရပ် ပေါ်လေသည်။

၁၈၇၅ ခုနှစ် ဩဂုတ်လတုန်းက မင်းတုန်းမင်း၏ သမီးတော်များ နားသမင်္ဂလာပွဲ ကျင်းပ၏။ နားသမည့် သမီးတော်များတွင် အလယ်နန်းမိဖုရား၏ သမီးတော် အငယ်ဆုံး မြတောင်စုဖုရားလည်း ပါသည်။ အခမ်းအနားမှာ မင်းပရိသတ် စုံလင်လှစွာဖြင့် စည်ကားစွာ ကျင်းပတော့မည်ဆဲဆဲ၊ မင်းတုန်းဘုရင်မင်းမြတ်သည် မိဖုရားခေါင်ကြီးနှင့်အတူ ပလ္လင်ထက်ဝယ် ခံ့ညားထယ်ဝါစွာ စံစားလျက် ရှိသည်။ ဆိုင်းတော်မဟာသည် ဘုရင့်ဘုန်းတော်ဘွဲ့များကို စည်စည်ဝေဝေ သီဆို တီးမှုတ်၍ ဂုဏ်ပြုလျက် ရှိသည်။

ထိုခဏတွင် ဘုရင်နှင့် မိဖုရားကြီးတို့ စံစားနေသော ပလ္လင်တော်၏ နောက်မှ ဥကင်တံခါးနှစ်ချပ်သည် ရုတ်တရက်ပွင့်သွား၏။ အလယ်နန်းမိဖုရားသည် တံခါးမှ နေ၍ ပလ္လင်ထက်သို့ တက်လာသည်။ ထို့နောက် မင်းတုန်းဘုရင်၏ ဘေးတစ်ဖက်ရှိ လစ်လပ်နေသော နေရာ၌ ဝင်၍ထိုင်လိုက်သည်။ ဘုရင်နှင့် မိဖုရားခေါင်ကြီး အရှင်နှစ်ပါးတို့ တင့်တယ်စွာ စံစားနေသော ဗိုလ်ပုံအလယ်တွင် အလယ်နန်းမိဖုရားက ဤသို့ ပလ္လင်ထက် ဝင်ထိုင်ခြင်းမှာ တော်ရုံလား။ ဘုရင်ကိုရော မိဖုရားခေါင်ကြီးကိုရော ရွှေဘုံနိဒါန်းလာ နန်းဓလေ့ ထုံးစံများကိုပါ စော်ကားလိုက်ခြင်း မဟုတ်ပေဘူးလား။



မင်းပွဲပရိသတ်ပင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ တီးတိုးတီးတိုး သဖန်းပိုး လုပ်ကြသည်။ ဆိုင်းတော်သည်ပင် ရုတ်တရက် စည်းချက် အဝင်မှားသွားသည် ထင်ရ၏။ သို့စင်လျက် ဘုရင်မင်းမြတ်သည် နှုတ်မှ ဘာမျှမဆိုဘဲ အခမ်းအနားကို အစီအစဉ်အတိုင်း ဖွင့်လှစ်ရန် ညွှန်ကြားလေသည်။ သည်တွင် မိဖုရားခေါင်ကြီးသည် နေရာမှ ရုတ်တရက် ထ၍ အဆောင်တော်သို့ ပြန်ကြွသွားတော့၏။ အလယ်နန်းမတော်၏ စော်ကားမှုကို မိဖုရားခေါင်ကြီး သည်းမခံနိုင်ပြီ။

အခမ်းအနား ပြီးသောအခါတွင် မင်းတုန်းဘုရင်မင်းကြီးသည် မိဖုရားခေါင်ကြီး အဆောင်သို့ ကြွချီ၍ နှစ်သိမ့်ဖျောင်းဖျပါသေး၏။ ခေါင်ကြီးဖုရား စိတ်မပြေဘဲ ဤသို့ပြန်မေး၏။ 'မောင်တော် ကေရာဇ်မင်းမြတ် မြှောက်စားလွန်းလို့ အလယ်နန်းက ရောင့်တက်လာပြီး ဗိုလ်ပုံအလယ်မှာ စော်ကားပြပြီ မဟုတ်လား'

အလယ်နန်းမိဖုရားကား ဤနှယ် စိတ်ဆတ်သည်၊ ပြတ်သားသည်၊ လုပ်ရဲသည်၊ ယင်းသို့သော အပြုအမူများသည်ပင် နောင်အခါတွင် နန်းပလ္လင်ကို ကိုင်လှုပ်မည့် အရေးအခင်းများကို ဖန်တီးခဲ့လေသလား။

သည်အရေးနှင့် ပတ်သက်၍ အနည်းငယ် ရှင်းမှ သင့်မည်။

အထက်ပါ ဖြစ်ရပ် ကြုံရသည်မှစပြီး မိဖုရားခေါင်ကြီးသည် စိတ်ရောလူပါ ညှိုးချုံးကျဆင်းခဲ့ရှာသည်။ ကိုယ်တော်တိုင်က ကောင်းစွာမကျန်းမာ၊ သို့နှင့် နောက်တစ်နှစ်မျှ အကြာတွင် မိဖုရားခေါင်ကြီး နတ်ရွာစံ ကံတော်ကုန် ရှာတော့သည်။ ခေါင်ကြီးဖုရား နတ်ရွာစံတော်မူသည်ဆိုတော့ ဘုရင်မင်းမြတ်သည် အသည်းခိုက်မျှ ဆွေးရှာသည်။ သည်မိဖုရားနှင့်ပင် ရွှေလက်တွဲ၍ နန်းတက်ခဲ့သည်။ မုန္ဒာဘိသိက် ခံယူခဲ့သည်။ အလှူဒါနပြုပြီး ရွှေခွက်ဆွဲ၍ အတူတကွ ရေစက်ချ အမျှဝေခဲ့သည်။ ဆိုးတူကောင်းဖက် စံခဲ့ရသော မိဖုရားကြီး ကံတော်ကုန်လေပြီ။ ဘုရင်မင်းမြတ်သည် များစွာမှ ကြေကွဲဝမ်းနည်း ဖြစ်ရှာ၏။ သို့ဖြစ်၍ပင် မသာတော် အခမ်းအနားကို စည်ကားစွာ ကျင်းပတော်မူခဲ့သည်။ မိဖုရားခေါင်ကြီး ရုပ်ကလာပ် စံမြန်းရာဒေသဝယ် ယာယီစံနန်းဆောက်လုပ်၍ပင် စံမြန်းတော်မူခဲ့လေသည်။

မိဖုရားခေါင်ကြီး နတ်ရွာစံတော်မူသည့် နောက်တွင် အလယ်နန်းမိဖုရား တစ်စခန်းထလေသည်။ ယခုအခါတွင် မိဖုရားခေါင်ကြီး မရှိတော့ပြီ။ ဘုရင်အသည်းစွဲ မြောက်နန်းမိဖုရား ခင်သဲလည်း ၁၈၇၂ ခု မေလအတွင်းက ဘုတ်ကွေးဖျား ဖျားခဲ့တာ ၁၁ ရက်သာ ခံသည်။ ကံကုန်တော်မူခဲ့ပြီကဲ..... သည်တော့မှာ

www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့် ပြိုင်ဝံ့သူ ဘယ်သူ ရှိသေးသလဲ..... ။ အလယ်နန်း မိဖုရားသည် ဤသို့ မကြုံးဝါးသော်လည်း ကြုံးဝါးသည့်နှယ်၊ မိမိရရှိမည့် အခွင့်အရေးအရာဌာန တို့ကို လက်ချိုး၍ ရေတွက်နေခဲ့သည်။

သို့သော် အလယ်နန်းမိဖုရားသည် မင်းတုန်းဘုရင်ကြီး၏ စိတ်သဘောထားကို မကျေနပ်နိုင်။ ဘုရင့်အပြုအမူများကို အကဲမရဟုလည်း ယူဆသည်၊ သို့နှင့် 'မိမိကို မိဖုရားခေါင်ကြီး မြှောက်ပေးပါ' ဟု ဘုရင်မင်းမြတ်ထံသို့ တရားဝင် တောင်းဆိုခဲ့လေသည်။

ဘုရင်မင်းမြတ်က ဘာလုပ်ခဲ့သည် ထင်ပါသနည်း..... ။

ဘုရင်မင်းမြတ်သည် မိဖုရား၏ အလိုကို မလိုက်လျောဘဲ ချေးသိပ်ရုံမျှသာ ဆောင်ရွက်ခဲ့၏။ အလယ်နန်း မိဖုရားကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ပေးခြင်းမရှိ၊ သို့သော် မိဖုရားခေါင်ကြီးတို့သာ ရရှိခံစားနိုင်သော ထီးဖြူတစ်လက်ဆောင်းခွင့်ကိုပေးခဲ့၏။ ထို့ပြင် ထားဝယ်နယ်မှ ရရှိတင်ဆက်လာသော 'ဆင်ဖြူတော်ကလေး' ကို အလယ်နန်းမိဖုရားသို့ အပိုင်စားပေးလိုက်ပြီး 'ဆင်ဖြူမရှင်' ဆိုသည့် ဘွဲ့ထူးကို ပေးသနားလိုက်သည်။ သို့နှင့် အလယ်နန်း မိဖုရားသည် 'ဆင်ဖြူမရှင်' ဆိုသည့် အမည်သစ်ကို ရခဲ့ပြီ။

ဆင်ဖြူမရှင် မိဖုရားသည် ဘုရင်ကြီး အသက်တော် အိုမင်းလာပြီကို သတိပြုမိ၏။ ဘုရင်ကြီး၏ ကျန်းမာရေးကလည်း သိပ်ပြီးကောင်းလှသော အခြေအနေမျိုးမဟုတ်။ နေ့လားညဥ့်လား၊ ဘုရင်မင်းတရား ရုတ်တရက် နတ်ရွာစံခဲ့လျှင် နန်းပလ္လင်ပေါ်ဘယ်သူ့တင်ရပါ့မလဲ..... ဟု မိဖုရားသည် စိတ်ကူး 'ဖဲရိုက်' နေလေသည်။

ဤတွင် မိဖုရားသည် 'သီပေါမင်းသား' ကို မျက်စေ့ထဲတွင် မြင်လာသည်။ အမှန်ဆိုတော့ ဘုရင့်သားတော်များအလယ်တွင် သီပေါမင်းသားသည် လက်ရုံးရည်အားဖြင့် အလွန်အားနည်းခဲ့၏။ နှလုံးရည်ကော ဘယ်လိုနေပါသလဲ။ ပြောရခက်လှသည်။ သီပေါမင်းသားသည် ဘာသာရေး သင်ခန်းစာများကိုတော့ ကျွမ်းကျင်စွာ တတ်မြောက်ပါ၏။ လက်ရေးလှသည်ဟုလည်း နာမည်ကြီးသည်၊ ပထမငယ်၊ လတ်၊ ကြီး၊ စာမေးပွဲများကို အထက်တန်းအဆင့်မှ အောင်မြင်သဖြင့် မင်းတုန်းမင်းတရား၏ ဂုဏ်ယူချီးကျူးခြင်း အမြဲခံရသည်။ သာသနာတော်ကိုချီးမြှောက်နေသော မောင်တော်မင်းတရားသည် ဘာသာရေးစာပေများ ကျွမ်း



ကျင်မှုတွင် နာမည်ထွက်နေသော သီပေါမင်းသားကို မိမိ၏ အရိုက်အရာ အတွက် မျက်စေ့ကျလေမလား..... ။

ဆင်ဖြူမရှင်မိဖုရား တွေးကြည့်သည်။ သည်အတွေးအတွက် များစွာ မျှော်လင့်အားထားစရာတော့ မရှိ။ အကြောင်းသော်မူ နန်းတွင်းအရေးအခင်းတို့တွင် ဓားကိုင်၍ ရပ်ခဲ့သော ဘုရင့်သားတော်ကြီးများက ရှေ့မှာ ရှိနေ၏။ မက္ခရာ၊ သုံးဆယ်၊ ညောင်ရမ်း..... စသည်။

ဆင်ဖြူမရှင်မိဖုရားက သီပေါမင်းသားကို နန်းလျာအရာအတွက် စိတ်ကူးကြည့်ခြင်းမှာ အကြောင်း မည်သို့ ရှိ၍နည်း။

ယခုအခါတွင် သီပေါမင်းသားသည် ဆင်ဖြူမရှင် မိဖုရား၏ သမီးလတ် စုဖုရားလတ်နှင့် အဆက်အသွယ် ရှိနေသည် မဟုတ်လား။ သီပေါကို နန်းရအောင် မိမိ ကြိုးစားနိုင်မလား။ သီပေါမင်းသား မင်းဖြစ်လျှင် သမီးတော်သည် မိဖုရားခေါင်ကြီးပေါ့၊ ထိုအခါတွင် ဘုရင့်ယောက္ခမနေရာ၌ မိမိတွင်ကျယ်ချင်တိုင်း 'တွင်ကျယ်' စမ်းပေတော့..... ။

ဆင်ဖြူမရှင်သည် မိမိစိတ်ကူးအား အကောင်အထည်ဖော်နိုင်မည့် အချိန်ကို စောင့်သည်။ စိတ်တိုင်းကျလုပ်ဆောင်နိုင်မည့် အခွင့်အရေးကို ငံ့လင့်သည်။ အချိန်အခါနှင့် အခွင့်အရေးသည် တစ်ပြိုင်နက် ကျရောက်မှသာ ကြိုးပမ်းမှုသည် အရာထင်လိမ့်မည်။ သည်တော့ ခဏခေတ္တတော့ သည်းခံစောင့်အုံးမှပေါ့။

ဘုရင်မင်းမြတ်သည် အရွယ်အိုမင်းပြီဆိုသော်လည်း တိုင်းပြည်တိုးတက်ထွန်းကားရေး လုပ်ငန်းများကိုမူ မလစ်လပ်စေရပေ။ ကြည့်တော့။ ကနောင်မင်းနတ်ရွာစံစက အရှိန်တန့်သွားသော စက်မှုလုပ်ငန်းများသည်ပင် ယခုအခါတွင် အရှိန်မပြတ် တိုးတက်လည်ပတ်လျက် ရှိပြီ။

နန်းမြို့တွင်းရှိ လက်နက်စက်ရုံသည်လည်းကောင်း၊ အနောက်ပြင်ရှိ အမြောက်စက်ရုံများသည်လည်းကောင်း၊ ယခုအခါတွင် အလုပ်သမားများဖြင့် စည်စည်ပင်ပင် လည်ပတ်နေပြီ။ ဗထက်ချိုင့် သေနတ်များ၊ တူမီးသေနတ်များနှင့် ကျည်ဆံများ၊ အမြောက်တော်များကို စည်းစံနစ်ကျကျ ထုတ်လုပ်နိုင်နေပြီ။

စက်ယက္ကန်းစင် (၈၀) ခန့် ပါဝင်သော အကြည်ယက်စက်များကိုလည်း တည်ဆောက်နိုင်ခဲ့ပြီ။ အနောက်တိုင်းဖြစ် ချည်ထည်များကိုပင် ရက်ကန်းစက်ရုံများမှ ထုတ်လုပ်ပေးခဲ့၏။ အနောက်ပြင်၌ပင် ကမ္ဘာ့စံချိန်မီ သဘော်ကျင်းကြီး တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။ သင်္ဘောဟောင်းတွေပြင်မလား၊ စက်ကိရိယာတွေ လဲမလား၊ ရနိုင်ပြီ။ သည်မျှနှင့်မကျေနပ်သေး၊ သင်္ဘောတော်အသစ်တည် ဆောက်ရန်လည်း စီစဉ်ခဲ့သည်။

၁၈၇၁ ခုနှစ်တွင် မြစ်တွင်းသွား သင်္ဘောဆယ်စင်းကို တစ်ပြိုင်နက် တည်ဆောက်နေခဲ့သည်။ ယင်းနှင့်အတူ သံရည်ကျိုစက်၊ သကြားစက်၊ လွှစက် စသည်ဖြင့်လည်း နေပြည်တော်တလွှားတွင် စက်ရုံတွေ မီးခိုးတလူလူ ဝေလျက် ရှိ၏။ နိုင်ငံတော်၏ အနာဂတ်အတွက် သည်စက်ရုံများသည် အားရကျေနပ်ဖွယ် မကောင်းပေဘူးလား။ ကောင်းလှပါသည်။

သို့သော် မင်းတုန်းဘုရင်မင်းမြတ်သည် ထိုမျှနှင့် ကျေနပ်နေမည့်သူ မဟုတ် ပေ။ လုပ်ဆောင်ဖွယ်တွေ များစွာ ကျန်သေးသည်။ မြန်မာပြည်ရှိ 'စက်ရုံကလေး' မဖြစ်စလောက်သည် ဘာဟုတ်သေးလို့တုန်း၊ တိုးချဲ့စရာတွေ ရှိသေးသည်။ ပညာယူစရာတွေ လိုသေးသည်။ သည်တော့ နိုင်ငံခြားပညာတော်သင်များ ထပ်မံ စေလွှတ်ရန် ဘုရင်မင်းတရားက စီစဉ်သည်။ ဝန်ကြီးမှူးကြီးများနှင့် တိုင်ပင်လျက် မြန်မာနှင့် အဆက်အဆံရှိဖူးသော အိန္ဒိယ၊ ပြင်သစ်၊ အင်္ဂလန်နိုင်ငံများသို့ သင့်တော် မည့် ပညာသင်များကို စေလွှတ်ရန် စီစဉ်လေသည်။

မြန်မာပြည်အတွက် စက်မှုသိပ္ပံ ပညာရပ်များကို ပညာတော်သင်တွေက သင်ကြား ယူဆောင်လာကြလိမ့်မည်။ သည်မျှနှင့်လည်း ကျေနပ်နေ၍ မဖြစ်သေး ကမ္ဘာနှင့် မြန်မာ အဆက်အဆံ တိုးချဲ့ရလိမ့်မည်။ မြန်မာတို့ မျက်စေ့ကျယ်သည် နှင့်အမျှ သူများ စော်ကားခံရသည့် ဘေးမှ ကင်းဝေးပေတော့မည်။ သည်တော့ မြန်မာပြည်အတွက် တန်ဖိုးမဖြတ်နိုင်သော 'နိုင်ငံတကာ ချစ်ကြည်ရေး' ဆုလာဒ် ရရှိနိုင်ရန်အတွက် နိုင်ငံရပ်ခြားသို့ သံတမန်အဖွဲ့ တစ်ဖွဲ့ စေလွှတ်လျှင် ကောင်း မည်။ သည်သို့စေလွှတ်၍ ကိုယ့်ဖို့ ဘာအရှုံးရှိမလဲ။

သို့နှင့် ဘုရင်မင်းမြတ်သည် အနောက်နိုင်ငံသို့သံအဖွဲ့ တစ်ဖွဲ့ စေလွှတ်ရန် စီစဉ်လေသည်။



၃

မင်းတုန်းဘုရင်မင်းမြတ်က အနောက်နိုင်ငံများသို့ မြန်မာသံအဖွဲ့ စေလွှတ်ရန် ကြည့်ရှုယ်ရာတွင် အခြားအကြောင်းများလည်း ရှိသေးသည်။ ဥပမာ၊ အချုပ်တန်း ဆရာဖေ၏ တေးထပ် ကိစ္စမျိုး၊ ကရင်နီနယ်တွင် ကပ္ပတိန်စလေဒင် ဝင်မွှေသည့် ကိစ္စမျိုး။ သည်ကိစ္စများသည် မြန်မာအင်္ဂလိပ် ဆက်ဆံရေးတွင် တစ်စုံ တစ်ခုသော အတိုင်းအတာအထိ အနှောင့်အယှက် ဖြစ်နိုင်သည်။

အိန္ဒိယဘုရင်ခံချုပ် 'လော့ဒ်မေရိုး' သည် အင်္ဂလိပ်တို့၏ အောက်မြန်မာ နိုင်ငံသို့ လာရောက် လည်ပတ်ခဲ့သည်။ ကြုံကြိုက်လေသလား၊ တမင်ပင် ပြု လေသလားတော့ မသိရ၊ လော့ဒ်မေရိုး မြန်မာပြည်သို့ အလည်လာချိန်မှာ မြန်မာ အမျိုးသားတို့က မင်းတုန်းဘုရင်မင်းမြတ်၏ ထီးတော်ကို ရွှေတိဂုံစေတီတော်၌ တင်လှူနေချိန်နှင့် ချိန်ကိုက် ဖြစ်နေ၏။

ထိုအချိန်က မြန်မာ့နန်းတွင်း၌ အနည်းငယ် ပေါက်ရောက်ကျော်ကြားစ ပြုနေသော စာဆိုတော် 'အချုပ်တန်းဆရာဖေ'သည် ထီးတော်တင်ပွဲသို့ မြန်မာ သံတော်အဖွဲ့နှင့်အတူ လိုက်ပါသွားရလေသည်။ သို့နှင့် ဘုရင်ခံချုပ် လော့ဒ်မေရိုး ရန်ကုန်ရောက်လာပုံ အခမ်းအနားကို ဆရာဖေ မြင်တွေ့လိုက်ရ၏။ လော့ဒ်မေရိုးကို ရန်ကုန်ရှိ အင်္ဂလိပ်အာဏာပိုင်တို့က ခမ်းနားကြီးကျယ်စွာ ကြိုဆိုကြ၏။ မည်မျှ အထိများ ခမ်းနားအောင် စီမံသနည်းဆိုလျှင် ဘုရင်ခံချုပ် သင်္ဘောမှ ဆင်းလာစဉ် သေနတ်ဖြူတော် နှစ်လက် မိုးကာ၍ ကြိုကြသည်အထိ 'ကဲ' ခဲ့ကြသည်။

မြတ်စွာဘုရား...၊ ထီးဖြူတော်ဆိုသည်ကား ဧကရာဇ်ဘုရင်မင်းမြတ်တို့မှ ဆောင်းခွင့် ရှိသော အရာမဟုတ်လား။ ကုလားဖြူ ဘုရင်ခံသည် မအပ်မရာကို ဆောင်လေပြီ။ ဤသို့လျှင် ဆရာဖေကတွေး၏။ ဒေါသလည်း ဖြစ်သည်။ ကြိတ် မှိတ်ခံနိုင် ခဲမရ ခံစားခဲ့ရသည်။

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မေရိုးသည် မြန်မာပြည်မှ အပြန် အင်ဒမန် ကျွန်းရှိ ပို့ဘလဲယားမြို့သို့ ဝင်ရောက်လည်ပတ်ခဲ့၏။ ထိုမြို့တွင် အကျဉ်းသား တစ်ဦးက ဓားဖြင့် နှစ်ချက်ထိုးသဖြင့် ဘုရင်ခံချုပ် သေဆုံးသွားသည်ဟု ဆိုသည်။

ထိုသတင်းကို အချုပ်တန်း ဆရာဖေသည် မန္တလေးနေပြည်တော်မှ နေ၍ ကြားလေသည်။ အကွက်ကောင်းတော့ ပေါ်လေပြီ။ ဆရာဖေသည် အိန္ဒိယ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



ခံချုပ် ထီးဖြူနှစ်လက်ဆောင်းသည်ကို မြင်ရစဉ်က မိမိခံစားရသော နာကြည်းမှုများကို ပြန်ဖော်သည်။ 'မအပ်မရာ ထီးဖြူနှစ်လက်ဆောင်းလို့သာ မားနှစ်ချက်ထိုးခံရသပေါ့၊ ထီးဖြူလေးလက်ဆောင်းခဲ့ရင် မားလေးချက် အမွေခံရပြီး ခွေးသေသေရမည်' ဟု အဓိပ္ပာယ်ပါသော တေးထပ်ကို ဆရာဖေက ရေးစပ်သည်။ သို့ ရေးစပ်ပြီး မိမိ၏ ဇာတ်သဘင်တွင် ထည့်၍ ကပြလေသည်။ ဆရာဖေက သူ၏ တေးထပ်ကို 'ထီးဖြူရုံပြာသာဒ်နှင့် မအပ်တဲ့ မရာ၊ လပ် (လော့ဒ်) ဆိုတဲ့ မိစ္ဆာ ပိတ်ရှာပြီ ဓိဝိ' ဟု အစချီခဲ့သည်။ တေးထပ်အလယ်ပိုဒ်၌ 'မင်းတုတု ခွေးသေသေ သွေးထွေထွေယိုဘိ၊ လတ်ရန်ကို ဆဒ္ဒန်ဖိ၊ နတ်, ဖန်သည့် ဘုန်းတော်' ဟု ဆရာဖေက ဆိုသည်။ တေးထပ်အဆုံးတွင်ကား ဆရာဖေက 'ထီးဖြူတော်နှစ်လက်ကြောင့် အသက်ထွက်လွယ်စေ၊ မားနှစ်ချက်မွေ၊ လေးလက်ဖြင့်၊ လေးချက်မွေမယ်၊ ဘေးသက်သေလက်ငင်းကွဲ့လေး..... ' စသသည်ဖြင့် ခပ်စပ်စပ်ကလေးဖွဲ့လေသည်။

ဆရာဖေက ဘုရင်ခံချုပ်လော့ဒ်မေရိုးအား ခွေးနှင့် နှိုင်း၍ ပုတ်ခတ် ရှုတ်ချရေးသား လိုက်သော တေးထပ်ကို ဇာတ်သဘင် အသီးသီးက ကူးယူ၍ ကပြကြသည်ဟု ဆိုသည်။ သည်သတင်းကို ကြားသော၊ အင်္ဂလိပ်အစိုးရအဖို့ 'အနာပေါ် တုတ်ကျ' လေတော့သည်။ အင်္ဂလိပ်အစိုးရက တရားဝင် ကန့်ကွက်စာတစ်စောင် ပို့သည်။ ဘုရင်ခံချုပ်အား ခွေးနှင့် နှိုင်းကာ ရှုတ်ချပုတ်ခတ် ရေးသားသူ စာရေးဆရာကို ပြင်းထန်စွာအရေးယူရန် ထိုစာကတောင်းဆိုသည်။ မင်းတုန်းဘုရင်မင်းမြတ်သည် အကျိုးအကြောင်းကို မျှော်ခေါ် တွေးရှုလျက် တေးထပ်ရေးသူ ဆရာဖေကို အရေးယူတော့သည်။ ဆရာဖေကို ဖမ်းဆီးချုပ်နှောင် အပြစ်ပေးလိုက်သည်ဟု ဆိုသည်။ အင်္ဂလိပ်အစိုးရထံသို့ မြန်မာဘုရင့်အစိုးရက စာရေး၍ အကြောင်းကြားလိုက်၏။

'အန္တမ်' ကျွန်းတွင် အိန္ဒိယဘုရင်ခံချုပ် အနိစ္စရောက်ကြောင်းကို ကျေနပ် ယုတ်ရှက်ရအောင် တေးထပ်သီချင်း ရေးစပ်သူ ဖေအား အကျဉ်းချထား စီရင်ကြောင်း၊ ဇာတ်၊ ရုပ်စုံ၊ အတီးအကတို့ကိုလည်း ကဆိုပြသခြင်း မပြုလုပ်ရန် ကျပ်ကျပ်တည်းတည်း ဆင့်ဆိုထားရှိကြောင်း'။

ဘုရင်မင်းမြတ်သည် ဆရာဖေကို ပြင်းပြင်းထန်ထန် အရေးယူရန် ဆန္ဒ ရှိဟန် မတူပေ။ အကြောင်းမှာ ဆရာဖေက 'သမုတိအတွက် ဝေက်ကဒဏ်ခံ'



အစချီ တေးထပ်တစ်ပုဒ်ကို အချုပ်တွင်းမှ ရေးသား၍ တင်ဆက်သောအခါ ဆရာဖေကို အချုပ်မှ ပြန်လွှတ်လိုက်၍ ဖြစ်သည်။

မည်သို့ပင် ဖြစ်စေကာမူ အင်္ဂလိပ်အစိုးရကမူ မိမိအား ရှုတ်ချရေးသားသူ စာရေးဆရာကို အရေးယူလိုက်ပြီဆို၍ ကျေနပ်သွားမည် ဖြစ်တော့သည်။

ဆရာဖေ၏ကိစ္စသည်အင်္ဂလိပ်မြန်မာဆက်ဆံရေးတွင် အဖုအထစ် ဖြစ်မည်ဆိုက ဖြစ်နိုင်သည်။ သို့သော် မင်းတုန်းဘုရင်၏လိမ်မာပါးနပ်သော အပြုအမူသည် ထိုအဖုအထစ်ကို ပြေပျောက်စေခဲ့ပြီ ဖြစ်သည်။

သည့်နောက်ဖော်ပြရန်မှာ အင်္ဂလိပ်သံ စလေဒင်၏ကိစ္စ။ အင်္ဂလိပ်သံ ကိုယ်စားလှယ်ရုံးကို ဗန်းမော်တွင် ဖွင့်ခွင့်ပြုကြောင်းနှင့် အင်္ဂလိပ်အမျိုးသားများကို မြန်မာပြည်မှ ဖြတ်၍ တရုတ်ပြည်သို့ပင် ခရီးသွားခွင့် ပြုကြောင်း ရှေ့အခန်းများ၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။ တစ်ကြိမ်တွင် နေပြည်တော်ရှိ အင်္ဂလိပ်သံ စလေဒင်သည် မြန်မာပြည်ကို ဖြတ်၍ တရုတ်ပြည်သို့ခရီးထွက်သွားသည်။ ဘုရင်မင်းတရားက အင်္ဂလိပ်တို့ကို မျက်နှာချိုးသွေးလွန်းသည်ဟုပင် ဆိုမည်လား၊ စလေဒင်၏ ခရီးလမ်းတွင် ချောမော ပြေပြစ်စေရန် မင်းတုန်းဘုရင်သည် လက်စွဲတော် ဓားကိုပင် စလေဒင်အား ပေးသနားလိုက်သည်ဟု ဆိုသည်။

သို့သော် စလေဒင်ကား 'အလိုလိုက်၍ အမိုက်ဇော်ကား' လေသည်။ သူသည် ရှမ်းပြည်ရှိ စော်ဘွားများနှင့် ဗန်းမော်ဖက်ရှိ ကချင်ဒူးဝါးများကို လက်နက်အကူအညီပေးမည်ဟု မက်လုံးပြပြီး မိမိတို့ အင်္ဂလိပ်ဖက်ပါရန် စည်းရုံးခဲ့သည်။ ဒါတင်ပဲလား၊ ကရင်နီနယ်တွင် အရှေ့နှင့်အနောက် မသင့်မတင့် ဖြစ်သောအခါ စလေဒင်က ဝင်မွှေပြန်၏။ ကရင်နီအရှေ့ဒေသရှိ 'နယ်စားစောလှဖော်'သည် မြန်မာဘုရင့် ခြေဖဝါးအောက်သို့ ခိုလှုံလာသည်။ မြန်မာဘုရင့်သစ္စာတော်ကို ခံယူခဲ့ သည်။ စလေဒင်သည် ထိုအကြောင်းကို ကြားသော် စောလှဖော်နှင့်တွေ့ရန် ကြိုးစားပြီး အင်္ဂလိပ်မဟာဝန်ရှင်ဝတော်မင်းကြီးထံ ဝင်ရောက်သစ္စာခံဘို့ စည်းရုံးပြန်လေသည်။ မည်မျှ သစ္စာမဲ့လေသော အင်္ဂလိပ်သံအမတ်ပေနည်း။

စလေဒင်လုပ်သည့် ကိစ္စမျိုးသည် မသိရင် တော်ပါရဲ့၊ သိရတော့ အင်္ဂလိပ် မြန်မာနှစ်နိုင်ငံအကြား အလွန် မျက်နှာပျက်စရာ ကိစ္စတွေ မဟုတ်လား။ ဆရာဖေ ကိစ္စတုန်းက အင်္ဂလိပ်အစိုးရ ကျေနပ်အောင် မိမိလုပ်ဆောင်ခဲ့ပြီ။ ယခု စလေဒင်၏ အပြုအမူကို အင်္ဂလိပ်အစိုးရထံ တင်ပြခဲ့သော် အင်္ဂလိပ်အစိုးရက မိမိကျေနပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



အရေးယူပါ့မလား၊ စဉ်းစားစရာပါ။ ကဲ..... ဒီတော့ အင်္ဂလိပ်မြန်မာ ချစ်ကြည်ရေး လုပ်ငန်းတွေ ဖိလုပ်လိုက်မည်။ သို့ဆိုလျှင် သည်လိုအသေးအဖွဲ့ ကိစ္စကလေးတွေ အလိုအလျောက် ပျောက်ကွယ်သွားတန်ကောင်းရဲ့.....။

# နောက်ဆုံးနေ့၏ နောက်ဆုံးနေ့များ

၁

ဤသို့ဖြင့် မြန်မာသံအဖွဲ့ တစ်ဖွဲ့ကို အနောက်နိုင်ငံများသို့ စေလွှတ်ရန် ဘုရင် င်းမြတ် ဆုံးဖြတ်ခြင်းဖြစ်သည်။ သံအဖွဲ့ကို ခေါင်းဆောင်ရန် လောက မ္မရာဇကြောင်း ကျွမ်းကျင်သူ ကင်းဝန်ထောက် ဦးကောင်းကို ဘုရင်မင်းမြတ်က သဘောကျနေသည်။ ထို့ကြောင့် ကင်းဝန်ထောက် ဦးကောင်းကို အဂ္ဂမဟာ သနာပတိဘွဲ့နှင့် ဝန်ကြီးခန့်၍ မြန်မာသံအဖွဲ့ ခေါင်းဆောင်အရာထားး၏။ းကောင်းနှင့်အတူ ပန်းတင်းဝန် ဦးရွှေဘင်၊ ဖန်ချက်ဝန် ဦးရွှေအိုး၊ လွှတ်တော် ရေး ဦးခြိမ့်တို့ လိုက်ပါကြမည်။ ဦးရွှေဘင်သည် အင်္ဂလန်မှ တစ်ခေါက် န်ခဲ့ပြီးသူ၊ ဦးရွှေအိုးမှာ ပြင်သစ်နိုင်ငံမှ တစ်ခေါက် ပြန်ပြီးသူ ဖြစ်သည်။ နိုင် ခြား အတွေ့အကြုံ ရှိသူ နှစ်ဦးနှင့် အရာရာတွင် ဆင်ခြင်းနိုင်းဆ တွေးခေါ် ဆောင်ရွက်တတ်သူ ဦးကောင်းတို့ကို ဖက်ပေးလိုက်ခြင်းသည် အလွန် သင့်လျော် ည်ဟု ဘုရင်မင်းမြတ်က မှချယုံကြည်နေသည်။

ကင်းဝန်မင်းကြီး ဦးကောင်း ဦးစီးသော မြန်မာသံအဖွဲ့သည် ၁၈၇၂ နှစ် ဖေဖော်ဝါရီလတွင် မြန်မာပိုင် စကြာယာဉ်မှုန် သင်္ဘောဖြင့် မန္တလေးမြို့မှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာခဲ့သည်။ ဦးကောင်းတို့ သံအဖွဲ့၏ ခရီးမှာ ချောမောလှသည် မဟုတ်ပေ။ သံအဖွဲ့သည် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများသို့ သွားရောက်မည်ကို အင်္ဂလိပ်အစိုးရက သိ၏။ ထိုအချိန်က အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံတို့သည် အာရှတိုက်ရှိ ဒေသအသီးသီးတွင် ကိုလိုနီကျွန်နိုင်ငံတွေ အပြိုင်အဆိုင် ရှာနေချိန် မဟုတ်လား။ သည်တော့ အင်္ဂလိပ်အစိုးရသည် မြန်မာသံအဖွဲ့က ပြင်သစ်တို့နှင့် အဆက်ရသွားမည်ကို မကြည်ဖြူနိုင်ပါ။ ထို့ကြောင့် မြန်မာသံအဖွဲ့ ကသိကအောက် ဖြစ်ရန် တတ်နိုင်သမျှ ကြိုးပမ်းလေသည်။

ရန်ကုန်မြို့ရှိ မျက်နှာဖြူ မဟာဝန်ရှင်တော်မင်းကြီး အီဒင်သည် မြန်မာသံအဖွဲ့ကို စိတ်မပါ့တပါ ကြိုဆိုခဲ့သည်။ မြန်မာသံအဖွဲ့ အင်္ဂလန်သို့ ရောက်လျှင် နိုင်ငံရေး ကိစ္စများကို မဆွေးနွေးပါနှင့်ဟုလည်း အီဒင်က ဦးကောင်းကို မှာကြားနေပြန်သည်။ မူလပထမက မြန်မာသံအဖွဲ့သည် မြန်မာအစိုးရပိုင် ပင်လယ်ကူးသင်္ဘောတော် 'စကြာယာဉ်ပျံ' နှင့် လန်ဒန်သို့ ခရီးဆက်ရန် ဖြစ်သည်။ သို့ဆိုလျှင် ကိုယ့်သင်္ဘောနှင့် ကိုယ်မို့ စရိတ်စက အကုန်အကျ သက်သာမည်။ အစစအရာရာ အဆင်ပြေတော့မည်။ ဤတွင် ရန်ကုန်ရှိ အင်္ဂလိပ်အစိုးရက မြန်မာ့ပင်လယ်ကူးသင်္ဘော 'စကြာယာဉ်ပျံ' သည် ပင်လယ်ကူးသင်္ဘောဥပဒေနှင့် မညီညွတ်ဟု တားမြစ်ပြန်သည်။ ဦးကောင်းတို့မှာ ဘာပဲဖြစ်ဖြစ် လိုရင်းခရီးရောက်ဖို့ အရေးကြီးသည် မဟုတ်လား။ သည်တော့ အင်္ဂလိပ်အစိုးရက စီစဉ်ပေးသော သူတို့ ပင်လယ်ကူးသင်္ဘော 'တနသာ်ရီ' ဖြင့်သာ လန်ဒန်သို့ ခရီးဆက်ကြရတော့သည်။

မြန်မာသံအဖွဲ့ကို ကမ္ဘာထီးဆောင်းမင်း အသီးသီးက နှစ်လိုကြည်ဖြူစွာ ကြိုဆို ဧည့်ခံကြပါ၏။ ဝမ်းသာစရာပေပဲ။ ကိုယ့်နိုင်ငံကလေးအတွင်းမှာတုန်းက 'နွားခြေရာခွက်ထဲက ဖားသူငယ်လို' တို့နိုင်ငံ ဟုတ်လှပြီ ထင်မိရဲ့။ ကမ္ဘာ့အလယ်ကို ထွက်ကြည့်တော့မှ အနိုင်နိုင်ငံ၏ တိုးတက်မှုတွေကို ဦးကောင်းတွေ့ရပြီ။ ဘုရင်မင်းမြတ်ထံ ပြန်၍ သံတော်ဦးတင်ရမည်။ မြန်မာနိုင်ငံအတွက် ပြုပြင်ဖွယ်တွေ၊ နည်းယူဖွယ်တွေ၊ စံပြုဖွယ်တွေ များစွာ ရှိပါသေးကလား။

အီတလီနိုင်ငံသို့ မြန်မာသံအဖွဲ့ ရောက်ရှိစဉ် အီတလီဘုရင်မင်းမြတ်က တွေ့ဆုံ ဧည့်ခံခဲ့၏။ မြန်မာသံအဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ မဝင်မီ ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ အရင်ဝင်၏။ ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးနှင့် ဦးကောင်း၏ သံအဖွဲ့ တွေ့ခဲ့ရသည်။ ပြင်သစ်မြန်မာနှစ်နိုင်ငံ အကျိုး ဖြစ်ဖွယ်များ တိုင်ပင်ရ၏။ ဆွေးနွေး



ညှိနှိုင်းရ၏။ ပြင်သစ်နိုင်ငံမှ တစ်ဆင့် အင်္ဂလန်နိုင်ငံသို့ ခရီးဆက်သောအခါ အင်္ဂလိပ်အစိုးရသည် မြန်မာသံအဖွဲ့ကို အမြောက် ၁၉ ချက်ဖောက်၍ ကြိုလေသည်။ မြန်မာသံအဖွဲ့ကို အင်္ဂလိပ်အစိုးရက အလေးထား ချီးမြှောက်သည့် သဘောတည်း။

သို့သော် ဤသို့ ကြိုဆိုရုံမျှနှင့် ကျေနပ်ဖွယ်ဟု မယူဆနိုင်ပါ။ အကြောင်းမှာ နှစ်နိုင်ငံအရေးအခင်းများနှင့် ပတ်သက်၍ ပြောကြ ဆိုကြသောအခါတွင် မြန်မာသံအဖွဲ့သည် အင်္ဂလိပ်အစိုးရနှင့် တိုက်ရိုက် စကားဆိုခွင့် မရ၍ ဖြစ်သည်။ ဦးကောင်းတို့သည် အိန္ဒိယ ကိုလိုနီပြည်နယ်ဝန်ကြီးနှင့်သာ တိုက်ရိုက်တွေ့ဆုံ စကားပြောကြရလေသည်။

ဦးကောင်းတို့ သံအဖွဲ့ကို အင်္ဂလိပ်တို့က အိမ်သည်ပီပီသသပင် ဧည့်ခံကြသည်ကိုကား မှတ်တမ်းတင်ရမည်။ အင်္ဂလန်နိုင်ငံရှိ ပါလီမန်အဆောက်အဦ၊ သင်္ဘောဆိပ်၊ ကြေးနန်းရုံ၊ စစ်သင်္ဘောများ၊ စက်ရုံများ၊ ပြတိုက်များ၊ တက္ကသိုလ်နှင့် တရားရုံးတော်၊ ဘဏ်တိုက်၊ အစရှိသည့် ထင်ရှားကြီးကျယ်သော အဆောက်အဦများကို လှည့်လည်ပြသခဲ့သည်။ ဂုဏ်ပြုဧည့်ခံပွဲကြီးများ လုပ်၍လည်း နှစ်နိုင်ငံ ချစ်ကြည်လိုကြောင်း ပြသပါသည်။ သို့သော် အင်္ဂလိပ်နှင့် မြန်မာတို့သည် မည်သည့် စာချုပ်ကိုမျှ မချုပ်ဆိုဖြစ်ခဲ့ပေ။ အင်္ဂလိပ်မြန်မာ နှစ်နိုင်ငံ၏ ဆက်ဆံရေး ရှေ့ခရီးစဉ်အတွက်ကား ချစ်ကြည်ရေး ပန္နက်ကို ခိုင်ခိုင်ရိုက်နိုင်ခဲ့သည်။ နှစ်နိုင်ငံ အကြား မကြေလည်သော ကိစ္စများ မရှိစေရ၊ တစ်ဦးသဘောကို တစ်ဦး သိရှိအောင် လဲလှယ်ညှိနှိုင်းနိုင်ခဲ့ခြင်းကိုပင် 'အကျိုးထူး' ဟု ယူရတော့မည်။

အပြန်ခရီးတွင် မြန်မာသံအဖွဲ့သည် ပြင်သစ်နိုင်ငံသို့ ရောက်ခဲ့သည်။ ပြင်သစ်နှင့် မြန်မာတို့ ကုန်သွယ်ရေး စာချုပ်တစ်ရပ်ကို အကြမ်းအားဖြင့် ချုပ်ဆိုခဲ့ကြသည်။ သို့သော် ထိုစာချုပ်သည် ချက်ချင်း အတည်မဖြစ်သေး၊ မြန်မာဖက်မှ မင်းတုန်းဘုရင်က လည်းကောင်း၊ ပြင်သစ်တို့ဖက်မှ ပါလီမန်က လည်းကောင်း အတည်ပြုရဦးမည်။ ထိုသို့ အတည်ပြုချက်ရမှ စာချုပ်သက်တမ်း ခိုင်မာတည်တံ့မည်။

ဦးကောင်း၏အဖွဲ့သည် နိုင်ငံရပ်ခြားတွင် တစ်နှစ်ကျော်ခန့် ခရီးလှည့်လည်ခဲ့ပြီးနောက် မြန်မာပြည်သို့ ချောမောစွာ ပြန်ရောက်လာခဲ့သည်။ မြန်မာသံအဖွဲ့ အပြန်ခရီးတွင် အတားအဆီး ကြီးကြီးကျယ်ကျယ် မရှိခဲ့သည်မှာ မှန်ပါ၏။ သို့သော် အင်္ဂလိပ်ပိုင် ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောအဝင်တွင် ကြုံရသော ဖြစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကား မေ့ရက်နိုင်စရာ မရှိပါ။ မြန်မာသံအဖွဲ့၏ ပစ္စည်းများကို စစ်ဆေးလိုသည်ဟု ဆိပ်ကမ်းအာဏာပိုင်တို့ကတောင်းဆို၍ မြန်မာသံအဖွဲ့သည် ပါသမျှ ပစ္စည်းများကို ချိုးဖွဲ့ဖွင့်လှစ်ပြသခဲ့ရသည်။ ရိုင်းလေစွ။ သံတမန်တို့ အခွင့်အရေးသည် ဒါပဲလား၊ နှစ်ပြည်ထောင် ဆက်ဆံရေး ခရီးရှည်ကိုမျှ မျှော်မကြည့်၊ အင်္ဂလိပ် အာဏာပိုင်တို့သည် မြန်မာသံအဖွဲ့ပေါ်တွင် 'လက်တစ်ဆုံး' အနိုင်ကျင့်ခဲ့သည်။ သံအဖွဲ့ ပစ္စည်းများကို ဖွင့်ဖောက်ရှာဖွေပြီးတော့မှပင် အင်္ဂလိပ်အစိုးရ၏ အကောက်တော်ဝန် 'မစ္စတာ အက်ဒဝပ်'က မိမိတို့ဖက်မှ အပြုအမူများယွင်းခဲ့ကြောင်း လာရောက်တောင်းပန်၏။ 'ဘုန်းကြီးကို ခေါင်းခေါက်ပြီးမှ ကန်တော့, ကန်တော့ ဆို၍ ကျေရရိုးတဲ့လား..... '

မြန်မာသံအဖွဲ့က ကျေလိုက်ရပါ၏။ မကျေနပ်လို့ကော ဘာလုပ်ချင်သေးလို့လဲ။ 'မနိုင်၍ သည်းခံရခြင်းသည် လည်းကောင်း၊' ဆိုသောမူဖြင့် ခန္တီဂါထာကို အကြိမ်ကြိမ် ရွတ်ဆိုရုံသာ ရှိတော့သည်။

မြန်မာသံအဖွဲ့သည် မန္တလေးနေပြည်တော်သို့ ပြန်ရောက်သောအခါတွင် ဦးကောင်းသည် နန်းတော်သို့တန်း၍ အခစား ဝင်ရလေသည်။ ဘုရင်မင်းမြတ်သည် သံအဖွဲ့၏ ခရီးစဉ်အတွက် စိတ်ဓောလှပြီ၊ သည်တော့ အခြေအနေအရပ်ရပ်ကို နန်းတော်သို့ ဝင်ရောက်တင်ရသည်။ ဦးကောင်းတို့ သံအဖွဲ့ကို အနိုင်နိုင်ငံအစိုးရတို့က တခမ်းတနား ကြိုဆိုကြောင်း သိရသောအခါတွင် ဘုရင်မင်းမြတ် တပြုံးပြုံး၊ မြန်မာသံအဖွဲ့ကို တလေးတစား ဆက်ဆံခြင်းသည် မြန်မာဘုရင်အစိုးရအပေါ် ထားရှိသည့် သဘောထားကို ပြခြင်းပဲ မဟုတ်လား။

သို့သော် ဘုရင်မင်းမြတ် ကြာကြာ မပြုံးနိုင်ပေ။ ပြင်သစ်မြန်မာ ကုန်သွယ်ရေးစာချုပ်ကိစ္စကို ဘုရင်မင်းမြတ် သဘောတော် မတွေ့နိုင်ပြီ။ ဘယ့်နှယ် သဘောကျမည်လဲ၊ မိုးကုတ်ရှိ ပတ္တမြားကျောက်နီတွင်းများကို ပြင်သစ်အား တူးဖော်ခွင့်ပေးရန် စာချုပ်တွင် ပါရှိသည်။ သည်ကဲ့သို့ အရေးပါသော ကိစ္စကို ဦးကောင်းသည် ဘုရင်မင်းမြတ် သဘောကို ကြိုတင် မတောင်းယူဘဲ စာချုပ်ခဲ့သည်တဲ့၊ သည်သတင်း အမှန်ပဲလား၊ သည်လိုဆို တရားလွန်တာပေါ့၊ မင်းတုန်းဘုရင်မင်းမြတ် စိတ်မကောင်းပြီ။

ဦးကောင်းနှင့် ပြင်သစ်အစိုးရအဖွဲ့တို့ ချုပ်ဆိုသော ကုန်သွယ်ရေးစာချုပ်အတွက် ဘုရင်မင်းမြတ်၏ သဘောတူညီချက် ရယူရန် ပြင်သစ်အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် မြန်မာနိုင်ငံသို့ မကြာမီ ရောက်လာသည်။ သို့သော် စာချုပ်ကို ဘုရင်မင်းမြတ် အတည်မပြုနိုင်ပြီ။ ပြင်ချင်တာတွေ ရှိသည်။ ထပ်ထည့်ချင်တာတွေလည်း ရှိသည်။ ဥပမာ မြန်မာအတွက် ပြင်သစ်ထံမှ လက်နက်ရရှိရေး၊ ထို့ပြင် အကူအညီ တောင်းလျှင် မည်သည့် ကိစ္စမဆို ပြင်သစ်အစိုးရက ကူညီရေး။ သို့နှင့် ပြင်သစ်သံအဖွဲ့သည် စာချုပ်ကိုကိုင်၍ ပြင်ယစ်သို့ ပြန်သွားရ၏။ ပြင်သစ်သံအဖွဲ့နှင့်အတူ ဦးကောင်းလည်း မြန်မာသံအဖွဲ့ကို ခေါင်းဆောင်ကာ ဒုတိယအကြိမ် ပြည်ပခရီး သွားရပြန်သည်။

မြန်မာနှင့် ပြင်သစ်တို့အကြား သည်မျှ 'ခရီးများ' နေကြသည်ကို မရှုစိမ့်ဖြစ်နေသည်မှာ အင်္ဂလိပ်အစိုးရ ဖြစ်၏။ ဘယ်ရှုစိမ့်နိုင်ပါ့မလဲ၊ မိမိတို့လက်ဝယ် မရောက်သေးသော မြန်မာပြည် တစ်ခြမ်းကို ထပ်သိမ်းရန် ချောင်းမြောင်းနေသည် မဟုတ်လား။ သည်တော့ မြန်မာနှင့် ပြင်သစ်တို့ ဘာလုပ်နေသည်ကို သိရန် ကြိုးစားသည်။ သည့်နောက် ဤနှစ်နိုင်ငံအကြား ဆက်ဆံရေးများ ကသောင်းကနင်း ဖြစ်စေရန် တတ်နိုင်သမျှ သူတို့ ကြိုးစားလေသည်။ ကြိုးစားရသည်မှာလည်း ခက်လှသည် မဟုတ်ပါ။ အင်္ဂလန်ရှိ ပြင်သစ်သံအမတ်ကို အင်္ဂလိပ်အစိုးရက ခေါ်၍ သတိပေးလိုက်ရုံမျှ ဖြစ်သည်။ 'မြန်မာပြည်ကိုတော့ လက်ရှောင်ကြပေရော့၊ ပြင်သစ်အစိုးရက အင်ဒိုချိုင်းနားမှာ ကိုလိုနီနယ်တွေ ချဲ့ချင်တိုင်း ချဲ့နေတာ၊ ကျုပ်တို့ ဘာများ ဝင်နှောက်ယှက်လို့လဲ၊ သည်တော့ မြန်မာပြည်တစ်ခြမ်းကိုဖြင့် ရုတ်ရုတ်ရက်ရက် ဝင်မလုပ်ပါလေနှင့်၊ အေးအေးဆေးဆေး နေခြင်းသည်သာ သင်တို့အဖို့ အကောင်းဆုံး ဖြစ်တော့မည်..... '

ပြင်သစ်တို့ကား လိမ်မာကြသည်။ အင်္ဂလိပ်လက်နက်နိုင်ငံတော်ကြီးနှင့် သေနတ်ပြောင်းဝချင်း 'ရင်ဆိုင်' တွေ့ကြရမည့် အရေးကို အမိုက်ခံပြီး ဘယ်မှာ လုပ်လိမ့်မလဲ၊ သို့နှင့် မင်းတုန်းမင်း၏အလိုကျဖြစ်မည့် ပြင်သစ်မြန်မာ စာချုပ်သစ်သည် စက္ကူပေါ်မှာသာ ထားလိုက်ရတော့၏။ ပြင်သစ်အစိုးရ လက်မှတ် မထိုးပါ။

ဤတွင် ရယ်စရာ ကောင်းပုံကလေးကို ချန်ထား၍ မဖြစ်၊ ဦးကောင်း၏ ဒုတိယ ခရီးစဉ်ကို မင်းတုန်းဘုရင်က နေ့ကောင်းရက်သာ ရွေး၍ ပေးလိုက်သည်။ အစစအရာရာ အောင်မြင်ရန် ပုဏ္ဏားတော်တို့ အခါပေးသည့် အချိန်၌ ဦးကောင်းသည် အိမ်မှထွက်၍ သံလျက်မော်ရှိ ခန်းပတ်မြို့စား အိမ်မှာ ညအိပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှ ထွက်သည်မှာ တပေါင်းလပြည့်ကျော် ၅ ရက်နေ့ ဖြစ်ပြီး အမှန်တကယ် ခရီးထွက်သည်မှာ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့မှ ဖြစ်သည်။ ထိုသို့ ရက်ရွေးအခါရွေး စီစဉ်ခဲ့ပါလျက် ဦးကောင်း၏ ပြင်သစ်ခရီးစဉ် မအောင်မြင်ခဲ့ရှာ။

အင်္ဂလိပ်တို့သည် မြန်မာနှင့် ဆက်ဆံသမျှ နိုင်ငံခြားတိုင်းပြည်များသို့ ဝင်၍ 'အောင်မောင်းခြေထိုး' အကကို ကနိုင်ကြသည်။ မကလို့ ဖြစ်ပါ့မလား။ မင်းတုန်းဘုရင် မင်းမြတ်ကလည်း သူနှင့် ဆက်ဆံသည့် နိုင်ငံတိုင်းမှ လက်နက် တောင်းနေသည်။ သည်လက်နက်တွေကိုသာ မြန်မာတို့ ရသွားလျှင် အင်္ဂလိပ် အစိုးရအဖို့ မဟာအခက်။ မြန်မာပြည်ကို မိမိတို့ ဝင်သိမ်းဖို့ အရေးတွင် ဆူးညှောင့် ခလုတ် မဟုတ်ပါလား။

ဤသို့ပင် မြန်မာအစိုးရနှင့် အီတလီ အစိုးရတို့အကြား ချုပ်ဆိုမည့် စာချုပ်သည်လည်း အကောင်အထည် မပေါ်တော့ပါ။

လန်ဒန်သို့ ဦးကောင်းတို့ သံအဖွဲ့ ပထမအကြိမ် သွားနေစဉ် ၁၈၇၃ ခု ဒီဇင်ဘာလတွင် အီတလီသံအဖွဲ့ တစ်ဖွဲ့ ရတနာပုံ နေပြည်တော်သို့ ရောက်လာ၏။ မြန်မာနှင့် အီတလီတို့ ဆက်ဆံရေးသည် သိပ်ပြီး စိမ်းစိမ်းကားကား မဟုတ်ခဲ့ပါ။ ကြည့်လေ၊ ၁၈၆၉ ခုနှစ်ကပင် ခရစ်ယာန်ဘုန်းတော်ကြီး အဘိုနာကို ဘုရင်မင်းမြတ်က စကားသွင်းပြီး အီတလီ အစိုးရထံ ချစ်ကြည်ရေး သတင်းပို့ဖူးသည်။ သို့နှင့် ၁၈၇၁ ခုနှစ်တွင် အီတလီနိုင်ငံမှ ရေတပ်အရာရှိ မစ္စတာ ရာချာ ခေါင်းဆောင်သော သံအဖွဲ့သည် ရတနာပုံနေပြည်တော်သို့ ရောက်လာသည်။ ထိုအခေါက်တွင် အီတလီမြန်မာ ကုန်သွယ်ရေး စာချုပ် ချုပ်ဆိုခဲ့သည်မှာ ပူပူနွေးနွေး ပင် ရှိပါသေးရော။

သည်သို့ အဆက်အဆံ ရှိဖူးတော့လည်း ယခု အီတလီမှ သံအဖွဲ့တစ်ဖွဲ့ ရောက်လာသည်မှာ မဆန်းပါ။

မြန်မာပြည်သို့ အီတလီသံအဖွဲ့ရောက်လာခြင်းမှာ မင်းတုန်းဘုရင်မင်းမြတ် အဖို့ 'ရေငတ်တုန်း ရေတွင်းထဲကျ' သည့်နှယ်တည်း။

ယခု ရောက်လာသော အီတလီသံအဖွဲ့ကို ဘုရင်မင်းမြတ်က ကောင်းမွန်စွာ ကြိုဆိုသည်။ ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံသည်။ ကောင်းမွန်သော ပဋိသန္ထာရ စကားများကို ဆိုသည်။ ပြီးတော့ လက်နက်တောင်းလေသည်။



မိမိလိုချင်သည်မှာ သေနတ်လက်နက် ဖြစ်သည်။ သေနတ်လုပ်သည့် စက်များ ရနိုင်မလား၊ ပြီးတော့ ကျောက်မီးသွေး တွင်းတူးစက်လည်း ဘုရင် မင်းတရား အလိုရှိသည်။ သည့်အတွက် တန်ရာ တန်ကြေးပေးမည်။ တန်ဖိုးအတွက် ငွေယူမလား။ ပစ္စည်းယူမလား။ ငွေလိုချင်ငွေ၊ ပစ္စည်းလိုချင် ပစ္စည်းပေါ့။ မြန်မာ့ ထွက်ကုန်တွေထဲက ကျွန်းသစ်၊ ရှားစေး၊ ပတ္တမြား၊ ကျောက်နီ၊ လိုချင်တာ ပြော၊ ဘာပဲဖြစ်ဖြစ် ရစေ့မည်။

အီတလီ သံအဖွဲ့နှင့် အလုပ်ဖြစ်တော့မည်။ စာချုပ် ချုပ်နိုင်တော့မည်။ ဘုရင်မင်းမြတ် ဆန္ဒရှိတာ ရပါစေ့မည်ဟု အာမခံလျက် အီတလီသံအဖွဲ့ ပြန်သွားလေသည်။ မပြန်ခင် အီတလီသံတို့က ကတိစကားတွေ အများကြီး ပြောသွားသည် မဟုတ်လား။ ဘုရင်မင်းမြတ်သည် အီတလီနိုင်ငံမှ ရစရာတွေကို 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်ပြီ'

သို့သော် မျှော်လင့်နေရသော အချိန်များသည် အလွန်ပျော်စရာ ကောင်းပါ၏။ 'မျှော်လင့်ခြင်း'များ မရနိုင်တော့ပြီကို သိရသောအချိန်ကား အလွန် စိတ်မချမ်းမြေ့စရာ ကောင်းလေသည်။

အင်္ဂလိပ်တို့သည် ထုံးစံအတိုင်းပင် မြန်မာနှင့် အီတလီနှစ်နိုင်ငံအကြားတွင် ဝင်၍ 'သပ်လျှို' လေသည်။ အီတလီနှင့် မြန်မာတို့ သဘောတူညီချက်များထဲမှ အချက်တစ်ချက်ကို အီတလီနိုင်ငံရှိ အင်္ဂလိပ်သံအမတ်ကြီးက ပြင်းပြင်းထန်ထန် ကန့်ကွက်၏။ အီတလီက မြန်မာပြည်သို့ လက်နက်ပစ္စည်း တင်ပို့ရန် အရေးတော် ပင်တည်း။

အီတလီအစိုးရသည် အင်္ဂလိပ်၏ဩဇာကို မလွန်ဆန်နိုင်ပေ။ သို့နှင့် ဘုရင် မင်းမြတ်နှင့်သဘောတူညီထားသော 'လက်နက်တင်ပို့ရေး' ကိစ္စများ အကောင် အထည် မပေါ်နိုင်တော့ပြီ၊ အီတလီတို့သည် မြန်မာနှင့် ထားရှိသော ကတိစာချုပ်ကို အလိမ္မာသုံး၍ ဖျက်ခဲ့လေသည်။

အင်္ဂလိပ်တို့ကား 'လူပါး' များတည်း။ တစ်ဖက်မှနေ၍ မြန်မာဘုရင်ထံ လက်နက်ပေးမည့် သူတွေကို လိုက်တွေ့ပြီး ကက်ကက်လန်အောင် ရန်ထောင် နေစဉ်ဝယ် တစ်ဖက်မှ မြန်မာဘုရင်နှင့်ချစ်ကြည်ရေး လုပ်ငန်းများကို ပြုတ်အောင် ဆောင်ရွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့ လက်နက်မရအောင် တစ်ဖက်မှ ကြိုးပမ်းနေစဉ်မှာပင် အင်္ဂလိပ်သံအဖွဲ့ တစ်ဖွဲ့ နေပြည်တော်သို့ ရောက်လာကြလေသည်။

သူတို့ လုပ်နေကြပုံမှာ 'ရေမှုတ်တစ်ဖက်၊ မီးတုတ်တစ်ဖက်' ဖြစ်နေပါရောလား။

ဖြစ်ပုံကတော့ သည်လိုပါ။

ကင်းဝန်မင်းကြီး ဦးကောင်းတို့ လန်ဒန်သို့ ပထမအကြိမ် ခရီးသွားပြီးအပြန် ရန်ကုန်၌ အင်္ဂလိပ်အာဏာပိုင်တို့က သံအဖွဲ့ ပစ္စည်းများကို အတင်းအကျပ် ရှာဖွေကြောင်း ရှေ့၌ ဖော်ပြခဲ့ပြီးပြီ။ ထိုအပြုအမူကား နိုင်ငံအချင်းချင်း စောင့်ထိန်းအပ်သော အပြန်အလှန် လေးစားချစ်ကြည်မှုကို ရိုက်ချိုးလိုက်ခြင်း ဖြစ်၏။ သံတမန်တို့အပေါ် ထားရှိအပ်သော စောင့်စည်းမှုများကို ချိုးဖောက်လိုက်ခြင်းလည်း ဖြစ်သည်။ အင်္ဂလိပ်တို့က မိမိတို့အမှားကို သိရှိသည်။ ယင်းအပြုအမူများအတွက် မြန်မာတို့ဘက်မှ ကျေကျေနပ်နပ် ဖြစ်အောင် ထပ်မံ တောင်းပန်မည်။ ချစ်ကြည်ရေး လုပ်ငန်းများလည်း လုပ်မည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်သံအဖွဲ့ တစ်ဖွဲ့ မြန်မာပြည်သို့ ရောက်လာ၏။

ထိုအဖွဲ့ကို တနသ်ာရီ အရေးပိုင် မစ္စတာ ဘရောင်းက ဦးဆောင်သည်။ မစ္စတာ ဘရောင်းသည် အင်္ဂလန်နိုင်ငံ ပြည့်ရှင် ဧကရီဘုရင်မင်းကြီး၏ သဝဏ်လွှာနှင့် ဘုရင်မကြီး၏ ရုပ်ပုံလွှာကိုလည်း တစ်ပါတည်း ယူဆောင်လာသည်။ ဘုရင်မကြီး၏ သဝဏ်လွှာကား ကျေနပ်စရာ ကောင်းပါ၏။ ချစ်ကြည်ရေး စကားတွေကို မနားတမ်း ဆိုလေသည်။ 'နေထွက်ဘုရင်မင်းမြတ်ထံမှ ဝန်ကြီး ကင်းဝန်မင်းကြီး မဟာစည်သူကို သံတမန်အဖြစ်နှင့် လန်ဒန်နေပြည်တော်သို့ စေလွှတ်ခဲ့သည့်အတွက် ဝမ်းမြောက်လှသည်။ နေထွက်ဘုရင်မင်းမြတ်ဖက်မှ မဟာမိတ်လက္ခဏာနှင့်အညီ သဘောထားရှိကြောင်း ကြားသိရ၍ များစွာ အားရလျက်ရှိသည်။ ကျွန်ုပ်ကလည်း အလားတူပင် မဟာမိတ်လက္ခဏာနှင့် အညီ မေတ္တာတရား ထားလျက် ရှိကြောင်း..... ' ချစ်ကြည်ရေး သဝဏ်လွှာတွင် ဖော်ပြသည်။

ရန်ကုန်တွင် မြန်မာသံအဖွဲ့ စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်မိခဲ့သော အမှုကိစ္စအတွက် အမှတ်မထားပါရန် အင်္ဂလိပ်သံကိုယ်စားလှယ် မစ္စတာ ဘရောင်းက 'ပျားရည်နှင့် ဝမ်းချ'လေသည်။ ခုမှတော့ ဘာတတ်နိုင်တော့မှာလဲ၊



မြန်မာတို့က ခံခဲ့ရပြီ မဟုတ်လား။ သည်တော့ 'ဘုန်းကြီးနစ်ခါရှုက်' မဖြစ်ရအောင် လုပ်မှ တော်မည်။

'သည်ကိစ္စကလေးအတွက် အမှတ်မထားပါဘူး၊ ကိစ္စ မရှိပါဘူး၊ သာမန်အဆွေခင်ပွန်းဟူသည် မြေအိုး မြေခွက်နှင့် တူတယ်၊ အဆွေခင်ပွန်းကောင်းတို့မှာတော့ ရွှေအိုးရွှေခွက်နဲ့ တူပေတယ်။ မြေအိုးမြေခွက်တို့မှာ အကြောင်းတစ်စုံတစ်ရာကြောင့် ကွဲသွားပါက ပြန်၍ ဆက်စပ်မရနိုင်၊ ရွှေအိုးရွှေခွက်ကား ထိုသို့မဟုတ်ပြီ၊ ကွဲပဲ့သွားလျှင်သော်မှ ပြန်၍ ဆက်စပ် ပြင်ဆင် ရမြဲပါ။ အင်္ဂလိပ်မြန်မာ ဆက်ဆံရေးမှာ ရွှေအိုးရွှေခွက်နှင့် တူသော အဆွေခင်ပွန်းကောင်းတွေပဲ မဟုတ်လား၊ သာမန် ကိစ္စကလေးအတွက် ချစ်ကြည်ရေး မထိခိုက်စေရ'။

ဘုန်းကြီးကျောင်းထွက် စာတတ်ပေတတ် ဖြစ်သော ဘုရင်မင်းတရားသည် ဥပမာ ဥပမေယျနှင့် ခံထယ်သော စကားကို ပြန်၍ လက်ဆောင်ပေးလိုက်လေသည်။

ထိုနှစ်များသည် မင်းတုန်းဘုရင်အဖို့ နိုင်ငံတကာနှင့် ဆက်ဆံရေး အတိုးတက်ဆုံး အချိန်ကာလများ ဖြစ်နေသည်။ ကြည့်ပါလား၊ အင်္ဂလန်၊ အီတလီ၊ ပြင်သစ်နိုင်ငံနှင့် ချစ်ကြည်မှု လုပ်ငန်းများ ဆောင်ရွက်၍ မကြာမီ အီရန်၊ တရုတ်ပြည်တို့နှင့် အဆက်အသွယ် ယူနိုင်ခဲ့ပြန်သည်။

အီရန်နိုင်ငံမှ သံအဖွဲ့တစ်ဖွဲ့သည် ၁၈၇၄ နှစ်အစပိုင်းတွင် နေပြည်တော်သို့ ရောက်လာသည်။ နေပြည်တော် အနောက်ပြင်တွင်နေထိုင်သော သူဌေး မုလာအီဘရာဟင်က သံအဖွဲ့၏ နေထိုင်စားသောက်ရေးကို အစွမ်းကုန် ဆောင်ရွက်ပေးရသည်။ ဘုရင့် အစိုးရကလည်း အတတ်နိုင်ဆုံး ပြုစုညှေ့ခံသည်။ ဘုရင်မင်းမြတ်စိတ်ထဲတွင် အမြဲရှိနေသော လက်နက်ရနိုင် မရနိုင် ကိစ္စကိုတော့ သံအဖွဲ့အား ဘုရင်မင်းမြတ်က မေးဖြစ်အောင် မေးပါသေးသည်။ အီရန်ကား သူ့အတွက်ပင် တစ်ခြားက လက်နက် ရှာနေရသော နိုင်ငံကလေး မဟုတ်လား။

တရုတ်ပြည်မှ သံအဖွဲ့ တစ်ဖွဲ့လည်း မကြာမီ နေပြည်တော်သို့ ရောက်လာခဲ့သည်။ ကြိုကြ၊ ဆိုကြ၊ ညှေ့ခံကြ၊ နှုတ်ဆက်ကြ။ ပွဲလမ်းတွေကပြကြ၊ စည်စည်ကားကား ရှိလိုက်သည်မှာ မပြောပါနှင့်။ တရုတ်သံအဖွဲ့က မင်းတုန်းဘုရင်ထံ အခစားဝင်သည့်နေ့က မြင်းစီးသူရဲ၊ ဆင်စီးသူရဲ၊ ခြေလျင်သူရဲတို့က တပ်အခင်းအကျင်းနှင့်၊ စစ်ဝတ်တန်ဆာတွေ တပြောင်ပြောင် တဝင်းဝင်းနှင့် စည်စည်ဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



တီးမှုတ်ဖျော်ဖြေလိုက်ကြသည်မှာ နေပြည်တော်အနှံ့ ညံပါလေ ရော့။ ဒါတင်မကပါ၊ ဘုရင်မင်းမြတ်က တရုတ်သံအဖွဲ့ကို ဧတဝန်ဆောင်အထိ ထွက်၍ ကြိုဆိုခဲ့လေ၏။

စင်စစ်ဆိုသော် ကုန်းဘောင်မင်းဆက်များတွင် မင်းတုန်းဘုရင်မင်းမြတ်သည် နိုင်ငံတကာ ချစ်ကြည်ရေးအတွက် အကြိုးပမ်းဆုံးမင်း ဖြစ်သည်ကို မည်သူမျှ မငြင်းကွယ်နိုင်ပါ။ ဘုရင်မင်းတရားကား မြန်မာနှင့် နိုင်ငံတကာ ဆက်ဆံရေး အခြေအနေဟောင်းကို တော်လှန်ပြောင်းလဲပစ်ခဲ့သည်။ မိတ်သစ် ဆွေသစ် ရှာတတ်သည်။ နိုင်ငံတော် တည်တံ့ရေးအတွက် မည်သူနှင့်မဆို လည်ပင်းဖက် ပေါင်းသင်းရန် အသင့်ရှိသူ ဖြစ်သည်။

မိတ်သစ်ဆွေသစ်များကို အမြဲရှာဖွေနေသူ မင်းတုန်းမင်းတရားသည် မြန်မာကို ကမ္ဘာကသိအောင် ကြိုးပမ်းမည်ဟု ဆုံးဖြတ်သည်။ သို့နှင့် ၁၈၇၃ ခုနှစ်မှစ၍ မြန်မာသတင်းစာတစ်စောင်ကို မြန်မာဘာသာဖြင့် ထုတ်ဝေရန် သူ ကြိုးစားလေသည်။ နိုင်ငံခြားမှ ပြန်ရောက်လာသော မြန်မာသံအဖွဲ့ဝင်များက နိုင်ငံခြားရှိ သတင်းစာများ တိုးတက်ဖွံ့ဖြိုးမှုကို ဘုရင်မင်းတရားအား တစ်ဆင့် လျှောက်ထားကြသည်။ မင်းတုန်းဘုရင်ကိုယ်တိုင်လည်း ဘာသာပြန်ဆရာတို့ အကူအညီဖြင့် နိုင်ငံခြားမှ ထုတ်ဝေနေသော သတင်းစာတွေကို ဖတ်ရှုနေခဲ့သည်။ သို့နှင့် မင်းတရား တွေးမိသည်။ 'တို့ မြန်မာနိုင်ငံတော်ကကော သတင်းစာတစ်စောင် ထုတ်ဝေလို့ မဖြစ်ဘူးလား'

မင်းတရားသည် သတင်းစာထုတ်ရန် အစွမ်းကုန် အားထုတ်လေသည်။ သူသည် အနောက်ပြင် ရွှေကျီးမြင့် ဘုရားတောင်မြောက်၌ သတင်းစာပုံနှိပ်စက်တစ်ခုကို တည်ထောင်သည်။ သို့နှင့် မြန်မာနိုင်ငံ ဘုရင့်အစိုးရအနေဖြင့် ပထမဆုံး ထုတ်ဝေသော 'ရတနာပုံ သတင်းစာ'ကို ပြည်သူတို့ ဖတ်ခွင့် ကြုံလေသည်။

ထိုအချိန်၌ အင်္ဂလိပ်ပိုင် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့များတွင်လည်း သတင်းစာတွေ ထုတ်ဝေနေသည်မှာ ပလူပျံနေပြီ။

၁၈၇၁ ခုနှစ်တွင် ရန်ကုန်မြို့၌ မြန်မာဘာသာဖြင့် ထုတ်ဝေသော 'မြန်မာသံတော်ဆင့် သတင်းစာ' စတင် ထုတ်ဝေခဲ့သည်။ မြန်မာသံတော်ဆင့် သတင်းစာကို တွေ့မြင် ဖတ်ရှုရသောအခါ ဘုရင်မင်းတရားသည် အလွန်ကျေနပ်သည်။ ထို့ကြောင့် မြန်မာသံတော်ဆင့်သတင်းစာ အယ်ဒီတာ မစ္စတာဟာန်နေကို



မန္တလေးမြို့သို့လာ၍ သတင်းစာ ထုတ်လှည့်ပါဟု ဘုရင်မင်းမြတ်က ဖိတ်ခေါ်သည်။

အယ်ဒီတာ မစ္စတာ ဟာန်နေသည် ဘုရင့်ဖိတ်ခေါ်ချက်ကို သူ့ သတင်းစာ ခေါင်းကြီးပိုင်းမှ ပြန်လည် ဝေဖန်ပြန်ကြားလိုက်၏။

'မြန်မာဘုရင်က နေပြည်တော်တွင် သတင်းစာ ထုတ်ဝေရန်လာရောက်ပါဟု ဖိတ်ကြားသည့်အတွက် ဘုရင်မင်းမြတ်ကို မစ္စတာဟာန်နေက များစွာ ကျေးဇူးတင်ပါသည်။ သို့သော် မှန်ရာကို ထုတ်ဖော်ရေးသားတတ်သော မန္တလေးရောက် သတင်းစာ အယ်ဒီတာ တစ်ဦးသည် နံနက် အိပ်ရာထသည့်အခါတိုင်း သူ၏ ဦးခေါင်းသည် ပခုံးပေါ်တွင်ရှိ မရှိ သေချာအောင် စမ်းကြည့်နေရမည်ကို စိုးရိမ်ရပါသည်'

မစ္စတာဟာန်နေ၏ ကလိရေးသား ပြန်ကြားချက်ကို ဘုရင်မင်းတရား ဖတ်ရသောခါ စိတ်မဆိုးသည့်အပြင် သဘောတော်ကျပြီး ပြုံးရယ်ခဲ့သည်။ နောက် ၆ လမျှ ကြာသောအခါတွင် မစ္စတာဟာန်နေ၏ ဘာသာပြန်အယ်ဒီတာ တစ်ဦးသည် မန္တလေးသို့ တက်လာခဲ့ရာ ဘုရင်မင်းမြတ်က ငွေတော် ၈၀၀၀ ကျပ်ကို ထုတ်ပေးလိုက်လေသည်။

မစ္စတာဟာန်နေက မည်သို့ပင် လှောင်ပြောင်ရေးသားစေကာမူ မင်းတုန်းဘုရင်သည် မြတ်နိုးဖွယ်ကောင်းလှသော သတင်းစာလွတ်လပ်ခွင့်ဘား မြန်မာ့သမိုင်းတွင် ပထမဆုံးပေးသော မင်းတစ်ပါး ဖြစ်သည်ကို မငြင်းသာပါ။

ရတနာပုံ သတင်းစာကို ထုတ်ဝေသောအခါတွင် သတင်းစာ အယ်ဒီတာတို့အား မင်းတုန်းမင်းက ဤသို့ မိန့်သည်။

'ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားတွေ မကောင်းလျှင် မိဖုရားတွေကိုရေး၊ ငါ့ဝန်ကြီး မကောင်းလျှင် ဝန်ကြီးတွေကိုရေး၊ သတင်းစာတိုက်မှ ပုဂ္ဂိုလ်များ ငါ့နန်းတော်အတွင်းသို့ အချိန်မရွေး တံခါးမရှိ ဓားမရှိ ဝင်ကြထွက်ကြစေ.....'

သို့သော် မေးစရာ တစ်ခု ပေါ်လာသည်။ သက်ဦးဆံပိုင် ဘုရင်တစ်ပါး၏ လက်ထက်တွင် ခေတ်မီလှသော သတင်းစာ လွတ်လပ်ခွင့်ကို မည်မျှ အထိ ရခဲ့သလဲ။ သည်မေးခွန်းကို ဖြေဆိုရန် အထောက်အထား မပြနိုင်ပါ။

ချင့်မျှော် စဉ်းစားစရာတော့ ရှိသည်။ မင်းတုန်းမင်းသည် တစ်ယူသန်ဝါဒစွဲဖြင့် မိမိထင်ရာ မြင်ရာကို မျက်စိစုံမှိတ်၍ လုပ်တတ်သူ မဟုတ်။ ဆရာရာတွင် ကျိုးကြောင်းဆီလျော်မှု ရှိ မရှိ စူးစမ်းပြီး ကောင်းသည့် ထင်ရာကို ရဲရဲဝံ့ဝံ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်သော မင်း။ တိုင်းပြည်အပေါ်တွင် စေတနာထား၍ ပြည်သူတို့၏ ချမ်းသာရေးကို ဦးစားပေးလိုသော မင်း။ ထို့ပြင် သည်အချိန်က အနောက်နိုင်ငံကြီးများ၌ သတင်းစာ လွတ်လပ်ခွင့်၏ သြဇာ ကြီးမားမှုဖြင့် တိုင်းပြည်အခြေအနေ အရပ်ရပ်အား ထိန်းသိမ်းပဲ့ပြင်နိုင်သည်များကို ကင်းဝန်မင်းကြီးတို့ထံက သိရှိထားသောမင်း ဖြစ်သည်။

သည်မှတစ်ပါး အခြားအခြားသော ထီးဆောင်းမင်းတို့ လုပ်နိုင်ခဲ့သော လုပ်ငန်းများကို ပြုဆောင်နိုင်သော စွမ်းပကားလည်း ရှိသည်။ ကြည့်ပါလား၊ မိမိ နန်းကဆွဲချခဲ့သော စစ်ရှုံးဘုရင် ပုဂံမင်းကို စားဦးစားဖျား ပို့ဆက်၍ ဂါရဝတရားဖြင့် လေးလေးစားစား စောင့်ရှောက်ခဲ့သည်။ မိမိအသက်နှင့် နန်းပလ္လင်ကို ရန်ရှာခဲ့သော ပန်းတိမ်းမင်းသားနှင့် အပေါင်းပါတို့ကိုပင် အသက်မှ လွတ်၍ ချမ်းသာစွာ နေစေခဲ့သော သာဓက ရှိသည်။

သည်လုပ်ရပ်တို့က မင်းတုန်းဘုရင်သည် မိမိမှန်ကန်သည် ထင်သမျှအား ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်တတ်သော ဘုရင်တစ်ပါး ဖြစ်ကြောင်းကို ပြသည်။ သည်သို့သော ဘုရင်တစ်ပါးသည် နိုင်ငံတော်၏ အကျိုးအတွက် ရည်သန်၍ 'သတင်းစာ လွတ်လပ်ခွင့်' ကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပေးခဲ့မည်မှာ ယုံမှားသံသယ ရှိစရာ မလိုပြီ။

## ၂

၁၈၇၈ ခုနှစ်တွင် ဘုရင်မင်းတရားသည် သက်တော် ၆၅ နှစ် ပြည့်ခဲ့ပြီ။ အနောက်နိုင်ငံမှ ပုဂ္ဂိုလ်တွေကမူ လူ့ဘဝသည် အသက် ၄၀ မှ စတင်သည်ဟုဆိုသည်။ သည့်အတိုင်း မှန်ပါက အသက် ၆၅ နှစ်ဆိုသည်မှာ လူ့ဘဝတွင် နေလို့ ထိုင်လို့ အကောင်းဆုံး အရွယ် ဖြစ်သင့်ပါရဲ့။ သို့သော် မင်းတုန်းဘုရင်မင်းတရား အဖို့ကား ဤအရွယ်တွင် သုသာန်သို့ ခြေတစ်ဖက်လှမ်းနေလေပြီ။

ဘုရင်မင်းမြတ်သည် ၆၀ ကျော်လာသည်နှင့် ချူချာတော်မူလာ၏။ လေရောဂါ ရှိသည်၊ ဝမ်းကိုက်ရောဂါလည်း ရှိသည်။ ကိုယ်ခံအင်အား နည်းသလား မသိ၊ အဖျားရောဂါလည်း မကြာခဏ ဝင်သည်။ သည်သို့ချူချာရသည်မှာ အဘယ့်ကြောင့်နည်း။ ကျန်းကျန်းမာမာ သွားသွားလာလာ မရှိ၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးပြီး အချိန်ရှိသမျှ နန်းတော်ထဲတွင် စံမြန်းခဲ့သဖြင့် အညောင်းအညာ လွန်ကဲ၍ ပေလား။ နန်းတက်သည့် အချိန်မှစ၍ မိဖုရားတွေ တစ်လှေကြီးနှင့် ကာမဂုဏ်အာရုံကို တရားလွန် ခံစားခဲ့ခြင်း၏ ရလဒ်ပေလား။ ဘုရင်မင်းတရား ဖြတ်သန်းလာခဲ့ရသော နန်းစည်းစိမ်သက်တမ်းအတွင်း ကြုံရသည့် ပုန်ကန်မှုများနှင့် နန်းတွင်း နန်းပြင် ပြဿနာတွေ အထွေထွေကြောင့်ပဲလား။



ဘာကြောင့်ပဲ ဖြစ်ဖြစ် မင်းတရား သေဖက်နီးပြီကား အမှန်ပင် ဖြစ်တော့သည်။

ထိုနှစ်တွင် မိမိ၏ အလှူတော် ဖြစ်သော 'အတုမရှိ စေတီတော်'သို့ ဘုရင်မင်းတရား ထွက်ကြွတော်မူသည်။ အမွန်းအပြောက်တို့ဖြင့် ခြယ်သသော ဖောင်တော်ဖြင့် စေတီတော်သို့ ခံ့ညားစွာ ကြွချီသည်။ စေတီတော်အနီးတွင် ယာယီ စံနန်းတော် တစ်ဆောင် ဆောက်လုပ်၍ မင်းတရား စံမြန်းသည်။

အတုမရှိ စေတီတော်မြတ်မှ ရုပ်ပွားတော်၏ နဖူးသင်းကျစ်တော်တွင် 'စိန်' တစ်လုံး လှူဒါန်းပူဇော်ရန် အစီအစဉ် ရှိသည်။ ဘုရင်မင်းမြတ်ကိုယ်တိုင် စိန်လုံးကို လှူဒါန်းပူဇော်မည် ဖြစ်သည်။ သည်တွင် မမျှော်လင့်သော ဖြစ်ရပ်နှင့် တိုးရသည်။ အမြင်သို့ တက်၍ ရုပ်ပွားတော်၏ နဖူးသင်းကျစ်ပေါ်တွင် စိန်လုံးကို ပူဇော်လှူဒါန်းစဉ် ဘုရင်မင်းတရားသည် မူးမိုက်မိုက်ဖြစ်၍ ဘေးသို့ လဲကျသွား၏။ အပါးတော်တွင် အဆင်သင့် ရှိနေသော သမီးတော် တစ်ပါးကပွေ့ယူလိုက်သဖြင့်သာ ဘုရင်မင်းတရား သက်သာသွား၏။ သို့မဟုတ်လျှင် 'မင်းတရား၏ နောက်ဆုံးနေ့' သည် အတော်စောစောကပင် ရောက်ခဲ့ပေတော့မည်။

ထိုနေ့က ဖြစ်ရပ်သည် လှူရေးတန်းရေး လုပ်ငန်းများတွင် နစ်မျောကြည်နူးနေသော ဘုရင်မင်းတရားကို စက်ရာမှ လှုန့်နှိုးလိုက်သလို ရှိသည်။ မြတ်စွာဘုရား၊ ကံတော်ကြီးပေလို့သာပေါ့၊ သမီးတော် တစ်ပါးသာ အဆင်သင့် ဖေးကူနိုင်ခြင်း မရှိလျှင်၊ မင်းတရားသည် ရှေ့သို့ ဆက်၍ မတွေးရဲ။ သင်္ခါရ တရား၏ နှိပ်စက်မှုသဘောကို ဘုရင်မင်းတရား ဆင်ခြင်မိလေပြီ၊ စဉ်းစား ထိတ်လန့်လေပြီ။ 'ဆန့်သောလက်ကို မကွေးမီ ကွေးသောလက်ကို မဆန့်မီ' ဆိုမဟုတ်လား၊ ကြောက်ဖွယ်ကောင်းလေစွ။

စင်စစ်ဆိုသော် မင်းတုန်းဘုရင်သည် မိမိ၏ ကျန်းမာရေးကို အလွန်ဂရုပြုသူ မင်းတစ်ပါး ဖြစ်သည်။ ဂျာမနီ ဆရာဝန် ဒေါက်တာမားကလို အနောက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဆေးပညာရှင်များလည်း နေပြည်တော်မှာ ရှိသည်။ ယောအတွင်းဝန် ဦးဖိုးလှိုင်လို မြန်မာ့ဓာတ်ဗိန္ဒောဖက်က ကျွမ်းကျင်သူ သမားတော်များလည်း နန်းတွင်းမှာ အများအပြားပင်။ အရှေ့တိုင်း၊ အနောက်တိုင်း ဆေးပညာ၏ ပြုစုကုသမှုကို ဘုရင်မင်းတရား ခံယူနေရသည်။

နန်းတွင်း သမားတော်များ သဘောမတူသော အစားအစာကို ဘုရင်မင်းတရား စားသုံးခွင့် မရှိ၊ ရာသီနှင့် ဓာတ်နှင့်ညှိ၍ သမားတော်တို့က ညွှန်သည်။ ယင်းသို့ သမားတော်တို့ ညွှန်သည့်အတိုင်း ‘စားတော်ဝန် ဦးခဲ’က ချက်ပြုတ်စီမံရသည်။ ဘုရင့် ကျန်းမာရေးအတွက် အစားအစာကို ကြပ်ကြပ်ဂရုမြှုရသည်။ ဘုရင်က စားချင်သည့်တိုင် စားတော်ဝန်က ချက်ပြုတ်တင်ဆက်မည် မဟုတ်။

စကားအလျဉ်းသင့်၍ ဆိုရဦးမည်။ တစ်ကြိမ်တွင် ဘုရင်မင်းတရားသည် ပဲကြီးဟင်းကို အလွန်ပွဲတော်တည်ချင်သော ဆန္ဒ ဖြစ်ခဲ့သည်။ သမားတော်ကြီးတို့ထံမှ ခွင့်မပြု။ သည်တော့လည်း စားတော်ဝန်က ချက်မပေး။ မင်းတုန်းဘုရင်သည် မှန်နန်းဆောင်အထွက် တစ်နေရာတွင် မောင်းမငယ်တစ်ပါး အကူအညီနှင့် ပဲကြီးဟင်းကို တိတ်တဆိတ် ချက်စေသည်။ ပဲကြီးဟင်း နူးလုပြီ၊ အနံ့ကသင်းစွ၊ ဘုရင်မင်းမြတ်သည် ပဲကြီးဟင်းကို ပွဲတော်တည်ရန် နှုတ်ခမ်းတပြင်ပြင် ဖြစ်နေပြီ။ သို့သော် မင်တရား ကံဆိုးရှာ၏။ ဟင်းကျက်လုလုတွင် စားတော်ဝန် ဦးခဲသည် တောင်ဝှေးထောက်ရင်းနှင့် ရောက်လာသည်။ ဟင်းအိုးနှင့် မောင်းမငယ်ကို နေရာ မဟုတ် တွေ့ရပြီ။ မောင်းမငယ်သည် အရှိန်အဝါ ကြီးသော စားတော်ဝန်ကို မြင်သည်နှင့် ထွက်ပြေးတော့သည်။ ဦးခဲသည် ဟင်းအိုးကို သေချာစွာကြည့်သည်။ ထို့နောက် တောင်ဝှေးဖြင့် ဟင်းအိုး အလည်တည့်တည့်ကို ဆောင့်လိုက်ပြီး ‘မတည့်တာကိုမှ ပွဲတော်တည်ချင်ရန်ကော’ ဟု ခပ်ကျယ်ကျယ် ပြောလိုက်လေသည်။ အတွင်းဆောင်မှ ဘုရင်မင်းမြတ်က ခတ်မဆိတ် နေလိုက်ရ၏။

ဤသို့ ဤနှယ် သမားတော်များ စားတော်ဝန်များ၏ ဂရုတစိုက် ပြုစုကုသမှုကြားမှ ဘုရင်မင်းမြတ်သည် မကျန်းမမာ ဖြစ်ရပြီ။

ဘုရင်မင်းမြတ် မကျန်းမမာ ဖြစ်သည် ဆိုတော့ တစ်နန်းတော်လုံး နေစရာမရှိပြီ။ ဝိုင်းဝန်း၍ ပြုစုစောင့်ရှောက်ကြသည်မှာ ပျားပန်းခတ်မျှ ရှိတော့သည်။ ‘ရှင်ဘုရင်ခေါင်းခဲသဲ’ ဆိုမဟုတ်လားလေ၊ ယခုတော့ ရှင်ဘုရင်သည် ခေါင်းခဲရုံမဟုတ်၊ နာဖျားမကျန်း ဖြစ်၍ သလွန်တော်ပေါ်တွင် လဲလေပြီ။



ဘုရင်မင်းမြတ်သည် ဤမျှ မြန်မြန် စက်ရာသလွန်တွင် လဲသွားခြင်းမှာ နိုင်ငံရေး အကြောင်းတစ်ရပ်ကြောင့်ကော မဖြစ်နိုင်ဘူးလား၊ စဉ်းစားစရာပေါ့၊ သေသေချာချာ စဉ်းစားစရာ ကောင်းသည့် ကရင်နီပြည်နယ် ပြဿနာပေါ့။

ကရင်နီပြည်နယ်တွင် အရှေ့နှင့် အနောက် ကွဲနေသည်မှာ ကြာပြီ။ အရှေ့နယ်သည် မြန်မာ့သစ္စာခံခဲ့သည်။ မြန်မာဘုရင်ကလည်း အထိုက်အလျောက် ကြည့်ရှုခဲ့သည်။ သို့နှင့် ဘာမျှ ပြဿနာမရှိ။ ပြဿနာ ရှိနေသည်မှာ အနောက်နယ် ဖြစ်သည်။

BURMESE CLASSIC .com

ယခင်ကတော့ ကရင်နီ ပြည်နယ် အားလုံးကို မြန်မာတို့ ဩဇာခံ ဖြစ်စေရန် မင်းတုန်းဘုရင်က စီစဉ်ပါသေးသည်။ သို့သော် ပခန်းဝန်ကြီး ဦးရန်ဝေးက ဝင်ဖျက်ခဲ့ကြောင်း ရှေ့အခန်း၌ ဆိုခဲ့ပြီ။ ဦးရန်ဝေးကား အမြော်အမြင်ကြီးသူတည်း။ ဘာမဟုတ်သော နယ်ကလေးကြောင့် အိမ်နီးချင်းနိုင်ငံတို့နှင့် မသင့်မတင့် ဖြစ်မည်ကို သူစိုးရိမ်သည်။ ဦးရန်ဝေးသည် ၁၈၇၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီ ဖြစ်သည်။ ကရင်နီပြည်နယ် ကိစ္စတွင် ဘုရင်မင်းတရားကို ထိန်းပေးမည့်သူလည်း မရှိပြီ။

သည်တွင် မင်းတုန်းမင်းသည် အနောက် ကရင်နီပြည်နယ်ထဲသို့ မြန်မာတပ်များကို ပို့လေသည်။ အနောက်ကရင်နီနယ်သို့ မြန်မာတပ်များ ရောက်နေသည်ကို အင်္ဂလိပ်က မကြိုက်ပေ။ သည်နယ်ကား သစ်နှင့် သံဖြူ ထွက်သည်။ နယ်ကျဉ်းသည်။ အတွေးအခေါ်လည်း မမြင့်မားသေး။ မိမိတို့ ခါးပိုက်ထဲထည့်ထားလျှင် အလွယ်လေးပဲ။ သည်တော့ မြန်မာတို့ လက်မဦးအောင် တားမှ ဆီးမှဟု အင်္ဂလိပ်က တွက်သည်။ သို့နှင့် မြန်မာတပ်များသည် အနောက်ကရင်နီနယ်ကို လက်ရှောင်ပါဟု အင်္ဂလိပ်တို့က ‘ဆာဒေါက်ကလပ်ဖို့’ ကို စေလွှတ်၍ ရာဇသံပေးလေသည်။ ‘ရှောင်လျှင်ရှောင်၊ မရှောင်လျှင် စစ်တိုက်ရလိမ့်မည် ဆိုပါကလား’

စစ်ကို မလိုလားသော၊ စစ်ဆိုသည့် စကား မကြားချင်တော့သော မင်းတုန်းမင်းမြတ်ကား အင်္ဂလိပ်တို့ ရာဇသံကိုရသော် လွယ်လွယ်နှင့် လျှော့ရန် အသင့်ဖြစ်နေပြီ။ ‘ကဲ..... ကဲ ရှိပါစေ၊ အနောက်ကရင်နီနယ်ကို အင်္ဂလိပ်တပ်များ မြန်မာတပ်ပါ ဘယ်သူမှ ဝင်ပြီး မကျူးကျော်ပါဘူး ဆိုတဲ့ စာချုပ် ချုပ်လိုက်ကြတာပေါ့၊ သူတို့လဲ မဝင်စေနဲ့၊ တို့လဲ မဝင်ဘူး’

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် အင်္ဂလိပ်မြန်မာ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုဖြစ်သည်။ အနောက်ကရင်နီနယ်ကို ဘယ်သူမှ ဝင်ပြီး အခြေမချနိုင်တော့ပြီ။ အေးရောပေါ့။ သို့သော် ဘုရင်မင်းတရား ရင်ထဲမှာ မအေးတော့ပါ။ အင်္ဂလိပ်တွေက လက်နက်ပြပြီး သည်လို ခြိမ်းခြောက်တိုင်းသာ အကုန်လျှော့ပေးနေရလျှင် မခက်ပေဘူးလား။ တော်တော်ကြာ နန်းပလ္လင်ကို လာတောင်းလျှင် ဘယ့်နှယ်လုပ်ပါ့မလဲ။

အင်္ဂလိပ်အစိုးရက သည်မျှတော့ ချက်ချင်း လက်ငင်းကြီး မရိုင်းပျသေးပါ။ သို့သော် မြန်မာ ဘုရင်ကို အနိုင်ကျင့်ချင်သော သူတို့ စိတ်ဓာတ်ကလေးကိုတော့ ထိန်းမနိုင် သိမ်းမရ ဖြစ်လာသည်။ အင်္ဂလိပ်တို့၏ ကိုယ်စားလှယ် 'ဒေါက်ကလပ်ဖို့' သည် ဘုရင့်ရှေ့တော်သို့ ဝင်စဉ်က သူစီးလာသော ရှူးဖိနပ်ကို ချွတ်၍ ဝင်ရသည်။ ယင်းကိစ္စကို 'ဒေါက်ကလပ်ဖို့' က အိန္ဒိယအစိုးရထံသို့ တိုင်ကြားလေသည်။ 'မိမိသိက္ခာမဲ့ ဖြစ်ခဲ့ရသည့် ကိစ္စကို ထိထိရောက်ရောက် အရေးယူပါ'

အိန္ဒိယ အစိုးရက မင်းတုန်းဘုရင်မင်းမြတ်ထံ စာပို့၏။ 'နောင်တွင် အိန္ဒိယအစိုးရ၏ ကိုယ်စားလှယ်များသည် ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ဘယ်တော့မှ ဖိနပ်ချွတ်၍ ဝင်မည် မဟုတ်ပါ' တဲ့။ စော်ကားလှလေစွ။

ဘုရင်မင်းမြတ်သည် ရင်နာလှ၏။ ကုလားဖြူတို့ကား 'အလိုလိုက်၍ အမိုက်စော်ကား' ကြလေသည်။ 'ရလေလိုလေ၊ အိုတဏှာများ' ဖြစ်ကြသည်။ ထို့ကြောင့် ဤသို့ ဆုံးဖြတ်၏။ 'သည်လိုဆို ရှိပေစေပေါ့၊ အရာရာကို လျှော့ပေးနေလို့ ဖြစ်မလား။ ဘုရင့် သိက္ခာအား သည်မျှ စော်ကားလာသည်ကို သည်းမခံနိုင်ပြီ။ နေပြည်တော်က ကုလားဖြူ သံအမတ်ကိုတောင် ဖိနပ်မချွတ်ရင် ရှေ့တော် မသွင်းကြလေနှင့်။'

ရှင်ဘုရင် လုပ်ရသည်ကား မလွယ်လှသော တာဝန်ပဲ။ မင်းတုန်းဘုရင်ကို ပဲကြည့်၊ နန်းတက်လာသည့် အချိန်က စ၍ ရင်ဆိုင်ဖြေရှင်းခဲ့ရသော ပြဿနာပေါင်း သောင်းခြောက်ထောင်တို့သည် ဘယ်မှာ လွယ်လို့လဲ၊ နန်းပလ္လင်မှာ ထိုင်နေရသည်ကား ကျိုက်ကျိုက်ဆူသော ရေနွေးအိုးပေါ်မှာ ထိုင်ရသလို ပူလောင်လှသည်။ မိဖုရားများများ ယူရတာလေးနှင့် ကိုယ်လှူချင်တန်းချင်သည်များကို လွတ်လွတ်လပ်လပ် လှူရသည့် အရသာကလေးများသာလျှင် ဟုတ်သလိုလို ရှိသည်။

ဘုရင်မင်းတရားမှာ သည်လို စိတ်ထိခိုက်ဖွယ် ဖြစ်ရပ်တွေ မကြာခဏကြုံနေရလေတော့ ကျန်းမာရေး ချွတ်ယွင်းလာခြင်းမှာ မဆန်းတော့ပြီ။ အစားအသောက်ပျက်လာသည်၊ အအိပ်အနေမမှန်ပြီ။ သည်နှင့်တစ်ဆက်တည်း အားအင်နည်းပါးခမ်းခြောက်လာသည်။ တိုင်းပြည်၏ အနာဂတ် အရေးကလည်း တွေးလိုက်လျှင် ရင်လေးဖွယ် ကောင်းလေစွ။



သို့နှင့် ဘုရင်မင်းမြတ်သည် စက်ရာ သလွန်တွင် ဘုံးဘုံးလဲခဲ့ရှာရလေသည်။

## ၃

ဘုရင်မင်းမြတ်က စက်ရာသလွန်တွင် ဖျားနာသော ဝေဒနာဖြင့်လဲနေစဉ် ဆင်ဖြူမရှင် မိဖုရားသည် ဆောင်ရွက်ဖွယ်တို့ကို ပိပိရိရိ ကြံစည်နေရသည်။ သူသည် မြန်မာ့ထီးနန်းဆက်ခံရေး သမိုင်းကို ပြန်၍ မျှော်ကြည့်သည်။ ရှေးရှေးသော မင်းအဆက်ဆက်၊ ထို့နောက် ဆက်၍ ဘေးလောင်းတော် အလောင်းမင်းတရား နန်းရသည်မှ စ၍ ကြင်ယာတော် ဘဝရှင်မင်းတရား ခေတ်အထိပေါ့။ ကြည့်လိုက်စမ်း၊ နန်းပလ္လင်သို့ သွားရာလမ်းသည် ပန်းခင်းသောလမ်း မဟုတ်ခဲ့။ အေးအေး ချမ်းချမ်းက နည်းသည်၊ သွေးလွှမ်းခဲ့သည်က များမဟုတ်လား။

ယခုလည်း အေးအေးချမ်းချမ်း ဖြစ်လျှင် ကောင်းပါရဲ့။ သို့မဟုတ်၍ သွေးလွှမ်းမှ ဆိုလည်း မတတ်နိုင်ပြီ။ ရှောင်၍ မရသည့်အဆုံးတွင် ရင်ဆိုင်ရမည်သာ ဖြစ်သည်။

တကယ်ဆိုတော့ မင်းတုန်းဘုရင်မင်းတရားကြီး၏ နေရာတွင် ဆင်ဖြူမရှင် မိဖုရား၏ အကြိုက်ဖြစ်သော 'သီပေါမင်းသား'ကို နန်းတင်ရမည့် အရေးသည် လွယ်ကူသော အရေးအခင်း မဟုတ်ပါ။ သီပေါမင်းသားသည် မကြာခင်ကမှ နန်းတွင်းဝယ် လူသိများလာသူ ဖြစ်သည်၊ သုမေ္ဓာ စာပြန်ပွဲတွင် ငယ်၊ လတ်၊ ကြီး အဆင့်သုံးဆင့်ကို သုံးနှစ်ဆက် ဖြေဆိုအောင် မြင်ခဲ့သဖြင့်သာ သီပေါမင်းသား ထင်ပေါ်လာခြင်း ဖြစ်သည်။ သို့သော် လူသိများရုံသာ ဖြစ်သည်။ မင်းသား၏ လက်ရုံးရည်၊ နှလုံးရည်တို့နှင့် ပတ်သက်၍ကား အများကအသိအမှတ် မပြုနိုင်ကြသေး။

မင်းတုန်းမင်း နာဖျားမကျန်း ဖြစ်သည် ဆိုလျှင်ပင် တိုင်းပြည်က ဂရုတစိုက် ကြည့်သူတို့မှာ သားတော်ကြီးများ ဖြစ်ကြသော ညောင်ရမ်း၊ သုံးဆယ်နှင့် မကွေးစား

www.burmeseclassic.com



တို့ကိုသာ ဖြစ်သည်။ သည်သားတော် သုံးပါးထဲမှ တစ်ပါးသာ ခမည်းတော်၏ အရိုက်အရာကို ဆက်ခံကြလိမ့်မည်ဟု သိထားသည်။

မှူးမတ် ဝန်ကြီးတွေကလည်း သည်အတိုင်းသာ နားလည်ထားကြသည်။ သီပေါမင်းသားကို နန်းပလ္လင်အတွက် မစဉ်းစားကြပါ။ နန်းမွေဆက်ခံသည် ဆိုရာတွင် ကလေးကစားသလို လုပ်၍မှ မဖြစ်ဘဲ။ အနိုင်နိုင်ငံမှ ထီးဆောင်းမင်းအပေါင်းတို့က စောင့်ကြပ်ကြည့်ရှုနေကြသည်။ ဘုရင်သစ်သည် မည်သူလဲ၊ အရည်အသွေး ပြည့်ဝထူးချွန်သူလား၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်သူဟုတ်ရဲ့လား၊ တိုင်းပြည်က ကျေကျေနပ်နပ် တင်သူ ဟုတ်ရဲ့လား၊ ထောင့်အသီးသီးက စုံစမ်းထောက်လှမ်းကြသည်။ သည်အရည်အချင်းတို့နှင့် မပြည့်စုံလျှင် မိမိတို့ ဘယ်ထောင့်က ဝင်၍ အခွင့်အရေးယူရမည်ကိုပါ နယ်ချဲ့ချင်သူတို့က စောင့်ကြည့်နေပြီ မဟုတ်လား။

သို့သော် ဆင်ဖြူမရှင် အဖို့ကား နန်းပလ္လင်အတွက် သီပေါမင်းသားမှ တစ်ပါး အခြားမမြင်ပါ။ ဒါကလည်း မိဖုရားဖက်မှ ကြည့်သော် ခိုင်လုံသော အချက် ရှိပါသည်။ ကြည့်ပါလား၊ ကြင်ယာတော် ဘုရင်မင်းမြတ်လက်ထက်တွင် မိမိသည် 'တောင်နန်းမတော်' မဟုတ်ခဲ့သဖြင့် သူများထားရာကနေ၊ စေရာသွားခဲ့ရသော 'တတိယတန်းက မိဖုရား' ဖြစ်ခဲ့ရသည်။ သို့နှင့် မိမိအရှုံးပေးခဲ့ရပြီ ယခုတော့ ထိုသို့ အဖြစ်မခံနိုင်ပါ။ သီပေါမင်းသားသည် ဘုရားစာတတ်ရုံသာ ရှိသည်၊ နိုင်ငံရေးရာမှာ ဘာမျှ ချက်ချက်ချာချာ မရှိ၊ အဖြူထည်သက်သက်သာ။ သည်မင်းသားသည် သမီးတော် စုဖုရားလတ်နှင့် အဆက်အဆံ ရှိကြသတဲ့။ သည်တော့ သီပေါမင်းသားကို နန်းတင်မည်၊ သမီးတော်လည်း မိဖုရားခေါင်ကြီး ဖြစ်မည်။ ထိုရောအခါတွင် မိမိတင်သော 'စစ်ကဲ' ကို မိမိတင်လိုတင်၊ ချလိုချ ဘာမျှ ပြောနိုင်မည် မဟုတ်။ အလယ်နန်း မိဖုရားဘဝက ဘာမျှ မရေရာခဲ့သော ဘဝ၊ ယခု ဘုရင့်ယောက္ခမဘဝတွင် ကိုယ်ထင်တိုင်း ဖြစ်ရတော့မည်။

ဆင်ဖြူမရှင်သည် ရောက်လာမည့် အနာဂတ်အတွက် သည့်နှယ် စိတ်ကူးကြည့်လေသည်။

ထို့နောက် မိဖုရားသည် ကင်းဝန်မင်းကြီးနှင့် နှစ်ကိုယ်ကြား တွေ့ဆုံ၍ မိမိအကြံကို တင်ပြခဲ့သည်။



ကင်းဝန်မင်းကြီး ဦးကောင်းကို ရွေး၍ မိဖုရားက အဖော်ညှိရမည်မှာ အကြောင်း ရှိ၏။ ဦးကောင်းသည် အရာဌာနကို သိ၏။ အရိပ်အခြည်ကို နားလည်၏။ အခြေအနေကို သုံးသပ်တတ်သူ ဖြစ်သည်။ ဤ အရည်အချင်းများကြောင့်ပင် အချိန်အနည်းငယ်နှင့်၊ သူသည် လက်နက်ကိုင် တပ်သား ငါးသောင်းအား အုပ်ချုပ်ရသော သေနတ်ဝန်ကြီးအရာကို ရာထူးအတက်မြန်ခဲ့သည် မဟုတ်လား။

အမှန်တော့ ကင်းဝန်ထောက် ဘဝက ဦးကောင်းကို လူသိနည်းကြ၏။ သူ့ကို ဝန်ကြီးခန့်ပြီး သံတမန် ဖြစ်တော့မှသာလျှင် ဦးကောင်းသည် ထင်ပေါ်လာသည်။ ထင်ပေါ်၍ စင်တော်က ကောက်အောင် ဦးကောင်းကလည်း ကြံဆောင်တတ်သည်။ သူသည် အနောက်နိုင်ငံများသို့ သွားရာတွင် မျက်စေ့ကို အအားမထား၊ နှုတ်ကို အငြိမ်မနေ၊ နားကိုမျှ တစွင့်စွင့်နှင့်။ လေ့လာမှတ်သားစရာများကို ကြိုးစားမှတ်သားသည်၊ ဘယ်ဟာဖြင့် မြန်မာနှင့် တော်ပါလိမ့်..... ဟု စူးစမ်းသည်။ စူးစမ်းရသမျှကို ဘုရင်မင်းတရားထံ တင်လျှောက်သည်။

ပြင်သစ်မြန်မာ ဆက်ဆံရေးများ၊ ဘုရင်မျှော်မှန်းသလောက် မအောင်မြင်ဘူးဟု ဆိုလိုက ဆိုတော့၊ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီတို့နှင့် မြန်မာနိုင်ငံတို့ အဆက်အဆံ တိုးတက်လာပုံကိုကား ဝန်ခံရမည် ဖြစ်၏။ အီတလီ စစ်အင်ဂျင်နီယာ 'ကွမ်မိုတိုနှင့် မိုလင်နရီ'တို့သည် နောင်အခါ၌ မြန်မာ့တပ်မတော်တွင် ဝင်၍ အမှုထမ်းနိုင်ခဲ့ကြသည်ကို ကြည့်တော့၊ ဦးကောင်း၏ခေတ်၊ ပြည်ပ ဆက်ဆံရေးအသီးအပွင့်များကို လက်ညှိုးထိုး၍ မလွဲပြီ။

သည်သို့ အရည်အချင်း ရှိသဖြင့် ဦးကောင်းကို ဘုရင်မင်းတရား အားကိုးခဲ့သည် မဟုတ်လား။ ယခုအခါ ပခန်းဝန်ကြီး ဦးရန်ဝေးကဲ့သို့ ဘုရင့်အပေါ် သြဇာညောင်းသော ဝန်ကြီးများ မရှိတော့ပြီ။ ဘုရင့်အပေါ် သြဇာညောင်းသူဟူ၍ ဦးကောင်းက လွဲလျှင် သိပ်မမြင်ချေ။

သို့နှင့် မိဖုရားသည် ဦးကောင်းကို တွေ့၍ လျှို့ဝှက်ဆွေးနွေးလေသည်။ ဘုရင့်နန်းကို လက်ရှိဘုရင့်သားတော်ကြီး သုံးပါးလက်သို့ အပ်၍မဖြစ်၊ သီပေါကဲ့သို့ မင်းသားငယ်ကို နန်းတင်လျှင် မကောင်းပေဘူးလား။

ဦးကောင်းသည် သီပေါမင်းကို ငြင်းရန် မရှိပါ။ အနောက်နိုင်ငံများသို့ အခေါက်ခေါက် သွားခဲ့သော ဦးကောင်းသည် သက်ဦးဆံပိုင် ဘုရင်စနစ်၏

www.burmeseclassic.com

www.burmeseclassic.com



အားနည်းချက်များကို နှာခေါင်းရှုံ့ချင်လာသည်။ ကြည့်ပါလား၊ သူတို့ နိုင်ငံတွေမှာဖြင့် အများစုဝေးဆွေးနွေးပြီး၊ အများဆန္ဒကို ညှိနှိုင်းဆုံးဖြတ်လို့။ သည်သို့ဆုံးဖြတ်သည်တို့ကို ဘုရင်က လက်ခံရ၏။ အာဏာသည် အပေါ်က မဆင်း။ အောက်မှနေ၍ အထက်သို့ တက်ရသည်။ တယ်ကောင်း။

သက်ဦးဆံပိုင် ဘုရင်မင်းတရားတို့ နိုင်ငံတွေမှာတော့ သည်လို မဟုတ်ပြီ။ ဘုရင် ပြောသမျှ 'မှန်ပါ့ဘုရား' လုပ်ရသည်။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် 'ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရား'ဟုသာ အော်ရသည်။ မင်းတုန်းဘုရင်မင်းမြတ်လို ကျိုးကြောင်း ဆင်ခြင်တုံတရားရှိသူ ဘုရင့်လက်ထက်မို့သာပေါ့၊ ဆင်ကန်းတောတိုး ဘုရင်မျိုးသာဆိုပါက အခက်။ မင်းတုန်းမင်းတရား၏ အရိုက်အရာကို ဆက်ခံမည့်သူသည် ဆင်ကန်းတောတိုးဘုရင်မျိုးမဖြစ်မှ၊ ပြီးတော့ မိမိတို့တွေ့ခဲ့ရသော အနောက်နိုင်ငံက ဘုရင်တွေလို အများဆန္ဒကို ဦးထိပ်ရွက် လက်ခံမည့်သူ ဖြစ်ရမည်။ ဝန်ကြီးမှူးမတ်တို့ အကြံပြုသမျှကို ခေါင်းတဆတ်ဆတ် ညိတ်နိုင်သော သူ ဖြစ်ရမည်။ 'သည်တော့ အဲ....အဲ....ဘယ်သူ၊ မိဖုရား ပြောတဲ့မင်းသား၊ သီပေါမင်းသားလား၊ ကောင်းပါသည်၊ သင့်ပါသည်။ အလွန်လျော်ကန်ပါသည်။' ကင်းဝန်မင်းကြီးသည် ခေါင်းကို တဆတ်ဆတ် ညိတ်လေသည်။

ကင်းဝန်မင်းကြီးသည် ခေါင်းကို ညိတ်ပြရင်း ပြုံးနေ၏။ ပြုံးရင်းကလည်း ခေါင်းကို တဆတ်ဆတ် ညိတ်သည်။ ဘာကြောင့် ပြုံးတာလဲ၊ ငယ်ရွယ်လှသော မင်းသားနှင့်မင်းသမီးကို မိမိစိတ်ကြိုက် ရုပ်သေးရုပ်ကလေးများ အဖြစ်ဖြင့် နန်းပလ္လင်ပေါ် တင်နိုင်တော့မှာမို့လား။

ကင်းဝန်မင်းကြီး ဦးကောင်းသည် ဆင်ဖြူမရှင် မိဖုရားအပါးမှ ခပ်သုတ်သုတ် ခွာခဲ့သည်။ လုပ်ဆောင်စရာတွေကို အချိန်မှီလုပ်မှ တော်မည်။ သည်အရေးသည် လွယ်ကူသော ကိစ္စ မဟုတ်၊ နန်းပလ္လင်ပေါ်သို့ ဘုရင်သစ် တင်ရမည့် 'မဟာအရေးတော်' ဖြစ်၏။ မလုပ်တတ် မကိုင်တတ်ဆိုလျှင် တခြား မင်းသားတွေ ထဆော်လို့ အားလုံး မသာအလောင်းတွေ ဖြစ်သွားနိုင်သည် မဟုတ်လား။

ကင်းဝန်မင်းကြီးသည် ဝန်ကြီးများ အစည်းအဝေးကို တိတ်တဆိတ် ခေါ်ယူသည်။ သည့်နောက် ဆဒ္ဒန်ဆင်မင်းသခင် ဘုရင်မင်းမြတ်၏ ကျန်းမာရေးအခြေအနေမှာ မျှော်လင့်စရာ မရှိတော့ပုံကို ရှင်းပြသည်။ 'သည်တော့ အရေးအကြီးဆုံးကား နန်းလျာမင်းသား ရွေးချယ်ရေး ဖြစ်နေပြီ၊ ဘယ်သူ့ကို ရွေးကြ



မလဲ၊ စဉ်းစားကြဖို့ ရှိသည်။ မိမိကတော့ ဆင်ဖြူမရှင်နှင့်တိုင်ပင်ခဲ့ပြီ၊ သီပေါမင်းသားကလေးကို နန်းပလ္လင်ပေါ် တင်ပေးလိုက်ရင် မကောင်းလား၊ ပထမကြီးလည်း အောင်ခဲ့ပြီ၊ ဘာသာရေး၊ သာသနာရေးအတွက် တွေးခေါ်မည့် မင်းသား ဖြစ်သည်။ သုံးဆယ်စား၊ မကွေးရာစား၊ ညောင်ရမ်းစားတို့လို 'ထောင်' မည့် မင်းသား မဟုတ်။ မိမိတို့ ဝန်ကြီးတွေ ကြိုးဆွဲချုပ်ကိုင်ရာ ကမည့် မင်းသား ဖြစ်သည်။ မိမိတို့ ချုပ်ကိုင်၍ မရသော မင်းသားကို နန်းတင်၍ ကိုယ်မွေးတဲ့ မျောက်က ကိုယ့် ပြန်ချောက်ပါက အခက်၊ သီပေါမင်းကတော့ သည်သို့ မဖြစ်နိုင်၊ ကဲ..... ဘယ်လို သဘောရကြသလဲ။'

ကင်းဝန်မင်းကြီး၏ ဩဇာအရှိန်အဝါ ထက်မြက်နေမှုကို နားလည်သော 'လိမ္မာ' သည့် အမတ်တို့က အလွယ်တကူ ခေါင်းညိတ်ကြ၏။ ဆန့်ကျင်ခြင်းဖြင့် အကျိုးမရှိ ဆိုသည်ကို သဘောပေါက်ကြသည်။ သို့သော် အရှည်ကို မျှော်သော ဝန်ကြီးအချို့က ရဲတင်းစွာ ပြန်ပြော၏။

'သီပေါမင်းသားကား ငယ်သေးသည်။ သူ့ထက် အတွေးအခေါ် ပြည့်ဝသော၊ လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသူ မင်းသား တစ်ပါးပါးဆို မသင့်ပြီလား'

မသင့်ပါ။ အင်အားကောင်းသော မင်းသား တစ်ပါးပါး ဘုရင် ဖြစ်လာလျှင် ဝန်ကြီးတွေ ဘာမျှ လုပ်ခွင့်ရှိမည်မဟုတ်။ မှန်ပါ့ဘုရား လုပ်နေရသဖြင့် တိုင်းပြည် မှောက်မည်။ ယခုအခါတွင် ကုလားဖြူရန်၊ ပြင်သစ်ရန်၊ တိုင်းခြား နယ်ချဲ့သူတို့ ရန်က တံခါးခေါက်နေသော အချိန်၊ ဘုရင်က ထင်ရာလုပ်နေလျှင် တိုင်းပြည် ချက်ချင်း ကျွန် ဖြစ်နိုင်သည်။ ဒီတော့ ကျုပ်တို့ ဝန်ကြီး မှူးမတ်တွေ လက်ထဲမှာ စိတ်ကြိုက် ကနိုင်မယ့် ဘုရင်အရုပ်တစ်ရုပ်သာ လိုနေပြီ၊ သည်ဘုရင်ရုပ်သည် 'သီပေါမင်းသား' ဖြစ်လိမ့်မည်။ နန်းတော်ထဲတွင် ဩဇာကြီး သော ဆင်ဖြူမရှင်၏ သမီးတော်နှင့် ချစ်ကြိုက်နေသော မင်းသားဆိုတော့ သူမှ လွဲ၍ အခြားမရှိ။

မင်သို့ပင် ဖြစ်စေ နောက်ဆုံးတော့ တိုင်တားမင်းကြီး၊ လေသင်းအတွင်း ဝန်၊ စသော အရှိန်အဝါကြီးသူ ဝန်ကြီးများမှအစ ဝန်ကြီးဝန်ငယ်တို့သည် ကင်းဝန်မင်းကြီး၏ အစီအစဉ်ကို လက်ခံလိုက်ကြရလေသည်။

ကင်းဝန်မင်းကြီး ဦးကောင်းသည် အသက်ခပ်ပြင်းပြင်း ရှုသုတ်လိုက်၏။ ယခုမှပင် ရင်ထဲမှ အလုံးကြီး ကျသွားတော့သည်။ သို့နှင့် ခေါင်းကို တဆတ်

www.burmeseclassic.com

www.burmeseclassic.com



ဆတ် ညိတ်ရင်း ပြုံးပြန်သည်။ ပြုံးနေရင်းလည်း ခေါင်းကို ဂဲဆတ်ဆက် ညိတ်လေသည်။

ထိုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် မင်းတုန်းဘုရင်မင်းမြတ်၏ အမိန့်တော် တစ်ရပ် ထွက်လာ၏။ သားတော်များကို ဘုရင်မင်းတရားထံ စုဝေးလာရောက်ကြရန် အမိန့်က ဖော်ပြသည်။ သို့နှင့် အမိန့်တော်အတိုင်း မင်းသားများကို သူတို့ အိမ်တော်များတွင် လိုက်ခေါ်သည်။ သုံးဆယ်မင်းသား၊ မက္ခရာမင်းသားနှင့် အခြား မင်းသားများသည် တကယ်မှတ်၍ လိုက်လာရာတွင် ဗြဲတိုက်အရောက်၌ ဘုရင့်တပ်သားများ၏ အဖမ်းအဆီးကို ခံရ၏။ မြောက်ရွှေရေးမိဖုရားကမူ ယင်းလုပ်ကြံမှုကို သိသွား၏။ ထို့ကြောင့် သားတော် ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားကို သတင်းပေးလိုက်သည်။ မင်းသား နှစ်ပါးသည် နန်းတော်သို့ မဝင်တော့ဘဲ အင်္ဂလိပ်သံရုံးတွင် ခိုဝင်သွားခဲ့ကြလေ၏။

ထိုအချိန်တွင် မင်းတုန်းမင်းတရားသည် ရောဂါမှ အနည်းငယ် သက်သာလာလေသည်။ ရောဂါ သက်သာလာသည်နှင့် သူ့အခြေအနေကို အကဲခတ်မိ၏။ 'သည်အတိုင်းဆိုလျှင် မိမိ၏ နောက်ဆုံးနေ့သည် မဝေးတော့ပြီ။ နန်းတွင်းအခြေအနေများ ဘယ်သို့ ရှိပါလိမ့်၊ အပါးတော်တွင် စာတော်ဖတ်နေကျ သားတော်ကြီး ညောင်ရမ်းမင်းသား ဘယ်မှာလဲ၊ မြောက်ရွှေရေးမိဖုရားတို့၊ လင်ပန်းမိဖုရားတို့ ဘယ်ရောက်နေကြသလဲ၊ တစ်နန်းတော်လုံးလဲ ကြည့်ရတာ အကဲမရပါလား၊ ဘယ်လို ဖြစ်ကြပါလိမ့်။'

သည်တော့မှ မြောက်ရွှေရေး မိဖုရားနှင့် အပေါင်းပါ မိဖုရားအချို့က ဘုရင်မင်းမြတ်ထံ အကြောင်းစုံကို တင်ပြကြသည်။ ဘုရင်မင်းတရား စိတ်မချမ်းသာတော့ပြီ။ ထင်သားပဲ၊ ဆင်ဖြူမရှင် မိဖုရားသည် ထင်ရာစိုင်းလိမ့်မည် ဆိုတာ မဆွကပင် ခန့်မှန်းမိသည်။ ယခုတော့ ထင်သည့်အတိုင်း ဖြစ်လာပြီ။

ဘုရင်မင်းတရားသည် အမိန့်တော်တစ်ရပ် ထုတ်ပြန်လိုက်၏။ သားတော်များကို အနှောင်အဖွဲ့မှ လွှတ်စေပြီးတော့ မိမိထံသို့ အမြန်ဆုံး ခစားစေ။

ဘုရင့်အမိန့်တော်အရ မင်းသားများကို အချုပ်မှ လွှတ်၍ ဘုရင်မင်းမြတ်၏ ထံတော်ပါးသို့ ခစားစေသည်။ မင်းသားတို့ကို အချုပ်မှ လွှတ်သောအခါ အသက်ဘေးမှ လွတ်တော့မည်မို့ ဝမ်းသာအားရ ဖြစ်ကြရာ၏။ အချုပ်မှ လွတ်လာသော မင်းသားတို့ကို ချက်ချင်းပင် ဘုရင့်ရှေ့တော်သို့ သွင်းလိုက်၏။ သားတော်ကြီး



မက္ခရာမင်းသားသည် ခမည်းတော် မင်းတုန်းမင်းတရား၏ ဖဝါးတော်ကို မိမိဆံဖြင့် အကြိမ်ကြိမ် ပွတ်သပ်၍ နေ၏။ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျရှာသည်။

ဘုရင်မင်းတရားသည် နောက်ထပ် အမိန့်တော်တစ်ရပ်ကို ထုတ်သည်။ 'သားတော်အကြီး သုံးပါးကို နယ်ပယ်အသီးသီးသို့ ဘုရင်ခံများအဖြစ် ခန့်၍ ပို့ လိုက်မည်။ မက္ခရာမင်းသားသည် တောင်ငူနှင့် ကျောက်ဆည်အကြား ဒေသကိုလည်းကောင်း၊ ညောင်ရမ်းမင်းသားသည် မြင်းခြံနှင့် မြေထဲမြို့အကြားတွင်လည်းကောင်း၊ သုံးဆယ်မင်းသားသည် ဗန်းမော်မှ ရွှေဘိုအကြားတွင် လည်းကောင်း အသီးသီး စံစားကြစေ။ ယခုချက်ချင်း ခရီးထွက်သွားကြ၊ သင်္ဘောတစ်စီးစီးကိုလည်း သားတော်များ ယူသွားကြ၊ ကျန်သော သားတော်သမီးတော်တို့မှကား မိမိတို့ နှစ်သက်သော မင်းသားများနှင့်အတူ လိုက်ပါသွားကြစေ။'

ဘုရင်မင်းတရားသည် သားတော်များ၏ နောင်ရေးကို တွေး၍ ဤသို့ ဆုံးဖြတ်လေသည်။ ဆုံးဖြတ်ချက်ကို ကြေညာလိုက်ပြီးသည်နှင့် ဘုရင်မင်းတရားသည် နန်းတော်၏ အရေးအခင်းများအတွက် စိတ်အေးလေပြီ။

သို့သော် သားတော်တို့သည် ဘုရင်မင်းတရားပေးသော အခွင့်အရေးကို မရခဲ့ရှာပါ။ အကြောင်းမှာ သားတော်များ ဘုရင်အပါးမှ ခွာ၍ ထွက်လာပြီး မကြာမီ ကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်တို့၏ အမိန့်ဖြင့် ဘုရင့်တပ်မတော်သားတို့က မင်းသားများကို ထပ်မံ ဖမ်းဆီးကြပြန်လေသည်။ ဖမ်းပြီးသည်နှင့် အချုပ်သို့ ထပ်၍ ပို့လိုက်ကြပြန်၏။ အချို့ မင်းသားတို့တော့ လွတ်သွားလေသည်။

မင်းတုန်းဘုရင်မင်းမြတ်ကမူ ထိုအဖြစ်ကို မသိရှာပါလေ။ ယခုအခါတွင် ဘုရင်မင်းတရား၏ အပါးသို့ မြောက်ရွှေရေးမိဖုရားနှင့်အတူ အခြားသော မည်သည့် မိဖုရားမှလည်း ခစားခွင့် မရတော့ပြီ။ သို့နှင့် မင်းသားတို့၏ အဖြစ် ဆိုးကို ဘုရင်အိုကြီးသည် စိုးစိမျှ သိခွင့် မရ။

မင်းတုန်းမင်းတရားသည် ဤသို့ တွေးနေ၏။

'ခုချိန်လောက်ဆိုရင် သားတော်ကြီးတို့ သင်္ဘောကိုယ်စီနှင့် ခရီးထွက်သွားရောပေါ့၊ သူတို့နဲ့အတူ လိုက်ပါသွားကြမယ့် သားတော်၊ သမီးတော်တို့လည်း ဘေးအဖြစ်ဆိုးက လွတ်သွားကြပြီ၊ တော်ပါသေးရဲ့၊ သူတို့တစ်တွေအတွက် အခွင့်အရေး စီစဉ်ပေးလိုက်နိုင်ခဲ့လို့'

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ တွေးရင်းမှာ ဘုရင်မင်းတရားသည် ရောဂါဝေဒနာ၏ ဖိစီးခြင်းကို တစ်ပတ်ကျော်၍ ခံရပြန်၏။ သို့နှင့်ပင် ၁၈၇၈ ခု အောက်တိုဘာလ ၁ ရက်နေ့တွင် ဘုန်းတော်အလွန်တရာကြီးမြတ်သောမူသော ဆဋ္ဌန်ဆင်မင်း သခင် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် နတ်ရွာစံ ကံတော်ကုန် ရှာခဲ့လေပြီ။

တက္ကသိုလ်စိန်တင်

၁၉၇၄–ခုနှစ်။ ရန်ကုန်မြို့။

## မှီငြမ်းပြုသော စာအုပ်များ


| | |
|---|---|
| ၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) | ဦးမောင်မောင်တင် |
| ၂။ နယ်လှည့်ရာဇဝင် (ပ+ဒု) | ဒေါက်တာသန်းထွန်း |
| ၃။ နန်းဓလေ့မှတ်တမ်းများ | မြကေတု |
| ၄။ မြန်မာ့အုပ်ချုပ်ရေးပညာ | ဦးဘဦး |
| ၅။ မင်းတုန်းကနောင် အရေးတော်ပုံ | ဗိုလ်အေးမောင် |
| ၆။ မင်းတုန်းမင်းလက်ထက် ဗြိတိသျှ အထောက်တော် (ဆောင်းပါး) | မြင့်ဆွေ (ရှုမဝ ၁၉၇၄ မေ) |
| ၇။ မင်းတုန်းမင်း | တိုက်စိုး |
| ၈။ ရတနာသိခမဟာရာဇဝင် | ထိပ်တင်ဒွေး |
| ၉။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်။ | လူထုဦးလှ |
| ၁၀။ အတွေ့အမြင်သစ်များ | မောင်သော် |
| ၁၁။ အချုပ်တန်းဆရာဖေ၏ ကဗျာပေါင်းချုပ် | ရှေးဟောင်းသုတေသီတစ်ဦး |
| ၁၂။ ဦးပုညလက်ရွေးစင်စာများ | တည်းဖြတ်သူ ဦးတင်မြင့် |
| 1. Burma Past and Present. | Albert Fiche |
| 2' Burma Through the Centuries. | Paul Kegam |
| 3. Europe and Bruma | D. G. E. Hall |
| 4. Forty Years in Burma | Dr. Marks |
| 5. Mandalay the Golden | E. C. V Foucar |


www.burmeseclassic.com